၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂၉)   ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်   ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၂၇ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS


## ဒီမိုကရေစီကူးပြောင်းမှုက မြန်မာ–တရုတ် ဆက်ဆံရေးကို ပြောင်းလဲစေမည်မဟုတ်ဟု သမ္မတဦးသိန်းစိန်ပြော

### မိမိမှာ တရုတ်ရုပ်သံဇာတ်လမ်းတွဲပရိသတ်ဖြစ်ခဲ့ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြား

**ငြိမ်းငြိမ်းနိုင်**


**ရန်ကုန်၊ စက်တင်ဘာ-၂၃**

နိုင်ငံတွင်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများက တရုတ်-မြန်မာ ဆက်ဆံရေးကို ပြောင်းလဲစေမှာမဟုတ်ကြောင်း တရုတ်နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်ဖြစ်လာမည့် လက်ရှိဒုတိယသမ္မတ မစ္စတာ စီကျင်ပင်းကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားလိုက်သည်။

သမ္မတဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဒုတိယမြောက် အလည်အပတ်ခရီးစဉ်တွင် ဦးသိန်းစိန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မစ္စတာစီကျင်ပင်းကလည်း တရုတ်နှင့် မြန်မာနိုင်ငံသည် နှစ်ဖက် ရင်းနှီးမြှုပ်နှံမှု အဓိကကျသော စီမံကိန်းများကို အဆင်ပြေပြေချောချောမွေ့မွေ့ ပြီးစီးစေရန် အာမခံချက်ပေးနိုင်ရေး နှစ်ဖက်စလုံးက ကြိုးစားဆောင်ရွက်သင့်ကြောင်း သမ္မတ ဦးသိန်းစိန်သို့ ပြောကြားခဲ့သည်။

**စာ(၃)သို့**





အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကွင်းတက္ကသိုလ်တွင် ကချင်တိုင်းရင်းသူ၊ တိုင်းရင်းသားတို့နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံစဉ် ဓာတ်ပုံ-AFP

## ကချင်နှင့် ရခိုင်အရေးတွင် နှုတ်ဆိတ်နေခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည် ရှင်း

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊စက်တင်ဘာ-၂၄**

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပွားနေသော ပဋိပက္ခများအပေါ် နှုတ်ဆိတ်နေခြင်းအား ဝေဖန်မကျေနပ်မှုများနှင့် ပတ်သက်၍ အချင်းချင်းပဋိပက္ခ ပိုကြီးထွားမသွားစေရန် မည်သည့်ဘက်ကိုမှ ပြင်းပြင်းထန်ထန် မပြောခဲ့ခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က သူမ၏အမေရိကန်ခရီးစဉ်အတွင်း ထုတ်ဖော်ပြောကြားလိုက်သည်။

နယူးယောက်မြို့ကွင်းတက္ကသိုလ်တွင် စက်တင်ဘာ ၂၂ရက်က မြန်မာတိုင်းရင်းသားမိသားစု ၃,၀၀၀ ကျော်နှင့် တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသောမိန့်ခွန်းတွင် ဤသို့ ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

**အချုပ်ပို(B)သို့**

## ရင်းနှီးမြှုပ်နှံမှု ဥပဒေပြင်ဆင်ချက် သမ္မတက လက်မှတ်မထိုးဘဲ လွှတ်တော်သို့ ပြန်လွှဲ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

ပထမအကြိမ် စတုတ္ထလွှတ်တော် အစည်းအဝေးက အတည်ပြုပေးလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အတည်ပြုလက်မှတ်မထိုးဘဲ အချက်အလက်အချို့ ပြန်လည်ပြင်ဆင်ပေးရန် လွှတ်တော်သို့ ပြန်လည်ပို့ဆောင်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးကပြောသည်။

**စာ(၁၂)သို့**

## ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးအစိုးရအား စွပ်စွဲပြစ်တင်မည်

**မင်းဟိန်းကျော်**

**ပုသိမ်၊စက်တင်ဘာ-၂၄**

အောက်တိုဘာ ၈ရက်တွင်ပြုလုပ်မည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအပေါ် စွပ်စွဲပြစ်တင်မှုပြုလုပ်မည်ဖြစ်ကြောင်း ယခုလ ၂၄ ရက်က ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အထူးကိစ္စရပ်များဆိုင်ရာ အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်ကပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေကိုတိုင်းဒေသကြီးအစိုးရနဲ့ ဌာနဆိုင်ရာအချို့က ပုဂ္ဂိုလ်တွေက အပြန်အလှန်ထိန်းကျောင်းမှုတွေလုပ်မရအောင်၊

**စာ(၁၂)သို့**




7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# သမ္မတ ဦးသိန်းစိန် တရုတ်တက္ကသိုလ်တစ်ခုကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့လက်ခံ



ငြိမ်းငြိမ်းနိုင်

ဘေဂျင်း၊ စက်တင်ဘာ - ၂၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ယန်လင်းစိုက်ပျိုးရေးနှင့် သစ်တောပညာတက္ကသိုလ်မှ ပေးအပ်သော ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကိုယခုလ ၁၉ ရက်ကလက်ခံရရှိခဲ့သည်။

ယခုလက်ခံရရှိသည့်ဒေါက်တာဘွဲ့မှာ သမ္မတ ဦးသိန်းစိန်အတွက် နိုင်ငံတကာက ပေးသည့် ပထမဆုံးချီးမြှင့်မှုကိုလက်ခံခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံတက္ကသိုလ်တစ်ခုက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတစိုက်မတ်မတ် ဆောင်ရွက်နေသည့် သမ္မတ ဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အပ်နှင်းချီးမြှင့်ရန် ဩဂုတ်လအတွင်းက သမ္မတထံ တင်ပြခဲ့သည်။

သို့သော်လည်း ယင်းဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကိုယခုထိလက်ခံခြင်း မရှိသေးသည့်အတွက် ယခုလက်ခံရရှိသည့် ပထမဆုံးသော ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့မှာ တရုတ်နိုင်ငံက ပေးအပ်ခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန်အား ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ယန်လင်းတက္ကသိုလ်ဥက္ကဋ္ဌ ပါမောက္ခဆန်ကျီရှင်းက သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံတွင်း၌ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ထူးခြားအရေးပါသည့် ဆောင်ရွက်မှုများအမြဲပြုလုပ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်းပြောသည်။

"ဒီဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ဟာ သမ္မတကြီးရဲ့ အမျိုးသားစီးပွားရေးတည်ဆောက်မှု၊ စိုက်ပျိုးရေး၊ နည်းပညာ၊ ပညာရေးနဲ့ လူထုဘဝမြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးမှုတွေအပြင် ကျွန်တော်တို့နှစ်နိုင်ငံကြား မိတ်ဆွေဆက်ဆံရေး အားကောင်းအောင် လုပ်ဆောင်မှုတို့ကိုပါ မိမိတို့ဘက်မှ တန်ဖိုးထားကြောင်းပြသခဲ့တာလည်းဖြစ်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

သမ္မတ၏ ဆုလက်ခံရရှိခြင်းအပေါ် ပြည်တွင်း၌ ဝမ်းသာဂုဏ်ယူသူရှိသလို တရုတ်နိုင်ငံ တက္ကသိုလ်တစ်ခုကပေးအပ်သည့် ဘွဲ့ကို လက်ခံခြင်းအပေါ် ဝေဖန်မှုအချို့လည်းပေါ်ထွက်ခဲ့သည်။

သမ္မတဦးသိန်းစိန်က ဘွဲ့ချီးမြှင့်ခြင်းအခမ်းအနားတွင် "ဤဂုဏ်ပြုမှုကိုမြန်မာပြည်သူများနှင့်အတူ မျှဝေခံစားရမည်ဆိုလျှင် မိမိအတွက် ပိုပြည့်စုံသွားလိမ့်မည်" ဟုပြောကြားခဲ့သည်။

သမ္မတဦးသိန်းစိန် ယခုခရီးစဉ်သည်သမ္မတသက်တမ်းအတွင်း တရုတ်နိုင်ငံသို့ ဒုတိယမြောက် ခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံတော်ပိုင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းကြောင်း နိုင်ငံတော်သမ္မတ ကြေညာပြီးနောက် ၎င်း၏ ပထမဆုံးခရီးစဉ်ဖြစ်ပြီး ယခုစက်တင်ဘာလတစ်လတည်းအတွင်းမှာပင် သမ္မတက အမေရိကန်နိုင်ငံသို့လည်း သွားရောက်မည်ဖြစ်သည်။

## ရန်ကုန်မြို့ ဧရိယာမချဲ့မီ တိုးချဲ့ပြီးနေရာ အခြေခံအဆောက်အအုံအခြေအနေ ဦးစွာကြည့်သင့်

မိုးညို၊

ရန်ကုန်၊ စက်တင်ဘာ- ၂၁

ရန်ကုန်မြို့ ဧရိယာအား မြေကေတိုးချဲ့ခြင်းအပြင် ယခင်အစိုးရလက်ထက်က ဖော်ထုတ်ခဲ့သော မြို့သစ်ဧရိယာများ၏ လမ်း၊ ရေ၊ မီးစနစ်များကို ပြည့်စုံအောင် အရင်ဆုံးဆောင်ရွက်ပေးသင့်ကြောင်း တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲ ဦးကိုကိုထွေးက ပြောသည်။

"အရင် အစိုးရလက်ထက်က ဆောင်ရွက်ခဲ့တဲ့ မြို့သစ်တွေမှာ လိုအပ်ချက်တွေ အများကြီးရှိနေတုန်းပဲ။ ဒါတွေကို အရင်ဆုံးဖြေရှင်းသင့်တယ်" ဟု ဦးကိုကိုထွေး က ပြောသည်။

ယခင်အစိုးရ အဆက်ဆက် ဖော်ထုတ်ခဲ့သော မြို့နယ်အချို့တွင် အမှိုက်၊ ရေမြောင်း၊ မိလ္လာ၊ လမ်းစနစ်တို့မှာ အဆင့်နိမ့်ဆုံးဖြစ်ခဲ့ပြီး မြို့တွင်းနှင့် သွားလာရေးအတွက် သယ်ယူပို့ဆောင်ရေး စနစ်မှာလည်း အချိန်များစွာပေးနေရကြောင်း ဝါရင့်ဗိသုကာပညာရှင်တစ်ဦးက ထောက်ပြပြောဆိုသည်။

"အခုနောက်ဆုံး တိုးချဲ့လိုက်တဲ့ မြို့သစ်တွေမှာဆိုရင် အများစုက လောလောနဲ့လုပ်လိုက်တော့ ခြံကျဉ်းကျဉ်းနဲ့ အဆင့်ခပ်နိမ့်နိမ့် နေရာတွေ အများကြီးပေါ်ပေါက်ခဲ့တယ်။ အခုတိုးချဲ့မယ့် နေရာတွေမှာတော့ အခြေခံအဆောက်အအုံကောင်းတွေနဲ့ သေချာကျကျနန ဆောင်ရွက်ဖို့ရှိတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းမှ အကြံပေးပညာရှင်ဒေါက်တာကျော်လတ်က ပြောသည်။

မြို့သစ်ဧရိယာများဖြစ်သော လှိုင်သာယာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ရွှေပြည်သာ၊ သာကေတတိုးချဲ့၊ အင်းစိန် ပေါက်တောတိုးချဲ့ မြို့နယ်များ၏ အိမ်ခြံမြေဈေးနှုန်းနှင့် ဗဟန်း၊ မရမ်းကုန်း၊ စမ်းချောင်း အစရှိသော မြို့နယ်များ၏ အိမ်ခြံမြေဈေးနှုန်းမှာ များစွာကွာဟနေဆဲဖြစ်ကြောင်း လမ်းမတော်မြို့နယ်မှအိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

"ရွှေတောင်ကြား(ဗဟန်း)က ခြံနဲ့ လှိုင်သာယာခြံနဲ့ ဈေးကငါးဆလောက်ကွာတယ်" ဟု အထက်ပါအကျိုးဆောင်က ပြောသည်။ အိမ်ခြံမြေတန်ဖိုးနှင့် နှုန်းထားကွာဟချက်ကြီးမားနေခြင်းအပြင် လူဦးရေထူထပ်ခြင်းနှင့် မြို့သစ်စတင်တည်ထောင်ကတည်းက နေထိုင်မှုစနစ်ကျနမှု မရှိခဲ့သောကြောင့် ယခုကဲ့သို့ ဈေးနှုန်းကွာခြားနေခြင်းဖြစ်ကြောင်း အထက်ပါအကျိုးဆောင်ကပင် ပြောသည်။

မြို့သစ်ဧရိယာတိုးချဲ့တိုင်း စနစ်ကျနမှုမရှိသည့် ရန်ကုန်မြို့၌ တိုးချဲ့မည့်မြေကေပေါ် လိုက်ကာ နည်းပညာ၊ အရင်းအနှီး၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက် အစရှိသော အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးနိုင်မှသာ မြို့သစ်ဧရိယာစီမံကိန်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာ(၁၂)သို့



အမေရိကန်သမ္မတအိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းတွင် စက်တင်ဘာ၁၉ရက်က တွေ့ဆုံခဲ့သည့် သမ္မတဘားရက်အိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံ-Reuter

## မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ဖြေလျှော့ပေးရေး ဒေါ်အောင်ဆန်းစုကြည်ထောက်ခံ

ဝါရှင်တန်၊ စက်တင်ဘာ-၁၉

မြန်မာနိုင်ငံအပေါ် အမေရိကန်၏ စီးပွားရေးပိတ်ဆို့တားဆီးများဖြေလျှော့ပေးရေးကို ထောက်ခံကြောင်း ပြောကြားရင်း မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ အထင်ကရ အမေရိကန်နိုင်ငံ ခရီးစဉ်ကို စတင်လိုက်သည်။

ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သော မြန်မာသမ္မတ ဦးသိန်းစိန်ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ချီးကျူးပြောဆိုခဲ့သည်။ သို့သော် ဆယ်စုနှစ်ငါးခုခန့်စစ်အုပ်ချုပ်ရေးအောက် နေခဲ့ရသော မြန်မာနိုင်ငံအနေဖြင့် ရှေ့ဆက်၍ အများကြီးလျှောက်လှမ်းရဦးမည်ဟုလည်း သတိပေးပြောကြားသည်။နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၇ ရက်ကြာမြင့်မည့် ၎င်း၏ ခရီးစဉ်အစမှာပင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

မကြာခင်ရက်သတ္တပတ်အတွင်းနိုင်ငံရေးအကျဉ်းသား ၉၀ ဦးကို လွှတ်ပေးခဲ့ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် တုံ့ပြန်၍ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းမှု ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးရေး အိုဘားမားအစိုးရက စဉ်းစားနေစဉ်အတွင်းဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ ခရီးစဉ်အတွင်း အမေရိကန် ကွန်ဂရက်၏ အမြင့်ဆုံးဆုကို လက်ခံရရှိမည်ဖြစ်သည်။

"ပိတ်ဆို့တားဆီးမှုတွေ ဖြေလျှော့ပေးဖို့ရာ ကျွန်မတကယ်ပဲ ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံသားတွေဟာ သူတို့ရဲ့ အနာဂတ်အတွက် စတင်တာဝန်ယူရမှာမို့ဖြစ်ပါတယ်"ဟု အမေရိကန်ငြိမ်းချမ်းရေး အင်စတီကျုဒ်တွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

"ဒီမိုကရေစီ အရှိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ရာ အမေရိကန်ရဲ့ ပိတ်ဆို့တားဆီးမှုတွေအပေါ် ကျွန်မတို့မှီခိုမနေသင့်ပါဘူး။ ကျွန်မတို့ ကိုယ့်ဘာသာကိုယ်လုပ်ဆောင်ကြရပါမယ်"ဟု ၎င်းကဆက်ပြောသည်။

မစ္စက်ကလင်တန်၏ မှတ်ချက်စကားများတွင်ကုန်သွယ်ရေးပိတ်ဆို့တားဆီးမှုများအကြောင်း တိုက်ရိုက်မပြောကြားသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ထောက်ခံမှုကြောင့် အိုဘားမားအစိုးရ၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများ ဖြေလျှော့ပေးရေးအလားအလာကို မြင့်တက်လာစေသည်ဟုပြောကြားသည်။

အကယ်၍ ၎င်းသို့ဖြေလျှော့မှု ဖြစ်ပေါ်လာမည်ဆိုပါကလာမည့်ရက်သတ္တပတ်အတွင်း ကုလသမဂ္ဂ အထွေထွေညီလာခံသို့ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန် လာရောက်တက်ရောက်စဉ်အတွင်း ဖြစ်နိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းတွင် ဖော်ပြသည်။

ကိုးကား -ဝါရှင်တန်ပို့စ်

# ငြိမ်းချမ်းရေးအတွက် ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သူကိုးဦးကို အမှုဖွင့်စစ်ဆေး

**သိမ့်သိမ့်စိုး၊ မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

ပြည်တွင်းစစ်ပွဲများ ရပ်တန့်ရေးအတွက် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြသူ ကိုးဦးကို အမှုဖွင့်စစ်ဆေးအရေးယူခြင်းနှင့် ပတ်သက်၍ စီတန်းလမ်းလျှောက်ခဲ့ကြသော လူငယ်များက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် ပြည်တွင်းရှိ လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားသွားမည်ဟု ကိုမိုးသွေးက ပြောကြားသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်ရှိ တံတားဖြူသို့ ချီတက်မှု ဦးဆောင်သူနှင့် ပါဝင်ခဲ့သူ ကိုးဦးကို ၎င်းတို့လမ်းလျှောက်ခဲ့ကြသော မြို့နယ် ၁၀ခုမှ တရားစွဲဆိုထားသကဲ့သို့ အောင်ပန်းမြို့မှ ကိုဘိုဘိုဟန်၊ တောင်ကြီးမှ ကိုအောင်သူနှင့် ကိုနေမျိုးအပါအဝင်ပြည်မြို့၌ သံဃာတော်တစ်ပါးကိုလည်း သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်တရားစွဲဆိုထားကြောင်း သိရသည်။

"ဥပဒေကို ချိုးဖောက်ပြီးတော့ စီတန်းလှည့်လည်တဲ့ အတွက် သူတို့ကို ဥပဒေနဲ့အညီ အရေးယူသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်ထွေးက ပြောကြားသည်။

"ဒီအရေးယူတာက ငြိမ်းချမ်းစွာ လုပ်ဆောင်နေတဲ့သူတွေကို အရေးယူတာ မဟုတ်ပါဘူး။ သူတို့အနေနဲ့ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်လို့ အရေးယူတာ ဖြစ်ပါတယ်" ဟု ရဲမှူးက ဆက်လက်ပြောသည်။

ခွင့်ပြုချက်မရဘဲ လမ်းလျှောက်ဆန္ဒဖော်ထုတ်ပါက ပုဒ်မ-၁၈ ဖြင့် အရေးယူနိုင်ပြီး ပုဒ်မ-၁၈ ဖြင့် အရေးယူလျှင် အမြင့်ဆုံး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်(သို့မဟုတ်) ဒဏ်ငွေကျပ်သုံးသောင်းထက်မနည်း ပေးဆောင်ရမည်ဖြစ်သည်။ ဒဏ်နှစ်ရပ်လုံးဖြင့်လည်း အရေးယူနိုင်သည်။




**ရန်ကုန်မြို့အတွင်း ငြိမ်းချမ်းရေးအတွက် ဆန္ဒဖော်ထုတ်ချီတက်သူများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ငြိမ်းချမ်းရေးအတွက် ဆန္ဒပြသူများကို ခွင့်ပြုချက်မပေးရခြင်းမှာ လမ်းလျှောက်မည့် မြို့နယ်များခြင်း၊ လူများခြင်း၊ အချိန်ကြာမြင့်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများခြင်းတို့ကြောင့်ဖြစ်သည်ဟု ရဲမှူးမြင့်ထွေးက ဆိုသည်။

၎င်းတို့ဖြတ်သန်းချီတက်ခဲ့သည့် ၁၀ မြို့နယ်မှာ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဗဟန်း၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ လှိုင်တို့ဖြစ်သည်ဟုဆိုသည်။

ခွင့်ပြုချက်မရဘဲ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခြင်း အတွက် အရေးယူမှုများဆောင်ရွက်မည်သာမဟုတ်ဘဲ အင်းလျားကန်ဆောင်းမြက်ခင်းစပ်တွင် ထိုနေ့က စိုက်ထူခဲ့သည့် ငြိမ်းချမ်းရေး အထိမ်းအမှတ် ကျောက်တိုင်မှာလည်း ပျောက်ဆုံးနေကြောင်း သိရှိရသည်။

"ကျွန်တော်တို့ မနေ့က စိုက်ထားခဲ့တဲ့ ကျောက်တိုင်က ဒီနေ့မနက်မှာ မရှိတော့တဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေဆီကို အကြောင်းကြားပြီး လုပ်ဆောင်သင့်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါက အများပြည်သူပိုင် ပစ္စည်းတွေလည်းဖြစ်ပါတယ်" ဟု ကိုမိုးသွေးက ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအား မေးမြန်းရာတွင် "စည်ပင်လုပ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့က ရုတ်ရုတ်ရုတ်ရုတ်ဖြစ်မှာစိုးလို့ တားမြစ်တဲ့ အပိုင်းကိုပဲ လုပ်တာပါ။ အဲဒီနောက်ပိုင်းကိုမသိပါဘူး။ ကျောက်တိုင် ပျောက်သွားတယ်ဆိုတာကို အခုမှသိတာပါ" ဟု ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ လက်ထောက်ဌာနမှူးက 7 Day News သို့ ပြောသည်။

ဒီမိုကရေစီဖော်ဆောင်ရေးကာလတွင် အုပ်ချုပ်ရေးအဖွဲ့များ သွေးလန့်သွားမည့် အပြုအမူများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သင့်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ယနေ့ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေးခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## မျက်နှာဖုံး–
## ဒီမိုကရေစီကူးပြောင်းမှုက မြန်မာ–တရုတ်ဆက်ဆံရေးကို ပြောင်းလဲစေမည်မဟုတ်ဟု သမ္မတဦးသိန်းစိန်ပြော မှ

မြစ်ဆုံဆည် စီမံကိန်းကို သမ္မတဦးသိန်းစိန်က ၎င်းသက်တမ်းအတွင်း ရပ်ဆိုင်းထားမည်ဟု ကြေညာခဲ့ပြီးချိန်ကစ၍ တရုတ်အစိုးရနှင့် ကုမ္ပဏီအသိုင်းအဝိုင်းတွင် မကျေမလည်အသံများ ဆက်တိုက်ထွက်ပေါ်နေခဲ့သော်လည်း ယခုခရီးစဉ်အတွင်း သမ္မတအား ယင်းစီမံကိန်းပြန်စရေးနှင့် ပတ်သက်၍ တွန်းအားပေး ပြောဆိုမှု တစ်စုံတရာ ရှိ၊ မရှိကိုမူ ထုတ်ပြန်ရေးသားမှုမျိုး မတွေ့ရပေ။

တရုတ်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုသို့ သွားရောက်လေ့လာခဲ့သည်ကို တွေ့ရသော်လည်း မြစ်ဆုံဆည်စီမံကိန်း ရင်းနှီးမြှုပ်နှံမှုရေအားလျှပ်စစ်ကုမ္ပဏီဖြစ်သည့် CPI တာဝန်ရှိသူများနှင့် တွေ့ဆုံမှု ရှိ၊ မရှိကိုလည်း မသိရပေ။

သမ္မတက မစ္စတာစီကျင်ပင်းနှင့် ပြောဆိုရာတွင် တရုတ်နိုင်ငံ၏ ကာလကြာရှည် ထောက်ခံအားပေးမှုနှင့် အကူအညီများအား မြန်မာနိုင်ငံသားများက ဘယ်သောအခါမှ မေ့လျော့သွားမည်မဟုတ်ကြောင်း ပေါက်ဖော်ဆက်ဆံရေးမှာ ဤနှစ်နိုင်ငံကြားတွင်သာ ရှိကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့သည်။

သမ္မတက ၎င်းခရီးစဉ်အတွင်း တရုတ်နိုင်ငံတကာရေဒီယို (CRI)နှင့် သီးသန့်တွေ့ဆုံခဲ့ပြီး ယင်းတွေ့ဆုံမှုတွင် ၎င်းအနေဖြင့် တရုတ် ရုပ်သံဇာတ်လမ်းများ၏ ပရိသတ်တစ်ဦးဖြစ်ခဲ့ကြောင်း အင်တာဗျူးတွင် ပြောကြားခဲ့သည်။

တရုတ်ရုပ်သံဇာတ်လမ်းတွဲများက မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကပင် ရေပန်းစားခဲ့ခြင်းဖြစ်ပြီး တရုတ်ရုပ်သံဇာတ်လမ်းတွဲများစွာကို တစ်ချိန်က ကြည့်ရှုခဲ့သည့်ပရိသတ်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## CRIME မှုခင်း သတင်း CORNER

### စိတ်ကြွဆေး ၂၈၆ပြားနှင့် တရားခံနှစ်ဦး ဖမ်းမိ

**သန်းဌေး** **ရန်ကုန်၊ စက်တင်ဘာ – ၁၉**

မူးယစ်ဆေးဝါးမှုဖြင့်ဖမ်းဆီးထားသော တရားခံနှစ်ဦးအား စစ်ဆေးရာတွင် 88, I နှင့် WY စာတန်းများ ရိုက်နှိပ်ထားသည့် စိတ်ကြွဆေးပြား ၂၈၆ပြားကို ၎င်းတို့အိမ်မှ ရှာဖွေတွေ့ရှိသဖြင့် တာမွေမြို့နယ် ရဲစခန်းက စက်တင်ဘာ ၁၆ ရက်က အရေးယူထားကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ရန်ကုန်အရှေ့ပိုင်း မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ခင်မောင်လွင်သည် တာမွေရဲစခန်းမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးမှုဖြင့်တရားစွဲဆိုထားသော တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊မြို့သစ်တစ်လမ်းတွင် နေထိုင်သူနှစ်ဦးအား စစ်ဆေးရာ ၎င်းတို့ အိပ်ခန်းအတွင်းရှိ သေတ္တာအတွင်းမှ ငွေကျပ် ၁၄သိန်းကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြားများအား ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ထို့အပြင်စိတ်ကြွဆေးပြား သုံးစွဲထားသည့်ခဲပြားရှည်တစ်ခု၊ အအေးစုပ်ပိုက်တပ်လျက် ပလတ်စတစ်ဘူးခွံတစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် ဆက်သွယ် အသုံးပြုသည်ဟု ယူဆရသည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့် မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသော ငွေကျပ်ငါးသောင်းတို့ကို သိမ်းဆည်းရမိသည်။ ထို့ကြောင့် တရားခံနှစ်ဦးအား တာမွေရဲစခန်းတွင် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။

### လှည်းတန်းတွင် ဆွဲကြိုးလုယက်သူ ဖမ်းမိ

**နေလင်းထွန်း** **ရန်ကုန်၊ စက်တင်ဘာ– ၂၂**

ကမာရွတ်မြို့နယ်၊ လှည်းတန်းအင်းစိန်လမ်းမတွင် အမျိုးသမီးတစ်ဦး၏ စိန်လော့ကတ်သီးနှင့်ရွှေဆွဲကြိုးလုယက်မှုနှင့်ပတ်သက်၍ အသက် ၂၀ ဝန်းကျင် လူငယ်နှစ်ဦးကို ဖမ်းဆီးရမိထားကြောင်း ကမာရွတ်ရဲစခန်းမှ သိရသည်။ခင်ပွန်းနှင့်အတူ လိုင်းကားစီးရန် စောင့်ဆိုင်းနေသော အမျိုးသမီး၏ လည်ပင်းတွင် ဆွဲထားသော တစ်ကျပ်သား ရွှေဆွဲကြိုးနှင့် ကျပ်သိန်းနှစ်ဆယ်ကျော်တန် စိန်လော့ကတ်သီးအား ဖြတ်ယူထွက်ပြေးသော အမျိုးသားနှင့်အဖော်တစ်ဦးကို လှိုင်သာယာမြို့နယ်တွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

လုယက်မှုကျူးလွန်သူသည် အသက်(၁၉)နှစ်အရွယ်ကျပန်းလုပ်ကိုင်သူ လူငယ်တစ်ဦးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကမ်းပြိုထိပ်ရွာတွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။

## ကျေးရွာပေါင်း ၁၆ ရွာရှိလယ်ယာမြေများပေါ်တွင်ဆောင်ရွက်သည့် စက်မှုဇုန်စီမံကိန်း ရွှေ့ပေးရန်တောင်းဆို

**အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော်ရန်ပြင်ဆင်ဆောင်ရွက်ခြင်းကို ကန့်ကွက်၍ စီမံကိန်းပြောင်းရွှေ့ပေးရန် တင်ပြသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဒေသခံများထံမှ သတင်းရရှိသည်။

ဝိုင်းမော်မြို့နယ် မိုင်းလားကျေးရွာအုပ်စု ရွာပေါင်း ၁၆ ရွာရှိ လယ်မြေကေငါးထောင်ကျော်ကို စက်မှုဇုန်၊ အိမ်တွင်းမှုလုပ်ငန်းဇုန်၊ ကုန်သွယ်ရေးဇုန်များ အဖြစ် အကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းကို ကန့်ကွက်သွားမည်ဟု ဒေသခံများကပြောသည်။

"ဒေသခံလူထုကိုလည်းဘာမှအသိမပေးဘူး။ မြေလာတိုင်းတဲ့အဖွဲ့ကို မေးတော့လည်း အထက်က ခိုင်းလို့လုပ်တာလို့ပြောတယ်။ ဒီလယ်ယာတွေမှာ မှီခိုနေတဲ့လူဦးရေသောင်းဂဏန်းကဘယ်လိုလုပ်ရမှာလဲ"ဟု လဝမ်ကထောင်(၂) ရပ်ကွက်မှ လယ်သမားတစ်ဦးက ပြောသည်။

စီမံကိန်းကို ရွှေ့ပြောင်းပေးရန် ဒေသခံများ၏ လက်မှတ်ရေးထိုး ဆန္ဒခံယူမှုကို စက်တင်ဘာလ ၁၈ ရက်က မိုင်းလားလဝမ်ရှိ ကချင်နှစ်ခြင်းဘုရားကျောင်းဝင်းဒူးဝါးလဝမ်လီအောက်မေ့ဖွယ်ခန်းမတွင် ပြုလုပ်ခဲ့ပြီး ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"အားလုံးက သဘောတူတယ်။ မြေကိုတော့ မပေးနိုင်ဘူး။ နေရာရွှေ့ပြောင်းပေးပါ။ ပြည်နယ်အဆင့် ညှိနှိုင်းလို့မရရင် သမ္မတဆီ စာတင်ဆောင်ရွက်ဖို့ ကော်မတီဖွဲ့ပြီးပြီ"ဟု ဝိုင်းမော်မြို့ခံတစ်ဦးကပြောသည်။

အဆိုပါစီမံကိန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ "စီမံကိန်း လုပ်မယ်ဆိုတာဟုတ်ပါတယ်။ လျော်ကြေးကအစ အားလုံးကို စနစ်တကျ ညှိနှိုင်းဆောင်ရွက်သွားမှာပါ"ဟု အဆင့်မြင့်အရာရှိတစ်ဦးက ဩဂုတ်လ ၂၀ ရက်တွင် ပြန်လည်ဖြေကြားခဲ့သည်။

စီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲတစ်ခုကို စက်တင်ဘာလ ၁၁ ရက်က မြစ်ကြီးနားမြို့တော်ခန်းမတွင် ပြုလုပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဘာသာရေး လူမှုရေးအသင်းများနှင့် ပြည်သူများ ပါဝင်ခဲ့ကြောင်း၊ စီမံကိန်းမှာ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ဆောင်ရွက်ခြင်းဖြစ်သည်ကို အသိပေးပြောကြားခဲ့ကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိက 7Day News သို့ပြောသည်။

စီမံကိန်းအကောင်အထည်ဖော်မည့် ဝိုင်းမော်မြို့နယ် မိုင်းလားကျေးရွာအုပ်စုတွင် စပါး၊ ဆီထွက်သီးနှံ၊ သစ်မွှေးတို့ကို အဓိကစိုက်ပျိုးကြပြီး အခြားဒေသမှ စိုက်ပျိုးရေးလာရောက်လုပ်ကိုင်သူများပါဆိုလျှင် လူဦးရေသောင်းဂဏန်းရှိကြောင်းသိရသည်။

## ဒီချုပ်ကို ဗဟိုဦးစီးစနစ်ကျင့်သုံးဟု စွပ်စွဲခြင်းမှာ နိုင်ငံရေးနှိပ်ကွပ်မှုဖြစ်ကြောင်း ဦးဉာဏ်ဝင်းပြောကြား

**မင်းဟိန်းကျော်**

**ရန်ကုန်၊ စက်တင်ဘာ–၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသည်ဟု ပါတီဝင်အဟောင်းအချို့က စွပ်စွဲပြောဆိုနေခြင်းသည် နိုင်ငံရေးအရ နှိပ်ကွပ်မှုသက်သက်သာဖြစ်ပြီး မိမိတို့ပါတီအတွင်း ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခြင်းမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသည်။

"ကြားဖြတ်ရွေးကောက်ပွဲတွေ လုပ်တုန်းက NLD မှာ ဗဟိုက တခြားအောက်ခြေ တိုင်း၊ ခရိုင်၊ မြို့နယ်တွေဟာ ဘာတစ်ခုမှ တရားဝင်မရှိဘူး။ အခုလက်ရှိအချိန်ထိ မြို့နယ်စည်းရုံးရေးအဖွဲ့ဆိုတာ မရှိသေးဘူး။ အဲဒီအချိန်မှာ တရားဝင်ရှိတာဆိုလို့ ဗဟိုပဲရှိတယ်။ အဲဒါကြောင့် ကိုယ်စားလှယ်လောင်းတွေကို ဗဟိုက တိုက်ရိုက်ခန့်တာပဲ"ဟု ဦးဉာဏ်ဝင်းကပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဗဟိုဦးစီးစနစ်ကို အလွန်အကျွံကျင့်သုံးလျက်ရှိကြောင်း တောင်ငူမြို့နယ် ပါတီကော်မတီ ဥက္ကဋ္ဌဟောင်း ဦးမောင်မောင်ကပြောသည်။

"ကျွန်တော်က ဒီမိုကရေစီစနစ်ကို ယုံကြည်လို့ ဒီပါတီထဲဝင်ခဲ့တာ။ အခုတော့ သူတို့က ဒီမိုကရေစီနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဗဟိုဦးစီးစနစ်ကို အလွန်အကျွံသုံးစွဲနေတဲ့ ပါတီဖြစ်နေပြီ"ဟု ဦးမောင်မောင်ကပင် ပြောသည်။

ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မိမိတို့မြို့နယ်ကော်မတီများမှ အများဆန္ဒနှင့်အညီ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များစာရင်းကို ဗဟိုသို့တင်ပြခဲ့သော်လည်း ၎င်းတို့က ယင်းတို့၏ ဆန္ဒနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်များကိုသာ ဗဟိုက တိုက်ရိုက်ခန့်အပ်ခဲ့ကြောင်း မိမိတို့တင်ပြချက်ကို ပယ်ချခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်ကပင်ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပရန် စီစဉ်နေသည့် နိုင်ငံလုံးကျွတ်ညီလာခံနှင့် ပတ်သက်၍ ကိုယ်စားလှယ်များ ရွေးချယ်ခြင်းကိစ္စတွင် ဗဟိုမှ ဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ ပါတီဝင်အချို့က ဆန္ဒဖော်ထုတ်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

**စာ(၁၂)သို့**



# ရခိုင်ပြည်နယ်အရေးဆွေးနွေးပွဲက အခေါ်အဝေါ်အငြင်းအခုံဖြင့် အဆုံးသတ်

**အောင်ခိုင်**

**နေပြည်တော်၊ စက်တင်ဘာ - ၂၃**

နေပြည်တော်တွင် ကျင်းပသည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ ရခိုင်ပြည်နယ်ရှိရိုဟင်ဂျာများအား ပြည်တွင်းအဖွဲ့အစည်းများက ဘင်္ဂါလီဟုခေါ်ဝေါ်သုံးစွဲနေခြင်းကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက ကန့်ကွက်ပြောဆိုရာ ယင်းဆွေးနွေးပွဲ မူရင်းအကြောင်းအရာထက် အခေါ်အဝေါ်ကိစ္စ ငြင်းခုန်ဆွေးနွေးမှုဖြင့် ဆွေးနွေးပွဲအဆုံးသတ်ခဲ့သည်။

ယခုလ ၂၂၊ ၂၃ရက်များက ကျင်းပသည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲပထမနေ့တွင်သံအမတ်ကြီးက ဘင်္ဂါလီဟုသုံးစွဲခြင်းသည်နိုင်ငံတကာအဖွဲ့အစည်းများကြား ရှုပ်ထွေးမှုများဖြစ်ပေါ်စေနိုင်သဖြင့် ခေါ်ဝေါ်ခြင်းမပြုရန် ပြောဆိုခဲ့ခြင်းဖြစ်သည်။

သံအမတ်ကြီးက ဘင်္ဂါလီလူမျိုးဟုသုံးစွဲခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူမျိုး၊ အိန္ဒိယနိုင်ငံမှ လူမျိုး စသည့် ရှုပ်ထွေးမှုများ၊ အငြင်းပွားမှုများ ဖြစ်ပေါ်စေနိုင်ကြောင်းပြောဆိုခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ထူးခြားထင်ရှားသည့်ရလဒ်မရရှိခဲ့ဘဲ အမည်ခေါ်ဝေါ်သုံးစွဲခြင်းကို အများဆုံးအချေအတင်ဆွေးနွေးခဲ့ရကြောင်း တက်ရောက်သူများ ထံမှသိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့သော အစ္စလာမ်ဘာသာဝင်တစ်ဦးကလည်း ဘင်္ဂါလီဟုမသုံးစွဲဘဲ ရိုဟင်ဂျာဟုသုံးစွဲရန် တင်ပြပြောဆိုခဲ့သည်။

အမျိုးသားဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးသာပွင့်က "ရိုဟင်ဂျာဟာ တိုင်းရင်းသားဟုတ်၊ မဟုတ်ဆိုတာကိုလွှတ်တော်ကဥပဒေနဲ့ဆုံးဖြတ်ပါလိမ့်မယ်"ဟု ဆွေးနွေးခဲ့သည်။

နိုင်ငံတော်က ရိုဟင်ဂျာဆိုသည်မှာ မြန်မာနိုင်ငံတွင် မရှိကြောင်း တရားဝင်ပြောဆိုထားလျက်နှင့် ရိုဟင်ဂျာဟု သုံးစွဲနေခြင်းကို ရခိုင်တိုင်းရင်းသားပါတီများနှင့် မြို့မိမြို့ဖများက ကန့်ကွက်ခဲ့ကြောင်းသိရသည်။

"ကျွန်မက ရခိုင်အမျိုးသားအားလုံးကို ကိုယ်စားပြုတဲ့ပါတီကပါ။ နိုင်ငံတော်အနေနဲ့ ရိုဟင်ဂျာဆိုတာ မရှိကြောင်း ကြေညာထားရဲ့နဲ့ ဒီလိုဆွေးနွေးပြောဆိုတာက ဥပဒေကို ချိုးဖောက်ရာရောက်ပါတယ်"ဟု ရခိုင်အမျိုးသားတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ဒေါ်အေးနုစိန်ကတုံ့ပြန်ပြောဆိုသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူ စာရေးဆရာကျော်ဝင်းကလူသားချင်းစာနာမှုရှုထောင့်နှင့် သမိုင်းကြောင်းရှုထောင့် မှန်ပြောင်းနှစ်ခုဖြင့်ကြည့်သင့်ကြောင်း၊ သမိုင်းချီခဲ့ သောပြဿနာဖြစ်၍ တစ်ထိုင်တည်းဖြေရှင်းနိုင်ရန် မလွယ်ကူကြောင်းသုံးသပ်သည်။

ဆွေးနွေးပွဲတွင် တရားဥပဒေစိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်အချို့ကို ရရှိခဲ့သော်လည်း ပြန်လည်သဟဇာတဖြစ်ရေးမှာ အချိန်ယူရဦးမည်ဟု စစ်တွေမြို့မှ မြို့မိမြို့ဖ ဦးသန်းထွန်းကပြောသည်။

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ပထမအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်မှ နောက်ဆက်တွဲဆွေးနွေးပွဲများ ထပ်မံပြုလုပ်ပေးမည်ဖြစ်ကြောင်းလည်းသတင်းရရှိသည်။



ဖားကန့်မြို့အတွက် ရေမဆေးကျောက်ရှာဖွေနေသူများကို စက်တင်ဘာတတိယပတ်အတွင်းတွေ့ရစဉ်　ဓာတ်ပုံ-မောင်တာ

# ဖားကန့်ဒေသ မတည်ငြိမ်မှုက ကျောက်စိမ်းဈေးကွက်ထိခိုက်

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ - ၂၄**

ကျောက်စိမ်းအဓိကထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့်နယ်မြေတွင်ဖြစ်ပွားနေသော နယ်မြေမငြိမ်သက်မှုများကြောင့် ယင်းဒေသထွက် ကျောက်စိမ်းကို မှီခိုလုပ်ကိုင်နေသည့် ဖားကန့်၊ မြစ်ကြီးနား၊ မန္တလေး၊ စစ်ကိုင်းမြို့တို့ရှိ ကျောက်စိမ်းရောင်းဝယ်လုပ်ငန်းများနှင့် ကျောက်စိမ်းအချောထည်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာကြောင်း သက်ဆိုင်ရာမြို့များတွင် ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်နေသူများကပြောကြားသည်။

ဩဂုတ်လမှစတင်ကာ ဖားကန့်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် မြန်မာတပ်မတော် တိုက်ပွဲများကြောင့် ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ရပ်နားထားရသလို ဖားကန့်မြို့နယ်အတွင်း ကျောက်စိမ်းအရောင်းအဝယ်လုပ်ရာ ဖားကန့်၊ လုံးခင်း၊ ဆိုင်းတောင်၊ ဆိတ်မူရှိ ကျောက်ဝိုင်းများသို့ မန္တလေးနှင့် တရုတ်နိုင်ငံမှ ကျောက်စိမ်းလာရောက်ဝယ်ယူသူ မရှိတော့ဘဲ ဩဂုတ်လမှစတင်၍ ကျောက်ဝိုင်းများတွင် ကျောက်စိမ်းအရောင်းအဝယ် လုံးဝရပ်ဆိုင်းသွားကြောင်း ဒေသခံ ကျောက်စိမ်းအရောင်းအဝယ်လုပ်ကိုင်နေသူများကပြောသည်။

ယခင် ဆိုင်းတောင်ရွာတွင် နေထိုင်ပြီး ယခုဟိုပင်မြို့သို့ စစ်ဘေးခေတ္တတိမ်းရှောင်နေသော ဆိုင်းတောင်ကျောက်ဝိုင်းမှကျောက်စိမ်းပွဲစားဦးစိုးမြင့်က "လုပ်ကွက်တွေကနားထားတယ်။ ကျောက်စိမ်းအရောင်းအဝယ်သမားမရှိတော့ဘူး။

**စာ(၁၂)သို့**




C B BANK
SANDALS?
SLIPPERS?
SHORTS?
SHADES?
SHOES?
SHIRT?
EASi
EASi SMART
Let's Win Win Together !

# ငွေကြေးထောက်ပံ့မှု ကန့်သတ်ချက်ဖယ်ရှားပါက မြန်မာလုပ်ငန်းရှင်များအကျိုးများမည်

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

မြန်မာနိုင်ငံအပေါ် ငွေကြေးထောက်ပံ့မှု ကန့်သတ်သည့် ဥပဒေဖယ်ရှားရေးကို အမေရိကန်အောက်လွှတ်တော်က ထောက်ခံခဲ့ခြင်းသည်မြန်မာပို့ကုန်လုပ်ငန်းများတွင် အတားအဆီးဖြစ်နေသည့် ငွေကြေးလွှဲပြောင်းမှုလုပ်ငန်းများအတွက် တိုက်ရိုက်လုပ်ကိုင်ရန် အခွင့်အရေး ရလာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

စီးပွားရေးပိတ်ဆို့မှုကြောင့် ငွေကြေးလွှဲပြောင်းရာတွင် နိုင်ငံတကာဘဏ်များက မြန်မာနိုင်ငံမှ ဘဏ်များနှင့် တိုက်ရိုက်ချိတ်ဆက်၍ဒေါ်လာကိုလွှဲပြောင်းခြင်း မပြုနိုင်၍စင်ကာပူနိုင်ငံရှိ ကြားခံဘဏ်များခံကာ နှစ်ဆင့်၊ သုံးဆင့် လုပ်ကိုင်ရသဖြင့်ဘဏ်ဝန်ဆောင်စရိတ်များ ဆုံးရှုံးနေကြရကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကြားမှာ အဆင့်ဆင့်ခံပြီး လွှဲရတော့ ကုန်ကျစရိတ်တွေကများနေတာ တဖြည်းဖြည်းနဲ့လျော့နည်းလာနိုင်တယ်။ လုံးလုံးလျော့ဖို့ကတော့ ဆန်ရှင်ရုပ်ပြီးမှပဲ။ ဒါပေမဲ့ US ရဲ့ (Grant)အကူအညီတွေကတော့ ပိုရလာနိုင်တယ်"ဟု ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ ဒေါက်တာစိုးထွန်းကဆိုသည်။

"အမေရိကန်က ပိတ်ဆို့မှုတွေ လျှော့ပေးတယ်ဆိုပေမယ့် ဘဏ်ငွေလွှဲတာတွေ ပြဿနာတက်တုန်းပဲ။ ဟိုဘဏ်ကငွေလွှဲတဲ့အခါ Myanmar၊ Burma လို့ ပါရင် မရဘူး။ Customers တွေကိုပြန်ပြင်ခိုင်းပြီး စင်ကာပူဘဏ်တွေကတစ်ဆင့်လွှဲခိုင်းမှပဲရတယ်။ ဒီရက်ပိုင်း ဒါတွေနဲ့တော်တော်အလုပ်ရှုပ်တယ်" ဟု ဟိုတယ်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။

"ဒေါ်လာကိုလွတ်လွတ်လပ်လပ် လွှဲပြောင်းနိုင်ရန် ပို့ကုန်သွင်းကုန်သမားတွေအတွက် အိုကေပြီပေါ့။ ဘယ်လောက်ထိ ပေးလဲဆိုတာ စောင့်ကြည့်ရမယ်" ဟု ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ-၂ဦးသန်းလွင်က ပြောကြားသည်။

ငွေကြေးထောက်ပံ့မှုကိုကန့်သတ်သည့်ဥပဒေဖယ်ရှားပြီးပါက မြန်မာနိုင်ငံသို့ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ကလည်း အကူအညီများ ပိုမိုရလာနိုင်သည်။ ထို့အပြင် ဘီလ်ဂိတ်ဖောင်ဒေးရှင်း၊ ကလင်တန် ဖောင်ဒေးရှင်းတို့အပြင် အမေရိကန်အကူအညီ(US Aid)တို့မှလည်း အကူအညီများ ရလာနိုင်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောဆိုသည်။

ထို့အပြင်အမေရိကန်နိုင်ငံမှ ပိတ်ဆို့မှုများကြောင့် ပြည်တွင်း၌ အခက်အခဲဖြစ်နေသည့် အမေရိကန်ဒေါ်လာ၊ဟောင်းနွမ်းစုတ်ပြဲမှုကို ရောင်းချရမှု အခက်အခဲလည်း တရားဝင် လွှဲပြောင်းခွင့်ရပါက ပြေလည်နိုင်ကြောင်းလည်း သိရသည်။

ငွေကြေးထောက်ပံ့မှု ကန့်သတ်သည့်ဥပဒေကိုဒေါ်အောင်ဆန်းစုကြည်အား အမြင့်ဆုံးဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်ပြီးနောက် အမေရိကန် အောက်လွှတ်တော်က နာရီပိုင်းအတွင်း အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ခဲ့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ကို အမေရိကန်အစိုးရက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကိုလည်း ဖယ်ရှားလိုက်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးအရ ပိတ်ဆို့မှုကို ဖြေလျှော့မှုတစ်ရပ်အနေဖြင့် ဩဂုတ်လအတွင်းကလည်း စွမ်းအင်ကုမ္ပဏီများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် ပြုလုပ်နိုင်ရန် အမေရိကန်သမ္မတအိုဘားမားကခွင့်ပြုပေးခဲ့သည်။ ထို့အပြင် လူမှုရေးလုပ်ငန်းများအတွက် ငွေကြေးလွှဲပြောင်းမှုကိုလည်း ယင်းကာလမတိုင်မီက ခွင့်ပြုပေးခဲ့သည်။

"ဆန်ရှင်လုံးဝဖယ်လိုက်ရင်သူက ဂျူတီမရှိ၊ ကိုတာမရှိဆိုတော့ လုပ်ငန်းက အရမ်းပွင့်လင်းလာမယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးကဆိုသည်။

အမေရိကန်စျေးကွက်သည် ကြီးမားကျယ်ပြန့်သည့်အတွက် မြန်မာ့ပို့ကုန်လုပ်ငန်းများအတွက် မျှော်လင့်ချက်တစ်ခု ဖြစ်သည်။ လက်ရှိ ဖြေလျှော့မှုမှာ အမေရိကန်စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားရန်အတွက်လည်း တွန်းအားတစ်ခုဖြစ်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ဆိုသည်။



# ကားသွင်းခွင့် မူဝါဒပြောင်းလဲပြီး တစ်နှစ်မပြည့်မီ အခွန်ငွေ ကျပ်ဘီလီယံ ၃၀၀ ခန့်ရ

**အေးမြတ်သူ**

**ရန်ကုန်၊စက်တင်ဘာ-၂၄**

ပြည်ပမှမော်တော်ယာဉ်တင်သွင်းခွင့်ပြုသည့် မူဝါဒပြောင်းလဲသည့်အချိန်မှစ၍ ယခုလ ၁၀ ရက်ထိ ကောက်ခံရရှိထားသောအကောက်ခွန် ကုန်သွယ်ခွန် စုစုပေါင်း ကျပ်ဘီလီယံ ၃၀၀ ခန့်ကောက်ခံ ရရှိထားကြောင်း အကောက်ခွန်ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်ပမှ မော်တော်ယာဉ်တင်းသွင်းခွင့်မူဝါဒ ပြောင်းလဲအပြီး ၁၁ လအတွင်း ကောက်ခံရရှိထားသော အခွန် ၂၈၉ ဒသမ ၀၁ ကျပ်ဘီလီယံ ရရှိသည့်အနက် အကောက်ခွန်မှ ၁၄၆ ဒသမ ၇၉ ကျပ်ဘီလီယံရှိပြီး ကုန်သွယ်ခွန် ၁၄၂ ဒသမ ၂၂ ကျပ်ဘီလီယံတို့ဖြစ်ပြီး လက်ရှိတင်သွင်း မော်တော်ယာဉ်များနှင့် ပတ်သက်၍ အခွန်နှုန်းထားဖြေလျှော့ရန် အစီအစဉ်မရှိသေးကြောင်း သတင်းရရှိသည်။ အခွန်ငွေများအား ကျပ်ငွေဖြင့်သာ ကောက်ခံ၍ ဒေါ်လာဖြင့် ကောက်ခံခြင်းမရှိကြောင်း သတင်းရရှိသည်။

"အကောက်ခွန်နှုန်းထားပိုင်းနဲ့ ဒဏ်ကြေးပိုင်းမှာ ဒဏ်ကြေးပိုင်းကိုသာ ဖြေလျှော့ပေးတာ"ဟု အကောက်ခွန်ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကောက်ခွန်ဌာနအနေဖြင့် လက်ရှိ အခွန်စည်းကြပ်ပြီး အစီးရေ ယခုလ ၂၀ ရက်အထိ စုစုပေါင်း ရှစ်သောင်းကျော်အနက် လူစီးယာဉ် တင်သွင်းမှုမှာ အများဆုံးဖြစ်ကာ အစီးရေခုနစ်သောင်းကျော်ရှိခဲ့သည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012



## ၂၀၁၂ စက်တင်ဘာ ၂၆မှ အောက်တိုဘာ ၂ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မှာ တိမ် အသင့်အဆင့် ဖြစ်ထွန်းနိုင်ပါ တယ်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး၊ လှိုင်းအမြင့် ၄ပေမှ ၅ပေအထိ ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပါတယ်။ လှိုင်းအမြင့် ၂ပေမှ ၃ ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေ**

မိုးလေဝသဂြိုလ်တုမှ တိုင်းတာချက်အရပြီးခဲ့တဲ့ စက်တင်ဘာ ၁၅-၂၁ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ မိုးအများဆုံးရွာသွန်းခဲ့ပါတယ်။ ကချင်ပြည်နယ်မှာ မိုးရေချိန် ၃ လက်မမှ ၄ လက်မခန့်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းမှာ မိုးရေချိန် ၃ လက်မမှ ၅ လက်မခန့်၊ ကျန် ဒေသတွေမှာ မိုးရေချိန် ၁ လက်မ မှ ၁ ဒသမ ၅ လက်မ ခန့်ရွာသွန်း ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းမှ စတင်ဆုတ် ခွာခဲ့တဲ့ကာလနဲ့ လာမယ့်ရက်သတ္တပတ်ဟာ လုံးဝဆုတ်ခွာတော့မယ့်ကာလဖြစ်ပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းဟာ ထစ်ချုန်းမယ့်အခြေအနေများ ပိုမိုလာနိုင်ပါတယ်။ အထူးသဖြင့် မွန်း လွဲညနေပိုင်းများမှာ မိုးတိမ်တောင်များဖြစ်ပေါ် နိုင်ပါတယ်။ မြန်မာပြည် အရှေ့ပိုင်းဒေသများမှာ မိုးပိုမိုရရှိဖွယ်ရာ ရှိပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတွေမှာ နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အောက်ပိုင်းတို့မှာ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား ၅ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာပြီး ရွာသွန်းမြဲခန့်နဲ့ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

တစ်ပြည်လုံးတွင် အပူရှိန်များနဲ့ ထစ်ချုန်းမယ့် အခြေအနေများ သိသိသာသာ ဆက်လက်မြင့်တက်လာနိုင်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ မန္တလေးတိုင်း မြောက်ပိုင်းတို့မှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ခြေ အများဆုံးရှိပြီး သေချာမှု ၇၀ရာခိုင်နှုန်းရှိပါတယ်။ ချင်းပြည်နယ်၊ မကွေးတိုင်းမြောက်ပိုင်း၊ မန္တလေးတိုင်း မြောက်ပိုင်း၊ ပဲခူးတိုင်းအရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသတွေမှာ မိုးတိမ်တောင်ဖြစ်ဖို့ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။ တစ်ပြည်လုံးတွင် ထစ်ချုန်းမယ့်အခြေအ နေများ ဆက်လက်ဖြစ်ပေါ်နိုင်။ လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက် မိုးကြီးခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကို သတိထားဖို့လိုအပ်။ ကုန်းမြင့်နဲ့ တောင်ကြားဒေသများတွင် လျှပ်တစ်ပြတ် ရေကြီးမှုကို သတိပြု ရန်လိုအပ်။

**နေ့အပူချိန်များ အခြေအနေ**

အပူရှိန်များ သိသိသာသာ မြင့်တက်လာနိုင်။ အထူးသဖြင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတွေမှာ အပူရှိန် အလွန်မြင့်မားမှုကြောင့် အသက်အရွယ်ကြီးရင့် သူနဲ့ကလေးငယ်များ၊ ရောဂါအခံရှိသူများ စသူတို့ရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ အပူရှိန်ပုံမှန်ခန့်ရှိနိုင်ပြီး ကျန်ဒေသများမှာ အပူရှိန် ပုံမှန်ထက် မြင့်မားနိုင်ပါတယ်။

**မြစ်ရေအခြေအနေနဲ့ ရေကြီးမှု အလားအလာ**

စက်တင်ဘာလဆန်းမှ စတင်ကာ မိုးရွာသွန်းမှု လျော့ကျလာတဲ့အတွက် ရေကြီးမှုအလားအလာများ တစ်နေ့ထက်တစ်နေ့ လျော့ကျလာခဲ့ပါတယ်။ အဲဒါအပြင် စက်တင်ဘာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းမဖြစ်ခြင်း၊ တောင်တရုတ် ပင်လယ်ဖက်မှ မုန်တိုင်းအကြွင်း အကျန်များ လာရောက်မှုမရှိခြင်းတို့ကြောင့် မြစ်ဝကျွန်းပေါ် ဒေသမှာ ဖြစ်ပေါ်နေခဲ့တဲ့ ရေကြီးမှု အလား မြင့်မားမှုတွေဟာ စက် တင်ဘာ ဒုတိယ ၃၀ ရက်ခန့်မှ စတင်ကာ လုံးဝလျော့နည်းသွား ခဲ့ပြီ ဖြစ်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တပတ် တစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပုံမှန်ထက် ကျော်လွန်ဖြစ်ပေါ် နိုင်။ အများအားဖြင့် မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းမှာ အနောက်သို့မဟုတ် အနောက်မြောက် ဘက်ကို သာ ဦးတည်ရွေ့လျားနိုင် သည့် အတွက် မြန်မာနိုင်ငံဖက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ အခြေအနေများ ရှိနိုင်ပါတယ်။**ဒေါက်တာထွန်းလွင်**

## သမ္မတဦးသိန်းစိန်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းတို့အပေါ် ကန်ဘဏ္ဍာရေးဌာန ပိတ်ဆို့မှုပယ်ဖျက်

**ဝါရှင်တန်၊ စက်တင်ဘာ - ၁၉**

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနသည်မြန်မာနိုင်ငံ၏ နိုင်ငံတကာမိသားစုအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ကြိုဆိုသည့်အနေဖြင့် မြန်မာ့ထိပ်တန်းခေါင်းဆောင်နှစ်ဦးဖြစ်သော သမ္မတဦးသိန်းစိန်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့အား ၎င်းတို့ပိုင်ဆိုင်မှုနှင့် ဥစ္စာပစ္စည်းများအား ပိတ်ပင်ထိန်းချုပ်ထားမှုကို ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ကန်ဘဏ္ဍာရေးဌာနက ယခုကဲ့သို့ ပိတ်ဆို့တားဆီးမှု ပယ်ဖျက်ပေးလိုက်ခြင်းအားဖြင့် အမေရိကန်နိုင်ငံသားများသည် ၎င်းတို့နှစ်ဦးနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ကို ရရှိ သွားပြီဖြစ်သည်။ ဘဏ္ဍာရေးဌာန၏ ကြေညာချက်တွင် "ဦးသိန်းစိန်နဲ့ ဦးသူရရွှေမန်းတို့ဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် လက်တွေ့ကျတဲ့ခြေလှမ်းတွေပြုလုပ်ခဲ့ပါတယ်" ဟု ဖော်ပြထားသည်။

ဘဏ္ဍာရေးဌာနက သမ္မတဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်က အကျဉ်းသားရာပေါင်းများစွာကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အတိုက်အခံ ပါတီကိုလွှတ်တော်အတွင်း နေရာရစေမည့်ကြားဖြတ် ရွေးကောက်ပွဲကိုကျင်းပပေးခဲ့ကြောင်း၊ သူရဦးရွှေမန်းသည်လည်း သမ္မတ၏ ပြုပြင်ပြောင်းလဲရေးများကို ထောက်ခံခဲ့ပြီး ၎င်း၏ခေါင်းဆောင်မှုအောက်၌မြန်မာလွှတ်တော်သည် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးမည့် ဥပဒေကြမ်းနှင့် အလုပ်သမား သမဂ္ဂများဖွဲ့စည်းရေးဥပဒေတို့ကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း အသိအမှတ်ပြုဖော်ပြထားသည်။

မြန်မာအစိုးရ၏ အချို့သော ထိပ်တန်းခေါင်းဆောင်များအပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများမှာမူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးကို အားပေးရန်၊ ဖိနှိပ်သည့် ပေါ်လစီများ စွန့်လွှတ်နိုင်ရန်အတွက် ဆက်လက်ထားရှိသွားဦးမည်ဟု ကန်ဘဏ္ဍာရေးဌာနက ပြောကြားသည်။

—Ref: Wallstreet

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတို့က တိုင်းရင်းသားရေးရာ ကော်မတီများအား ကွင်းဆင်းလေ့လာရန် ဖိတ်ခေါ်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ကွင်းဆင်းလေ့လာရန် လွှတ်တော်နှစ်ရပ်၏ တိုင်းရင်းသားရေးရာကော်မတီများအား ဖိတ်ခေါ် ထားကြောင်း ယင်းကော်မတီများထံမှ သတင်းရရှိသည်။

"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသတွေက နှုတ်နဲ့ဖိတ်လို့ တရားဝင်စာနဲ့ လွှတ်တော်ကို ဖိတ်ဖို့ပြောထားတယ်" ဟု အမျိုးသားလွှတ်တော် တိုင်ရင်းသားရေးရာကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က ပြောသည်။

ပထမအကြိမ် ပဉ္စမပုံမှန် လွှတ်တော်အစည်းအဝေးများကို အောက်တိုဘာလအတွင်း ပြန်လည်ကျင်းပသွားရန်ရှိသောကြောင့် ယင်းဒေသများသို့ လွှတ်တော်အစည်းအဝေးများပြီးဆုံးချိန်၌သာ ကွင်းဆင်းလေ့လာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထိုသို့ လေ့လာကွင်းဆင်းရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူများ ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်အောင် ဆွေးနွေးလေ့လာသွားမည်ဟု ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူကပြောသည်။


အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှစ်ရပ်တို့သည် အဖွဲ့နှစ်ဖွဲ့ခွဲကာ မေလ ၂၁ရက်မှစတင်ပြီး ဇွန်လ ၁၁ရက်ထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ခုသို့ ပထမအကြိမ် ကွင်းဆင်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများသို့ သွားရောက်ခဲ့ခြင်း မရှိပေ။


မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဝ,ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဖြစ်သည်။

ပြီးခဲ့သည် လွှတ်တော်တွင် တိုင်းရင်းသားရေးရာကော်မတီများသည် အဆိုနှင့် မေးခွန်း၁၀ခုကျော် လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်က ပြောသည်။

**SHINE Construction Co.,Ltd.**
(Member of Shine Group of Companies)
၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက်ကျွမ်းကျင်Subကန်ထရိုက်တာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအလိုရှိသည်-
(က) သံချည်၊ သံကွေးလုပ်ငန်း
(ခ) လက်သမားလုပ်ငန်း
(ဂ) ပန်းရံလုပ်ငန်း
(ဃ) ဆေးလုပ်ငန်း(အတွင်း/အပြင်)
၂။ လျှောက်လွှာများကို၂- ၁၀- ၂၀၁၂ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါလုပ်ငန်းများအား လုပ်ကိုင်ရန်လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး ပစ္စည်း၊ လက်ခစျေးနှုန်း(သို့)လက်ခစျေးနှုန်းများကိုဖော်ပြပါအချက်များနှင့်အတူ ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍တစ်ပါတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်( ၂၉ )၊ မြေညီထပ်၊ ဂျိုးဖြူကွန်ဒို၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 01-385340 ~ 4, Ext;225,235


ဆရာစက္ကာမ ၏
ဖဲမျက်လှည့်ပြနည်း
ဖဲလိမ်ရိုက်နည်းမဟုတ်ပါ။ မျက်လှည့်ပြနည်း လမ်းညွှန်စာအုပ်လေးသာ ဖြစ်ပါသည်။ ဖဲချပ်ကလေး များကို အသုံးပြု၍ လှပသော မျက်လှည့်ပြကွက်များကို ဖန်တီးနိုင်စေရန် မျက်လှည့်ပြပုံ အသေးစိတ်နည်းစနစ်များနှင့် လမ်းညွှန်ဗီဒီယိုခွေ ပါဝင်သည်။


ဆရာစက္ကာမ ၏
မျက်လှည့်ပြနည်း ၁၀၀
မျက်လှည့်ဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် မျက်လှည့်ပညာ၏ လျှို့ဝှက်ချက်များ။ Style၊ အပြောအဆို၊ တင်ပြပုံ၊ လေ့ကျင့်ခန်းများ ပါဝင်သည်။ မျက်မြင်ကိုယ်တွေ့သင်ယူနိုင်ရန်အတွက် သင်ကြား ရေး ဗီဒီယိုခွေ ပါဝင်သည်။


ရှင်းလင်းဖော်ထုတ်ရှင်းပြထားသည်
[ စာအုပ် + DVD ]
စက္ကာမ ၏ ဥံဖွ
တို့ဆေးမိတာလား၊ အညာမိတာလား
စိတ်တန်ခိုးနှင့်ဖွန်းများကွေးပြခြင်းမှာ ထုံကူးတာလား
ကျောက်ခဲတွေအန်တာကို ယုံကြည်သလား
လေပေါ်မှာထိုင်ပြသောဦးဝင်းနိုင်(အနုပညာ)၊
ဆန်မန်းများမှ မီးထတောက်ခြင်း၊
ကြက်ဥထဲက ဓါတ်လုံးလက်စွပ်၊
ရက္ခစိုးမှော်နှင့်နဂါးသိုက်၊
ဘိုးတော်လိမ်၊ နတ်ကတော်လိမ်၊ ဘာညာကွိကွဇောင်ဆရာလိမ်တွေရဲ့ . . . . . လိမ်နည်းများကို ဖောက်ထားသောစွက်ကို လှန်လိုက်ဘိသကဲ့သို့ ဖွင့်ချလိုက်ပြီ။

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း-၀၉-၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၀၀၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

# အာဃာတမဲ့ကျည်ဆန်များရဲ့ အဆုံးသတ်

သီဟ


လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီးနောက် လဖိုင်ဇော်ဆိုင်းကို ရန်ကုန်မြို့တွင်တွေ့ရစဉ်


ဗိုလ်မှူးချုပ် အယ်ကွန်ဖန်နှင့်ဇနီး

"လူငယ်အချိန်မှာ ခွန်အားများကို အားကိုးလျက် ကိုယ်မှန်တယ်ထင်ရာကိုဇွတ်လုပ်ချင်တဲ့ မာန်၊ရန်ကိုရန်ချင်းတုံ့ပြန်ချင်တဲ့ သဘော၊ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုးအစွန်းရောက်တဲ့ မျက်ကန်းမျိုးချစ်၊ အားလုံးအတွက်ပေးဆပ်ရမှာကတော့သေဒဏ်နှင့် ၂၄နှစ်ပင်ဖြစ်တော့သည်"

ယင်းစာစုပါ ဆောင်းပါးလေးအားတစ်ချိန်ကကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၏ ကွန်မန်ဒိုဟောင်းကိုလဖိုင် ဇော်ဆိုင်းတစ်ယောက် ထောင်တွင်း၌ ရှိနေစဉ်ရေးသားခဲ့ခြင်းဖြစ်သည်။

"ဒီဆောင်းပါလေးကိုဖတ်ပြီးနောက်တစ်မိသားစုလုံး ဇော်ဆိုင်း၏ နောင်တကိုသိပြီး မျက်ရည်ကျမိကြပါသည်။ခွင့်လွှတ်ပါသည်" အကျဉ်းထောင်ထဲမှဆောင်းပါးရှင်ဇော်ဆိုင်းထံသို့ မိသားစုတစ်စုက ပြန်စာတစ်စောင် အရောက်ပို့ပေးခဲ့သည်။

၂၀၀၇ ခုနှစ်က ခရစ်ယာန်နှစ်ခြင်းအသင်းတော်မှထုတ်ဝေသည့် သက်ထာဝရစာစောင် အမှတ်စဉ်၅၇တွင်ဖော်ပြပါရှိသည့် သူ၏ဆောင်းပါးကိုဖတ်ပြီးနောက် အဆိုပါ မိသားစု၏ ပြန်စာကို သူလက်ခံရရှိလိုက်ခြင်းဖြစ်သည်။

ဆောင်းပါးရှင် လဖိုင်ဇော်ဆိုင်းနှင့်ပြန်စာပေးပို့သူ မိသားစုတို့ကြားတွင် စိတ်မထားတတ်ပါက ကမ္ဘာကျေသည့်တိုင် ဥဒါန်းမကျေသည့် ရန်ငြိုးများရှိသွားနိုင်ကြသည့် အခြေအနေတစ်ခုကို လဖိုင်ဇော်ဆိုင်းတစ်ယောက် လွန်ခဲ့သည့် နှစ်ပေါင်း ၂၇ နှစ်က ဖန်တီးခဲ့လေသည်။

အချိန်က ၁၉၈၅ ခုနှစ် အောက်တိုဘာ ၁၆ ရက် ညနေခင်းအချိန်တွင်ဖြစ်သည်။ ဂေါ်ဖ်ကွင်းမှပြန်လာမည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အယ်ကွန်ဖန်ကို လုပ်ကြံရန် ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှကွန်မန်ဒိုတစ်စုက မြစ်ကြီးနားမြို့မိုင်ဒေးကွင်း(သီတာရပ်ကွက်နှင့် တပ်ကုန်းရပ်ကွက်ကြား မြစ်ကြီးနားလေယဉ်ကွင်းလမ်းအကွေ့) နားတွင် စျေးသည်များအယောင်ဆောင်ကာ စောင့်ဆိုင်းနေကြ၏။

စောင့်ဆိုင်းနေကြသူများ၏ စျေးခြင်းတောင်းများထဲတွင်ပါရှိသည့်ရောင်းကုန်ပစ္စည်းက တိုင်းမှူး၏ အသက်ကို နုတ်ယူကြမည့် လက်နက်များ။

ညနေခင်း ခြောက်နာရီခန့် ညီအစ်ကို မသိတသိအချိန်တွင် အဝေးမှ တရိပ်ရိပ်ပြေးလာသည့် ကားနက်တစ်စီးကို ချောင်းနေသူတချို့ လှမ်းမြင်ရပြီဖြစ်သည်။

ထို့နောက်တွင်တော့ တဒင်္ဂအချိန်လေးအတွင်း သေနတ်သံများဆူညံသွားခဲ့သည်။ တိုင်းမှူး ဗိုလ်မှူးချုပ် အယ်ကွန်ဖန်မှာ KIA ကွန်မန်ဒိုများ၏လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ပြီဖြစ်သည်။

ထိုလုပ်ကြံမှုကို ဦးဆောင်သူမှာ KIA ၏ကွန်မန်ဒို အသက် ၂၂ အရွယ် လဖိုင်ဇော်ဆိုင်းပင်ဖြစ်သည်။

ငယ်ရွယ်သည့်အချိန်၊ တက်ကြွနေသည့်အချိန်တွင် ခွန်အားများနှင့်ပြည့်ဝနေသည့် လဖိုင်ဇော်ဆိုင်းတစ်ယောက် မိခင်အဖွဲ့အစည်းကပေးအပ်သည့် တာဝန်ကြီးတစ်ရပ်အား အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

သို့သော်လုပ်ကြံမှုအပြီး စုရပ်သို့ပြန်လာချိန်တွင် မိမိတို့အဖွဲ့ထဲမှတစ်ယောက်ကျန်နေသဖြင့် ပစ်မှတ်နေရာသို့ တစ်ခေါက်သွားပြန်ကြည့်ချိန်မှာတော့ လဖိုင်ဇော်ဆိုင်းတစ်ယောက် အဖမ်းခံခဲ့ရလေသည်။

"ဦးအယ်ကွန်ဖန်နဲ့ ကျွန်တော်တို့ကြားမှာ ပုဂ္ဂိုလ်ရေးအရ မုန်းခြင်း အာဃာတဘာမှမရှိခဲ့ဘူး။ သူက စစ်တပ်က တာဝန်နဲ့တိုက်တာ၊ ကျွန်တော်က ဟိုဘက်ကတာဝန်နဲ့တိုက်တာ။ ကချင်ရယ် ဗမာရယ် ခွဲခြားလို့လည်းမဟုတ်ဘူး။သူ့ဘက်ကိုယ့်ဘက်ယုံကြည်ချက်နဲ့တိုက်ပွဲဖြစ်ခဲ့ကြတာဖြစ်တယ်" ဟုကိုလဖိုင်ဇော်ဆိုင်းကပြောသည်။

ယခုအချိန်တွင်တော့ ကိုလဖိုင်ဇော်ဆိုင်းတစ်ယောက်နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြင်ပ ကမ္ဘာသို့ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။သို့သော် သူလွတ်ငြိမ်းချမ်းသာခွင့်ရချိန်သည် သူ၏ပြစ်ဒဏ်များနှစ်စေ့ရန် ရက်ပိုင်းသာလိုတော့သည့်အချိန်လည်းဖြစ်နေသည်။

ကိုဇော်ဆိုင်းတို့ဘက်က တိုင်းမှူးအား မလုပ်ကြံခင် ၁၉၈၄ ဝန်းကျင်အချိန်များသည်မြန်မာ့တပ်မတော်က မြောက်ပိုင်းကွန်မန်ဒိုများ က ကချင်ပြည်နယ်ပါချောင်၊နားပို့၊ ဂျာဘူ၊ဂန်ဒေါင်လျန်ဘက်များတွင် ထိုးစစ်များ အဆက်မပြတ်ဆင်နွှဲနေချိန်ဟုလည်း ကိုဇော်ဆိုင်းက ပြန်လည်ပြောပြသည်။


စာ(၁၈)သို့

# အွန်လိုင်းရှော့ပင်းထွက်ကြည့်စို့









အိမြူလွင်

တစ်မျိုးမဟုတ် တစ်မျိုး နေ့စဉ် လိုအပ်နေတဲ့ ပစ္စည်းတွေအတွက် အမြဲတမ်းဈေးဝယ်ထွက်နေရသူတွေကို ဒီတစ်ပတ်မှာတော့ အိမ်ကနေ ထိုင်ရာကမထ ဈေးဝယ်ထွက်နိုင်တဲ့နေရာ တစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ကိုယ်နှစ်သက်ရာပစ္စည်းကို လမ်းလျှောက်စရာ မလိုဘဲ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်တယ်ဆိုရင် အပြောင်းအလဲတစ်ခုအဖြစ် နှစ်သက်စရာ ကောင်းနိုင်ပါလိမ့်မယ်။

အင်တာနက်ရှိရုံနဲ့ ဆိုင်ရဲ့ အင်တာနက်စာမျက်နှာပေါ်မှာ တင်ထားတဲ့ အမျိုးသား၊ အမျိုးသမီးတွေအတွက်အသုံးအဆောင်ပစ္စည်းတွေ အဝတ်အစားတွေကို ကြိုက်နှစ်သက်ရာတံဆိပ်တွေအပြင် ဖက်ရှင်ဒီဇိုင်းမိုက်မိုက်တွေကိုလည်း ကိုယ်ကြိုက်တဲ့ပုံစံနဲ့ အမျိုးအစားအလိုက် ရွေးချယ်ဝယ်ယူနိုင်တဲ့ အွန်လိုင်းပေါ်က ဈေးဝယ်နေရာတစ်ခုပါ။

ဆိုင်ရဲ့ အင်တာနက်စာမျက်နှာမှာက ပစ္စည်းတွေရဲ့ အမျိုးအစားကို အရွယ်အစား၊ ရနိုင်မယ့်အရောင်၊ ဈေးနှုန်းစသဖြင့် ဝယ်ယူသူတွေ လိုအပ်မယ့် အချက်အလက်တွေကို ပစ္စည်းတွေရဲ့ ပုံတွေနဲ့ အတူ တင်ပေးထားတာ တွေ့ရပါတယ်။

ကိုယ်နှစ်သက်ရာ ပစ္စည်းတစ်ခုကို ကြိုက်လို့ မှာမယ်ဆိုရင်တော့ ကျပ်ငါးသောင်းဖိုးနဲ့ အထက်ဝယ်ယူသူတွေကိုဝန်ဆောင်ခမယူဘဲ အိမ်အရောက်ပို့ဝန်ဆောင်မှုပေးပြီး၊ကျပ်ငါးသောင်းဖိုးအောက်ဆိုရင်တော့ ဝန်ဆောင်ခကျပ်လေးထောင်နဲ့ အိမ်အရောက်ပို့ပေးတယ်လို့သိရပါတယ်။

ကိုယ်လိုချင်တဲ့ ပစ္စည်းကို စင်ကာပူကနေ ဝယ်ယူပို့ပေးမယ့် ဝန်ဆောင်မှုအပြင် ဆိုင်မှာအဆင်သင့်ရနိုင်တဲ့ ပစ္စည်းတွေကိုလည်း ဖုန်းလေးဆက်ပြီးတော့မှာ ယူနိုင်ပါတယ်။

ဒါ့အပြင် Charles & Keith လို မိန်းကလေးကြိုက် Fashion Brand မျိုးကို နောက်ဆုံးပေါ်မှ ဝယ်ချင်တယ်ဆိုသူတွေအတွက်လည်း တိုက်ရိုက်မှာပြီး ဝယ်ယူနိုင်တယ်လို့ သိရပါတယ်။

နာမည်ကြီး တံဆိပ်မဟုတ်ဘဲ ဖန်စီဆန်တဲ့ ဖက်ရှင်မျိုးဆိုရင် ဒီအွန်လိုင်းဈေးဝယ် စာမျက်နှာမှာက အနိမ့်ဆုံးကျပ်တစ်သောင်းကနေ အမြင့်ဆုံး နှစ်သောင်းခုနစ်ထောင်လောက်ထိရှိတာ တွေ့ရပါတယ်။

အင်တာနက် အသုံးပြုသူတွေအတွက်ကတော့ အပျင်းပြေပုံတွေကြည့်ရင်းနဲ့ပဲ ကိုယ်ကြိုက်တာလေးတွေ့ရင် ထိုင်ရာမထ ဈေးဝယ်နိုင်တဲ့နေရာတစ်ခုဖြစ်လို့ နှစ်သက်ကြမယ်လို့ ထင်ပါတယ်။

ဆိုင်ရဲ့ လိပ်စာကတော့ www.facebook.com/fashionqueen.intown ပါလို့ ဈေးဝယ်လမ်းညွှန် ပေးလိုက်ပါတယ်။



# ဒီပိုင်လေး ချက်ကြရအောင်

ပိုက်ဇီ

## ဖားသားခြောက်စပ်

ဖားသားက အစားမညီတဲ့အသားမျိုးဆိုပေမယ့် ဝိုက်ဖီပရိသတ်ကို မြည်းစမ်းကြည့်စေချင်တာကြောင့် ဒီတစ်ပတ်ဖားသားခြောက်စပ်ကြော် စီစဉ်ထားပါတယ်။

လိုအပ်တာကတော့ အကောင်အနေတော် စားဖားသုံးကောင်လောက်၊ ကြက်သွန်ဖြူ နီနဲ့ ငရုတ်သီးခွဲစိတ်ကြမ်းတို့ပဲလိုပါတယ်။ တကယ်တော့ ဖားသားဘာလချော်ကြော်ပါပဲ။

ပထမဆုံး ဖားအကောင်လိုက်ကို မလိုတာတွေ ဖြတ်တောက်ဖယ်ထုတ်ပြီး ရေစင်အောင်သေသေချာချာဆေးပါမယ်။ပြီးရင်တော့ဖားသားကိုစဉ့်တီတုံးပေါ်မှာတင်ပြီး နုတ်နုတ်စင်းပါ။ စင်းပြီးသား ဖားသားထဲကို အရသာတွေ ထည့်ပါ။ ကြက်သွန်ဖြူနီပါးပါးလှီးထားတာတွေကို ဆီနိုင်နိုင်နဲ့ ကြော်ပါမယ်။ ပြီးရင် သပ်သပ်ဆယ်ထားပါ။

ဖားသားစကြော်ပါမယ်။ ခုန ကြက်သွန်ကြော်ထားတဲ့ ဆီထဲကိုကြက်သွန်ဖြူထောင်းလေးနည်းနည်းထည့်ပေးပြီး ဆီသတ်ပါ။ ငါးပိအနည်းငယ်ထည့်မွှေလိုက်ပါ။ နောက် ဖားသားစင်းကောတွေ ထည့်ပါမယ်။ ဆီထဲမှာ အသားတွေ ကျက်သွားအောင် မွှေထားရပါမယ်။ ငန်ပြာရည်လေးနည်းနည်းထည့်ပါ။ ပြီးတော့မှ ငရုတ်သီးခွဲခြမ်းထည့်ပါမယ်။ ငရုတ်သီးထည့်ပြီး တစ်ချက်နှစ်ချက် မွှေပေးပြီး ခုနကြော်ထားတဲ့ ကြက်သွန်ဖြူနီတွေပါရောမွှေပေးပါ။ ဒါဆိုရင်တော့ မီးဖိုပေါ်ကချပြီး အရသာရှိတဲ့ ဖားသား ခြောက် စပ်ကြော်ကို သုံးဆောင်နိုင်ပြီပေါ့။



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012



မြို့ပြက အိမ်အကူများဘဝက လုံခြုံမှု၊ ကာကွယ်ပေးနိုင်မှုတို့ လွန်စွာအားနည်းနေသည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မေ့လျော့ခံ အသံတိတ်ဘဝများ

**အေးမြတ်သူ၊ ထွန်းခိုင်**

၂၀၀၈ ခုနှစ် မေလမှာ တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရပြီး မသေမပျောက်ဘဲ ကျန်ခဲ့သည့် မုဆိုးမ ဒေါ်နုနုဝါ (ကာယကံရှင်ဆန္ဒအရ အမည်လွှဲ) တစ်ယောက် မုန်တိုင်းတိုက်ခတ်အပြီး ဆယ်လခန့်အကြာမှာ သူနေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီးကနေ သားသမီးသုံးဦးအားခေါ်ပြီး ရန်ကုန်ဆင်ခြေဖုံးဖြစ်သည့် လှိုင်သာယာမြို့နယ်သို့ စားဝတ်နေရေးအတွက် ရွှေ့ပြောင်းလာခဲ့သည်။ ရွှေ့ပြောင်းလာပြီးနောက် မိသားစုအဖို့ စားဝတ်နေရေးအခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။

ကြုံတွေ့နေရသော စားဝတ်နေရေး ပြဿနာထဲမှ ရင်သွေးတစ်ဦးလွတ်မြောက်ရမည်ဟု မျှော်လင့်ချက်ဖြင့် အကြီးဆုံးသမီးဖြစ်သူအား အိမ်အကူအဖြစ် လုပ်ကိုင်ရန် ပွဲစားအကူအညီနှင့် ထည့်ပေးလိုက်သည်။ ထို့နောက် နှစ်လခန့်အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ခွဲထားရသည့် သမီးအားတွေ့ဆုံရန်အတွက်နှစ်လကျော်အတွင်း ပထမဆုံးအကြိမ် ပွဲစားအမျိုးသမီး၏ အကူအညီဖြင့် သွားရောက်တွေ့ဆုံချိန် သမီးမှာ အိမ်ရှင်မိသားစု၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများသာ ခံနေရကြောင်း သိလိုက်ရသည်။

"ဘယ်လို နှိပ်စက်လဲ ပြန်မပြောချင်တော့ဘူး။ ငါရင်နာတယ်"ဟုဒေါ်နုနုဝါက ပြောသည်။

မြန်မာနိုင်ငံတွင် ဒေါ်နုနုဝါ၏ သမီးကဲ့သို့ အိမ်အကူအလုပ်ဖြင့် အသက်မွေးသူများအပေါ်











စာ(၁၀)မှအဆက်...

အိမ်ရှင်များ၏ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် သတင်းများ မကြာခဏထွက်ပေါ်လျက်ရှိသည်။ အိမ်အကူများသည် အခြားသော အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများကဲ့သို့ အလုပ်သမားအဖြစ်လည်း သတ်မှတ်ခြင်းမခံရ၍ အလုပ်ချိန်နှင့်အားလပ်ရက်အပါအဝင်အလုပ်သမားအခွင့်အရေးများလည်း မရရှိသည့်အပြင် အိမ်ရှင်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်အကြမ်းဖက်မှုများကိုခံနေရကြောင်း အိမ်အကူများအရေး ဆောင်ရွက်နေသူများနှင့်ဥပဒေပညာရှင်များကဆိုသည်။

အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ပညာသင်ကြားရမည့် အရွယ်တွင် အိမ်အကူအလုပ် လုပ်ကိုင်နေရသည့် အမျိုးသမီးငယ်များ၊ အိမ်အကူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် အမျိုးသမီးများမည်မျှရှိကြောင်း တိကျသော စာရင်းကောက်ယူမှုမရှိသေးသောကြောင့် ယခုအချိန်တွင် မည်သူမျှ တပ်အပ်ပြောနိုင်မည်မဟုတ်သေးပေ။ အလားတူပင် ဒေါ်နုနုဝါ၏ သမီးကြုံတွေ့သကဲ့သို့ အိမ်အကူများအပေါ် အိမ်ရှင်များ၏ ဆိုးရွားသော ဆက်ဆံမှုပြုလုပ်မှုများမှာ တိုးလာခြင်း(သို့မဟုတ်)လျော့နည်းလာခြင်းရှိမရှိကိုလည်းသုတေသနပြုလေ့လာမှုများ မရှိသေးသောကြောင့် အတိအကျမသိနိုင်ပေ။

ရန်ကုန်မြို့တွင် အိမ်အကူအဖြစ် လုပ်ကိုင်သူ အများစုမှာ ၎င်းတို့ မိဘဆွေမျိုးများရှိရာနယ်ဒေသကိုစွန့်ခွာပြီးလာရောက်လုပ်ကိုင်ခြင်းဖြစ်သောကြောင့် မပြေလည်မှုများ ရှိပါက အိမ်ရှင်များနှင့် ထိပ်တိုက်တွေ့ဆုံကာ ၎င်းတို့အခွင့်အရေးအတွက်ပြောဆိုရန်ကြောက်ရွံ့လေ့ရှိကြောင်း ၎င်းတို့ အရေးဆောင်ရွက်သူများက ဆိုသည်။ ၎င်းအပြင် အိမ်အကူအဖြစ် လုပ်ကိုင်သူများသည် ကောင်းစွာ ပညာသင်ကြားခွင့် မရရှိသူများဖြစ်ပြီး ငယ်ရွယ်သူအမျိုးသမီးလေးများဖြစ်သောကြောင့် ၎င်းတို့ နှိပ်စက်ခံရပါက လူသိရှင်ကြားဖြစ်မှုနည်းပါးကြောင်း အိမ်ဖော်များ အရေးဆောင်ရွက်နေသူများက ဆိုသည်။

“အိမ်ဖော်နှိပ်စက်ခံရတာတော်ရုံ တန်ရုံက သိဖို့ မလွယ်ဘူး။ နောက်ဆုံးသူတို့ ထွက်ပြေးတဲ့အဆင့်လောက်မှ ပေါ်တာ။ ထွက်မပြေးမချင်းက အိမ်ရှင်တွေက တံခါးပိတ်ထားတာတို့ နှိပ်စက်တာတို့က ဖြစ်တော့ မပေါ်တတ်ဘူး”ဟု အိမ်အကူများအရေး လိုက်လံကူညီဆောင်ရွက်ပေးနေသူ သမာဓိဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးဦးဝိုင်ဆာ့ခ်ကပြောသည်။

တရားလွှတ်တော်ရှေ့နေတစ်ဦးလည်းဖြစ်သူ ဦးဝိုင်ဆာ့ခ်သည် ၂၀၀၇ ခုနှစ်မှစတင်ပြီး ပြစ်မှုကျူးလွန်စော်ကားခံရခြင်းနှင့် ကျူးလွန်ကြောင်း စွပ်စွဲခံရသည့် အသက်(၁၈)နှစ်အောက် ကလေးများ လူငယ်များ၊ အသက်(၁၈)နှစ်ကျော်သော်လည်း အမျိုးသမီးဖြစ်သည့်အတွက် ပြစ်မှုကျူးလွန်စော်ကားခံရသည့် အမျိုးသမီးများအတွက် ဥပဒေကြောင်းအရ အခမဲ့ကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသူ ဖြစ်သည်။ ၎င်း၏ အဆိုအရ အိမ်အကူများအား အိမ်ရှင်အချို့ ကိုယ်ထိလက်ရောက် ရိုက်နှက်ညှဉ်းပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာပြုမူစော်ကားခံရခြင်းများသည် အသက်(၁၃)နှစ်မှ(၁၆)နှစ်အရွယ် အမျိုးသမီးငယ်များ အများဆုံးဖြစ်လေ့ဖြစ်ထ ရှိကြောင်း သိရသည်။

“အလှဆုံးအရွယ်တွေပေါ့။ အဲဒီအချိန်က ကလေးက နုနုထွတ်ထွတ်အရွယ်လေ” ဟု ၎င်းက ဆိုသည်။

အိမ်အကူများအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်သည် စွပ်စွဲခံရသော လူတိုင်းကို တရားဥပဒေလမ်းကြောင်းအတိုင်း အပြစ်ပေးနိုင်ရန်အတွက် နစ်နာသူများဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေများအဖို့ စိန်ခေါ်မှုများ ကြုံတွေ့ရလေ့ရှိကြောင်း အိမ်ဖော်များအရေး ဆောင်ရွက်သူရှေ့နေများက ဆိုသည်။

“အိမ်ရှင်ရဲ့ ဓနအင်အားအပေါင်းအသင်း အင်အားရပ်အပေါ်မှာ မူတည်ပြီးတော့ ရှေ့နေတွေက တော်တော်ရုန်းကန်ရတယ်” ဟု တရားလွှတ်တော်ရှေ့နေရောဘတ်စန်းအောင်က ပြောသည်။

အိမ်အကူများ အနိုင်ကျင့်ခံရမှုများအတွက် တရားစွဲဆိုရာတွင် ရှေ့နေမငှားနိုင်ခြင်း၊ ဗဟုသုတနည်းပါးခြင်း၊ တရားရင်ဆိုင်ရန်အတွက် ၎င်းတို့မူလနေထိုင်ရာ ဒေသများမှ ဝေးလံသော ရန်ကုန်မြို့ဆသို့ အကြိမ်ကြိမ်အခါခါ လာရောက်ရခြင်းတို့ကြောင့် ကျူးလွန်သူဟု စွပ်စွဲခံရသည့် အိမ်ရှင်များနှင့် အိမ်အကူများအကြား နစ်နာကြေးတစ်စုံတစ်ရာပေးပြီး ဖြေရှင်းလေ့ရှိကြောင်း အိမ်အကူများအရေး ဆောင်ရွက်သူများက ဆိုသည်။

သူ့အား နှိပ်စက်သည်ဆိုသည့် အိမ်ရှိရာ ရန်ကုန်မြို့တွင်း ရပ်ကွက်သို့ ထပ်မံသွားရောက်ပြပါဆိုပါက မသွားတတ်တော့ကြောင်း ဒေါ်နုနုဝါ၏ သမီးဖြစ်သူက ပြောသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်ကဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်ရပ်များအတွင်း လက်နှင့် ခြေသလုံးတွင် ရရှိခဲ့သော ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ ပျောက်ကင်းသွားပြီဖြစ်သော်လည်း အိမ်ရှင်များက ထိုစဉ်က ပြောဆိုခဲ့သည့် စကားလုံး အသုံးအနှုန်းများကို ပြန်လည်မှတ်မိနေသည်ဟု သူကဆိုသည်။

အိမ်အကူအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများအား အိမ်ရှင်များက ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများအပြင် စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်အောင် ကျူးလွန်မှုများလည်း ရှိသည်ဟု ဆိုသည်။ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ထိခိုက်မှုများအတွက် အနိုင်ကျင့်စော်ကားသူကိုပြစ်ဒဏ်ပေးရန်ဖြစ်ကောင်းဖြစ်နိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုများကို သိရှိရန် ခက်ခဲကြောင်း အိမ်အကူများအရေးဆောင်ရွက်နေသူများက ဆိုသည်။

“ဒီလူတစ်ယောက်ရဲ့ ဘဝမှာ နာကျင်သွားအောင် ပြောတာလည်း ထိခိုက်မှုတစ်ခုပဲ”ဟု ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာပါမောက္ခဒေါက်တာဦးအောင်မြတ်ကျော်စိန်က ပြောသည်။ ညှဉ်းပန်းနှိပ်စက်မှုများ၊ နာကျဉ်းစရာအဖြစ်အပျက်များနှင့် ကြုံတွေ့ပါက အသက်ငယ်ရွယ်သူများမှာ ပို ခံစားရလေ့ရှိကြောင်း ၎င်းက ဆိုသည်။

“ဒီလိုမျိုး နှိပ်စက်ခံရတဲ့သူ တွေဟာ လူ့အဖွဲ့အစည်းကို တုန့်ပြန်တဲ့အခါမှာလည်း ရန်လိုစိတ်နဲ့ တုံ့ပြန်လေ့ရှိတယ်။ အဲဒါမျိုးက များလာမယ်။ သူ့ရဲ့ ရန်လိုစိတ်က သိပ်ကြီးလာမယ်ဆိုရင် လူ့အဖွဲ့အစည်းနဲ့ ရပ်ရွာကိုထိခိုက်လာနိုင်မယ့် စိတ်တွေရှိလာမယ်” ဟု ဒေါက်တာဦးအောင်မြတ်ကျော်စိန်က ပြောသည်။

အိမ်အကူများအား နှိပ်စက်သည်ဆိုသည့် အဖြစ်အပျက်များတွင်လည်း စွပ်စွဲခံရသူ အိမ်ရှင်များဘက်မှပြုလုပ်သည့်ပုံစံများကို နှစ်မျိုးခန့်တွေ့ရှိရလေ့ရှိ ကြောင်း ပထမတစ်မျိုးမှာ အိမ်ရှင်၏ တပ်မက်မှု မပြည့်ဝခြင်းနှင့် လိုဘမပြည့်မှုများက ဒေါသအဖြစ် ကူးပြောင်းကာ ဖြစ်လေ့ရှိပြီး ဒုတိယတစ်မျိုးမှာ သူတစ်ပါးအား ပြင်းထန်သည့် ဒဏ်ရာရရှိမှ စိတ်ကျေနပ်စေသည့် ခံစားမှုများကြောင့် ဖြစ်ကြောင်း ဒေါက်တာဦးအောင်မြတ်ကျော်စိန်က ပြောသည်။

“သူများ ဒဏ်ရာခံစားရတဲ့အပေါ်မှာ ကျေနပ်တယ်ဆိုလို့ရှိရင် (သူ့မှာ) စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိလိမ့်မယ်” ဟု ၎င်းက ဆိုသည်။

ဒေါ်နုနုဝါ၏ သမီးဖြစ်သူ မနီနီ (ကာယကံရှင် ဆန္ဒအရ အမည်လွှဲ) သည်သူမအလုပ်လုပ်ခဲ့သော အိမ်တွင်တစ်နေ့ နာရီအနည်းငယ်ခန့်သာ အိပ်ရသည်ဟု ဆိုသည်။ ညအချိန်တွင် အဆိုပါအိမ်တွင် လူစုံအောင် ထမင်းစားပြီးသည့် ပန်းကန်များဆေးပြီးမှ အိပ်ရပြီး မနက်တွင် ငါးနာရီခန့် ဘုရားဝတ်ပြုသော အဆိုပါအိမ်မှ အမျိုးသမီးကြီးနှင့်အတူ အိပ်ရာထရသည်ဟု ဆိုသည်။ မနီနီကဲ့သို့ပင် အိမ်အကူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် အလုပ်ချိန်သတ်မှတ်ချက် အတည်တကျ မရှိချေ။

“ဥပဒေပြဋ္ဌာန်းပေးဖို့ လိုတယ်။ သူ့မှာ အားလပ်ချိန်ကို သတ်မှတ်ပေးရမယ်။ အလုပ်လုပ်ချိန်ကို သတ်မှတ်ပေးရမယ်။ သို့သော် မြန်မာပြည်ရဲ့ အနေအထားက အိမ်ဖော်ဆိုတာ အလုပ်ချိန်မရှိဘူး။ ၂၄ နာရီဟာ အိမ်ဖော်အတွက်က အလုပ်ချိန်ပဲ။ ညဘယ်အချိန်မဆို ထနိုးပြီးတော့ ခိုင်းမယ်။ မနက်လည်း ခိုင်းတယ်ဆိုတော့ အိမ်ဖော်အတွက်က သီးသန့်တောင်မှ ဥပဒေပြဋ္ဌာန်းပေးဖို့ လိုအပ်မယ်လို့ ယူဆတယ်” ဟု ဦးဝိုင်ဆာ့ခ်က ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှာတော့ အိမ်အကူများအတွက် သီးသန့် ပြဋ္ဌာန်းထားသော ဥပဒေမရှိသေးသောကြောင့် ၎င်းတို့အခွင့်အရေးများ ဆုံးရှုံးနေရကြောင်း အိမ်အကူများအရေး ဆောင်ရွက်သူများက ဆိုသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO)၏ အိမ်အကူ လုပ်သားများဆိုင်ရာ ဥပဒေကို မြန်မာနိုင်ငံဖြင့် လေ့လာဆဲအခြေအနေတွင်သာ ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ILO ရဲ့ ပြဋ္ဌာန်းချက်ကို လက်ခံမှ တိုင်လို့ရတာ။ လောလောဆယ် သူတို့ရဲ့ သက်ဆိုင်တဲ့ အိမ်အကူ ဥပဒေမပြဋ္ဌာန်းရသေးဘူး။ လူ့အခွင့်အရေး ကော်မရှင်ကို တိုင်ခိုင်းထားတာ။ သူတို့အတွက် ဥပဒေက မရှိသေးတော့ အလုပ်သမားဝန်ကြီးဌာနကိုတိုက်ရိုက်တိုင်လို့ မရသေးဘူး” ဟု အလုပ်သမားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

သီးသန့် ဥပဒေမပြဋ္ဌာန်းခင်စပ်ကြားတွင် အိမ်အကူများ အရေးနစ်နာမှုများအတွက် အခမဲ့ကူညီဖြေရှင်းမှုများ ပြုလုပ်ရန် အရပ်ဘက်လူ့အဖွဲ့အစည်းများအား ကောင်းရန်လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကပြောသည်။

7Day News မှတွေ့ဆုံမေးမြန်းခဲ့သည့်ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက်မှ အသေးစားအိမ်အကူပွဲစားအမျိုးသမီး၏ အဆိုအရ အိမ်ရှင်များသည် အသက် (၁၃)(၁၄) နှစ်ဝန်းကျင်များကိုပိုမိုအလိုရှိလေ့ရှိကြောင်း၊ အဆိုပါ အရွယ်များ အိမ်အကူလုပ်ကိုင်ရင်း ယင်းအိမ်တွင်ပင် (၁၇)(၁၈) နှစ် အရွယ်ရောက်လာသည်ကို လက်ခံသော်လည်း အသက် (၁၈) နှစ်အရွယ်လောက်မှ လာရောက်လုပ်ကိုင်သူများကို သိပ်သဘောကျလေ့ မရှိကြောင်း ၎င်းက ဆိုသည်။ ယခင် မြန်မာနိုင်ငံ အလယ်ပိုင်း အညာဒေသမှ လာရောက်လုပ်ကိုင်မှုများ ရှိသော်လည်း ယခုအခါ ရောဝတီ၊ ပဲခူး စသည့်တိုင်းဒေသကြီးများမှ လာရောက်သူများပြားကြောင်း ၎င်းက ဆိုသည်။

မြို့ပြ ဖွံ့ဖြိုးလာပြီး လူတို့၏ နေထိုင်ပုံစံပြောင်းလဲလာသောကြောင့်လိုအပ်လာသောအိမ်အကူများမှာ သီးသန့်ဝန်ဆောင်မှုပေးသည့် အလုပ်ရှာဖွေရေးများ၊ အိမ်အကူများအတွက် မှတ်ပုံတင်ပုံစံများ လိုအပ်ကြောင်း ၎င်းတို့အရေး ဆောင်ရွက်သူများက ဆိုသည်။

မနီနီသည် ခုအခါအချိန်ပိုင်း အိမ်အကူအဖြစ် လုပ်ကိုင်နေပြီဟု ဆိုသည်။ လှိုင်သာယာ မြို့နယ်အတွင်းရှိ အိမ်တစ်အိမ်တွင် မနက်သွား ညပြန် ကူဖော်လောင်ဖက်အဖြစ် လုပ်ကိုင်ပေးနေခြင်း ဖြစ်သည်။ သူ၏ အိမ်ရှင်အသစ်မှာ အရင်အိမ်ရှင်များနှင့်မတူဘဲ လခလည်း ပိုပေးသည်ဟု သူကဆိုသည်။ အရင် တစ်ခါလို သူ၏ မိခင်နှင့် အကြာကြီးခွဲရန်လည်း မလိုဟု သူကပြောသည်။

မနီနီကဲ့သို့ မိန်းမငယ်လေးများ(အိမ်အကူ)များအား အိမ်ရှင်များဘက်မှ ညှဉ်းပန်းနှိပ်စက်မှုများသည်ယနေ့တွင်သိသိသာသာလျော့လာကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးကဆိုသည်။

အိမ်အကူကို နှိပ်စက်ပါက ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်နေကြောင်း သတင်းမီဒီယာများမှတစ်ဆင့် အသိပေးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက စောင့်ကြည့်တိုင်ကြားခြင်းများကြောင့် ယင်းသို့ လျော့နည်းလာခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

သို့သော်လည်း ၎င်းတို့အတွက်သည့်ထက်ပိုမိုပြည့်စုံကောင်းမွန်သည့် ကာကွယ်စောင့်ရှောက်မှုမျိုးမှာ လိုအပ်နေဆဲဖြစ်ကြောင်း အိမ်ဖော်များအရေး ဆောင်ရွက်သူများက ဆိုသည်။

“တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ရှိတဲ့ အမျိုးသမီးနဲ့ ကလေးတွေနဲ့ အခွင့်အရေး ပျောက်ဆုံးသွားတာ မကုသနိုင်ရင် ကျွန်တော်မြန်မာပြည်သူလူထုရဲ့ အခွင့်အရေး ဆုံးရှုံးသွားတာပဲ” ဟု ဦးဝိုင်ဆာ့ခ်က ပြောသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## အမြင့်မားဆုံးလွတ်လပ်ခွင့်နှင့် မငဲ့မစောင်းသော စိတ်နေစိတ်ထား

အလိုရှိအပ် တောင့်တအပ်တဲ့ ဘဝချမ်းသာသုခအစစ်ကိုရဖို့ မိမိရဲ့စိတ်ကို ဖြူစင်သန့်ရှင်းအောင် ကိလေသာအညစ်အကြေးတွေကို ကိုယ်တိုင် သုတ်သင်ရှင်းလင်းပစ်ရမယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူတာက ငါ့အား တစ်စုံတစ်ယောက်က မကောင်းသဖြင့်ပြောလျှင် ငါ၏တပည့်သားတို့သည် စိတ်အနှောင့်အယှက်မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့တုံ့ပြန်ခြင်းသည် သင့်ကိုသာအန္တရာယ်ဖြစ်စေမည်ဖြစ်သောကြောင့်ဖြစ်၏။ တစ်နည်းအားဖြင့် တစ်စုံတစ်ယောက်သောသူက သင့်အား ချီးမွမ်းမြှောက်စားပြောငြား၊ ငါ၏ အဆုံးအမနှင့် ငါ၏ တပည့်သားသည် ဝမ်းမြောက်ဝမ်းသာမဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ စိတ်က တုံ့ပြန်ခြင်းသည် မှန်ကန်သော အဆုံးအဖြတ်ပြုမှုကို အနှောင့်အယှက်ပြုနိုင်သောကြောင့်ဖြစ်၏။ သင်၏စိတ်သည် မာန်တက်ပြီး ဝံ့ကြွားနေသောအခါ သူတို့ ချီးမွမ်းသောအချက်သည် ငါ့မှာ အမှန်ပင်ရှိသော အရည်အသွေးဖြစ်သလားဆိုသည်ကို သင်ကိုယ်တိုင် မသုံးသပ်နိုင်သောကြောင့်ဖြစ်၏လို့ ဗြဟ္မဇာလသုတ်မှာ မြတ်ဘုရားဟောကြားတော်မူတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်အစစ်တို့မှာ ရှိသင့်တဲ့ မငဲ့မစောင်းတတ်တဲ့ စိတ်နေစိတ်ထားဖြစ်တယ်။

မြတ်ဗုဒ္ဓဟာ အမြင့်မားဆုံးသော လွတ်လပ်ခွင့်ကို လူသားရဲ့ အနှစ်သာရသဘောနှင့်သာမက ဘုရားရဲ့ ဂုဏ်သတ္တိအနေနှင့်ပါ လက်ဆုပ်လက်ကိုင်ပြုထားတယ်။ ဒီလွတ်လပ်ခွင့်ဟာ လူသားကို လူသိက္ခာတို့မှ ကျဆင်းသွားစေခြင်း မရှိသလို အယူအစွဲသန်တဲ့ ဒိဋ္ဌိအမြင်တွေနဲ့ အာဏာရှင်ဆန်တဲ့ ဘာသာရေးထုံးတမ်းတွေ အပြစ်ဒဏ်တွေရဲ့ ကျေးကျွန်ဘဝကလည်း လွတ်မြောက်စေခဲ့တယ်။



ရည်ညွှန်း- ဆန်းလွင် (ရှင်အာဒိစ္စရံသီ)၏ ‘ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက’

## မျက်နှာဖုံး-ရေဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးအစိုးရအား စွပ်စွဲပြစ်တင်မည် မှ

လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေကြားမှာ ကင်းကွာမှုတွေဖြစ်အောင် လုပ်နေတယ်။ လွှတ်တော်က အတည်ပြုလိုက်တဲ့ အဆိုတွေကို အောက်ခြေမှာ လုပ်ဆောင်မှု တော်တော်အားနည်းတယ်။ နောက်ဆုံး လွှတ်တော်ကိုယ်စားလှယ်တွေ အလုပ်လုပ်ရတာ အင်မတန် ခက်ခဲလာတဲ့အတွက် ဒီလိုလုပ်လိုက်ရတာ”ဟု ဦးဆန်းဆင့်ကပြောသည်။

အစိုးရအဖွဲ့အား စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ လေးပုံတစ်ပုံက လက်မှတ်ရေးထိုးတင်ပြထားပြီးဖြစ်ပြီး တင်သွင်းလွှာကိုလာမည့်လွှတ်တော်တွင် ဖတ်ကြားတင်ပြမည်ဖြစ်ကြောင်း၊ စွပ်စွဲပြစ်တင်မှုတွင် မည်သည့်အချက်များ ပါဝင်သည်ဆိုခြင်းကို ဥပဒေအရ ယခုအခါ ပြောဆိုနိုင်မည် မဟုတ်သေးကြောင်း ၎င်းကပြောသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များမှတင်သွင်းသောမေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ ခြိမ်းခြောက်မှုများ၊ တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း၊ မိမိ ရေကြည်သို့သွားသော ခရီးစဉ်တစ်ခုတွင် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက တရားခံတစ်ဦးအလား နောက်ယောင်ခံ လိုက်လံစုံစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ရပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၃ တွင်ပြဋ္ဌာန်းထားသည့် မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရဆိုသည့် အချက်နှင့် ငြိစွန်းနေကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အား စွပ်စွဲပြစ်တင်မှုများပြုလုပ်ရန်ကိစ္စနှင့် ပတ်သက်၍ နောက်ပိုင်းတွင် ပြည်ခိုင်ဖြိုးပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ပါတီတွင်းလုပ်ငန်းစဉ်များကို ထိခိုက်မှုများရှိသည်ဟုဆိုကာ ဝင်ရောက်စွက်ဖက်မှုများ ပြုလာကြောင်း၊ စွပ်စွဲပြစ်တင်မှုအဆိုကိုဇူလိုင်လ ၆ ရက်က လွှတ်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုပါကိစ္စအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံ တင်ပြခဲ့ကြောင်း၊ ၎င်းတင်ပြချက်ကို သူရဦးရွှေမန်းက စွပ်စွဲပြစ်တင်မှု မလုပ်ရန် မေတ္တာရပ်ခံခဲ့သည့်အတွက် ပြည်ခိုင်ဖြိုးအလုပ်အမှုဆောင်များနှင့်ဆွေးနွေးညှိနှိုင်းခဲ့ပြီး သဘောတူညီမှုလေးချက်ရရှိခဲ့ကြောင်း ဦးဆန်းဆင့်က ပြောသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးရွှေမန်းကို စာပို့တော့ ဦးရွှေမန်းက ဒီလိုမလုပ်ဖို့ တားတယ်။ ကျွန်တော်တို့က ပြည်ခိုင်ဖြိုးပါတီဝင်ဖြစ်တဲ့အတွက် ပါတီဗဟိုရုံးမှာ ဗဟိုအလုပ်အမှုဆောင်တွေ အပါအဝင် ညှိကြတယ်။ ညှိပြီးတော့ ထွက်လာတဲ့ သဘောတူညီချက်လေးချက်ကို ကျွန်တော်တို့ဘက်က အတိအကျလိုက်နာတယ်။ အစိုးရအဖွဲ့နဲ့ ပါတီဗဟိုအလုပ်အမှုဆောင်တွေဘက်ကတော့ လုံးဝလိုက်နာခြင်းမရှိဘူး”ဟု ဦးဆန်းဆင့်ကပြောသည်။

“အန်တီတင်တစ်ယောက်တည်းသဘောထားကတော့ဒါမျိုးတွေဖြစ်တာမလိုလားဘူး။ တစ်ဖက်နဲ့တစ်ဖက် ညီညွတ်ညှိနှိုင်းဆောင်ရွက်နိုင်ရမယ်။ တင်းလွန်းရင်ပြတ်တယ်၊ လျော့လွန်းရင်လည်း ကောင်းမွန်သောအစိုးရသန့်ရှင်းသောအစိုးရဖြစ်မလာနိုင်ဘူး။ လွှတ်တော်နဲ့အစိုးရ ညီညီညွတ်ညွတ်နဲ့သွားတာပဲကောင်းမယ်။ ဒီလိုဖြစ်စဉ်မျိုးကွဲပြားရတာ စိတ်မကောင်းဘူး။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးဘက်ကရော ဥပဒေအတိုင်း တိတိကျကျလိုက်နာရင်ဒါမျိုးတွေ ရှိမလာနိုင်ဘူး”ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောဆန္ဒကို လေးစားသောအားဖြင့်လည်းကောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းရပ်များနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းလုပ်ငန်းများကို ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း ဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ယခုဖြစ်စဉ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့တစ်ခုအား သက်ဆိုင်ရာ လွှတ်တော်မှ စွပ်စွဲပြစ်တင်မှုပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

## မျက်နှာဖုံး-ရင်းနှီးမြှုပ်နှံမှု ဥပဒေပြင်ဆင်ချက် သမ္မတက လက်မှတ်မထိုးဘဲ လွှတ်တော်သို့ပြန်လွှဲ မှ

နိုင်ငံတော်သမ္မတက အချိုးတူထည့်ဝင်ငွေ ၅၀ း ၅၀ အပါအဝင် အချို့အချက်အလက်ကို ပြင်ဆင်ပေးရန် ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက် (စနေနေ့) က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ပြန်ပို့ပေးခဲ့ကြောင်း သမ္မတရုံးမှ ညွှန်ကြားရေးမှူးဦးဇော်ဌေးက ပြောသည်။

“အဓိကနှစ်ချက်ပေါ့။ ရင်းနှီးမြှုပ်နှံမှု အချိုးအစားရယ်။ ရင်းနှီးမြှုပ်နှံမှု ပမာဏရယ်ပေါ့။ တခြား အချက်အလက်တချို့လည်း ပါပါတယ်” ဟု အဆိုပါ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

လွှတ်တော်အစည်းအဝေးများပြုလုပ်ပြီး စက်တင်ဘာလ ၁၂ နှင့် ၁၃ ရက်တွင် နေပြည်တော်၌ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ပြုလုပ်ပြီး Euromoney Industitutional Invester PLC မှအမှုဆောင်အရာရှိချုပ်မစ္စတာ Toney Shale ကရင်းနှီးမြှုပ်နှံမှုပမာဏတွင်နိုင်ငံခြားသားနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို အချိုးတူသတ်မှတ်ထားခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲဖြစ်နိုင်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

“ ၅၀ း ၅၀ (အချိုးတူ) မှာ ခက်နေတာက အဓိက ရင်းနှီးမြှုပ်နှံသူ ဘယ်သူမှမဟုတ်တဲ့အတွက်ဆုံးဖြတ်ချက်ချဖို့ခက်တယ်။ နှစ်ဦးသဘောတူဖြစ်ဖို့ဆိုတာနေရာတိုင်းမဖြစ်နိုင်ဘူး”ဟုမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်ကဆိုသည်။

ပြီးခဲ့သည့်လွှတ်တော်က အငြင်းပွားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းပါဝင်ရမည့်ကန့်သတ်ချက်၊ ဖက်စပ်လုပ်ပိုင်ခွင့်ရရှိပါနိုင်ငံခြားသားမှ မတည်ငွေ ၄၉ ရာခိုင်နှုန်းသာပါဝင်ရမည့် အချက်နှင့် နယ်စပ်ဒေသများတွင် ရင်းနှီးမြှုပ်နှံခွင့်မပြုရ အချက်များကို ပယ်ဖျက်၍ အတည်ပြုပေးခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးလိုက်သော ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏကန့်သတ်မှုမရှိတော့ခြင်း၊ မတည်ရင်းနှီးငွေကိုလည်း အချိုးတူထည့်ဝင်ခြင်းနှင့် နယ်စပ်ဒေသများတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းစသည့်အချက်များဖြင့် အတည်ပြုပေးခဲ့သည်။

“လွှတ်တော်က ပြင်မပေးဘူးဆိုရင် ရက်ပေါင်း ၉၀ အတွင်း ပြည့်ရင် သမ္မတလက်မှတ်မထိုးလည်းအတည်ဖြစ်သွားပြီ။ ဒါပေမဲ့အဲဒါမကောင်းဘူး။ အဆင်ပြေအောင်တော့ လုပ်ရမှာပေါ့” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက ပြောသည်။

လွှတ်တော်ကအတည်ပြုလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါသောအချက်အလက်များကြောင့် နိုင်ငံခြားမှ လုပ်ငန်းကြီးများ မဝင်ရောက်နိုင်ဘဲ အလယ်အလတ်နှင့် အသေးစားများသာ ဝင်ရောက်နိုင်ကြောင်း စီးပွားလုပ်ငန်းအချို့နှင့်ကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

## စာ-၅၊ ဖားကန့်မြေ မတည်ငြိမ်မှုက ကျောက်စိမ်းဈေးကွက်ထိခိုက် မှ

အရင်လို မော်ရွာတွေသွားပြီး ဝယ်လို့လည်း မရတော့ဘူး။ အရင်က မန္တလေးနဲ့တရုတ်ပြည်ကလာတဲ့ဝယ်လက်တွေကိုအဓိကအားကိုးပြီး အရောင်းအဝယ်လုပ်ရတယ်။ အခုသူတို့လည်းမလာတော့အရောင်းအဝယ်ရပ်သွားပြီ”ဟု စက်တင်ဘာလ ၂၄ ရက်ကပြောသည်။

ယခင်က ဆိုင်းတောင်ကျောက်ဝိုင်းသို့နေ့စဉ် တရုတ် ကျောက်ကုန်သည် ၃၀မှ၅၀ကြားလာရောက်ပြီး မန္တလေးမှ ကျောက်စိမ်းလုပ်ငန်းရှင်ပွဲစားများလည်းလာရောက်ဝယ်ယူကြောင်း၊ဆိုင်းတောင်ကျောက်ဝိုင်းတွင် ပုံမှန်ပွင့်လင်းရာသီများ၌ နေ့စဉ် ငွေကျပ်သိန်းပေါင်းသောင်းဂဏန်းအထိ ကျောက်စိမ်းအရောင်းအဝယ်ဖြစ်ပြီး ၎င်းပိုင်ပွဲရုံတစ်ခုတည်းတွင်ပင် နေ့စဉ် ငွေကျပ်သိန်းပေါင်း သောင်းဂဏန်းအထိ အရောင်းအဝယ်ဖြစ်ကြောင်း ဦးစိုးမြင့်ကပြောသည်။

“ကျောက်မျက်ရုံးမှာ အခွန်ဆောင်ပြီးသားကျောက်တွေကို မန္တလေး၊ နေပြည်တော်ဆီ သယ်ပို့လို့ မရဘူးဖြစ်နေတယ်။ လမ်းကြောင်းအခြေအနေကြောင့်ရှိတဲ့ကျောက်စိမ်းတွေလည်းမသယ်နိုင်ကြဘူး။ ဖားကန့်ဒေသမှာ ရောင်းဝယ်လည်ပတ်တဲ့ငွေကလည်းနည်းသွားတော့အရောင်းအဝယ်မဖြစ်ဘူး။ အရင်ဆယ်သိန်းတန်ကျောက်ကို အခုတစ်သိန်းနဲ့ ဝယ်သူရှိဖို့ ရှာရောင်းနေရတယ်” ဟု ဖားကန့်မြို့မှ ကျောက်ပွဲစားကိုအောင်မြင့်က ပြောသည်။

ဖားကန့်မြို့ အခြေအနေကြောင့်ကျောက်စိမ်းအရောင်းအဝယ် လုပ်ငန်းများအပေါ် ရိုက်ခတ်မှုရှိလာကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)မှ ဒုဥက္ကဋ္ဌ ဦးလခရိလအောင်ကပြောသည်။

“ဖားကန့်က အဝင်နည်းတော့မြစ်ကြီးနားမှာရှိပြီးသား ကျောက်တွေ အရောင်းအဝယ်ကောင်းလာတယ်။ ဒီမှာ အဓိကလုပ်ကြတာကတော့ ရေမဆေးကျောက်ပေါ့။ ဖားကန့်က အဝင်များတော့ ဒီမှာအရောင်းအဝယ် ပြတ်သလိုဖြစ်နေတာ။ အခု အရောင်းအဝယ်ပြန်သွက်လာတယ်။ ဖားကန့်ကို သွားလို့မရတော့ မန္တလေးကနေ မြစ်ကြီးနားတက်လာတာများတယ်။ ဒါပေမဲ့ မြစ်ကြီးနားမှာ တရားဝင်ကျောက်အရောင်းအဝယ်လုပ်မရတော့ လက်ဖက်ရည်ဆိုင်တွေ၊ လမ်းဘေးဆိုင်တွေမှာပဲ ကျိတ်ဝိုင်းသဘောမျိုးဖြစ်နေတယ်”ဟု ဦးလခရိလအောင်ကပြောသည်။

ဖားကန့်အခြေစိုက်ကျောက်မျက်လုပ်ငန်းရှင်အများစု မန္တလေးကျောက်ဝိုင်းသို့ စုပြုံရောက်ရှိနေသလို တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ ကျောက်မျက်လာရောက်ဝယ်ယူသူများကလည်း အခြားမြို့များသို့သွားရန်ခက်ခဲ၍ မန္တလေးကျောက်ဝိုင်းတွင် အထူးစည်ကားနေကြောင်း မန်းမြို့ခံကျောက်မျက်လုပ်ငန်းရှင်များထံမှ သိရသည်။

## စာ-၂၊ ရန်ကုန်မြို့ ဧရိယာမချဲ့မီ တိုးချဲ့ပြီးနေရာ အခြေခံအဆောက်အအုံအခြေအနေ ဦးစွာကြည့်သင့် မှ

၁၉၉၅ ခုနှစ်မှ စတင်ကာ ရွှေပေါက်ကံ၊မြောက်ဥက္ကလာ၊သဃ်န်းကျွန်း၊ သာကေတတိုးချဲ့၊ အင်းစိန်ပေါက်တောတိုးချဲ့၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်တို့ကို စတင် ဖော်ထုတ်ခဲ့သည်။ ယခုအခါရန်ကုန်မြို့တော်၏ အကျယ်အဝန်းမှာ ၂၂၃ ဒသမ ၂၁၇ စတုရန်းမိုင်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ပြုစုထားသောစာရင်းများမှ သိရသည်။

အစိုးရက ရန်ကုန်မြို့ ဧရိယာတိုးချဲ့ရန်အတွက် မြေကွက်လေးသောင်းကျော်အား ခွင့်ပြုပေးလိုက်ပြီဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်အများစုက ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိသော သန်လျင်မြို့နယ်အတွင်းနှင့် သုံးခွမြို့နယ်ဧရိယာများအား အထူးစိတ်ဝင်စားလျက်ရှိပြီး ရင်းနှီးမြှုပ်နှံရန် ဟန်ပြင်လျက်ရှိကြောင်း နေပြည်တော်ရှိ စီမံကိန်းအများစုကို လုပ်ကိုင်ခွင့်ရရှိနေသော ထိပ်တန်းဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ သန်လျင်မြို့နယ်တွင် သီလဝါအထူးစီးပွားရေးဇုန်၊ ကြယ်စင်အိမ်ရာစီမံကိန်း၊ ဆောက်လုပ်ရေးကုမ္ပဏီအချို့မှ ဆောက်လုပ်သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ရန် အစီအစဉ်များလည်းရှိသည်။

## စာ-၄၊ ဒီချုပ်ကို ဗဟိုဦးစီးစနစ်ကျင့်သုံးဟုစွပ်စွဲခြင်းမှာ နိုင်ငံရေးနိုပ်ကွပ်မှုဖြစ်ကြောင်း ဦးဉာဏ်ဝင်းပြောကြား မှ

“အခုတော်တော်များများအငြင်းပွားနေတဲ့ ညီလာခံကျင်းပရေးကော်မရှင်တွေ ဖွဲ့တဲ့ကိစ္စမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ရွေးချယ်ထားတာမဟုတ်ဘူး။ တိုက်ရိုက်ခန့်အပ်တဲ့စနစ်ကို ကျင့်သုံးတာ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုတာလည်း အများရွေးချယ်ထားတာ မဟုတ်ဘူး။ တိုက်ရိုက်ခန့်ထားတာ။ အခုလည်း ဒီသဘောပဲလေ”ဟုဦးဉာဏ်ဝင်းကပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ပုသိမ်မြို့တွင် အဖွဲ့ချုပ်၏ သဘောတူညီချက်မရှိဘဲ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည့် ဦးညွန့်လှိုင်၊ ဒေါက်တာသန်းထိုက်နှင့် ဦးသန်းဝင်းတို့အား ပါတီဝင်ဖြစ်မှုကို ဗဟိုညီလာခံ ကျင်းပချိန်ထိ ရပ်ဆိုင်းလိုက်ကြောင်း စက်တင်ဘာ ၁၂ ရက်တွင် NLD ဗဟိုညီလာခံကျင်းပရေး ကော်မရှင်မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယခုနှစ် ဩဂုတ်လအတွင်းကလည်း မြောင်းမြမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အချို့က ညီလာခံကျင်းပရေးကော်မရှင်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ပါတီတွင်း ဆန္ဒပြမှုပြုခဲ့သည်။ အဆိုပါဆန္ဒပြမှုကြောင့် ဦးဆောင်သူဦးမြင့်ကျော်အပါအဝင် ပါတီဝင်သုံးဦးအား ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းကြောင်း NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ခဲ့သည်။

T.T.O We bring the best
# T.T.O Trading Co., Ltd.
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၅၅၉၅၁၈၊ ၅၅၂၄၂၀

ဂျာမဏီနိုင်ငံ Denk Pharma Co., Ltd. နှင့် Czech နိုင်ငံ Walmark Co., Ltd. မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိနေသော T.T.O Trading Co., Ltd. တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျက်ရှိပါသည်။ စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆လ အတွင်းရိုက်ထားသော ဓါတ်ပုံ (၁)ပုံ နှင့် ၂ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**(၁)အလုပ်သင် Special Medical Representative (ကျား/မ)(၃)ဦး**
- M.B.,B.S/B.D.S/B.V.S/B.Pharm ဘွဲ့ရပြီးဖြစ်ရမည်။

**(၂)အလုပ်သင် Medical Representative (မ)(၅)ဦး**
- ဘွဲ့ရပြီးဖြစ်ရမည်။

* **အမှတ်စဉ်အားလုံးအတွက်**
- အသက် ၂၅ နှစ်အောက်
- သွက်လက်ဖျတ်လတ်ပြီး ဆက်ဆံရေးပြေပြစ်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။
- **အတွေ့အကြုံရှိရန် မလိုပါ။**



## အေအာရ်ဗီကို ပြည်တွင်းတွင် ထုတ်နိုင်ရန် စတင်ဆောင်ရွက်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၉**

မြန်မာနိုင်ငံတွင် လာမည့်သုံးနှစ်အတွင်း အေအာရ်ဗီဆေးဝါး ထုတ်လုပ်ရန် ပထမအဆင့် ကြိုတင်စီမံမှုများကို လာမည့်အောက်တိုဘာလတွင် စတင်တော့မည်ဖြစ်ကြောင်း Myanmar Positive Group (MPG)၏ ဥက္ကဋ္ဌ ဦးမျိုးသန့်အောင်ကပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် အသုံးပြုနေရသည့်အေအာရ်ဗီဆေးဝါးများ၏ ၉၀ရာခိုင်နှုန်းသည် အိန္ဒိယမှတင်သွင်းလာသော ဆေးဝါးများဖြစ်ပြီး ၎င်းတို့ထံမှ ဆေးဝါးထုတ်လုပ်မှုနည်းပညာ၊ မူဝါဒနှင့် ဥပဒေဆိုင်ရာအချက်အလက်များကို ရရှိနိုင်ရန် အိန္ဒိယရှိPositive ကွန်ရက် (DNP+) နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"လက်ရှိမှာ အိန္ဒိယကဆေးတွေ ဝယ်သောက်နေရတယ်။ လွှတ်တော်မှာ တင်သွင်းဖို့ကြိုးစားနေတဲ့ တီထွင်မှု မူပိုင်ဥပဒေ ပေါ်လာရင် ကန့်သတ်မှုတွေရှိလာပြီး ဆေးဝါးတွေတင်သွင်းလို့မရတဲ့အခါသောက်နေရတဲ့လူတွေ ဆေးပြတ်မှာစိုးလို့။ အဲလိုမဖြစ်အောင် ပြည်တွင်းမှာ ထုတ်ဖို့ကြိုးစားသွားမယ်" ဟု ဦးမျိုးသန့်အောင်က ပြောသည်။

လာမည့်အောက်တိုဘာတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၌ အိန္ဒိယနိုင်ငံ၏ အေအာရ်ဗီဆေးထုတ်လုပ်မှု မူပိုင်ခွင့်၊ တင်သွင်းခွင့် စသည့် မူဝါဒနှင့်ဥပဒေဆိုင်ရာများ၊ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် Positive ကွန်ရက် (DNP+)၏ နိုင်ငံလုံးဆိုင်ရာ အိတ်ချ်အိုင်ဗီတုံ့ပြန်မှု အခန်းကဏ္ဍနှင့် ၎င်းတို့နိုင်ငံအတွင်း ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေခြင်းများကို လေ့လာရေးသင်တန်းတက်ရောက်မည်ဖြစ်ကြောင်း MPG မှသိရသည်။

ယင်းသင်တန်းခရီးစဉ်ပြီးဆုံးပါက အေအာရ်ဗီဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားမည့် လုပ်ငန်းရှင်များ၊ လူထုအခြေပြုအဖွဲ့များနှင့် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

"အထူးသဖြင့် မကြာခင်မှာ လွှတ်တော်ကိုတင်သွင်းမယ့် တီထွင်မှုမူပိုင်ခွင့်ဥပဒေမူကြမ်းမှာ နာတာရှည်ရောဂါရှင်တွေအတွက်ဆေးဝါးနဲ့ပတ်သက်တဲ့ ထိခိုက်နစ်နာမှု မရှိရေးကို အဓိကထည့်သွင်းရေးဆွဲသွားဖို့အတွက် အိမ်နီးချင်းနိုင်ငံတွေဆီက အတွေ့အကြုံနဲ့သင်ခန်းစာတွေယူရမယ်"ဟုဦးမျိုးသန့်အောင်က ဆက်လက်ပြောကြားသည်။

Myanmar Positive Goup (MPG) ကို ၂၀၀၅ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးအဖွဲ့ ၄၇ ဖွဲ့ဖြင့် ချိတ်ဆက်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ပြည်နယ်နှင့် တိုင်း ဒေသကြီးများရှိ အဖွဲ့ပေါင်း ၂၁၄ ဖွဲ့နှင့်အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကာကွယ်လျှော့ချရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ MPG တွင် ကွန်ရက်ဝင်ပေါင်း ၁၀၄၁၁ ဦးရှိကြောင်းလည်း သိရသည်။မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်နေထိုင်သူ နှစ်သိန်းတစ်သောင်းကျော်ရှိပြီး၊ ARV ဆေးသောက်သုံးရန် လိုအပ်နေသူဦးရေ၏ သုံးပုံတစ်ပုံသာ ဆေးကုသမှုပေးနိုင်သေးကြောင်း သိရသည်။



**ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းပိုင်းတစ်နေရာ** ဓာတ်ပုံ-ကျော်မောင်မောင်(အမရပူရ)

# ဆေးရုံသွားတိုင်း ရောဂါကူးမလား

**ဝတ်ရည်အောင်**

**ဆေးရုံ၏ သန့်ရှင်းမှု၊ တည်ဆောက်ထားသည့်ပုံစံ၊ လေဝင်လေထွက်စနစ်များ စသည့်အားနည်းချက်တို့က ဆေးရုံသို့ရောက်ရှိလာသော လူနာများအား ဆေးရုံမှတစ်ဆင့် ရောဂါပိုးများပြန်လည်ကူးစက်နိုင်သည့်အခွင့်အလမ်းကိုဖြစ်ပေါ်စေကြောင်း ကျန်းမာရေးအသိုင်းအဝိုင်းကသုံးသပ်ပြောကြားသည်။**

ဖွံ့ဖြိုးပြီးနိုင်ငံကြီးများရှိခေတ်မီဆေးရုံများတွင်ပင် ဆေးရုံများမှ ရောဂါပိုးများ လူနာများသို့ အနည်းနှင့်အများ ပြန်လည်ကူးစက်မှုရှိကြောင်းသိရပြီး ရောဂါထိန်းချုပ်နိုင်မှုစနစ် အားနည်းသည့် ဆေးရုံများတွင်မူ ရောဂါပိုးကူးစက်နိုင်မှု ရာခိုင်နှုန်းမှာ ပိုမိုမြင့်တက်သွားနိုင်သည်။

"မြန်မာပြည်မှာ တိကျတဲ့ လေ့လာမှု စုံစမ်းမှုမရှိတဲ့အတွက် ဘယ်လောက်ထိ ကူးစက်မှုဖြစ်ပေါ်နေတယ်ဆိုတာကို ဘယ်သူမှ မသိကြတာရယ်။ ဆေးရုံတွေကနေ ရောဂါပြန်ကူးနိုင်ကြတာရယ်ကို မသိကြတာဘဲရှိတယ်။ အခြေအနေတွေ အားလုံးက ကူးစက်ဖို့ အလွန်အားပေးနေတဲ့ အခြေအနေမှာ ရှိနေတယ်"ဟု အသည်းရောဂါအထူးကုဆရာဝန် ပါမောက္ခခင်မောင်ဝင်းကပြောသည်။

ဆေးရုံများရှိ ဆရာဝန် ဆရာမများမှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသည့် ပစ္စည်းကိရိယာများ၊ လေဝင်လေထွက် စနစ်များ အားနည်းခြင်းကြောင့် လေထဲမှတစ်ဆင့် ကူးစက်ခြင်းကြောင့်လည်းကောင်း၊ သွေးနှင့် သွေးပစ္စည်းများမှတစ်ဆင့်လည်းကောင်း Nosocomial infection ဟုခေါ်သည့် ပြင်းထန်လွန်းပြီး ဆေးမတိုးသည့်ပိုင်းရပ်စ်များက ဆေးရုံတက်လူနာသို့ ကူးစက်ပျံ့နှံ့လေ့ရှိကြောင်း သိရသည်။

ဆေးရုံမှ ကူးစက်ပျံ့နှံ့သည့် ဗိုင်းရပ်စ်သည် ဆေးရုံအတွင်းရှိပိုးမွှားမျိုးစုံနှင့် ထိတွေ့နေသည့်အတွက် အရပ်ထဲတွင် ကူးစက်လေ့ရှိသည့် ဗိုင်းရပ်စ်ထက် ပြင်းထန်နိုင်ပြီး နောက်ဆုံးပေါ် ပိုးသတ်ဆေးများဖြင့် ကုသ၍လည်း မရသော ဆေးမတိုးသည့် ပြင်းထန်သော ဗိုင်းရပ်စ်ဖြစ်သည့်အတွက် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။


နိုင်ငံအချို့တွင် ဆေးရုံများမှ လူနာများသို့ ရောဂါပြန်လည်ကူးစက်မှုနှုန်း၊ ဆေးကုသမှုဆိုင်ရာ အမှားများ စသည်တို့ကို အမြဲမပြတ်စောင့်ကြည့်လေ့လာပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများကလည်း အရည်အသွေးပြည့်မီသည့် ဆေးရုံများအား ပြည်သူများ ရွေးချယ်နိုင်ရန် သတင်းအချက်အလက်များအား သက်ဆိုင်ရာဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်များလည်းရှိကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ဆေးရုံများမှ လူနာသို့ရောဂါပိုးများ ကူးစက်မှုကြောင့် သေဆုံးနှုန်းသည် တစ်နှစ်လျှင်ခန့်မှန်းခြေလူတစ်သိန်းခန့်အထိ ရှိနေပြီး ထိုသေဆုံးမှုသည် ယာဉ်မတော်တဆဖြစ်မှုများ၊ ရင်သားကင်ဆာရောဂါ၊ အေအိုင်ဒီအက်စ် ရောဂါများကြောင့် သေဆုံးမှုများထက် များပြားကြောင်း Katz Media Group ၏ အင်တာနက်စာမျက်နှာများတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးသည့်နိုင်ငံများတွင်မူ ရောဂါပိုးစစ်ဆေးကြည့်ခြင်းဖြင့် အခြေအနေအမျိုးမျိုးကြောင့် ဖြစ်ပွားလာသည့် ရောဂါပိုး၊ ဆေးရုံမှ ကူးစက်လာသည့် ရောဂါပိုးဟူ၍ ရှာဖွေသိရှိနိုင်သော်လည်း ပြည်တွင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လူနာအသက်သေဆုံးသွားသော်လည်း မည်သည့်အကြောင်းကြောင့် သေဆုံးသည်ကို သိရှိနိုင်မှု အားနည်းချက်များ ရှိနေကြောင်း ဒေါက်တာခင်မောင်ဝင်းက ဆက်လက်ပြောသည်။

ထိုကူးစက်မှု၏ အကြောင်းများထဲတွင် တက်ရောက်ကုသနိုင်သည့် ဆေးရုံအခြေအနေနှင့် လူနာမမျှတခြင်း၊ အများနေထိုင် စုပေါင်းဆေးကုသရခြင်းတို့ကြောင့် လုံလောက်သည့် သန့်ရှင်းမှုများလည်း အားနည်းခြင်းများပါဝင်သည်။ ရောဂါကူးစက်မှုအား ထိန်းချုပ်နိုင်ရန်အတွက် ဆေးရုံများကို သီးသန့်ဒီဇိုင်းများဖြင့် မဟုတ်ဘဲ ပုံမှန်ဆောက်လုပ်ရေးများမှ ဒီဇိုင်းများဖြင့် ဆေးရုံများ တည်ဆောက်နေခြင်းများကြောင့် ရောဂါပိုးများ ခိုအောင်းနေခြင်းများမှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ခြင်းများမှာလည်း အဓိက ပြဿနာများဖြစ်ကြောင်း ပညာရှင်များက ထောက်ပြပြောဆိုကြသည်။

**စာ(၁၄)သို့**




7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## အထူးပြုစုစောင့်ရှောက်မှုလိုအပ်သည့် ကလေးငယ်များအတွက် သင်တန်းကျောင်းဖွင့်မည်

ဝတ်ရည်အောင်

ရန်ကုန်၊ စက်တင်ဘာ-၁၉

အထူးပြုစုစောင့်ရှောက်မှု လိုအပ်သည့် အော်တစ်ဇင်ကလေးများအတွက်အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးသင်တန်းကျောင်းဖွင့်လှစ်နိုင်ရန် စတင်စီစဉ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံအော်တစ်ဇင်အသင်းမှ သတင်းရရှိသည်။

လူ ၁၁၀ဦး မွေးဖွားလျှင် အော်တစ်ဇင်ကလေးတစ်ယောက်နှုန်း ပါဝင်နိုင်သဖြင့် မြန်မာနိုင်ငံတွင် အထူးပြုစုစောင့်ရှောက်မှုလိုအပ်သည့် အော်တစ်ဇင်ကလေး ခြောက်သိန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြသည်။ ထိုကလေးများ ဘဝရပ်တည်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပြီး ထိုကျောင်းဖြစ်မြောက်ရန်အတွက် ရန်ပုံငွေဖျော်ဖြေပွဲတစ်ခုကို ယခုလ ၃၀ရက်တွင် တော်ဝင်စင်တာ၌ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မည်သည့်အကြောင်းကြောင့် အော်တစ်ဇင်ကလေးများ မွေးဖွားလာကြောင်း မည်သူကမျှ ခိုင်ခိုင်မာမာ သက်သေမပြနိုင်သေးသလိုပျောက်ကင်းအောင်ကုသနိုင်သည့် ဆေးဝါး၊ နည်းလမ်းများလည်းမရှိသေးဘဲ စောစီးစွာဖော်ထုတ်သိရှိပြီး မှန်ကန်သော လေ့ကျင့်သင်ကြားမှုများ စနစ်တကျ ပြုလုပ်နိုင်ပါက သူတစ်ပါးအပေါ် နှင့်မိသားစုအပေါ် အမှီအခိုနည်းနည်းဖြင့်ရပ်တည်နိုင်မည်ဖြစ်သည်။

"ကျွန်တော် ဟိုနေ့က ဂျပန်က ဧည့်သည်တွေနဲ့ တွေ့ဖြစ်တယ်။ အဲဒီက တစ်ယောက်ရဲ့ ကလေးကလည်း အော်တစ်ဇင်ပဲ။ ဒါပေမဲ့ သူ့ကလေးက အင်တာနက်ပါသုံးနိုင်တယ်လို့ကြားတဲ့အခါ အရမ်းအံ့သြသွားတယ်။ ကျွန်တော့်သားက အသက် ၁၆ နှစ်၊ အခုချိန်ထိ မျက်နှာသစ်ပေးရတယ်။ သန့်စင်ခန်းသွားရင် လိုက်ပြီး သန့်ရှင်းရေးလုပ်ပေးရတုန်း။ အရမ်းကွာခြားတယ်" ဟု အဆိုပါဖျော်ဖြေပွဲတွင်ပါဝင်သည့် အဆိုတော်ဂျေညီညီက ပြောသည်။

စနစ်တကျ လေ့ကျင့်သင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိခြင်းအပေါ် မူတည်ပြီး အတိုင်း အတာတစ်ခုထိ မိသားစုအပေါ် အမှီအခိုကင်းစွာ မိမိဝင်ငွေများဖြင့် ရပ်တည်နိုင်စေရန်အတွက် ထိုကဲ့သို့သော ကျောင်းများ ဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း သိရသည်။ ရန်ကုန်မြို့တွင် အော်တစ်ဇင်ကလေးများအတွက် ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကကျောင်းခုနစ်ကျောင်းရှိသော်လည်း လူအများစုလက်လှမ်းမမီသေးကြောင်း တေးဂီတရန်ပုံငွေ စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အော်တစ်ဇင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အော်တစ်ဇင်ကလေးများ ရန်ပုံငွေဖျော်ဖြေပွဲကို တော်ဝင်စင်တာတွင် ပြုလုပ်မည်ဖြစ်ပြီး ဟာသပညာရှင် အရိုင်းနှင့် သီးလေးသီးအငြိမ့်၊ ဂျေညီညီ၊ ဂျေမောင်မောင်၊ ချစ်ကောင်း၊ ဘရိတ်ကီ၊ Rဇာနည်၊ ဖြိုးကြီး၊ မျိုးမျိုး၊ အနဂ္ဂ၊ သြရသ၊ ဂီလတ်၊ ကေအေတီ၊ ကော်နီ၊ ဆုန်သင်းပါရ်၊ ဂျေညီမလေး၊ ခင်ဖုန်း၊ သံသာဝင်း၊ ယုဇန၊ စန္ဒီမြင့်လွင်၊အိမ့်ချစ်နှင့် ခင်စုစုနိုင်တို့ပါဝင်မည်ဖြစ်ပြီး ရန်ကင်း YKKO ၊ ဆရာစံလမ်း S3 Food Center, လှည်းတန်း ရွှေနန်းတော်ဝင်နှင့်မြန်မာနိုင်ငံ အော်တစ်ဇင်အသင်းတို့တွင် လက်မှတ်များ ဝယ် ယူနိုင်ကြောင်း သိရသည်။

## စာ-၁၃၊ ဆေးရုံသွားတိုင်း ရောဂါကူးမလား မှ

"ဆေးရုံတက်တာ တစ်ပတ်လောက် ကြာခဲ့တယ်။ ဆေးရုံမှာ အိမ်သာတို့ ဘာတို့ကတော့ လူအများသုံးတယ်ဆိုပေမယ့် အဆင်ပြေတယ်။ ဒါပေမဲ့ ဆေးရုံတွေက လူများတဲ့အခါ ခန်းမထဲမှာ အားလုံးစုနေရတော့ လူနာတွေရဲ့ ဆီးပိုက်တွေ၊ နှာခေါင်းပိုက်တွေက ရှုန်းရင်းကန်ရင်းနဲ့ တချို့ဖိတ်ကျတာတွေလည်းရှိတယ်။ သန့်ရှင်းရေးကလည်း မနက်တိုင်း ဆရာဝန်တွေ round မလှည့်ခင် ပုံမှန်လာလုပ်လေ့ရှိပေမယ့် တခြားအချိန် အဲဒီလို လူနာတွေက ဖိတ်ကျတဲ့ အညစ်အကြေးကိုတော့ လာမရှင်းကြတာတွေလည်း ရှိတယ်။ လူနာရှင်တွေ ဘေးနားက လူနာစောင့်တွေက ရှင်းရင်ရှင်း၊ မရှင်းရင်တော့ နောက်နေ့မှ သန့်ရှင်းရေးတွေက ပြန်ရှင်းကြတယ်။ အဲဒါတွေကနေ ထွက်လာတဲ့ အနံ့တွေက တော်တော်ဆိုးတယ်"ဟု ဒေါ်ညိုညိုက သူကြုံတွေ့ခဲ့ပုံကို ပြောသည်။

ဆေးရုံအတွင်း ဝင်ရောက်လိုက်သည်နှင့် အချို့ဆေးရုံများတွင် ဆေးရုံနံ့ကို သိသိသာသာ ခံစားရပြီး ပိုးသတ်ဆေးများ အသုံးပြု၍ ပိုးသတ်ရာတွင် ကျွမ်းကျင်မှုမရှိသည့် သန့်ရှင်းရေးဝန်ထမ်းများ၏ အချိန်အဆ မမှန်ကန်မှုများကြောင့် ပြင်းပြင်းထန်ထန် အနံ့ထွက်ခြင်းများလည်းရှိသည်။ ထိုအနံ့က ရင်ကျပ်ဝေဒနာ ခံစားနေရသူများအတွက် ရောဂါပိုမိုဆိုးရွားနိုင်ပြီး အဆုတ်နှင့်ဆိုင်သော ရောဂါများအထိ ဖြစ်ပွားလာစေနိုင်ကြောင်း အငြိမ်းစားအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်ဝင်းဝင်းမြင့်ကပြောသည်။

အချို့ဆေးရုံများတွင် ရောဂါပိုးများ မကူးစက်စေရန် ရောဂါမိုးမွှားဆိုင်ရာ ထိန်းချုပ်ပျံ့နှံ့မှုများအား စိစစ်သည့် ပညာရှင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော ပိုးသတ်သည့် စံနှုန်းများသတ်မှတ်ထားသော်လည်း ထို စံနှုန်းများအား တိကျစွာလိုက်နာရန် ငွေကြေးကုန်ကျမှု များပြားပြီး ထိုကဲ့သို့ လိုက်နာမှုမရှိပါကလည်း ရောဂါပိုးများ ကူးစက်ပျံ့နှံ့မည်ဖြစ်ကြောင်း ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

၂၀၀၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတွင် ပြည်သူ့ဆေးရုံ ၈၄၆ ရုံရှိသည်ဟု ကျန်းမာရေးဆိုင်ရာ စာတမ်းအချို့၌ ဖော်ပြထားသည်။

စနစ်တကျပိုးသတ်ထားခြင်းမရှိသည့် ခုတင်များ၊ အိပ်ရာခင်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လူအများနှင့် ဆက်စပ်အသုံးပြုသည့် မိုက်ခရိုစကုပ်များ၊ ပြဒါးတိုင်များ စသည်တို့မှ ရောဂါပိုးများ ကူးစက်နိုင်သကဲ့သို့ ဆရာဝန် ဆရာမများ ပုံမှန်အသုံးပြုသည့် ဂျူတီကုတ်များ၊ ခေါင်းစွပ်များအား ရက်ကြာသည်အထိ မလျှော်သည့် အခြေအနေများမှတစ်ဆင့်ရောဂါပိုးများ လူနာများထံသို့ ကူးစက်ခြင်း၊ အချို့ဆေးရုံများတွင်လည်း ကွန်ဒိုတိုက်ခန်းများအား ဆေးရုံအဖြစ်ပြောင်းလဲဖွင့်လှစ်ခြင်း၊ အချို့ဆေးရုံများတွင် တည်ဆောက်ထားမှုအရ လေဝင်လေထွက် ရရှိမှု ခက်ခဲခြင်းများလည်း ကြုံတွေ့ရကြောင်း သိရသည်။

"ဆေးရုံတွေကနေ ရောဂါပိုးတွေ မကူးစက်နိုင်အောင် အမြဲစစ်ဆေးနေတဲ့ပညာရှင်တွေလည်း ဆေးရုံတွေမှာရှိပါတယ်။ သူတို့က ခွဲစိတ်ခန်းဆိုရင်လည်း ခွဲစိတ်မှုတစ်ခုပြီးတာနဲ့ လုပ်ရမယ့် ပိုးသတ်မှုစံနှုန်းတွေနဲ့ နောက်ခွဲစိတ်တဲ့ လူနာကို ပိုးကူးမှုမရှိအောင် ပိုးသတ်တာမျိုးတွေနဲ့ ဆေးရုံတက်တဲ့ လူနာကို ဆေးရုံကနေ ရောဂါပိုးတွေ ပြန်မကူးအောင် လိုအပ်တဲ့ ပိုးသတ်မှုတွေကို လုပ်ပါတယ်"ဟု အဏုဇီဝဗေဒဌာန ပါမောက္ခတစ်ဦးကပြောသည်။

စနစ်နှင့် ငွေကြေးချို့တဲ့ခြင်းများကြောင့် လက်ရှိ ဆေးရုံများ၏ သန့်ရှင်းရေးမှအစ အရာရာသည် ယခင်ဆေးရုံများ၏ အခြေအနေနှင့် ကွာခြားသွားပြီဟု ထင်မြင်မိကြောင်း အငြိမ်းစားယူထားသည်မှာ ၁၃ နှစ်ကြာပြီဖြစ်သည့် ဓာတ်ခွဲခန်းမှူးတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

"အရင်က ဆေးရုံက သန့်ရှင်းရေးဆိုရင် မနက် ငါးနာရီကတည်းက သန့်ရှင်းရေးက အားလုံးပြီးပြီ။ ကြမ်းတိုက်တာကအစ ရေမခြောက်ခင် ဆရာဝန်တွေတောင် ဖြတ်လျှောက်လို့မရဘူး။ ရေမခြောက်ခင် ဖြတ်လျှောက်သွားရင် ရေစွတ်စွတ်ကနေ ပိုးတွေ ထပ်ကူးနိုင်လို့။ ဆေးရုံဆိုတာကလည်း ပိုးသတ်ဆေးအနံ့တွေပဲရှိတာ။ အခုတော့ ဆေးရုံမှာ မကောင်းတဲ့ အနံ့တွေပါ ပါနေပြီ"ဟု ဒေါက်တာခင်မောင်ဝင်းကပြောသည်။

"တချို့ဌာနတွေမှာလည်း စိတ်ဝင်စားတဲ့ ပါမောက္ခ ဌာနမှူးက ရှိတာလေးနဲ့ ကြံဖန်အလှူခံပြီး သူ့ဝပ်ဒ် သန့်ရှင်းအောင် ဆေးကုသမှုတွေ အဆင်ပြေအောင် ကူညီဆောင်ရွက်တာတွေလည်း ရှိပါတယ်"ဟု ဒေါက်တာဒေါ်ခင်ဝင်းဝင်းမြင့်ကပြောသည်။

အနယ်နယ် အရပ်ရပ်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက် အများအပြား ကြုံတွေ့နေရပြီး တိကျသည့် လေ့လာမှုနှင့် စစ်ဆေးမှုများ မရှိခြင်းအတွက်ကြောင့်သာ ရောဂါကူး စက်မှုများ၊ လိုအပ်ချက်များကို မသိရှိကြသော်လည်း ပြုပြင်ပြောင်းလဲရန်မှု လိုအပ်လာပြီဖြစ်ကြောင်း ပညာရှင်များက ထောက်ပြကြသည်။ ဆေးရုံများမှ လူနာများသို့ ရောဂါပြန်လည် မကူးစက်နိုင်စေရန် ရောဂါပိုးများ ခိုအောင်းမှုအတွက်ပါထည့်သွင်းစဉ်းစားဆောက်လုပ်သည့် အခြေခံအဆောက်အအုံ၊ပစ္စည်းကိရိယာများ၏ သန့်ရှင်းမှု၊ကူးစက်နိုင်သည့်ရောဂါပိုးရှိသည့် လူနာများအတွက် လေဝင်လေထွက်ကောင်းမွန်ပြီး အလင်းရောင်ပါ ရနိုင်သည့်နေရာများ စသည့် လိုအပ်ချက်များကိုပါ ပြုပြင်ပြောင်းလဲရန် လိုအပ်ပြီး ထိုပြဿနာအတွက် သီးသန့်လေ့လာသင်ကြားပေးသည့်ဘာသာရပ်များ၊ပညာရှင်များပါလိုအပ်နေပြီဖြစ်ကြောင်းကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက အကြံပြုကြသည်။

ရန်ကုန် → အင်းလေး → တောင်ကြီး → ဝင်းတယ → ကလော → ရန်ကုန်
ဘုရားဖူးရင်း သဘာဝအလှတွေကို ခံစားပြီး အဆင့်မြင့်ဟိုတယ်များတွင် တည်းခိုကာ လူကြီးမင်းတို့၏ စိတ်ပင်ပန်းမှုများကို ပြေပျောက်စေရန် ရည်ရွယ်၍ AMAZING DREAMS နှင့် ခရီးသွားကြပါစို့...
အထူးခရီးစဉ် ၂၇-၁၀-၂၀၁၂ (၃)ညအိပ် (၄)ရက်ခရီး
၁၀ရက်နေ့ မတိုင်မီ စာရင်းပေးသွင်းသူများအား ၁၀% လျှော့၍ အထူးနှုန်းဖြင့်ဆောင်ရွက်ပေးပါမည်
Start journey, alive your dreams ...
AMAZING DREAMS
TRAVELS & TOURS
တစ်ဦးလျှင် ၁၅၀၀၀၀ ကျပ်
အမှတ်(၂၄၁)၊ မြေညီထပ်၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၂၃၀ ၂၀၆၈၊ ၀၉ ၅၀၇၇၇၉၆၈၊ ၀၉၅၁၁၃၂၇၁

ကျိုးပေါင်းရောဂါ
ခုတ်အပ်မထိုး မနင်းမနှိပ် မနာမကျင် ကုသပေးသည်။
ဆရာဦးခင်ဇော်၊ ဆရာမဒေါ်အေးအေးသိန်း ဖုန်း-၀၉ ၇၃၀၁၅၂၁၅

ဝန်ထမ်းအလိုရှိသည်

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

ယာဉ်မောင်း ကျား (၂) ဦး

- အသက် (၃၀) မှ (၄၅) နှစ်အတွင်း ရှိသူဖြစ်ရမည်။
- အနိမ့်ဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိသူဖြစ်ရမည်။
- ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅) နှစ် အတွေ့အကြုံရှိရမည်။
- ရန်ကုန်မြို့တွင်းအပြင် လိုအပ်ပါက နယ်ခရီးမောင်းနှင်ရမည်။
- ကျန်းမာသန်စွမ်း၍ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။
- အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။
- ယာဉ်မောင်းကျွမ်းကျင်မှု အပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။
- လစာနှင့်အတူ ခရီးစရိတ်၊ ထမင်းစရိတ်နှင့် အချိန်ပိုကြေးများ ခံစားခွင့်ရှိသည်။
- ကုမ္ပဏီမှ ချမှတ်ထားသော စည်းကမ်းများအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်။

အထက်ပါအချက်များနှင့် ပြည့်စုံသူများသည် ဓာတ်ပုံ(၁)ပုံနှင့်အတူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း ၊ မှတ်ပုံတင်မိတ္တူ ၊ ယာဉ်မောင်းလိုင်စင်မူရင်း နှင့် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ ၊ သန့်ခေါင်းစာရင်းမိတ္တူတို့နှင့်အတူ (၃၀.၉.၁၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Center ၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Ph: 512887, 513515~519

မွန်မြတ်ဆေးခန်း မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ် ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၆၅

Regional
7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# လက်ပန်းတောင်းတောင်ဒေသခံများနှင့် ဆွေးနွေးရန်ဆန္ဒရှိဟု တရုတ်ကုမ္ပဏီပြောကြား

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ - ၂၂**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင်ကြေးနီ တူးဖော်ရေးလုပ်ငန်းနယ်မြေ အတွင်း ကျေးရွာဒေသခံများ စုပေါင်း၍ မကြာခဏ ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိရာ တရားဝင်နည်းလမ်းနှင့်အညီ ဆွေးနွေးသွားရန်ဆန္ဒရှိကြောင်း မြန်မာဝမ်ပေါင် ကုမ္ပဏီမှ တရုတ်နိုင်ငံသားထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အတိုက်အခံ အငြင်းအခုံ လုပ်နေမယ့်အစား ဆွေးနွေးစေချင်ပါတယ်။ ကုမ္ပဏီက ချမှတ်ထားတဲ့ ဦးတည်ချက်တွေ စောင့်ကြည့်ပေးပါ။ ပေးထားတဲ့ ကတိတည်၊မတည်စောင့်ကြည့်ပြီး ကျန်နေခဲ့ရင် ထောက်ပြပေးပါ။ ကျေးရွာဒေသခံတွေအနေနဲ့ ညှိနှိုင်းစေချင်တယ်။ ဘယ်လိုဖြေရှင်းမလဲဆိုတာ တရားဝင်နည်းလမ်းတွေရှာစေချင်တယ်။ တရားမဝင် ဆန္ဒထုတ်ဖော်မှုတွေကြောင့် ကုမ္ပဏီဘက်က တဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ တရားဝင်နည်းလမ်းနဲ့ ကျေးရွာဒေသခံတွေရဲ့ ဆန္ဒ ရှင်းရှင်းလင်းလင်းပြောပြလာချိန်ကို မျှော်လင့်နေမှာပါ" ဟု အဆိုပါ ထိပ်တန်းအရာရှိက စကားပြန်မှတစ်ဆင့်ပြောသည်။

"ဆန္ဒပြ တောင်းဆိုမှုမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အဖွဲ့ဝင်တွေဦးဆောင်တာ မရှိပါဘူး။ ဆန္ဒထုတ်ဖော်သူတွေအကြားမှာ အနှောင့်အယှက်တွေဝင်လာမှာ စိုးရိမ်ရတဲ့အတွက် ဘေးကနေ ဝန်းရံပေးတာဖြစ်ပါတယ်။ လမ်းပေါ် ထွက် ဆန္ဒထုတ်ဖော်တာထက် ဥပဒေဘောင်အတွင်းမှာ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးရေးကိုလိုလားပါတယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က လက်ပန်းတောင်းတောင်အရေး ဆောင်ရွက်စဉ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

"နောက်လဆန်းပိုင်းလောက်မှာလက်ပန်းတောင်းတောင်နဲ့ပတ်သက်တဲ့ ဖိုရမ်တစ်ခုကျင်းပဖို့စီစဉ်ထားပါတယ်။ ပထမဆုံး ရန်ကုန်မှာကြိုးစားကြည့်မယ်။ ဒုတိယအကြိမ်ကို မန္တလေးမှာ လုပ်ဖို့စီစဉ်ထားပြီး မုံရွာမြို့မှာကျင်းပဖို့လည်း ပြင်ဆင်ထားပါတယ်။ ဒီပွဲလေးတွေ ကျင်းပတာဟာ လက်ပန်းတောင်းတောင်အရေးကို တရားဝင်နည်းလမ်းနဲ့ တွေ့ဆုံညှိ နှိုင်းတဲ့ပွဲလေးပါ။ လက်ပန်းတောင်းတောင်အရေး တောင်းတော့ တောင်းရမယ်။ ဆန္ဒပြတောင်းဆိုမှု တစ်ခုတည်းနဲ့ လိုချင်တာမရဘူး။ ကဏ္ဍပေါင်းစုံပူးပေါင်းပြီး တရားဝင်တောင်းဆိုမှုတွေ လုပ်ဖို့လိုတယ်"ဟု စက်တင်ဘာ ၁၁ ရက် 7Day News ၏ဆက်သွယ်မေးမြန်းမှုကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက ပြောကြားသည်။



*ကြေးစင်တောင်ကြေးနီထုတ်လုပ်ရေး စီမံကိန်းတွင်းမှ လုပ်ငန်းခွင်မြင်ကွင်း*

ဓာတ်ပုံ - မျိုးမင်းဦး

လက်ပန်းတောင်းတောင်ခြေရှိ ပြောင်းရွှေ့ရမည့်ကျေးရွာလေးရွာဖြစ်သည့် ဝက်မွေးကျေးရွာ၊ ကံတောကျေးရွာ၊ ဇီးတောကျေးရွာ၊ ဆည်တည်းကျေးရွာ ဒေသခံများအား ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် သွားရောက်တွေ့ဆုံခဲ့စဉ်က ဒေသခံအားလုံး၏ ဆန္ဒမှာ မိရိုးဖလာ လယ်ယာမြေပြန်လည်လုပ်ကိုင်ခွင့် ရရှိရေးနှင့် လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း လုံးဝရပ်နားရေးအတွက် အဓိကတောင်းဆိုခဲ့ကြောင်းသိရသည်။ လက်ပန်းတောင်းတောင် စီမံကိန်း ရပ်ဆိုင်းရေးအတွက် ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံများ ပြောကြားချက်အရ သိရသည်။

ပြည်သူလူထု၏ တောင်းဆိုချက်အရ ရောဝတီမြစ်ဆုံစီမံကိန်းကဲ့သို့ လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်း ရပ်ဆိုင်းဖွယ်ရှိ မရှိနှင့်ပတ်သက်၍ "ရင်းနှီးမြှုပ်နှံမှုအရ စီမံကိန်းလုပ်ငန်းတွေကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ ကျေးရွာဒေသခံတွေရဲ့ လိုအပ်ချက်တွေကိုလည်း အတတ်နိုင်ဆုံး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးဖို့စီစဉ်ထားပါတယ်။ ဆန္ဒပြတောင်းဆိုမှုတွေနဲ့ ပတ်သက်ပြီး ဥပဒေကြောင်းအရ အမှန်ကန်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ"ဟု မြန်မာဝမ်ပေါင် ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာဝမ်ပေါင်ကုမ္ပဏီသည် ကြေးစင်တောင်နှင့် လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်အား ရင်းနှီးမြှုပ်နှံခဲ့ပြီး လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းနှင့် တကောင်းတောင်စတီးလ် သတ္တုတူးဖော်ရေးစီမံကိန်းတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးအရ ထုတ်ကုန်ပစ္စည်းခွဲဝေခြင်းစာချုပ်(PSC) အရကျင့်သုံးခဲ့ကြောင်းသိရသည်။

မုံရွာခရိုင် ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စံပယ်တောင် ကြေးနီစီမံကိန်းသည် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်ဖြစ်ပြီး ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်းအား ဒုတိယမြောက် စတင်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ ကြေးနီစီမံကိန်းသုံးခုအနက် နောက်ဆုံး ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းမှာ လက်ပန်းတောင်းတောင် စီမံကိန်းအဖြစ် လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရသည်။

# မောင်တောမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား သက်ဆိုင်ရာကျေးရွာများသို့ ပြောင်းရွှေ့

**မောင်ကံ**

**မောင်တော၊စက်တင်ဘာ-၁၉**

ပြီးခဲ့သည့်ဇွန်လ ၈ ရက်က အကြမ်းဖက်တိုက်ခိုက်မှု၊ ရွာလုံးကျွတ် မီးရှို့ ဖျက်ဆီးခံရမှုများကြောင့် ဒုက္ခသည်အဖြစ်မောင်တောမြို့ပေါ်သို့ လာရောက်ခိုလှုံနေကြသည့် ဒုက္ခသည်များကိုယခုလ ၆ ရက်မှစတင်ပြောင်းရွှေ့နေပြီဖြစ်ကြောင်း သိရသည်။

ဇွန်လ ၈ ရက် တစ်ရက်တည်းတွင် မောင်တောမြို့နယ် တောင်ပိုင်းကျေးရွာ မီးရှို့ခြင်းခံခဲ့ရပြီး အဆိုပါကျေးရွာများအနက် ရွှေရင်အေးနှင့် မောရဝတီကျေးရွာမှ ဒုက္ခသည်များကို စက်တင်ဘာ ၆ ရက်က ပြောင်းရွှေ့နေရာချထားခဲ့သည်။

စက်တင်ဘာလ ၁၃ ရက်တွင် ခရေမြိုင်ကျေးရွာသို့ ပြောင်းရွှေ့ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် သရေကုန်ဘောင်နှင့် ကိုင်းကြီးကျေးရွာမှ ဒုက္ခသည်များကို ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း မောင်တောခရိုင် တည်၊ကယ်၊ပြန်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဗောဓိကုန်းကျေးရွာ၊ ကံသာယာအလယ်ရွာနှင့် ကင်းချောင်းကျေးရွာများကို စက်တင်ဘာ ၁၉ ရက်တွင် ပြောင်းရွှေ့သွားမည်ဖြစ်ကာ ပြောင်းရွှေ့သွားသည့် ဒုက္ခသည်များကို ယာယီခိုလှုံတဲများ၌ နေရာချထားပေးခြင်းဖြစ်ပြီး နေအိမ်များမှာ ဆောက်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

"လူကြီးတွေ ပြောင်းရွှေ့ပေးလို့သာ သွားရတာပါ။ အမှန်ဆိုရင် လုံခြုံရေး အပြည့်အဝမရှိသေးတဲ့ အချိန်မှာ မပြောင်းရွှေ့ချင်သေးပါဘူး။ စက်တင်ဘာ ၁၃ ရက် ခရေမြိုင်ရွာကို ပြောင်းရွှေ့ပြီးတော့ နောက်တစ်နေ့မှာပဲ ကံသာယာအထက်ရွာက ရွာသားတစ်ဦး ဘင်္ဂါလီတွေရဲ့ သေနတ်နဲ့ပစ်တာကို ခံခဲ့ရပါတယ်။ လုံခြုံရေးကို ဒီလောက်တောင်တိုးထားတဲ့ အချိန်မှာတောင်ဘင်္ဂါလီတွေကလာသတ်တယ်ဆိုတော့ ကိုယ့်ရွာမှာကိုယ် နေရမှာကို အရမ်းစိုးရိမ်မိပါတယ်" ဟု ခရေမြိုင်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

# မန္တလေးတွင် ကိုးလအတွင်း လိုင်စင်မဲ့ယာဉ် ၇၀ စီး ဖမ်းဆီးရမိ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ-၂၁**

မန္တလေးမြို့တွင် လိုင်စင်မဲ့မော်တော်ယာဉ်များကို စစ်ဆေးခြင်း၊ အထူးအဖွဲ့ဖြင့် စစ်ဆေးခြင်းတို့ဖြင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၂၀ ရက်အထိ လိုင်စင်မဲ့မော်တော်ယာဉ်အစီး ၇၀ ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များကိုမြို့လယ်ဗဟိုဧရိယာနယ်မြေ(၁) အတွင်းအများဆုံးဖမ်းဆီးရမိခဲ့ပြီးနယ်မြေ(၁)နယ်မြေတွင်၅၈စီးဖမ်းဆီးရမိကာ အခြားနယ်မြေ(၂)(၃)တွင်၁၂စီး ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးက 7Day News သို့ပြောသည်။ ၂၀၁၂ခုနှစ်သည်လိုင်စင်မဲ့မော်တော်ယာဉ်အများဆုံးဖမ်းဆီးရမိခဲ့သည့်နှစ်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်က ၂၇ စီး၊ ၂၀၁၁ က ၃၂စီးဖမ်းဆီးရမိခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# သိမ်းယူပြီးမြေများကို ပြန်လည်ရောင်းချသူများအား မန်းစည်ပင်စစ်ဆေးအရေးယူမည်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၂၂**

မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ် ကံကြီးကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာရှိ နိုင်ငံတော်က သိမ်းဆည်းပြီးသော မြေကွက်များကို ပြန်လည်ရောင်းချခဲ့သူများအား ဖော်ထုတ်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်က ယနေ့ပြောကြားလိုက်သည်။

စက်တင်ဘာ ၂၀ ရက်က မန္တလေးမြို့တော်စည်ပင်ဝန်ထမ်းများသည် ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့နှင့်အတူ ယင်းနေရာရှိ တဲများ၊ ဝင်းထရံများ လာရောက်ဖယ်ရှားစဉ် ဝယ်ယူထားသူများက မပြုလုပ်ရန် တားမြစ်ခြင်း၊ ထိုင်ကန်တော့တောင်းပန်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဖယ်ရှားရှင်းလင်းမှုကို သုံးရက်ခန့် ရက်နားပြီးနောက် စက်တင်ဘာ ၂၂ ရက်တွင် ယင်းမြေကွက်များအနီးရှိ မကွေးဘုန်းတော်ကြီးကျောင်း၌ မြို့တော်ဝန်နှင့်ဝယ်ယူနေထိုင်ကြသူများ တွေ့ဆုံခဲ့ကြသည်။



**မြို့တော်ဝန်ယာဉ်တန်းအား တားဆီးတောင်းပန်နေသူများ** ဓာတ်ပုံ-ညီညီဇော်

မြို့တော်ဝန်က ယင်းမြေကွက်များ ကိစ္စကို အကြိမ်ကြိမ် အသိပေးပြီးဖြစ်ကြောင်း၊ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က စနစ်တကျ အကွက်ရိုက်ပြီးသော ပိုင်ရှင်ရှိ မြေကွက်များဖြစ်ကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း၊ ဝယ်ယူထားသောစာချုပ်များကို စစ်ဆေးကာ လိမ်လည်ရောင်းချသူများကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဆက်လက်နေထိုင်ခွင့်မပြုတော့ကြောင်း၊ ဆက်နေမည်ဆိုလျှင် ဥပဒေအရအရေးယူခံရတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့တော်ဝန်၏အပြန်ခရီးတွင် လူထုကပိတ်ပင်တားဆီးမှုကြောင့် နှစ်နာရီခန့် ပိတ်နေခဲ့ပြီး တစ်ပတ်အတွင်း ဖယ်ရှားမှုမပြုလုပ်ပါဟု ကတိပြုမှသာ မြို့တော်ဝန်နှင့် အဖွဲ့ ပြန်လည်ထွက်ခွာနိုင်ခဲ့သည်။

ယင်းနေ့ညနေ ခြောက်နာရီတွင် မြို့တော်ဝန်က မန္တလေးမြို့ရှိ မီဒီယာသမားများနှင့်မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပြီး ယင်းမြေကွက်များကို အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် ရောင်းချသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုလည်း စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း၊ လေ့လာစိစစ်ပြီး မြေကွက်ပြန်ပေးသင့်သည့်သူများကိုလည်း ပြန်ပေးရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထိုသို့ ဖယ်ရှားပြီးပါက မြို့ကွက်သစ်များ စနစ်တကျ ဖော်ထုတ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။





## မိတ္ထီလာမြေဈေး မြင့်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

မိတ္ထီလာမြို့သည် အာရှလမ်းမကြီးများ ဆုံတွေ့ရာမြို့ဖြစ်လာမည်ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက် မြို့ဝန်းကျင်ရှိ မြေဈေးနှုန်းများ ထက်ဝက်ကျော်ထိ မြင့်တက်နေကြောင်း မိတ္ထီလာမြို့ရှိ မြေပွဲစားများက ပြောသည်။

"ဒီရက်ပိုင်းမှာ မြေအဝယ်လာတဲ့သူ တော်တော်များတယ်။ ဈေးတွေကလည်း ထက်ဝက်ကျော်လောက်ကို တက်လာတာ။ အခုဆို တခြားမြို့တွေကပါ ဆင်းလာပြီးဝယ်တော့ ဈေးကပိုတက်လာတယ်" ဟု မြေအရောင်းအဝယ်ပြုလုပ်နေသော ပွဲစားဦးမျိုးဇော်ကပြောသည်။

ယင်းမြို့အနီးရှိ မြေဈေးနှုန်းများသည် ယခင်က တစ်ကေလျှင် ကျပ်သိန်း ၃၀-၄၀ ဝန်းကျင်ခန့်သာရှိသော်လည်း ယခုရက်ပိုင်းတွင် တစ်ကေလျှင် ကျပ်သိန်းတစ်ရာကျော်ထိ ဈေးနှုန်းများမြင့်တက်နေကြောင်း သိရသည်။

ယခုလအတွင်း၌ မိတ္ထီလာမြို့သို့ ရန်ကုန်၊ မန္တလေးမြို့များအပြင် နေပြည်တော်မှလည်း မြေယာကို ရင်းနှီးမြှုပ်နှံရန် လာရောက်ဝယ်ယူနေကြကြောင်း ဒေသခံမြေအရောင်းအဝယ် ပြုလုပ်သူများက ပြောသည်။

လက်ရှိမြေလာရောက်ဝယ်ယူသူအများစုသည် လမ်းမကြီးများ ဘေးတွင် စက်သုံးဆီ ရောင်းချရန် မြေနေရာ ဝယ်ယူသူနှင့် မြေကွက်ကို အရောင်းအဝယ် ပြုလုပ်ရန် ဝယ်ယူသူများကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ရက်ပိုင်းက တစ်ကေနဲ့ ၄၀ ရှိတဲ့ မြေကွက်ကို ၂၃၀ နဲ့အရောင်းအဝယ်ဖြစ်သွားတယ်။ အရင်ကဆို ဒီမြေက ၁၀၀ ဝန်းကျင်လောက်ပဲ ရှိတယ်" ဟု မြေပွဲစားကပြောသည်။

မိတ္ထီလာမြို့သည် ထိုင်း-မြန်မာ-အိန္ဒိယ လမ်းဖောက်မည့် AH1 လမ်းမကြီးနှင့် လာအို-မြန်မာ-ကမ္ဘောဒီးယား AH2 လမ်းမကြီးများ ဖြတ်သန်းသွားမည်ဖြစ်ပြီး တရုတ်-မြန်မာ AH3 လမ်းမကြီးသည် AH1 နှင့် ဆုံစည်းမည်ဖြစ်၍ လမ်းမကြီး သုံးခုလုံးနှင့် ဆက်စပ်နေရာဖြစ်သည့်အတွက် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံသူများ လာရောက်ဝယ်ခြင်းကြောင့် မြေဈေးကောင်းနေခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

အမြန်လမ်းမကြီး လမ်းတစ်လျှောက်အနီးရှိမြို့ထွက်လမ်းများဖြစ်သော မိတ္ထီလာမြို့ထွက် မြင်းခြံလမ်းဘေးနှင့် မိတ္ထီလာမြို့ထွက် ကျောက်ပန်းတောင်းလမ်းများ၏ လမ်းဘေးဝဲယာ၌ရှိသော လယ်ယာမြေများကို ဝယ်ယူမှုများနေကြောင်း မြေပွဲစားဦးဇော်မင်းက ပြောသည်။

"ပြီးခဲ့တဲ့နှစ်တွေက တစ်ကေသိန်း ၂၀ ဝန်းကျင်လောက်ရှိတဲ့ မြေက သိန်း ၁၅၀ လောက်ထိ ဈေးတက်သွားတယ်" ဟု ဦးဇော်မင်းကပြောသည်။

မိတ္ထီလာဝန်းကျင်သည် အမြန်လမ်းမကြီးများ အပြင် မြို့သစ်တည်ဆောက်မည်ဆိုသော သတင်းများကြောင့် မြေဈေးနှုန်းများ မြင့်တက်နေခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# မန္တလေးတွင် ညနေ ၆ နာရီမှ ည ၁၂ နာရီအတွင်း ယာဉ်တိုက်မှုအများဆုံးဖြစ်ပွား

စိုင်းသာအောင်

မန္တလေး၊
စက်တင်ဘာ-၂၁

မန္တလေးတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်တိုက်မှု ၄၁၂ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၀၃ ဦးရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက "ယာဉ်တိုက်မှုတွေဟာ ညနေ ၆ နာရီကနေ ည ၁၂ နာရီအတွင်း အဖြစ်များတယ်" ဟု ပြောကြားသည်။



ယာဉ်သွားလာမှု ရှုပ်ထွေးသည့် မန္တလေးမြို့လယ်တစ်နေရာ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရပ်ကွက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်းကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ရေး၊ ဆိုင်ကယ်၊ စက်ဘီးစီးသူများ၊ ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းပြီး မိမိပင်ကိုအသိစိတ်ဓာတ် အသိတရားဖြင့် သတိပြုဆင်ခြင်ဆောင်ရွက်မှသာလျှင် ယာဉ်တိုက်မှုအန္တရာယ် ကျဆင်းမည်ဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့ရဲမှူးက သုံးသပ်ပြောကြားသည်။

# မန္တလေးတွင် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရန် ထိုင်းကုမ္ပဏီတစ်ခုအဆိုပြု

စိုင်းသာအောင်

မန္တလေး၊ စက်တင်ဘာ-၂၁

မန္တလေးစက်မှုဇုန် ၁ နှင့် ဇုန် ၂ နယ်မြေမှ စက်ရုံများစွန့်ပစ်ရေဆိုးများကို သန့်စင်ရန်အတွက် ထိုင်းကုမ္ပဏီတစ်ခုက ရေဆိုးသန့်စင်စက်ရုံတစ်ရုံတည်ဆောက်နိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ အဆိုပြုလွှာတင်သွင်းထားကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးထွန်းကြည်က "ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုက စက်ရုံတည်ထောင်ဖို့ အဆိုပြုလွှာတင်ထားတာ မှန်ပါတယ်။ အဲဒီကိစ္စကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြထားပြီးဖြစ်ပါတယ်။ စက်ရုံကို အမရပူရမြို့နယ်တောင်အင်း/မြောက်အင်းဒေသရှိမြေခြောက်ကေမှာ တည်ဆောက်ဖို့မြေနေရာရွေးထားပါတယ်။ အရက်ချက်စက်ရုံ၊ သကြားစက်ရုံတွေက ကိုယ်ပိုင်ရေဆိုးသန့်စင်စက်လုပ်ရမှာဖြစ်ပြီး ကျန်စက်ရုံတွေကတော့ မလိုတော့ပါဘူး။ စက်မှုဇုန်က ထွက်တဲ့ရေဆိုးတွေကို သန့်စင်ပြီး ဒုဋ္ဌဝတီမြစ်ထဲ စွန့်ပစ်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာက ခွင့်ပြုရင် ၂၀၁၃ မှာဆောင်ရွက်ပြီးစီးနိုင်ပါတယ်" ဟုပြောကြားသည်။ မန္တလေးမြို့ စက်မှုဇုန်(၁)၊ ဇုန်(၂)နယ်မြေတွင် စက်ရုံအကြီး၊ အလတ်၊ အသေး ၉၆ ရုံရှိကြောင်း သိရသည်။

# မန္တလေး-ရေဦးနှင့် မုံရွာ-ရွှေဘို လမ်းဘေးရှိ ကျူးကျော်များ ဖယ်ရှားရန် သက်ဆိုင်ရာပြောကြား

ရန်နိုင်ကျော်

မန္တလေး၊ စက်တင်ဘာ-၂၁

မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်းနှင့် မုံရွာ-ရွှေဘို လမ်းမကြီးများတွင် လမ်းဇရိယာ ၇၅ ပေအတွင်း အဆောက်အအုံ ခြံဝင်းခတ်ခြင်းနှင့် ဈေးဆိုင်များ ကျူးကျော်ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်နှင့် ဆောက်လုပ်ထားပါက သတ်မှတ်ရက်အတွင်း လမ်းဇရိယာ ၇၅ ပေနောက်သို့ ပြောင်းရွှေ့ဆောက်လုပ်ရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။

"အရင်တုန်းက လမ်းမကြီးတွေရဲ့ ဇရိယာတွေရဲ့ ဇရိယာက ပေတစ်ရာ။ အခုတိုးချဲ့မယ့် လမ်းမြေက ပေ ၁၅၀ ဖြစ်နေတယ်။ သက်ဆိုင်ရာ ကြေညာချက်မှာ လမ်းနယ်မြေ ၇၅ ပေလို့ သတ်မှတ်ထားတယ်။ လမ်းမြေအလယ်ဗဟိုကနေ တစ်ဖက်ကို ၇၅ ပေစီကို ရည်ညွှန်းတယ်လို့ ပြောပါတယ်။ မုံရွေးကျေးရွာမှာ လမ်းမြေချဲ့လို့ ခြံဝင်းမလွတ်တာ ၄၅ အိမ်၊ အိမ်မလွတ်တာ သုံးအိမ်လောက်ရှိတယ်။ အရင် လမ်းမြေဆိုတဲ့ မှတ်တိုင်ရဲ့ နောက်ကို ၂၅ ပေလောက် နောက်ဆုတ်တာဆိုပေမယ့် လမ်းမြေက ကျူးကျော်တာလား၊ အိမ်တွေက ကျူးကျော်တာလားဆိုတာ ကွဲကွဲပြားပြား မသိရဘူး" ဟု မုံရွေးကျေးရွာဒေသခံ လမ်းမကြီးဘေးနေထိုင်သူတစ်ဦးက ပြောသည်။

"နောက်ဆုံး သတ်မှတ်ရက်ကတော့ စက်တင်ဘာ ၁၅ ရက်ဆိုပေမယ့် ၂၂ ရက်အထိ ဘာမှမလုပ်သေးဘူး။ ခြံဝင်းပြင်ရတာ လွယ်ပေမယ့် အိမ်အဆောက်အအုံတွေပြောင်းရွှေ့ရတာ မလွယ်ဘူး။ တကယ့်လမ်းစီမံကိန်းလုပ်တဲ့အချိန် မဖြစ်မနေ ပြောင်းရမယ်ဆိုတဲ့ အချိန်မှာ ပြောင်းပေးမှာပါ။ လမ်းမကြီးဘေး မြို့တွေ ရွာတွေမှာတော့ လမ်းနယ်မြေချဲ့လို့နေအိမ်တွေဖယ်ရှားရမှာပိုများတယ်" ဟု မုံရွာ-မန္တလေးလမ်းမကြီးဘေးရှိဒေသခံတစ်ဦးက ပြောသည်။ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်းနှင့် မုံရွာ-ရွှေဘိုလမ်းမကြီးများတွင် ကျူးကျော်အဆောက်အအုံများ ခြံဝင်းများ ဈေးဆိုင်များအား စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထား ဖယ်ရှားရန် နှိုးဆော်ခဲ့ကြောင်း သိရသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်အနှိပ်ခန်းများ ဖော်ထုတ်အရေးယူမည်

ညီညီဇော်

မန္တလေး၊ စက်တင်ဘာ - ၂၂

မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင် အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နေသူများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်တင်မာ၏ ချမ်းအေးသာစံမြို့နယ်အတွင်းရှိအချို့သော တည်းခိုခန်းများတွင် အနှိပ်ခန်းများပါ ယှဉ်တွဲဖွင့်လှစ်လျက်ရှိပါသဖြင့် ကျောင်းသားလူငယ်များ၏ စာရိတ္တ ထိခိုက်စေနိုင်ပါ၍ သက်ဆိုင်ရာအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ တည်ရှိသဖြင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ၊ ပြည်တွင်း ခရီးသွား ဧည့်သည်များ၊ လာရောက်လည်ပတ်လေ့လာလျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များ၊ တည်းခိုနိုင်ရန်အတွက် အဆင့်မြင့်ဟိုတယ်များ၊ မိုတယ်များ၊ တည်းခိုခန်းများ ဆောက်လုပ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ဟိုတယ်နှင့် မိုတယ်များတွင် နိုင်ငံတကာမှလာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ အဆင့်မီစွာ တည်းခိုနိုင်ရေးအတွက် Spa များ၊ Beauty Parlour များ၊ Gymnasium များ၊ Message များကို ထည့်သွင်းဆောက်လုပ်၍ တရားဝင် ဝန်ဆောင်မှုအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုမိန့် လိုင်စင်များ၊ ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

သို့သော်မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ အနှိပ်ခန်းများကို တည်းခိုခန်းများတွင်ဖြစ်စေ၊သီးခြားအဆောက်အအုံဖြင့်ဖြစ်စေ ဖွင့်လှစ်ဆောင်ရွက်မှုများရှိပါက ဖမ်းဆီးစစ်ဆေးအရေးယူခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း တရားမဝင် အနှိပ်ခန်းများအား ဖမ်းဆီးစစ်ဆေးအရေးယူမှုအနေဖြင့် တရားခံ ကျား ခုနစ်ဦး၊ မ ၇၃ ဦး၊ စုစုပေါင်း ၈၀ ဦးတို့အား ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်လည်း စစ်ဆေးအရေးယူဆောက်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

# ဆိပ်ဖြူကြက်သွန်နီ ဒေသတွင်း ဝယ်လက်ကြောင့် ဈေးမြင့်

မိုးဇော်

ဆိပ်ဖြူ၊ စက်တင်ဘာ-၁၉

ရန်ကုန်ဒေသထက် ဒေသတွင်းဝယ်လိုအားရှိနေခြင်းကြောင့် ဆိပ်ဖြူမြို့နယ် ကြက်သွန်နီဈေးကွက်တွင် အဟောင်းများ ထုတ်ရောင်းနေသည့်အတွက် ဈေးမြင့်လာကြောင်း ပွဲစားများထံမှ သိရသည်။

ပြီးခဲ့သောနှစ်က သဘာဝဘေးဒဏ်ကြောင့် ကြက်သွန်နီအထွက်လျော့ခဲ့ပြီး ပြန်စိုက်ကြသည့် တောင်သူအချို့မှာ အကြွေးယူစိုက်ရ၍ ငွေပေါ်ရန် ထုတ်ရောင်းသူသာရှိပြီး နှစ်ပေါက်လှောင်သူနည်းကြောင်း ဒေသခံကြက်သွန်စိုက်တောင်သူများက ပြောသည်။ ဈေးနှုန်းမှာ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ၁,၀၀၀ ကျပ်ဖြစ်ပြီး နယ်ဈေးထက် ဈေးပိုရကြောင်း စိုက်ပျိုးသူလည်းဖြစ် ပွဲစားလည်းဖြစ်သူက ပြောသည်။ မန္တလေး၊ ရန်ကုန်ဈေးကွက်တွင် စားဖိုဆောင်သီးနှံများအနက် ဆိပ်ဖြူကြက်သွန်နီသည် ဩဂုတ်လက ကုန်ချိန်နှစ်သိန်းနီးပါး တင်ပို့ခဲ့ရပြီး ယခုရက်တွင် သုံးသောင်းခန့်တင်ပို့ကြကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## စာ-၉၊ အာဃာတမဲ့ကျည်ဆန်များရဲ့ အဆုံးသတ် မှ

ထိုတိုက်ပွဲများတွင် တပ်မတော် ကွန်မန်ဒိုများက မြေပြင်၌ တိုက်ပွဲများ ဆင်နွှဲလျက်ရှိပြီး ဝေဟင်မှလည်း လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်ဟု ကိုဇော်ဆိုင်း၏ ပြောကြားချက်အရ သိရသည်။

"ရွာတွေ ပြည်သူတွေ ဒုက္ခရောက်ခဲ့တာ အများကြီးရှိတယ်၊ ကျွန်တော်တို့အဲဒီတုန်းက ကျောင်းသားဘဝပဲရှိသေးတယ်၊စစ်ပြေးဒုက္ခသည်ဆိုတာ အဲဒီကတည်းက ရှိခဲ့တယ်။ ဒုက္ခရောက်တာ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရတယ်"ဟု ကိုဇော်ဆိုင်းကထိုစဉ်က အခြေအနေကို ပြန်လည်ပြောပြသည်။

ထို့နောက်တွင် ၁၉၈၅ ၌ ဦးဘရန်ဆိုင်၊ဦးဇော်မိုင်တို့ ဦးစီးဖွဲ့စည်းသည့်အဖွဲ့တစ်ဖွဲ့က မြောက်ပိုင်းစစ်ဌာနချုပ်အားပြန်လည်တိုက်ခိုက်ခဲ့ရာမှ အထက်ပါလုပ်ကြံမှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

ကိုဇော်ဆိုင်းတစ်ယောက် ပြန်လည်လွတ်မြောက်ပြီးနောက်တွင်လည်း သူ့မွေးရပ်မြေသည် ထောင်ထဲမဝင်ခင် အချိန်ကကဲ့သို့ပင် တိုက်ပွဲများပြန်လည်ဖြစ်ပွားနေသဖြင့် အသက်ရှစ်ဆယ်ကျော် မိခင်ကြီးရှိရာ မွေးရပ်မြေအင်းတော်ကြီးသို့ပင် မပြန်နိုင်ဘဲ ဖြစ်နေလေသည်။

ကိုဇော်ဆိုင်းလုပ်ကြံခဲ့သည့် တိုင်းမှူး ဗိုလ်မှူးချုပ် အယ်ကွန်ဖန်၏ သမီးကြီးဖြစ်သူ အဆိုတော်ဒေါ်အယ်ခွန်းရီက "သူကသူ့အမေဆီပြန်တွေ့ချင်တယ်လို့ပြောတယ်ကြားတယ်။ အခုက အခြေအနေတွေ မကောင်းသေးလို့ပြန်မတွေ့နိုင်ပေမယ့် သူတွေ့ချင်ရင်တွေ့လို့ရပါသေးတယ်။ အန်တီတို့ကတော့ ကိုယ့်အဖေကို ပြန်မတွေ့နိုင်တော့ပါဘူး"ဟုပြောကြားသည်။

သို့သော် ဗိုလ်မှူးချုပ် အယ်ကွန်ဖန်၏ ကျန်ရစ်သူမိသားစုများအားလုံးသည် စနစ်အပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာရသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုဟု နားလည်ကာ ကိုဇော်ဆိုင်းအပေါ်တွင် ခွင့်လွှတ်နားပေးကြကြောင်း ဒေါ်အယ်ခွန်းရီကပြောသည်။

"အရင်ကဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် အန်တီတို့မိသားစုတွေရဲ့ သဘောထားကို ကိုယ်စားပြုပြီးပြောရရင်ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့သလို ဘာမှလည်း ပြန်မပြောချင်တော့ပါဘူး ။အယူဝါဒကွဲပြားကြလို့၊ခံယူချက်ခြင်း မတူညီကြလို့ အဖေ့အသက်ကို စတေးခဲ့ရတာပါ။ ဒါကြောင့် အန်တီကလည်း သူ့ဆောင်းပါးလေးရဲ့အောက်မှာ ခွင့်လွှတ်ပါတယ်ဆိုတာ စာရေးပြီး လူကြုံနဲ့ ပေးပို့ပေးခဲ့တာပါ"ဟု ဒေါ်အယ်ခွန်းရီကဆိုသည်။

"ကျွန်တော်က ကျွန်တော်တို့ ကချင်အမျိုးသားတွေရဲ့အရေးမှာ စကားပြောလို့မရတဲ့အခါ ကိုယ့်အမျိုးမပျက်သုဉ်းဖို့၊ကိုယ့်အမျိုးအဖိအနှိပ်မခံရဖို့ တိုက်ပွဲဝင်ခဲ့ရတာပဲရှိတယ်၊ရိုးရိုးသားသားနဲ့လူငယ်တစ်ယောက်ရဲ့ခံစားချက်နဲ့ အထက်က ခိုင်းတဲ့အမိန့်ကိုခံယူခြင်းသာဖြစ်တယ် ကျွန်တော့်ပုဂ္ဂိုလ်ရေးအရ ဘာမှလည်း အာဃာတဖြစ်စရာအကြောင်းမရှိဘူး"ဟုကိုဇော်ဆိုင်းက ယခင်အခြေအနေများကို ပြန်လည်ပြောပြသည်။

ယခုအခါအပြင်လောကသို့ ပြန်လည် ရောက်ရှိလာသည့် ကိုဇော်ဆိုင်းတစ်ယောက် မွေးရပ်မြေသို့မပြန်ဘဲ ရန်ကုန်သို့ရောက်ရှိလာရခြင်းမှာ လက်ရှိကချင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့်အခြေအနေများအတွက် ရန်ကုန်တွင်ရှိသည့် နိုင်ငံရေးအသိုင်းအဝိုင်းများနှင့်ပူးပေါင်း၍ အဖြေရှာရန်လာရောက်ခြင်းဖြစ်သည်။

"ပြောလို့ရတဲ့ခေတ်ရောက်ပြီလို့ ယူဆလို့ ကျွန်တော်လာတာ" ဟု ကိုဇော်ဆိုင်းကပြောသည်။

လာမည့်အောက်တိုဘာ ၁၆ ရက်တွင် ဗိုလ်မှူးချုပ် အယ်ကွန်ဖန်ကျဆုံးသည်မှာ ၂၇ နှစ်ပြည့်ပြီဖြစ်သည်။ကိုဇော်ဆိုင်း လွတ်ငြိမ်းချမ်းသာခွင့်မရပါကလည်း သူ၏ထောင်ဒဏ် ၂၇ နှစ် စေ့ပြီဖြစ်သည်။သို့သော် သူတို့နယ်မြေတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲ . . .။

ကိုဇော်ဆိုင်း အမေနှင့် မတွေ့ရသည်မှာ ၂၇နီးပါး နှစ်ရှိပြီဖြစ်သလိုဒေါ်အယ်ခွန်းရီတို့မောင်နှမတစ်စုမှာလည်း သူတို့အဖေနှင့် မတွေ့ရတော့သည်မှာ ၂၇နီးပါးပင်ကြာခဲ့ပြီဖြစ်သည်။

"နှစ်ပေါင်း ၂၇ နှစ်နီးပါး ကြာအောင် မတွေ့ရတာချင်းအတူတူ အရမ်းကိုကွာခြားသွားတဲ့ အခြေအနေနှစ်ခုကတော့ လက်ဖမိုးနဲ့ လက်ဖဝါးလိုပဲပေါ့၊ဘာပဲဖြစ်ဖြစ် ဆုံးပါးသွားခဲ့တဲ့သူကလည်း အသက်ပြန်ရှင်လာတော့မှာမဟုတ်သလိုတစ်ဖက်ကလည်း သူ့အပြစ်အတွက် ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ပေးဆပ်ကျခံပြီးသွားပြီမို့ ဒီလိုမျိုး အနိဌာရုံတွေ နောက်ထပ်မဖြစ်ပွားစေချင်တော့ပါဘူး" ဟု ဒေါ်အယ်ခွန်းရီက ရင်ထဲကဆန္ဒကို ထုတ်ဖော်ပြောသည်။

တစ်ချိန်က မတူညီသည့် အယူဝါဒများကြောင့် ကိုဇော်ဆိုင်းလည်းမိခင်နှင့် ရှင်ကွဲ ကွဲ ခဲ့ရသလို ဒေါ်အယ်ခွန်းရီတို့ မောင်နှမများသည်လည်း ဖခင်နှင့် သေကွဲ ကွဲခဲ့ရသည်။ သို့သော် ယခုအချိန်တွင်မူ သူတို့နှစ်ဦး၏ စိတ်ထဲတွင် တူညီသည့် ဆန္ဒတစ်ခုမှာကား မတူညီသည့် အယူဝါဒများအား အမြန်ဆုံးပြန်လည်ညှိနှိုင်းကာ ကချင်ပြည်နယ်ကို ပြန်လည်ငြိမ်းချမ်းစေလိုခြင်းပင်ဖြစ်သည်။

**သမဝါယမဘဏ်လီမိတက်(ရုံးချုပ်)**

**အမှတ်(၃၃၄-၃၃၆)၊ ကမ်းနားလမ်းနှင့် ၂၃လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**

**Vacancy Announcement**

1. **Deputy General Manager** (HR/Admin Division) M (1) Post
- ဘွဲ့(၁)ခုရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်၊ (Internet) အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ် ရှိရမည်။ ဦးဆောင်စီမံခန့်ခွဲနိုင်မှုရှိရမည်၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်နိုင်ရမည်။ အသက်(၄၅)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။

2. **Manager(Store)** (HR/Admin Division) M (1) Post
- ဘွဲ့(၁)ခုရရှိရမည်၊ စာရင်းအင်းဒီပလိုမာရရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ Store မှတ်တမ်း ထိန်းသိမ်းခြင်း၊ Store ပစ္စည်းထားသိုမှုစနစ်နှင့် စတိုကြံခိုင်မှုစနစ်တို့ကို ကြီးကြပ်စီမံခန့်ခွဲနိုင်ရမည်။ ဘဏ်လုပ်ငန်းသုံးပစ္စည်းများနှင့် ပါတ်သက်၍ကျွမ်းကျင်နားလည်သူ ဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

3. **Manager (Archive)** (HR/Admin Division) M (1) Post
- ဘွဲ့(၁)ခုရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ (Internet & E.mail) ကျွမ်းကျင်နားလည်စွာ အသုံးပြုနိုင်ရမည်။ (Website) အခြေခံဗဟုသုတရှိသူဖြစ်ရမည်။ မှတ်တမ်းထိန်းသိမ်းမှုအတွေ့အကြုံ(၅)နှစ်နှင့် ဌာနတစ်ခုလုံးအားစီမံခန့်ခွဲနိုင်ရမည်။ Public Relation ကျွမ်းကျင်ပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်၊ အခြေခံဗဟုသုတရှိသူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

4. **Manager(Asset Management)** (HR/Admin Division) M (1) Post
- B Com, CPA ဘွဲ့ရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။ စီမံဌာန၏ အသုံးစရိတ်စာရင်းများကို ဘတ်ဂျတ်စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ် အတွင်း ဖြစ်ရမည်။

5. **Manager** (IBS Division) M / F (1) Post
- Foreign Banking အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရရှိရမည်။ အင်္ဂလိပ်စာအရေး/အပြောကျွမ်းကျင်ရမည်။ အခြားဘာသာစကားတတ်လျှင်ဦးစားပေးမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

6. **Manager** [Compliance Officer (Leader)] M (1) Post
- ဘွဲ့(၁)ခုနှင့် MBA ရရှိရမည်။ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် IT ကျွမ်းကျင်ရမည်။ (Public Relation) နားလည်ကောင်းမွန်သူဖြစ်ပြီး၊ လုပ်ငန်းကိုဦးဆောင်ကျွမ်းကျင်နိုင်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

7. **Manager (Work Space)** M (2) Posts
- B.E (Civil) (သို့) B.E (Architet) ဘွဲ့ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ မိမိလုပ်ငန်းကိုဦးဆောင်နိုင်ရမည်။ ပူပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။

8. **Assistant Manager (Work Space)** M (2) Posts
- A.G.T.I (Civil) ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ မိမိလုပ်ငန်းကိုဦးဆောင်နိုင်ရမည်။ ပူပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။

9. **Assistant Manager** [Compliance Second Officer (Leader)] M / F (1) Post
- LLM ဘွဲ့ရရှိသူ။ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် IT ကျွမ်းကျင်ရမည်။ (Public Relation) နားလည်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။

10. **Assistant Manager (Secretary)** F (1) Post
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်သူဖြစ်ရမည်။ ကွန်ပျူတာ၊ အင်တာနက်၊ Email ကျွမ်းကျင်စွာ တတ်မြောက်အသုံးချနိုင်ရမည်။ ရုပ်ရည်ချောမော ပြေပြစ် လုပရမည်။ ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်ရမည်။ အသက်(၂၅)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။

* လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်(CV)၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ(လေဘာ)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူများနှင့်အတူ (၁၀. ၁၀. ၂၀၁၂)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက် လျှောက်ထား နိုင်ပါသည်။

## ကားနှင့် ဆိုင်ကယ်ချိတ်မိ၍ လူနှစ်ဦးသေဆုံး

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊စက်တင်ဘာ- ၂၀**

ကယားပြည်နယ် လွိုင်ကော်မြို့ နာရီစင်အနီး ကန္ဒရဝတီလမ်းပေါ်တွင် ကားတစ်စီးသည် ရှေ့တွင်မောင်းနှင်နေသော ဆိုင်ကယ်ကို ကျော်တက်ရာမှ ဆိုင်ကယ်သည် ကား၌ချိတ်ပါသွားပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသော ယာဉ်တိုက်မှုတစ်ခု စက်တင်ဘာ ၁၇ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက် ည ၇ နာရီအချိန်ခန့်က လွိုင်ကော်မြို့ မင်းစုရပ်ကွက်နေ ဦးမြင့်သိန်းဖြူ မောင်းနှင်လာသော မတ်ခ်တူးတိုယိုတာ ဆလွန်းကားအဖြူရောင်သည် လွိုင်ကော်မြို့ ကန္ဒရဝတီလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် နာရီစင်အနီး၌ ရှေ့မှမောင်းနှင်နေသောနံပါတ်မပါကန်ဘို-၁၂၅ အပြာရောင်ဆိုင်ကယ်အားကျော်တက်ရာမှ ဆိုင်ကယ်မှာ ကား၌ချိတ်ပါလာပြီး ကားမှာမြို့တော်ခန်းမရှေ့လမ်းဘေးပလက်ဖောင်းပေါ်သို့ ကျုံတက်ကာတန့်သွားခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ လွိုင်ကော်မြို့ ဒေါတမရပ်ကွက်နေ မောင်သက်ဖြိုးဝင်း(၂၂)နှစ်နှင့် ဆိုင်ကယ်နောက်ထိုင်ခုံ၌ လိုက်ပါစီးနင်းသူ လွိုင်ကော်မြို့ မင်းစုရပ်ကွက်နေ မကြူကြူလှိုင်စိုး(၂၂)နှစ် တို့မှာ ဒဏ်ရာပြင်းစွာရရှိ၍ လွိုင်ကော်ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ မောင်သက်ဖြိုးဝင်းသည် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ မကြူကြူလှိုင်စိုးမှာ စက်တင်ဘာ ၁၈ ရက် နံနက် ၄ နာရီခွဲတွင်လည်း ကောင်း သေဆုံးသွားကြောင်း သိရသည်။

လွိုင်ကော်ရဲစခန်းက (ပ) ၁၁၈/ ၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၇/ ၃၃၈ အရ အမှုဖွင့်အရေးယူခဲ့ပြီး လူသေဆုံးခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)သို့ပြောင်းလဲကာ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဝင်းလှိုင်က တရားစွဲဆိုတင်ပို့ရန် ဆောင်ရွက်နေကြောင်း သိရသည်။


နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများ သက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
“ကျားဘမ်း” ပလာစတာ
WARM
COOL
TIGER BALM PLASTER
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER


TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
TERUMO
MEMORY SET MODE
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
TERUMO Ear Thermometer
EM-30CP LB/R
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7DAY NEWS JOURNAL

Vol.11, No.29 • SEPTEMBER 27 , 2012


## တက္ကသိုလ်ဝင်ခွင့် အမှတ်သတ်မှတ်ချက် ရန်ကုန်နည်းပညာတက္ကသိုလ် အမြင့်ဆုံးဖြစ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဝင်ခွင့်တန်းစီဇယားတွင် ရန်ကုန်နည်းပညာတက္ကသိုလ်က တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်အမြင့်ဆုံးသတ်မှတ်ချက်ဖြင့် ထိပ်ဆုံးက ရပ်တည်နေကြောင်း သတင်းရရှိသည်။

ယခုနှစ်ပြန်လည်စတင်ဖွင့်လှစ်မည့် ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူရန် အမျိုးသားများ အထူးစိတ်ဝင်စားခဲ့ကြပြီး ဦးစားပေးလျှောက်ထားခဲ့ကြကြောင်း တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးဆောင်ရွက်ခဲ့သူက ပြောသည်။

နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှု လျှော့ချခဲ့ခြင်းကြောင့် ယခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲရမှတ် သတ်မှတ်ချက်သည် ယခင်နှစ်ကထက် သိသိသာသာမြင့်တက်သွားခဲ့သော်လည်း ဆေးဝါးတက္ကသိုလ်မှာ ယခင်နှစ်ထက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် သတ်မှတ်ချက် လျှော့ကျသွားခဲ့သည်။

**လာမည့်ပညာသင်နှစ်တွင် နာမည်ကြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အချို့၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ကန့်သတ်ချက်**

| | ကျား | မ |
|---|---|---|
| ရန်ကုန်နည်းပညာတက္ကသိုလ် | ၅၀၀ | ၅၀၄ |
| ဆေးတက္ကသိုလ်များ | ၄၉၀ | ၅၀၈ |
| ရေကြောင်းပညာတက္ကသိုလ် | ၄၈၇ | ၄၉၇ |
| မန္တလေးနည်းပညာတက္ကသိုလ် | ၄၈၅ | ၄၉၇ |
| ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်(အင်္ဂလိပ်စာ) | ၄၉၂ | ၄၉၂ |
| အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်(ရန်ကုန်) | ၄၇၃ | ၄၇၃ |
| ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(ဂျပန်စာ) | ၄၆၉ | ၄၆၉ |
| သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ | ၄၆၉ | ၅၀၁ |
| နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) | ၄၆၇ | ၄၇၀ |
| ဆေးဝါးတက္ကသိုလ်များ | ၄၆၇ | ၄၆၇ |



ရန်ကုန်နည်းပညာတက္ကသိုလ်

ဓာတ်ပုံ-နေလင်းထွန်း

## ပညာရေးမြှင့်တင်ဖို့ ငွေ

**နေလင်းထွန်း**

စစ်အစိုးရလက်အောက် ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"ဟူသော ဆောင်ပုဒ်ကို စွဲကိုင်၍ ပညာရေးစနစ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လက်တွေ့တွင် ခေတ်မီနိုင်ငံတော် တည်ဆောက်ရန်လိုအပ်ချက်တစ်ခုဖြစ်သော မြန်မာ့ပညာရေးစနစ်သည် အငြင်းပွားဖွယ်ရာမရှိ ခေတ်နောက်ကျကျန်နေရစ်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က အရှေ့တောင်အာရှတွင် ထိပ်တန်းနေရာရှိခဲ့သော မြန်မာ့ပညာရေးသည် ၁၉၆၂ ခုနှစ်မှစ၍ ချို့ယွင်း၊ လွဲမှားသော ပညာရေးမူဝါဒများ၊ နည်းစနစ်များ ကျင့်သုံးခဲ့ခြင်းကြောင့် နှစ် ၂၀အတွင်း သိသိသာသာ နိမ့်ကျသွားခဲ့ကြောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဒေါက်တာဦးသိန်းက အကြီးစားပြုပြင်ပြောင်းလဲရန် လိုအပ်နေသော မြန်မာနိုင်ငံ ပညာရေးစနစ် ဟောပြောပွဲတွင် ဝေဖန်ထောက်ပြခဲ့သည်။

လက်ရှိအချိန်တွင် အဖက်ဖက်မှ နိမ့်ကျနေသော မြန်မာ့ပညာရေးကို ပြုပြင်ပြောင်းလဲရန် ပညာရေးဝန်ကြီးဌာနက အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေသလို ပြင်ပမှ ပညာရှင်များကလည်း မြန်မာ့ပညာရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆွေးနွေးတိုင်ပင်နေကြသည်။

အိမ်နီးချင်းနိုင်ငံအချို့နှင့် ယှဉ်ပြိုင်နိုင်ရန် အချိန်ယူဆောင်ရွက်ရမည့် မြန်မာ့ပညာရေး၏ အကြီးမားဆုံးအားနည်းချက်မှာ ပညာရေးအသုံးစရိတ် သုံးစွဲနိုင်မှုဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ၏ ၅ ရာခိုင်နှုန်းခန့်သာ အသုံးပြုခွင့်ရရှိထားသည်။ ၎င်းပညာရေးအသုံးစရိတ်သည် ပညာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ လစာငွေပေးချေခြင်း၊

**စာ(၂၂)သို့**

## ဩစတြေးလျအစိုးရပညာသင်ဆု ယခင်နှစ်ထက်စော၍ လျှောက်ထားရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၉**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဩစတြေးလျအစိုးရ၏ ပညာသင်ဆုအစီအစဉ်ကို လာမည့်အောက်တိုဘာလတွင် စတင်လျှောက်ထားနိုင်မည်ဖြစ်ပြီး ဒီဇင်ဘာလ အစောပိုင်းတွင် လျှောက်လွှာပိတ်မည်ဖြစ်ကြောင်း ဩစတြေးလျ သံရုံးမှသိရသည်။ ဩစတြေးလျအစိုးရပညာသင်ဆုကိုယခင်နှစ်ကဇန်နဝါရီလတွင် လျှောက်လွှာခေါ်ယူခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်တွင် လျှောက်လွှာပိတ်ခဲ့ကာ ခုနှစ်တွင် ကျောင်းသားများအနေဖြင့် ပညာသင်ဆုအတွက် ပိုမိုစောလျင်စွာ လျှောက်ထားရမည်ဖြစ်သည်။ ဩစတြေးလျ ထိပ်တန်းတက္ကသိုလ်များတွင် တစ်နှစ်ကြာမြင့်သော မဟာဘွဲ့သင်တန်းလျှောက်ထားရန် မြန်မာကျောင်းသားများအနေဖြင့် လူ့အခွင့်အရေး၊ နိုင်ငံရေးသိပ္ပံနှင့် အုပ်ချုပ်မှု၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်၊ သတင်းမီဒီယာ၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ပဋိပက္ခဖြေရှင်းရေး ဘာသာရပ်များအတွက်ပညာသင်ဆုလျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာသင်ဆုအစီအစဉ်သည် ဩစတြေးလျပြည်ဝင်ခွင့်၊ ဩစတြေးလျသို့ အသွားအပြန်လေယာဉ်ခ၊ ပေါင် ၁၂,၀၀၀ထက် မကျော်လွန်သော ကျောင်းလခ၊ လစဉ်အသုံးစရိတ်များအတွက် လုံလောက်စွာ ရရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုအနေဖြင့် IELTSရမှတ်၆ဒသမ၅အနည်းဆုံး ရရှိထားရမည်ဖြစ်ပြီး ဒီဂရီဘွဲ့ တစ်ခုပိုင်ဆိုင် ထားရမည်ဖြစ်ကာ ပညာသင်ယူပြီးဆုံးချိန်တွင်မြန်မာနိုင်ငံသို့ ပြန်လာရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဩစတြေးလျအစိုးရပညာသင်ဆုကို ယခင်နှစ်တွင် လျှောက်ထားသူ တစ်ရာနီးပါးမှ ငါးဦးရွေးချယ်၍ ပညာသင်ဆုချီး မြှင့်ခံခဲ့ပြီး ယခုနှစ်တွင် ပညာသင်ဆုချီးမြှင့်မည့်ဦးရေ မြင့်တက်လာဖွယ်ရှိကြောင်း သတင်းရရှိသည်။


**AUSTRALIAN EDUCATION EXPO**

Australia Awards

Australia Awards ပညာသင်ဆုလျှောက်ထားလိုသူများ AusAID မှတာဝန်ရှိသူများနှင့်လာရောက်ဆွေးနွေးနိုင်ပါသည်။

**ဩစတြေးလျနိုင်ငံရှိ အစိုးရတက္ကသိုလ်များနှင့်ကျောင်းများမှတာဝန်ရှိသူများကိုယ်တိုင် လာရောက်ဆွေးနွေးသွားပါမည်။**

ဩစတြေးလျနိုင်ငံတွင်

- အလယ်တန်း၊အထက်တန်းတက်လိုသူများ (The Kilmore International School)
- အဆင့်မြင့်တက္ကသိုလ်များတွင်ပညာသင်လိုသူများ
- ဩစတြေးလျအစိုးရ၏ပညာသင်ဆုလျှောက်ထားလိုသူများ
- ကျောင်းသားVisa အပြောင်းအလဲနှင့်ပတ်သက်၍သိရှိလိုသူများ တက်ရောက်သင့်ပါသည်။

**၎င်းနေ့တွင်ကျောင်းအပ်သူများအတွက်**

- Free Application Fee
- Free Agency Fee
- Free Health Cover (OSHC) for 6 months

(ပညာရေးနှင့်သက်ဆိုင်သောစာရွက်စာတမ်းများယူလာရန်)

*** Register your name to win Lucky Draw souvenir from Australia.**

**YANGON**
29th Sept 12 (Sat)
9 am to 5 pm
Strand Hotel, Yangon

**MANDALAY**
1st Oct 12 (Mon)
1 pm to 5 pm
Swan Hotel, Mandalay

organized by AVSS Australian Visa & Student Services Since 1996

**Call Us: 09 45000 6944,09 45000 6955**

Australian Catholic University
Provider CRICOS No : 00004G, 00112C, 00873F, 00885B
Murdoch University
Provider CRICOS No : 00125J
Queensland University of Technology
Provider CRICOS No : 00213J
Taylor's College
Provider CRICOS No : 00026A, 0126G
(Foundation Program for
University of Sydney,
University of Western Australia)
The Kilmore International School
Provider CRICOS No : 00671E
The University of New South Wales
Provider CRICOS No : 00098G
The University of Newcastle
Provider CRICOS No : 00109J
Trinity College
Provider CRICOS No : 00709G
(Foundation Program for
University of Melbourne)
University of South Australia
Provider CRICOS No : 00121B
UTS: INSEARCH
Provider CRICOS No : 00859D



**TRADEMARK CAUTION**

Falcon Oil Company Limited a company incorporated in United Arab Emirates at P.O.Box 3461, Sharjah, United Arab Emirates is the Owner and Sole Proprietor of the following Trademark:-

FALCON

**Reg : No.IV/1019/1995**

In respect of : Lubricating oils and greases included in class 4.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 27.Sept.2012

စာ–၂၁၊ ပညာရေးမြှင့်တင်ဖို့ငွေ မှ

ပညာရေးအဆောက်အအုံများပြုပြင်၊ တိုးချဲ့ ဆောက်လုပ်ခြင်းစသည့်လုပ်ငန်းများအတွက်အဓိကအသုံးပြုနေရသည်။

ပညာရေး အသုံးစရိတ်နည်းပါးခြင်းကြောင့် မြန်မာ့ပညာရေးသည် အခြေအနေနှစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အခြေခံပညာကျောင်းများတွင် အထွေထွေအသုံးစရိတ်များ၊ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ရန်နှင့် တက္ကသိုလ်များတွင်သုတေသနအစီအစဉ်များ လုပ်ကိုင်ရန် ငွေကြေးသုံးစွဲနိုင်မှု နည်းပါးနေခြင်းနှင့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ ပုံမှန်အသက်မွေးဝမ်းကျောင်းဘဝ ခက်ခဲလာခြင်းဖြစ်သည်။

ပြည်တွင်းရှိ အခြေခံပညာကျောင်းများသည် ပညာရေးဌာန၏ ထောက်ပံ့ငွေနည်းပါးခြင်းနှင့် ရပ်ကွက်၊ ကျေးရွာဒေသခံများ၏ ပံ့ပိုးကူညီမှု အားနည်းခြင်းတို့ကြောင့် ကျောင်းအထွေထွေအသုံးစရိတ်အတွက် အခက်အခဲကြုံနေရသည်။

"ဒီနှစ်ကျမှ အသေးသုံးအတွက် ကျပ်တစ်သိန်းနီးပါးရတယ်။ လက်ရှိသုံးနေတာက တစ်နှစ်ကို ကျပ်သိန်းသုံးရာလောက်ရှိတယ်။ ကျားကြီးတော့ ခြေရာကြီးတယ်။ မဖြစ်မနေပုံမှန်ကတော့ လုပ်အားပေး အကူတွေ ငှားရတယ်။

အထူးသဖြင့် မူလတန်းပေါ့။ အခုက ၁၅ ယောက်ငှားရတဲ့ လခရှိတယ်။ နောက်ကျောင်းကြီးဖြစ်တဲ့အတွက် အစိုးရခန့် သန့်ရှင်းရေးတစ်ယောက်ပဲရှိတယ်။ ကျောင်းမှာ အိမ်သာပေါင်း ၆၀ကျော်ရှိတယ်။ အဲ့ဒါလေးယောက်ထပ်ငှားရတယ်။ ကျောင်းသားလေးထောင်ကျော်ရဲ့ အမှိုက်လည်း ကောက်ရသေးတယ်လေ။ ဖုန်းက အစိုးရကပေးပေမယ့် မမျှဘူးဖြစ်နေတယ်။ ကျောင်းကြီးဖြစ်တော့ ဘယ်ကဏ္ဍမှ ခိုလို့မရဘူး။ ဘင်ခရာ၊ ပန်းချီတွေအတွက် ပြင်ပဆရာငှားရတယ်။ ဒါက လစဉ်ပေးရတာတွေပေါ့။ နောက် ခြင်ဆေးဖျန်းတာတွေရှိတယ်"ဟု ရန်ကုန်မြို့ရှိ နာမည်ကြီးအခြေခံပညာအထက်တန်းကျောင်းတစ်ခုမှကျောင်းအုပ်ဆရာမကြီးကပြောသည်။

အဆိုပါ စရိတ်များအတွက် ကျောင်းသားမိဘအစည်းအဝေးများတွင် တင်ပြ၍ အလှူငွေထည့်ဝင်မှုဖြင့်လည်းကောင်း၊ ယခင် ရရှိထားသော ငွေပင်ငွေရင်းများမှလည်းကောင်း၊ အသုံးစရိတ်ကို ဖြည့်ဆည်းနေရပြီး ငွေပင်ငွေရင်းမရှိသော ကျောင်းများသည် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ၎င်းကဆိုသည်။

လွန်ခဲ့သော နှစ်ပိုင်းက အခြေခံပညာကျောင်းများ၌ ကျောင်းအပ်ချိန်တွင် အပိုငွေကြေးများ ကောက်ခံမှု မပြုရန် ညွှန်ကြားခဲ့ပြီးနောက် ကျောင်းအုပ်ကြီးများသည်ကျောင်းဘဏ္ဍာငွေအတွက် ပိုမိုရုန်းကန်ရှာဖွေရရှိမှုရှိလာခဲ့ပြီး ချို့တဲ့ရပ်ကွက်၊ ကျေးရွာများရှိ စာသင်ကျောင်းများ ချည့်နဲ့သွားခဲ့သည်။

"၂၀၀၅-၂၀၀၆ လောက်တုန်းက ကောက်လိုက်သေးတယ်။ ကောက်လို့ရတဲ့ အနေအထားရှိတာပေါ့နော်။ သဒ္ဓါကြေးပေါ့။ အခုမကောက်တာ သုံးနှစ်ရှိပြီ။ ဘာလို့လဲဆိုတော့ ကောက်လိုက်တိုင်း ကျောင်းဖွင့် ရာသီမှာ လှုပ်လို့မရဘူး။ တစ်ယောက်ယောက်က မကျေနပ်လို့ ဖွလိုက်ရင် တီချယ်တို့ပဲ ပြဿနာဖြစ်ခံရတာလေ။ ပညာရေးဝန်ထမ်းကို အထောက်အပံ့ပြုတဲ့ ဥပဒေက မရှိဘူးဖြစ်နေတယ်။ ဘယ်သူနဲ့ဖြစ်ဖြစ် တီချယ်တို့က ခံဘက်ကပဲ" ဟု အထက်ပါကျောင်းအုပ်ဆရာမကြီးက ပြောသည်။

ပညာရေးဝန်ကြီးဌာနက ထုတ်ပေးသော အသေးသုံးစရိတ်သည် အခြေခံပညာကျောင်းများ ရပ်တည်မှုအတွက် လုံလောက်မှုမရှိခြင်းကြောင့် ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဒေသခံပြည်သူလူထု၊ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုကို လိုအပ်နေခြင်းဖြစ်သည်။ အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဒေသအလိုက် ခေတ်ကာလနှင့်လျော်ညီသော ကျောင်းလခ၊ ကျောင်းဝင်ကြေးသတ်မှတ်ခြင်းဖြင့် ကျောင်းအုပ်ကြီးများ ရင်ဆိုင်နေရသော အခက်အခဲကို လျော့ကျစေနိုင်ကြောင်း ၎င်းက သုံးသပ်သည်။

"အခုက မတိုးတက်ဘဲနဲ့ ချောင်ပိတ်ရိုက်ခံထားရတယ်။ ပေတံတစ်ချောင်းနဲ့ မြန်မာတစ်နိုင်ငံလုံးက ကျောင်းတွေကို မတိုင်းတာသင့်ဘူး။ သူ့အနေအထားနဲ့သူရှိကြတယ်။ မကောက်ရဘူးဆိုတော့ တစ်နိုင်ငံလုံး ဒီတစ်မူတည်းပဲ။ အဆင်မပြေနိုင်ဘူး။ အဲ့ဒီတော့ သင့်တင့်တဲ့နှုန်းနဲ့ သတ်မှတ်ပေးမယ်ဆိုရင်ရော အဆင်မပြေဘူးလား။ တစ်နှစ်လုံးကျောင်းသားတစ်ယောက်ကို ကျပ်ငါးရာနဲ့ သုံးဆိုရင်တော့ မရနိုင်ဘူးနော်။ လက်ရှိဖြစ်နေတဲ့ ဈေးနှုန်းနဲ့ ကိုက်ညီအောင် အချိုးချသင့်တယ်လို့ထင်တယ်။ အခုတော့ ကျောင်းအုပ်တွေလည်း မကောက်နဲ့ငါလည်း မပေးနိုင်ဘူး။ လုပ်ငန်းကို အောင်မြင်အောင်လုပ်ဆိုတော့ ကိုယ်ရောက်တဲ့ဘဝမှာ လုပ်နေရတာပေါ့" ဟု ကျောင်းအုပ်ဆရာမကြီးက ဆိုသည်။

ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်များသည် အစိုးရတက္ကသိုလ်၊ ကောလိပ်များဖြစ်သောကြောင့် နိုင်ငံတော်အသုံးစရိတ်ဖြင့် လည်ပတ်ဆောင်ရွက်နေကြသည်။ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ လစာငွေသည် အသုံးစရိတ်၏ ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး ရုံးသုံးပစ္စည်းကိရိယာများဝယ်ယူခြင်း၊ အဆောက်အအုံများပြုပြင်တည်ဆောက်ခြင်းတို့အတွက် ၂၀ ရာခိုင်နှုန်း၊ သုတေသနလုပ်ငန်းနှင့် အခြားပွဲလမ်းသဘင်များအတွက် ၁၀ ရာခိုင်နှုန်းခန့် အသုံးပြုနေကြောင်း ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်တစ်ခု၏ စီမံ၊ ဘဏ္ဍာဌာနမှ တာဝန်ရှိသူကဆိုသည်။

ယခုနှစ်သုံးစွဲနေသော ပညာရေးအသုံးစရိတ်သည် လွန်ခဲ့သော နှစ်က ခန့်မှန်းရေးဆွဲတင်ပြထားခြင်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်အတွက် တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရသည်။

"နောက်နှစ်အသုံးစရိတ်ကို တင်ပြထားပြီးပြီ။ ရာခိုင်နှုန်းအားဖြင့် တိုးတောင်းထားတာ မရှိပါဘူး။ တက္ကသိုလ်ရဲ့ မောင်းနှင်အားမှာ သုတေသနလုပ်ငန်းကအရေးကြီးတယ်။ အခုကတက္ကသိုလ်တွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟုတ်ဘဲလစာနဲ့တင်အသုံးစရိတ်က ကုန်နေတယ်"ဟု အထက်ပါ တာဝန်ရှိသူက ပြောသည်။

အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အထွေထွေအသုံးစရိတ်များအတွက် အခက်တွေ့နေချိန်တွင် တက္ကသိုလ် ဆရာ၊ ဆရာမများ၊ အခြေခံပညာဆရာ၊ ဆရာမများ၏ လစာငွေသည် ၎င်းတို့ ဘဝရပ်တည်ရေးအတွက် စိန်ခေါ်မှုဖြစ်လာခဲ့သည်။

အစိုးရဝန်ထမ်းအမျိုးသားဆရာရှားပါးမှုနှင့် ကြီးမားကျယ်ပြန့်လာသော ကျူရှင်ယဉ်ကျေးမှုတို့က ပညာရေးစနစ်ဆိုးမွေအဖြစ် မြန်မာ့လူ့အဖွဲ့အစည်းအတွက်ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေသည်။

"ကျောင်းဆရာမတွေရဲ့ ပညာရေးလုပ်ငန်းတွေဟာအင်မတန်မှ ကျပ်တည်းတာကို တွေ့ရတယ်။ စိုးရိမ်စရာ အချက်တစ်ခုက ကျောင်းဆရာ မလုပ်ချင်ကြဘူး။ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် ကျောင်းဆရာပါလို့ မပြောရဲတဲ့ အခြေအနေရှိတယ်။ အမျိုးသားဆရာ ရှားပါးမှုဟာ မြန်မာ့ပညာရေးမှာ အများကြီးစဉ်းစားရတော့မယ့် အခြေအနေရှိနေတယ်။ စံပြပုဂ္ဂိုလ်အနေနဲ့ ဆုံးရှုံးသွားပြီဖြစ်တယ်။ ပညာရေးဘောင်ကို ကျော်သွားပြီးတော့ လူ့အဖွဲ့အစည်းအနေနဲ့ ကျား၊ မ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် ဘယ်လိုများ ကုစားနိုင်မယ်ဆိုတာ အမြန်ဆုံးရှာဖွေရမယ်။ အဲဒါ ကျွန်တော်တို့ဆီမှာ ကြီးကြီးမားမား သက်ရောက်မှု ရှိနိုင်ပါတယ်" ဟု အစိုးရစာသင်ကျောင်းများတွင် အမျိုးသားဆရာ ရှားပါးလာမှုနှင့်ပတ်သက်၍ မောက္ခပညာရေးမဂ္ဂဇင်း၊ အယ်ဒီတာချုပ်၊ ပညာရေးသုတေသီ ဦးသိန်းနိုင်က သုံးသပ်သည်။

ကျောင်းဆရာ၊ ဆရာမ များ၏ အသက်မွေးဝမ်းကျောင်း ဘဝ ပုံမှန်ပြန်လည်ရပ်တည်နိုင်ရန်နှင့် အလုပ်ဂုဏ်သိက္ခာပြန်လည်ရှင်သန်နိုင်ရန် နည်းလမ်းမျိုးစုံ အပူတပြင်းရှာဖွေ၍ အလျင်အမြန်အကောင်အထည်ဖော်ရန် လိုအပ်နေကြောင်း ၎င်းကဝေဖန်ထောက်ပြသည်။

"တာဝန်ထမ်းဆောင်နေတဲ့ ဆရာမတွေရဲ့ လူမှုစီးပွားအဆင်ပြေမှုကိုလည်း ပံ့ပိုးပေးရမှာပါ။ ဆရာ၊ ဆရာမတွေရဲ့ လူမှုစီးပွားနဲ့ အလုပ်ဂုဏ်သိက္ခာကို မြှင့်တင်မှသာလျှင် အရည်အသွေးကို မျှော်လင့်လို့ရနိုင်မှာလေ။ အဲ့ဒါကို ဘယ်လိုလုပ်လို့ ရနိုင်မလဲဆိုတာ စဉ်းစားကြဖို့ လိုပါတယ်။ ဆရာမတွေဟာ တကယ့်ကို ခက်ခက်ခဲခဲ၊ ကျပ်ကျပ်တည်းတည်းရပ်တည်နေရတယ်။ တရားဝင်အချိန်ပြည့် အစိုးရဝန်ထမ်းကျောင်းဆရာအလုပ်နဲ့ ရှင်သန်လို့ မရတဲ့ အခါကျတော့ တခြားအလုပ်တွေ လုပ်နေရတယ်။ တခြားနည်းလမ်းနဲ့ ဝင်ငွေရှာနေရတာလည်း ကြားသိရပါတယ်။ ဆရာ၊ ဆရာမတွေကိုတော့ အပြစ်မပြောလိုပါဘူး။ ဒါပေမဲ့ ကျူရှင်ယဉ်ကျေးမှု လွှမ်းမိုးနေတာဟာ တိုင်းပြည်အတွက် အင်မတန်စိုးရိမ်စရာကောင်းပါတယ်။ ပုဂ္ဂလိက လွတ်လပ်ခွင့်ပေးလိုက်ရင် ကျူရှင်ယဉ်ကျေးမှု တဖြည်းဖြည်းနဲ့ ပပျောက်သွားမယ်လို့ မျှော်လင့်ပါတယ်" ဟု ဦးသိန်းနိုင်က အကြံပြုသည်။

မြန်မာ့ပညာရေးအနာဂတ်ကို ကြီးကြီးမားမား ခြိမ်းခြောက်နေသော အခြေအနေနှစ်ရပ်ကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရတစ်ရပ်တည်းကို မျှော်လင့်နေ၍ မဖြစ်နိုင်တော့ဘဲ နိုင်ငံတကာအကူအညီများ၊ ရပ်ရွာလူထုနှင့် ပညာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဘဏ္ဍာငွေ ရှာဖွေသုံးစွဲခွင့်နှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်တို့ လိုအပ်လာနေခြင်း ဖြစ်သည်။

ထို့အပြင် ငွေကြေးခနအင်အားကြီးမားသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ပညာရေး အပြောင်းအလဲအတွက် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်မည်ဆိုပါက ပညာရေးဖွံ့ဖြိုးတိုးတက်မှုပိုမိုလျင်မြန်လာနိုင်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်လျက်ရှိသည်။

လက်ရှိချိန်တွင် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲအတွက်စီးပွားရေးလုပ်ငန်းရှင်ကြီးများသည်နိုင်ငံခြားသားဘောလုံးကစားသမားများ ငှားရမ်းခြင်း၊ ပြည်တွင်းဘောလုံးကစားသမားများအား လစာငွေမြင့်မားစွာ ပေးထားခြင်းနှင့် ဘောလုံးအသင်းလည်ပတ်မှုစရိတ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်းနှင့်ချီ၍ အသုံးပြုထားကြသည်။

မြန်မာ့ပညာရေးတွင် ငွေကြေးအကျပ်တွေ့နေမှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယပါမောက္ခချုပ်တစ်ဦးက "အဓိကက ငွေပဲကွ၊ ငွေမရှိရင် ဘာမှ လုပ်လို့မရဘူး။ COE (Centre of Excellence) ဆိုတာက ဆိုင်း ဘုတ်ကောက်တပ်လိုက်လို့ရတယ်။ ဒါပေမဲ့ဘယ်မှာလဲငွေက။ အခုအစိုးရကိုပဲ အားကိုးနေလို့မရတော့ဘူး။ ငွေကြေးချမ်းသာတဲ့သူတွေရဲ့ ပံ့ပိုးမှုကို လိုအပ်နေတယ်"ဟု ဆိုသည်။

## အခြေခံပညာဦးစီးဌာနများရှိ ပညာရေးဌာနများ ဖွဲ့စည်းပုံပြောင်းလဲ၍ ရာထူးနေရာသစ်များ တိုးမြှင့်သတ်မှတ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ–၂၁**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနများလက်အောက်ရှိပညာရေးဌာနများကို တိုးချဲ့ဖွဲ့စည်းရန်၊ ရာထူးနေရာသစ်များ တိုးချဲ့ခန့်ထားရန်၊ ရာထူးများ တိုးမြှင့်သတ်မှတ်ပေးရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများကို တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများအဖြစ်သို့ ပြောင်းလဲခေါ်ဝေါ်ရန် သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

မြို့နယ်ပညာရေးမှူးရုံးများကို တိုးချဲ့ဖွဲ့စည်း၍ ခရိုင်ပညာရေးမှူးရုံးများကို အသစ်ဖွဲ့စည်းမည်ဖြစ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများတွင် ယခင်က ဒုတိယညွှန်ကြားရေးမှူးထိသာ အမြင့်ဆုံးရှိခဲ့သော်လည်း ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများတွင် ညွှန်ကြားရေးမှူးရာထူးထိ ရရှိနိုင်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးတာဝန်ယူထားသူကပြောသည်။

"အရင်က တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ပြည်နယ်ပညာရေးမှူးရုံးလို့ ခေါ်တယ်။ အခု အဲ့ဒီလို မခေါ်တော့ဘူး။ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးလို့ ခေါ်မယ်။ ညွှန်ကြားရေးမှူးအဆင့်ဖြစ်သွားတာပေါ့။ အရင်တုန်းက တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာ အမြင့်ဆုံး ရာထူးက ဒု-ညွှန်မှူး၊ တချို့ဒေသတွေဆို လက်ထောက်ညွှန်မှူး၊ အခုဆိုရင် အကုန်လုံး ညွှန်ကြားရေးမှူးအဆင့် ဖြစ်သွားပြီ။ လူ အင်အား၊ ရာထူး၊ လစာ၊ ပရိဘောဂရော အဆောက်အအုံရော၊ ရုံးအသုံးအဆောင်ပါ အကုန်လုံးဖြည့်ပေးမယ်"ဟု၎င်းကဆိုသည်။

ထို့ပြင် ပညာရေးဌာနများ၏ ဖွဲ့စည်းပုံကို တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ၊ လက်ထောက်အင်ဂျင်နီယာ စသည့် ရာထူးတာဝန်များ အသစ်ခန့်အပ်ထားရှိတော့မည်ဖြစ်ကြောင်း သိရသည်။

"ဖွဲ့စည်းပုံတွေ တိုးချဲ့ပေးလိုက်တယ်။ အရင်တုန်းက ပညာရေးမှာ မရှိတဲ့ ရာထူးမျိုးတွေပေါ့။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို AကနေEထိ ဖွဲ့စည်းပုံတွေ အဆင့်ဆင့်ခွဲပေးတယ်။ ကျောင်းအရေအတွက် များရင်များသလို အုပ်ချုပ်တဲ့သူနဲ့ ရာထူးများများပေးတာပေါ့။ ရုံးချုပ်မှာပဲရှိတဲ့ ရာထူးနဲ့ အလုပ်တာဝန်တွေကို ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကိုပါ ချထားပေးလိုက်ပြီ။ နောက်တစ်ခါကျောင်းတွေဆောက်ရတဲ့အတွက်ကလေးတွေရဲ့အသက်အန္တရာယ်ကင်းဖို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို လက်ထောက်အင်ဂျင်နီယာ ရာထူးနေရာတွေ ချထားပေးလိုက်ပြီ။ သက်ဆိုင်ရာဒေသမှာကျောင်းတွေဆောက်တဲ့အခါမှာကြီးကြပ်ဖို့အတွက်ပေါ့"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပညာရေးဌာနများ အသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရာထူးနေရာသစ်များ တိုးမြှင့်သတ်မှတ်ပေးလိုက်ခြင်းကြောင့် အခြေခံပညာအဆင့်တွင် စီမံရေး၊ ကြီးကြပ်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ ပညာရေးဝန်ထမ်းအရေအတွက် မြင့်တက်သွားမည်ဖြစ်ပြီး ယခင်က ပညာရေးဝန်ထမ်းဆယ်ဂဏန်းမျှသာရှိသောဌာနများသည် ယခုအခါပညာရေးဝန်ထမ်းရာဂဏန်းထိရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။


# Technology

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## iOS 6 မြေပုံကဏ္ဍ တိုးတက်အောင် လုပ်ဆောင်သွားမည်ဟု Apple ကတိပြု

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ-၂၃**

အိုင်ဖုန်းအသစ်များတွင် ပါဝင်သည့် မြေပုံရှာဖွေမှုကို ဆက်လက်တိုးတက်အောင်လုပ်ဆောင်သွားမည်ဟု Apple ကုမ္ပဏီက ကတိပြုပြောကြားပြီး ယင်းကဏ္ဍကို ယခုမှစတင်ခြင်းဖြစ်သည်ဟုလည်း ဝန်ခံပြောကြားသည်။



မြေပုံရှာဖွေမှုအသစ်အား ယခုရက်သတ္တပတ်အတွင်း iOS 6 နှင့်အတူ မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး iPhone များ၏ မူရင်းဆော့ဖ်ဝဲအဖြစ်ထည့်သွင်းထားသည်။ ယင်းမှာ ဂူးဂဲလ်မြေပုံကဏ္ဍကို အစားထိုးခဲ့ခြင်းဖြစ်သော်လည်း ကြီးမားသော အမှားအယွင်းများ ချန်လှပ်ခဲ့မှုများအတွက် ဝေဖန်ခံရသည်။

မြို့များ ပျောက်ဆုံးနေခြင်း၊ မတိကျမပြည့်စုံသော ဒေသခံစီးပွားရေးလုပ်ငန်းအချက်အလက်များနှင့် အခြားပြဿနာအများအပြား ကြုံတွေ့ရကြောင်း ဖုန်းပိုင်ရှင်များက ပြောကြားသည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် Apple ကုမ္ပဏီမှ ပြောခွင့်ရအမျိုးသမီးတစ်ဦးက မြေပုံရှာဖွေမှု App ကို တိုးတက်အောင် လုပ်ဆောင်ရဦးမည်ဟု ညတွင်းချင်းဝန်ခံခဲ့သည်။

"မြေပုံဝန်ဆောင်မှုကို အရေးပါတဲ့ အစပျိုးလုပ်ငန်းတစ်ရပ်အနေနဲ့ စတင်ဖော်ထုတ်လုက်တာပါ။ ကျွန်မတို့ ဒါကို လုပ်တာအစပဲ ရှိပါသေးတယ်" ဟု မစ္စက်ထရူဒီမူလာက ပြောကြားပြီး "ကျွန်မတို့ ဒါကို အဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်နေပါတယ်။ Maps တွေဟာ Cloud အခြေခံအဖြေတွေ ရရှိနိုင်တာမို့ လူများများသုံးလာလေ၊ ပိုကောင်းလေ ဖြစ်လာမှာပါ" ဟု Apple မှ ပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။ *—Ref: Today*

## မိုဘိုင်းဖုန်းတွင် ကစားနိုင်မည့် မြန်မာဂိမ်းတစ်ခု မကြာမီ ဖြန့်ချိမည်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

Android နှင့် iOS Platform စနစ်အသုံးပြု မိုဘိုင်းဖုန်းများတွင် ကစားနိုင်မည့်မြန်မာဂိမ်းတစ်ခုကို စင်ကာပူနိုင်ငံ အခြေစိုက် Rival Edge Pte Ltd မှ မြန်မာကွန်ပျူတာပညာရှင်များက ရေးဆွဲထားပြီဖြစ်ပြီး ယခုလနောက်ဆုံးပတ်အတွင်း Apple Store ပေါ်တွင် စတင်ဖြန့်ချိမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အခမဲ့ ရယူနိုင်မည့် မိုဘိုင်းဂိမ်းဖြစ်သည့် အဆိုပါ ဂိမ်းအမည်မှာ တေက်ပြားဖြစ်ပြီး အချိန်ပြည့် ပြေးလွှားလှုပ်ရှားနေရပြီး မိုင်ပေါင်းမည်မျှပြေးနိုင်သည်။ ပြေးခဲ့သည့် လမ်းတစ်လျှောက် ရွှေထုတ်မည်မျှ ရရှိသည်ဆိုသည့် အချက်များကို ထည့်သွင်းရေးဆွဲထားသည့် ဂိမ်းအမျိုးအစားတစ်ခုဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးအောင်စည်သူကျော်က ပြောသည်။

Android နှင့် iOS Platform စနစ်ရှိ မိုဘိုင်းဖုန်းများပေါ် တွင် ကစားနိုင်သော Temple Run နှင့် Jetpack Joyride ကဲ့သို့ အချိန်ပြည့် ပြေးလွှားနေရသည့် ဂိမ်းအမျိုးအစားများနှင့် ဆင်တူသည့် တေက်ပြားဂိမ်း၏ ထူးခြားချက်မှာ နောက်ခံတီးလုံးကို တေက်ပြားဂိမ်း၏ ဇာတ်ကောင် လှုပ်ရှားမှုပေါ် အခြေခံပြီး မြန်မာ့ရိုးရာဆိုင်းတီးလုံးဖြင့် ဖန်တီးထားခြင်းဖြစ်သည်။

နိုင်ငံတကာရှိ မြန်မာများ ကစားနိုင်ရန်အတွက် သီးသန့်ရေးဆွဲထားသည့် တေက်ပြားဂိမ်းတစ်ခုလုံးသည် မြန်မာဘာသာများဖြင့်သာ ပါရှိမည်ဖြစ်ပြီး 2D Platform ပေါ်တွင် ကစားနိုင်မည်ဖြစ်သည်။

တေက်ပြားဂိမ်းသည်နောက်ဆုံးအဆင့်မရှိဘဲ တစ်ချိန်ချိန်တွင် ဇာတ်ကောင် သေဆုံးမည်ဖြစ်သည်။ အဓိက ကစားရမည်မှာ မိုင်ပေါင်းမည်မျှပြေးနိုင်ပြီး ငွေထုပ်ပေါင်း၊ ရတနာတုံးပေါင်း၊ ရွှေပြားပေါင်းမည်မျှ ရှာနိုင်သည်ဆိုသည့် အချက်ဖြစ်သည်။

မြန်မာကွန်ပျူတာပညာရှင်များ ရေးဆွဲထားသည့် တေက်ပြားဂိမ်းသည် စတင်ထွက်ရှိပြီး လအနည်းငယ်အကြာတွင် ပိုမိုအဆင့်မြင့်တင်ထားသည့် ဗားရှင်းအဖြစ် ဆက်လက်ထွက်ရှိလာမည်ဟု သိရသည်။ **စာ(၂၄)သို့**

## ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီရင်း အမြတ်အစွန်းရနိုင်ကြောင်း နိုင်ငံတကာ ဆက်သွယ်ရေးအဖွဲ့အကြီးအကဲပြောကြား



**နယူးယောက်၊ စက်တင်ဘာ-၂၃**


မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကြီးအကျယ်ပြောင်းလဲပေးနိုင်သော အလားအလာများ ပိုင်ဆိုင်ထားကြောင်း နိုင်ငံတကာ တယ်လီဖုန်းဆက်သွယ်ရေးသမဂ္ဂ(ITU) အတွင်းရေးမှူးချုပ်နှင့် Ericsson ဖုန်းကုမ္ပဏီဥက္ကဋ္ဌတို့ပါဝင်ခဲ့သော ဆွေးနွေးပွဲတစ်ရပ်တွင် ITU အကြီးအကဲက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ နည်းပညာအပြောင်းအလဲမှာ အလွန်လျင်မြန်နေသည်ဟု Ericsson ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဟန်းစ်ဗက်စဘာ့ဂ်က ပြောကြားသည်။ ယနေ့အချိန်အခါတွင် လှိုင်းကျယ်ကွန်ရက်ကို အသုံးပြုသူတစ်သန်းသာရှိနေသေးသော်လည်း ၂၀၁၇ ခုနှစ်ခန့်တွင် ယင်းအရေအတွက်မှာ ငါးဘီလီယံအထိ ရှိလာနိုင်သည်ဟု မစ္စတာဟန်းစ်ဗက်စဘာ့ဂ်က ပြောသည်။

ITU အတွင်းရေးမှူးချုပ် ဒေါက်တာဟာမာဒေါင်တိုရေးကလည်း လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း အာဖရိကဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ငွေကြေးအကူအညီနှင့် လှူဒါန်းမှုများ လုပ်ဆောင်ခဲ့သော်လည်း အလုပ်မဖြစ်ကြောင်း ပြောကြားသည်။ ထို့ကြောင့် အာဖရိကတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အကူအညီပေးနိုင်ကြောင်း၊ ယင်းသို့ စီးပွားရေးလုပ်ရင်း အမြတ်အစွန်းရှာဖွေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၀၇ ခုနှစ်တွင် ITU က စည်းရုံးလုပ်ဆောင်ခဲ့သည့် Connect Africa ထိပ်သီးဆွေးနွေးပွဲအကြောင်း ၎င်းက နမူနာပေးပြောကြားပြီး ၂ နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကန်ဒေါ်လာ ၂၇ ဘီလီယံရရှိခဲ့သည်ဟု မစ္စတာ ဟာမာဒေါင်က ပြောကြားသည်။

*—Ref: Yahoo Tech*



## Apple ကုမ္ပဏီပူးတွဲတည်ထောင်သူ iPhone 5 ကို တန်းစီဝယ်ယူ

**ဆစ်ဒနီ၊ စက်တင်ဘာ-၂၁**

စက်တင်ဘာ ၂၁ ရက်က iPhone 5 စတင်ရောင်းချချိန်ကစ၍ ကမ္ဘာတစ်ဝန်း အက်ပဲလ်ပရိသတ်များသည် ညပေါင်းများစွာ တန်းစီ နေရာယူဝယ်ယူခဲ့ကြကြောင်း အရာရှိများက ပြောကြားသည်။Apple ကုမ္ပဏီကို ပူးတွဲတည်ထောင်ခဲ့သူ စတိဗ်ဝေါ်ဇနီယက်တစ်ယောက်လည်း ဩစတြေးလျနိုင်ငံ လူတန်းတစ်ခုထဲ စောင့်ဆိုင်းနေခဲ့ သည်။

မစ္စတာ ဝေါ်ဇနီယက်သည် ကွင်းစလန်မြို့ အက်ပဲလ်စတိုးတွင် ညအိပ်စောင့်ဆိုင်းခဲ့ပြီး iPhone 5 အဖြူတစ်လုံးနှင့် အမည်းတစ်လုံး ဝယ်ယူသွားခဲ့သည်။

"အနက်ရောင်လေး ဝယ်မယ်လို့ စိတ်ကူးပြီး တန်းစီးနေခဲ့တာ အခုတော့ အဖြူလေးကို ပိုကြိုက်နေတယ်"ဟု ဝေါ်ဇနီယက်က ပြောသည်။


အက်ပဲစတိုးဝန်ထမ်းများနှင့်အတူတွေ့ရသော စတိဗ်ဂေါ်ဇနီယက်

မစ္စတာဝေါ်ဇနီကက်သည် Apple ကုမ္ပဏီအားစတိဗ်ဂျော့ဘ်နှင့်အတူ ၁၉၇၆ ခုနှစ်တွင် ပူးတွဲတည်ထောင်ခဲ့သူဖြစ်ပြီး စီးပွားရေးကိစ္စများဖြင့် ဩစတြေးလျတွင်ရောက်ရှိနေခြင်းဖြစ်ကာ ၎င်းသည် ဂီတပွဲတော်တစ်ခုသို့လည်း တက်ရောက်မည်ဖြစ်သည်။

ဤမျှလောက် လူအများအပြား iPhone 5 ကို ဝယ်ယူလာလိမ့်မည်ဟု ကြိုတင်မျှော်မှန်းမထားပါကြောင်း Apple ကုမ္ပဏီက ပြောကြားသည်။ ဆစ်ဒနီမြို့တွင် iPhone 5 ဝယ်ယူလိုသူများမှာ သုံးရက်ခန့် ညအိပ်စောင့်ဆိုင်းခဲ့ကြကြောင်း သိရသည်။

—*Ref: UPI*




### စာ(၂၃) - မိုဘိုင်းဖုန်းတွင် ကစားနိုင်မည့် မြန်မာဂိမ်းတစ်ခု မှ

ကမ္ဘာ့ကျော်အွန်လိုင်းစတိုးဖြစ်သည့် Apple Store ပေါ်တွင် ယခုနောက်ပိုင်း မြန်မာ Developer များရေးဆွဲသည့်ဂိမ်းများသည် ခပ်စိပ်စိပ် ရယူအသုံးပြုလာနိုင်ကြသည်ဟု ပြည်တွင်း ပြည်ပ အွန်လိုင်းကျွမ်းကျင် အသုံးပြုသူများထံမှ သိရသည်။

**TRADEMARK CAUTION**

Tjioe Budi Yuwono (Indonesian citizen) and having its address at Pluit Timur Blok I Selatan/42, R.T.003, R.W. 009, Kelurahan Pluit, Kecamatan Penjaringan Kotamadya Jakarta Utara, Indonesia is the Owner and Sole Proprietor of the following Trademarks:-

**Reg : No.4/3902/2004**

In respect of : "Fruit drinks and fruit juices; syrups; energy drinks (non-medicated) and other preparations for making beverages; non-alcoholic beverages; mineral and aerated waters, soft drinks and all goods in class 32".

**Reg : No.4/3903 /2004**

In respect of : Health drinks, isotonic drinks and energy drinks (medicated); pharmaceutical preparations, medicines for human purposes, vitamins, herbs (medicinal), tea (medicated); ointments and balms, health supplements being beverages for medical purposes, medicinal drinks to cure inner body heat, medicinal drinks to cure ulcer or stomach aches; medicinal drinks to cure throat; medicinal drinks to cure digestic disorder, dietetic substances adapted for medical use, food for babies, royal jelly beverages for medical purposes; in class 5.

Fruit drinks and fruit juices; syrups; energy drinks (non-medicated) and other preparations for making beverages, non-alcoholic beverages, mineral and aerated waters, soft drinks in class 32.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 27.Sept.2012



ဓာတ်ပုံ-ဇေယျာမောင်မောင်(အေအက်ဖ်ပီ)

ပြီးခဲ့သည့်ဩဂုတ်လက ဧရာဝတီတိုင်း သာပေါင်းမြို့နယ်အတွင်း ရေကြီးမှုမြင်ကွင်း

# ၂၀၁၂ ခုနှစ်ရဲ့ ရာသီဥတုကို နောက်ပြန်လှည့်ကြည့်ခြင်း

မောင်ထွန်းလွင် (မိုးလေဝသ)

### နာမည်ကြီး ၂၀၁၂

ရာသီဥတုတွေနဲ့မပတ်သက်ဘဲ ၂၀၁၂ ခုနှစ်ဟာ နဂိုကတည်းက နာမည်ကြီးလှပါတယ်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၁) ရက်နေ့မှာ 'ကမ္ဘာကြီး ပျက်တော့မယ်' တဲ့။ Doomsday လို့အမည်တွင်ခဲ့တဲ့ ကိစ္စပေါ့။ အခုအထိဒီကိစ္စကသတ်မှတ်ကာလ မကုန်သေးပါဘူးဗျာ။ ကမ္ဘာကြီးမှာ ငလျင်ကြီးတွေ လှုပ်တာ၊ ရေလှိုင်းကြီးတွေ တက်တာ၊ မီးဟုန်းဟုန်း တောက်တာ၊ လူတွေသန်းပေါင်းထောင်ချီ သေဆုံးရတာ၊ ကမ္ဘာကြီးလည်ပတ်မှု ရပ်သွားတာ စတာတွေ ဘာမျှထူးထူးခြားခြား မဖြစ်သေးပေမယ့် ကမ္ဘာကြီးရဲ့ ရာသီဥတုနဲ့ မြန်မာပြည်ရဲ့ ရာသီဥတုတွေကတော့ အသီးသီး စံချိန်တွေ တင်ခဲ့ကြပါပြီ။ ရာသီဥတုပြောင်းလဲခြင်းမှာ အဓိကအကြောင်းတရားဖြစ်တဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချကြဖို့ တစ်ကမ္ဘာလုံး ဝိုင်းဝန်းကြိုးပမ်းလာခဲ့ကြတာ နှစ်ပေါင်း(၂၀)ကြာခဲ့ပြီဖြစ်ပါတယ်။ အများသဘောတူညှိနှိုင်းမှုရထားတာကတော့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု Level ကို 350 PPNV အများဆုံးအဆင့် သတ်မှတ်ထားခဲ့ကြပါတယ်။ အဲ. . ၂၀၁၂ခုနှစ်၊ဇွန်လ(၆)ရက်နေ့မှာတော့ ကမ္ဘာကြီးရဲ့ ပျမ်းမျှကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ အလာစကာဒေသမှာ ကမ္ဘာ့သမိုင်းမှာ ပထမဆုံးအကြိမ် အဖြစ် 400 PPNV ကို ကျော်လွန်သွားခဲ့ပါတယ်။ ဒါဟာကမ္ဘာသက်တမ်းနှစ်သန်း ၄၅၀၀ မှာပထမဆုံး အကြိမ်ဖြစ်ပါတယ်။

### တို့လည်းလိုက်မယ် ချန်မထားနဲ့

၂၀၁၂ မှာ ကမ္ဘာကြီးက ဒီလိုတခမ်းတနားစံချိန်တွေချိုးနေမှတော့ ကျွန်တော်တို့ကလည်း 'တို့လည်းလိုက်မယ်ချန်မထားနဲ့' ပေါ့ဗျာ။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လထဲမှာပဲ ဂျာမနီအခြေစိုက် ရာသီဥတုနဲ့ သဘာဝဘေးကျရောက်မှုဒဏ်လေ့လာရေးအဖွဲ့တစ်ဖွဲ့ရဲ့စစ်တမ်းကောက်ချက်အရ ကမ္ဘာကြီးမှာ သဘာဝဘေးဒဏ်ကျရောက်မှု အဆိုးဝါးဆုံးခံစားရတဲ့ (၁၀) နိုင်ငံမှာ မြန်မာနိုင်ငံဟာ ဒုတိယ အဆိုးဆုံးနိုင်ငံ ဖြစ်ပါသတဲ့။ ဒါတင်ပဲလားဆိုတော့ ၂၀၁၂ ရဲ့ ထူးခြားမှုတစ်ခုကိုလည်း နှစ်စကတည်းက တွေ့ခဲ့ကြရပါတယ်။ အဲဒါကတော့ ၂၀၁၂ ခုနှစ်ရဲ့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလများအတွက် မိုးလေဝသခန့်မှန်းချက်တွေ အစဉ်အလာအတိုင်း ထုတ်ပြန်ဖို့လုပ်တော့ ၂၀၁၂ ခုနှစ်အတွက် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လနဲ့ စက်တင်ဘာလတွေ (မိုးရာသီကာလတွေ) အတွက် ခန့်မှန်းချက်က အရင်ကလို မိုးပိုမယ်၊ လျှော့မယ်ပုံမှန်အတိုင်းရှိမယ် ဆိုတာမျိုးမဟုတ်ဘဲ 'ရာသီဥတုအခြေအနေတွေရ ဖြစ်ပါလိမ့်မယ် (Climatological)' လို့ ခန့်မှန်းထားပါတယ်။ ဆိုလိုတာကတော့ 'မိုးပိုမယ်၊ လျှော့မယ်၊ ပုံမှန်ရှိမယ်ဆိုပြီး တစ်စုံတစ်ခုကို တိတိကျကျ စွဲမြဲပြောဖို့ ခိုင်လုံတဲ့ အထောက်အထား ဘာတစ်ခုမျှ မတွေ့ရပါ' လို့ဖွင့်ဆိုထားပါတယ်။ ဒါဟာလည်း ရာသီဥတု ခန့်မှန်းရေးမှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ပြောရရင်တော့ လက်ရှိအခြေအနေဟာ ရာသီဥတု ဖောက်ပြန်မှုတွေ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာလို့ ခန့်မှန်းရေးလုပ်ငန်းတွေတောင် တော်တော်ခက်ခဲလာနေပြီဆိုတဲ့သဘောပါပဲ။ ပြောထားခဲ့တဲ့ တိုင်းပဲ ၂၀၁၂ မြန်မာနိုင်ငံ ရာသီဥတုဟာ မြန်မာနိုင်ငံမြောက်ပိုင်း၊ ကမ်းရိုးတန်း မြစ်ဝကျွန်းပေါ်ဒေသနဲ့ တောင်ပိုင်းဒေသတွေမှာ နေ့စဉ်ရက်ဆက် တစ်နေ့မိုးရေချိန်(၀. ၈)လက်မနှုန်းနဲ့ ပုံမှန်ထက် ၅၀ ကျော်နှုန်းနဲ့ ပိုရွာသွန်းနေခဲ့တဲ့ အချိန်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူခရိုင်မှာ မနှစ်အောက်တိုဘာလကစပြီး ဇူလိုင်လအထိ မိုးမရွာတာ (၁၀) လနည်းပါး ရှိနေခဲ့ပါတယ်။ အခုလည်း စက်တင်ဘာလ အကုန်အထိ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်လုံးမှ မဖြစ်သေးပါဘူး။

### ပြန်ပြောဖို့လည်း တော်တော်ခက်တယ်

ရာသီဥတုတွေပုံမှန်မဟုတ်တာ၊ ဖောက်လွဲဖောက်ပြန်ဖြစ်နေတာ နှစ်အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ လေ့လာသူကနည်း၊ နားလည်သူကရှား၊ စိတ်ဝင်စားသူကလည်း မများလေတော့ ဒီပြဿနာမထင်ပေါ် မထင်ရှားတာ ဆန်းတော့ မဆန်းလှပါဘူး။ ဒါပေမဲ့ (၂၁) ရာစုနှစ်ရဲ့ ယနေ့လူသားတွေရဲ့ အကြီးမားဆုံး ဝန်ထုပ်ဝန်ပိုးကြီးနှစ်ခုဟာ ဆင်းရဲမွဲတေခြင်းနဲ့ ရာသီဥတု ပြောင်းလဲခြင်းလို့ ဆိုထားတယ် မဟုတ်လား။ ပိုဆိုးတာက ကျွန်တော်တို့ရဲ့ ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတော်သစ်ကို မျှော်မှန်းအားယူလျှောက်လှမ်းနေတဲ့ ကျွန်တော်တို့ နိုင်ငံဟာ ကံမကောင်းချင်တော့ ဒီပြဿနာကြီး နှစ်ခုလုံးရဲ့ ဒဏ်ပိနေရပါတယ်။ ပြောရရင်တော့ ဒီနှစ်ခုနဲ့တောင် မကပါဘူး။ ကျွန်တော်တို့ နိုင်ငံက ဒီပြဿနာကြီးနှစ်ခုအပြင် နောက်ဝန်ထုပ်ကြီး တစ်ခုကလည်းပိနေပါသေးတယ်။ အဲဒီတတိယဝန်ထုပ်ကြီးကတော့ နှစ်ပေါင်း(၆၀)လောက်ကြာလာပြီဖြစ်တဲ့ ပြည်တွင်း မငြိမ်းချမ်းမှုပဲဖြစ်ပါတယ်။ ခက်တာက အဲဒီပြဿနာ(၃)ခု အထဲမှာ လူသိအနည်းဆုံး ဒါမှမဟုတ် လူလျစ်လျူရှု အခံရဆုံး ပြဿနာကတော့ ရာသီဥတုပြောင်းလဲမှုပြဿနာပဲဖြစ်ပါတယ်။ ဒီရာသီဥတုပြောင်းလဲမှုအလုပ်ကိုနှစ်(၅၀)ကျော်ကြာလုပ်လာရတဲ့ သူတစ်ဦးအဖို့ ဒီပြဿနာတွေကိုတွေ့နေရပေမယ့် 'အ. အ. . အိပ်မက်မက်သလို၊ ပြန်ပြောဖို့ပြောရခက်'လှပါတယ်။

### ပိလာတဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်တွေ

အမှန်တော့ မြန်မာနိုင်ငံမှာ ရာသီဥတု ပြောင်းလဲမှုကို ကြုံတွေ့လာနေခဲ့တာ ၁၉၇၈ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ အဓိကကတော့ မုတ်သုံရာသီဥတုတွေမှာ ဖောက်ပြန်ပြောင်းလဲ လာခဲ့တာဖြစ်ပါတယ်။ မုတ်သုံရာသီလေ ဖောက်ပြန်တယ်ဆိုတာ မုတ်သုံဆိုင်ရာ အချက်အလက်တွေ ဖြစ်တဲ့ မုတ်သုံလေ အဝင်အထွက်၊ မုတ်သုံကာလအတိုအရှည်၊ မုတ်သုံလေအင်အား အတက်အကျ၊ မုတ်သုံမုန်တိုင်း အနည်းအများ၊ မုတ်သုံမိုး အတိုးအလျော့ စတာတွေ အားလုံး ပြောင်းလဲလာတာ ဖြစ်ပါတယ်။ အတိုချုပ်ရရင် မုတ်သုံလေဟာ အဝင်မှာနောက်ကျအထွက်မှာ စောလာလို့ မုတ်သုံကာလ တစ်လကျော်လောက် ပျောက်သွားတယ်။ မုတ်သုံလေအင်အားတွေ ထက်ဝက်လောက်လျော့ကျသွားခဲ့တယ်။ မုတ်သုံမုန်တိုင်းတွေ ၄၀ လောက် ပျောက်သွားခဲ့တယ်။ တချို့နှစ်တွေမှာ မုတ်သုံမုန်တိုင်းတွေ မိုးတွင်းကာလတစ်ခုလုံးတစ်လုံးမှ မဖြစ်တော့ဘူး။

ဒီတော့မုန်တိုင်းဖြစ်မှမိုးရတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းလိုဒေသမျိုးတွေ ဒီနှစ်ကြုံရသလို မိုးခေါင်မှုဒဏ်ကြုံကြရတယ်။ မုတ်သုံကာလမှာ မုတ်သုံလေမမှန်တော့ မုတ်သုံတိမ်တွေအဖြစ်နည်းလာတယ်။ မုတ်သုံတိမ်တွေ အဖြစ်နည်းလာတော့ အကာအကွယ်မဲ့တဲ့ ကောင်းကင်ကနေနေရောင်ခြည်အပူဓာတ်တွေ ပိုရလာစေတယ်။ ဒီတော့ ပြဿနာနှစ်ရပ် တိုးလာတယ်။ အပူဓာတ်တွေတိုးလာတော့ မိုးတွင်းကာလကြီးမှာ ရေငွေ့အမြဲရှိနေတဲ့လေထုမှာတိုးလာတဲ့အပူဓာတ်တွေကြောင့် မိုးတိမ်တောင်တွေ မိုးတွင်းကြီးမှာ အဖြစ်များလာတယ်။ အရင်တုန်းက မိုးတွင်းမှာ ဖြစ်လေ့မရှိဘူး။ အခုတော့ မိုးတိမ်တောင်တွေဟာ မိုးကြို၊ မိုးတွင်း၊ မိုးလွန် အားလုံးအနှံ့ဖြစ်နေပြီ။ ဒီတော့ မိုးတိမ်တောင်ကဖြစ်တဲ့ နေရာကွက်မိုးကြီးတာတို့၊ မိုးကြိုးပစ်တာတို့၊ လေဆင်နှာမောင်းတိုက်တာတို့ဆိုတာတွေဟာ ၂၀၀၆ ခုနှစ်ကစပြီး၊ အဖြစ်များလာလိုက်တာ အသေအပျောက်ကချည်း နှစ်စဉ် ရာချီနေပါတယ်။ မုန်တိုင်း ဝင်တာချည့် ၂၀၁၁ ခုနှစ်အထိ (၆)နှစ်ဆက်တိုက် ရှိနေပြီ။ ဒါတောင် ၂၀၁၂ ခုနှစ်က စာရင်း မချုပ်ရသေးပါဘူး။ ရွာတဲ့မိုးတွေကလည်း နေရာအားဖြင့် အချိန်အားဖြင့် မျှတမှုမရှိဘဲ စုစည်းရွာသွန်းနေတာများတော့ ရွာတဲ့နေရာက ရေကြီး၊ မရွာတဲ့နေရာက မိုးခေါင်။ ရွာတဲ့အချိန်မှာ သွန်ချသလိုရွာ၊ မရွာတဲ့ အချိန်မှာ မိုးက 'လာပါတော့၊ မာလာကြော့၊ အခါအခါမော့မျှော်ပေါ့ မိုးရာသီ' လို့ တနေရမတတ်ပါပဲ။ ပြောင်းလဲလာနေတဲ့ရာသီဥတုကြောင့် ဖောက်ပြန်လာတဲ့ရာသီဥတုတွေနဲ့ တိုးပွားလာတဲ့ ရာသီဥတု သဘာဝဘေးတွေကြောင့် ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့ ကျေးလက် ဖွံ့ဖြိုးရေးဆိုတာတွေဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ဖြစ်တဲ့ တောင်သူလယ်သမားတွေ အတွက်တော့ စိတ်ကူးယဉ်ဆန်နေမလားပဲ။

### လျစ်လျူရှုလို့ မရတဲ့အရာ

ဒါပေမဲ့လည်း ခက်တာက လောကမှာ ချစ်ချင်ချစ်မယ်။ မုန်းချင်လည်းမုန်းမယ်။ ဒါပေမဲ့လို့ ပစ်ပယ်လို့တော့ မရဘူးဆိုတဲ့ အရာတွေရှိနေတတ်ပါတယ်။ အဲဒီထဲမှာ ထိပ်ဆုံးကပါနေတဲ့ အရာကတော့ ရာသီဥတုပြောင်းလဲခြင်းပဲဖြစ်ပါတယ်။ တစ်လောက အသိမိတ်ဆွေ တစ်ဦးရဲ့ ရုံးခန်းမှာ အီးယူ(EU)က လာတဲ့ ကိုယ်စားလှယ်တစ်ဦးနဲ့ ဆွေးနွေးပွဲ တက်ဖြစ်ပါတယ်။ အဲဒီကိုယ်စားလှယ်က အီးယူအနေနဲ့ မြန်မာနိုင်ငံအတွက် ရန်ပုံငွေ ယူရိုလေးသန်းထောက်ပံ့မယ့် ကိစ္စရှင်းပြပါတယ်။ သူတို့ရဲ့လုပ်ငန်းရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ရာသီဥတုပြောင်းလဲမှုကို ဆက်စပ်ထည့်သွင်းဆောင်ရွက်မှု ဖွံ့ဖြိုးဖို့ဖြစ်ပါတယ်တဲ့။ မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုကဏ္ဍဟာ ဘယ်လောက်အရေးပါနေပြီဆိုတာကို ဥရောပက လူတွေတောင် သိနေကြပါပြီဆိုတဲ့သဘောပဲ မဟုတ်ပါလား။


### ပြောစရာတော့ ဖြစ်နေရပြီ

ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ် ဩဂုတ်လထဲမှာ( ADB- Asia Development Bank ) က မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ 'အသွင်ခေတ်ကူပြောင်းနေသော မြန်မာပြည် အခွင့်အလမ်းများနဲ့ စိန်ခေါ်မှုများ ( Myanmar in Transition: Opportunities and Challenges)' ဆိုပြီး ထွက်လာပါတယ်။ အဲဒီအထဲမှာ မြန်မာပြည်နဲ့ ပတ်သက်ပြီး ဖော်ပြထားတာတွေထဲက တစ်ခုကတော့ 'ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ကိုဦးတည်ပြောင်းလဲလာတဲ့ မြန်မာနိုင်ငံဟာ လက်ရှိကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်တွေနဲ့ ပြည်တွင်းမငြိမ်သက်မှုတွေကြောင့်ဖွံ့ဖြိုးရေးလမ်းကြောင်းမှ လမ်းချော်သွားနိုင်ပါတယ်' လို့ ဖော်ပြထားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်လို့ လေ့လာမှုတွေ အားနည်းလွန်းလှပါတယ်။ အရေးကြီးပြီး အရာမရောက်တဲ့ အခြေအနေမှာ ရှိနေဆဲပါ။ ခက်တာက အဓိက တာဝန်ယူဆောင်ရွက်ရမယ့် အသိုင်းအဝိုင်းထဲမှာကိုက ဒီကိစ္စဟာ ထဲထဲဝင်ဝင် မရှိသေးတာပါပဲ။ တကယ်တော့ ဒီကိစ္စအတွက် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပံ့ပိုးမှု( Political Support) တွေ၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု (Good Management) တွေ၊ အဖွဲ့အစည်းတွေရဲ့ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ( Cooperation and Coordination) တွေ အရေးတကြီး အများကြီးလိုအပ်နေကြောင်းပါဗျာ။ ॥

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# မြို့ပြနှင့် အိမ်ရာ

မင်းသန်းထိုက် (ဒေးဒရဲ)



လွန်ခဲ့သည့် အနှစ် ၂၀ ကျော်က အဖြစ်အပျက်တစ်ခုကို သတိရမိသည်။ ပန်းရန် အလုပ်သမားတစ်ယောက်က ဘိလပ်မြေအိတ်ကို ပါကင်မပျက်အောင်ဖောက်။ ပြီးတော့ ညက်မှုန့်နေအောင် ထောင်းထားသည့် ရွှံ့မှုန့်နဲ့ရောပြီး တစ်အိတ်ကိုနှစ်အိတ်လုပ် ပြန်ရောင်းလို့ ဝယ်မိတဲ့အိမ်ရှင်က ဘိလပ်မြေအိတ်ကိုပါ တရားရုံးမှာ သက်သေတင်ပြီး တရားစွဲခဲ့တာ တရားသူကြီးက ထိုပန်းရန်သမားကို နောင်မလုပ်ဖို့ သတိပေးဆုံးမပြီး ဒဏ်ရိုက်လွှတ်လိုက်သည်။ အမှုက ဘိလပ်မြေအတုလုပ်မှု။ လုပ်တာကလည်း စီးပွားဖြစ်လုပ်ခြင်းမဟုတ်။ သောက်ဖို့၊ စားဖို့လေးရအောင် တစ်အိတ်၊ နှစ်အိတ်လုပ်ခြင်းလည်းဖြစ်ပြန်။ ဘာမှ မသိနားမလည်သည့် အောက်ခြေပညာမဲ့လည်းဖြစ်ပြန်မို့တရားသူကြီးက သနားညှာတာကာ ဒဏ်ငွေလောက်ရိုက်ပြီး ဆုံးမ လွှတ်လိုက်ခြင်းဖြစ်၏။ ဩော် ဘိလပ်မြေအတုတဲ့။ ပန်းရန်သမားနှယ်ညှံ့လိုက်ပါဘိ။ သွားရောင်းတဲ့အိမ်ရှင်က အရာထမ်းတစ်ယောက်ရဲ့ အိမ်ဖြစ်သည်။ ရွှံ့နှင့် ဘိလပ်မြေ။ ရေနဲ့လောင်းရုံနှင့် သိနိုင်တဲ့ကိစ္စကို။ သည်တုန်းက သည်သတင်းကြားတော့ စိတ်ထဲမှာ ရယ်ချင်ချင် ဖြစ်မိသည်။

ကျွန်တော်တို့ ရပ်ကွက်က အများသုံးသောက်ရေကန်ကြီးကို ကျွဲ၊ နွားများ မဝင်နိုင်အောင် သွပ်ဆူးကြိုးကာမည်ဆိုတော့ ကွန်ကရစ်ကျောက်တိုင်တွေကို ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဆီကို အော်ဒါလှမ်းမှာသည်။ ကိုယ့်ဘာသာ ပုံစံရိုက်ပြီးလောင်းလျှင် ကုန်ကျမည့်စရိတ်ထက် အများကြီးသက်သာနေတာကြောင့် အပင်ပန်းခံပြီး လောင်းမနေတော့ဘဲ ထိုကုမ္ပဏီကိုပင် ကွန်ကရစ်ကျောက်တိုင်တွေ အော်ဒါအပ်လိုက်သည်။ နာဂစ်ဖြစ်၍ ကျောက်တိုင်တွေ လဲကွဲကျိုးပဲ့ကုန်သောအခါ ကျောက်တိုင်အတွင်းက သံချောင်းတွေ ပေါ်မလာဘဲ ဝါးလုံးတွေ ပေါ်လာလေသည်။ ဩော်--ကျောက်တိုင်အတု၊ ကျောက်တိုင်အတု။ ပန်းရန်သမားလုပ်တဲ့ ဘိလပ်မြေအတုလို ရေနဲ့လောင်းကြည့်ရုံနှင့် မသိနိုင်အောင် အတွင်းက အမာခံသံချောင်းနေရာမှာ အတုလုပ်ထားခြင်းဖြစ်၏။ သည်ကျောက်တိုင်အကျိုးအကွဲတွေ မြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ မရယ်ချင်တော့။ ဩော်-လုပ်ရက်လေခြင်းဟုသာ စိတ်မကောင်းဖြစ်မိ၏။

ကျေးလက်နဲ့ မြို့ပြဆက်သွယ်ထားတဲ့ တာရိုးလမ်းကလေးကို လမ်းဇရိယာထပ်ချဲ့ပြီး ထော်လာဂျီလို ယာဉ်မျိုးတွေပါ ရာသီမရွေးသွားနိုင်အောင် လမ်းတိုးချဲ့ပြုပြင်ရေးတွေ လုပ်ကြတော့ လမ်းရဲ့ တစ်နေရာမှာ ချောင်းကူးတံတားတစ်ခုက ဆိုင်ကယ်တစ်စီးသွားသာရုံ အတော့်ကို ကျဉ်းမြောင်းနေသည်။ ဒါနဲ့တင် တံတားဟောင်းကို ဖျက်ပြီး ထော်လာဂျီတစ်စီးကောင်းကောင်းသွားလို့ရမည့် တံတားတစ်ခုပြန်ဆောက်ကြသည်။ သည်မှာတင် တံတားဟောင်း၏ အခင်းကွန်ကရစ်ကျောက်ပြားထဲက သံချောင်းတွေအစား ဝါးလုံးတွေ ထွက်လာသည်။ သံချောင်းတွေကပဲ ကာလကြာတော့ ဝါးလုံးတွေအဖြစ် ဘဝပြောင်းသွားကြလေသလား။ ဝန်လေးတဲ့ ယာဉ်တွေ အသွားအလာ မရှိခဲ့ကြလို့သာ ထိခိုက်အနာတရတွေ မရှိခဲ့ကြခြင်းဖြစ်လေသည်။

7Day News ဂျာနယ် အတွဲ(၁၁) အမှတ်(၂၇)တွင် "မြေငလျင်များအတွက် အဆင်သင့်ဖြစ်နေပြီလား" ဟူသော မျက်နှာဖုံး သတင်းဆောင်းပါးနှင့် အတူ ထိတ်လန့်စရာ ကောင်းသည့် ဓာတ်ပုံတစ်ပုံကို တွေ့လိုက်ရသည်။ တိုက်က ရှစ်ထပ်တိုက်။ သက်တမ်းက သုံးနှစ်မျှသာ ရှိသေး၏။ သို့သော် ဓာတ်ပုံထဲမှာ တွေ့ရသည် နံရံအက်ကြောင်းကြီးက ကြောက်စရာ ကောင်းလှသည်။ မြေညီထပ် အနောက်ဘက်ခြမ်းကြီးကလည်း မြေထဲကို ကျွံကျနေသည်။ သည်လိုကိစ္စတွေ မဖြစ်ခင်ကတော့ သက်တမ်းသုံးနှစ်သာ ရှိသေးသည့် တိုက်ခန်းသစ်များက မိသားစုများအတွက် ဆေးရောင်တပြောင်ပြောင်နှင့် နေချင်စရာ ဖြစ်ခဲ့ပေလိမ့်မည်။ မြေညီထပ်ဆိုတော့ အိမ်ထဲက ထွက်လိုက်တာနှင့် လမ်းမကြီးပေါ် တန်းရောက်။ တက်စရာလည်း မလို၊ ဆင်းစရာလည်း မလို။ ဘယ်လောက်များ အဆင်ပြေလိုက်ပါသနည်း။ ယခုတော့ လက်တစ်ဆုပ်စာ အက်ကြောင်းကြီးနှင့်၊ မြေထဲကို ကျွံကျနေသည့် ၈ ထပ်အဆောက်အအုံကြီးထဲ ဘယ်လိုသတ္တိမွေးပြီး နေကြမည်နည်း။ ဩော်-တိုက်ခန်းအတု၊ တိုက်ခန်းအတု။

ယခုအပတ်ထုတ်သည့် ဂျာနယ်များမှာပဲ ထိတ်လန့်ဖွယ် သတင်းတစ်ပုဒ် နောက်ထပ်ဖတ်ရပြန်သည်။ အမျိုးသမီးငယ်တစ်ဦး ဖုန်းပြောနေစဉ် အရေးပေါ်လှေကားပြုတ်ကျ၍ သေဆုံးသည့်သတင်း။ ဖုန်းက တိုက်ခန်းထဲမှာ လိုင်းမမိတော့ နီးရာ နောက်ဖေးဘက်ထွက်ပြီး လှေကားပေါ်မှာ ရပ်ပြောပါလိမ့်မည်။ လှေကားက မခိုင်တော့ ပြုတ်ကျပြီး အသက်ပါ ဆုံးရသည့် အခြေအနေသို့ ရောက်ရသည်။ နောက်ဆက်တွဲ ဆက်ဖတ်ကြည့်လိုက်တော့ သည်တိုက်ခန်းက ၂၀၀၅-၂၀၀၆ ဝန်းကျင်လောက်ကမှ ဆောက်ထားသည့်တိုက်။ သက်တမ်းအားဖြင့် ခြောက်နှစ်လောက်သာ ရှိသေးတာမို့ တိုက်သစ်ဟုပဲ ပြောရလိမ့်မည်။ သို့သော် တိုက်သစ်တွင် အရေးပေါ်သုံးရန် တပ်ဆင်ထားသောလှေကားက အရေးမပေါ်ခင်မှာပင် လူတစ်ယောက်၏ အသက်ကို ရက်ရက်စက်စက်သတ်ပစ်လိုက်သည်။ ဩော်-လှေကားအတု၊ လှေကားအတု။

အတုတွေ၊ အတုတွေ။ ဘိလပ်မြေအတု၊ ကျောက်တိုင်အတုက လူတွေအများကြီးကို ဒုက္ခမပေးနိုင်။ မြန်မာပြည်မှာ လူနေအထူထပ်ဆုံး စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ အရှေ့ဘက် ကီလိုမီတာ ၃၀ လောက်မှာ စစ်ကိုင်းပြတ်ရွှေ့ကြော၊ အနောက်တောင်ဘက်မှာ ဒေးဒရဲပြတ်ရွှေ့ကြောတို့ရှိသတဲ့။ ရန်ကုန်မြို့တော်ကြီးကား ငလျင်ကြောကြီးနှစ်ခုအကြား တည်ရှိနေခြင်းပါတကား။ အကယ်၍များ မတော်တဆဆိုတာကြီးက တကယ်ဖြစ်ခဲ့သော် သည်လိုတိုက်ခန်းအတု၊ အရေးပေါ်လှေကားအတုတွေနှင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များက မတွေးဝံ့စရာပင်။

> **ရန်ကုန်မြို့၏ အရှေ့ဘက်**
> **ကီလိုမီတာ ၃၀လောက်မှာ**
> **စစ်ကိုင်းပြတ်ရွှေ့ကြော**
> **အနောက်တောင်ဘက်မှာ**
> **ဒေးဒရဲပြတ်ရွှေ့ကြောတို့ရှိသတဲ့။**
> **ရန်ကုန်မြို့တော် ကြီးကား**
> **ငလျင်ကြောကြီးနှစ်ခု**
> **အကြားတည်ရှိနေခြင်းပါတကား။**
> **အကယ်၍များ မတော်တဆ**
> **ဆိုတာကြီးက တကယ်ဖြစ်ခဲ့သော်**
> **သည်လိုတိုက်ခန်းအတု၊**
> **အရေးပေါ်လှေကားအတုတွေနှင့်**
> **ဖြစ်လာနိုင်သည့် အကျိုးဆက် များက**
> **မတွေးဝံ့စရာပင်**

သည့်အတွက် မည်သူ့မှာ တာဝန်ရှိပါသနည်း။ အချို့ အချို့သော ဆောက်လုပ်ရေးကုမ္ပဏီများက မိမိတို့လုပ်ငန်အကျိုးအမြတ်များများရရှိရေးကိုသာ အဓိကထားကြသည်။ အလုပ်သမားခသက်သာအောင် ကျွမ်းကျင်လုပ်သားမဟုတ်သူများကို စျေးပေါပေါနှင့် ငှားသည်။ ပစ္စည်းဖိုးသက်သာအောင် သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းအတိုင်းမဟုတ်ဘဲ ခိုလို့ရသည့်နေရာတွင် ခို၍ အဂ်တေ အချိုးအစားတွေ ပြင်ထည့်သည်။ သံချောင်းများကို အကြီးအသေးပြောင်းထည့်သည်။ အချိန်မြန်မြန်ပြီးအောင် အမိုးဆလပ်ပြားများ၊ ကျောက်ထုပ်များကို သတ်မှတ်ရက် မပြည့်ခင်ပုံစံများ ခွာပစ်သည်။ စီးပွားရေးဆိုင်ရာကိုယ့်ကျင့်တရား(Economic Ethic)မရှိကြ။ ကိုယ်က တန်ရာတန်ကြေးယူပြီး ရောင်းထားသော်လည်း ကိုယ့်ဘက်က ဝန်ဆောင်မှုကျတော့ အပြည့်အဝ မပေးချင်ကြ။

အဆောက်အအုံများကို တာဝန်ခံ ဆောက်လုပ်ရသည့် အင်ဂျင်နီယာများကလည်း ကန်ထရိုက်မျက်နှာ၊ ကုမ္ပဏီမျက်နှာကိုသာ ကြည့်လျက် မိမိဆောက်လုပ်သည့် အဆောက်အအုံပေါ်တွင် နေထိုင်ကြမည့် များစွာသော မိသားစုတို့၏ မျက်နှာကို မကြည့်။ ကုမ္ပဏီသက်သာရေး၊ ကန်ထရိုက်သက်သာရေးကိုသာစဉ်းစား၏။ တစ်ခါ အဆောက်အအုံများကို စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးကြရသည့် တာဝန်ရှိသူများကလည်း ကန်ထရိုက်တွေ၊ ကုမ္ပဏီတွေက ပေးလာသည့် တံစိုးလက်ဆောင်များ မျက်နှာဖြင့် ပေါ့ပေါ့ လျော့လျော့ စစ်ဆေးကြ၏။ အရေးကိစ္စကြုံခဲ့သော် လက်တွေ့ခံစားကြရမှာက တိုက်ခန်းနေမိသားစုများ။

မိမိဘက်က တန်ရာတန်ကြေး တောင်းခံရောင်းချပြီးဖြစ်၍ နေထိုင်ကြရသည့် မိသားစုများအဖို့လည်း ထိုက်သင့်သည့် စိတ်ချမ်းသာ လုံခြုံမှုရရှိရမည်ဖြစ်ပါသည်။ ယခုလို နံရံအက်ကြောင်းကြီးများပေါ်လာခြင်း၊ မြေကျွံကျခြင်း စသည်တို့မှာဖြစ်တောင့်ဖြစ်ခဲကိစ္စမို့ထား။

တိုက်ခန်း တော်တော်များများ၏ အိမ်သာ၊ ရေချိုးခန်းတံခါးများကတော့ လူနေထိုင်ပြီး နှစ်အနည်းငယ်ကြာလျှင် ပိတ်မရတော့တာ များပါသည်။ ကျွန်တော်၏ အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်တို့သည် ရန်ကုန်မြို့တွင် တိုက်ခန်းများနှင့်နေကြ၏။ သူတို့တိုက်ခန်းများသို့ ကျွန်တော် မကြာခဏ ရောက်သည်။ တစ်ခန်းက ရေချိုးခန်းတံခါးပိတ်မရ။ နောက်တစ်ခန်းက အိမ်သာတံခါးပိတ်မရ။ သူတို့ဆီရောက်လျှင် ရေချိုး၊ အိမ်သာတက်လုပ်ရတာ စိတ်ထဲမှာ မလုံခြုံ။

နိုင်ငံတော်၏ လူနေမှု အဆင့်အတန်း မြင့်မားလာရေးတွင် ရုပ်ပိုင်းဆိုင်ရာဖြစ်သော မြို့ပြအိမ်ရာများ စံချိန်စံညွှန်းကိုက်ညီရေးသည် လွန်စွာအရေးကြီးပါသည်။ ကန်ထရိုက်တိုက်ခန်းများ၊ ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လုပ်သော အိမ်ရာများကို အများပြည်သူတို့ အပြည့်အဝယုံကြည်မှုရှိလာမှသာ မိမိတို့လုပ်ငန်းများလည်း တိုးတက်၊ မိသားစုများလည်း လုံခြုံစိတ်ချစွာနေနိုင် နှစ်ဦးနှစ်ဖက် အကျိုးရှိပေလိမ့်မည်။ သည့်အတွက် ကန်ထရိုက်များ၊ ကုမ္ပဏီများသည် မိမိတို့ အကျိုးအမြတ်များများ ရရှိရေးတစ်ခုတည်းကိုသာ မကြည့်ဘဲ မိမိတို့ဆောက်လုပ်သည့် အဆောက်အအုံများ၏ အရည်အသွေးမြင့်မားရေးကိုပါ ကြိုးစားလုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

## JOKE

### မရှက်ပါဘူး

ကြိုက်သလောက် အဝစားနိုင်သော စားသောက်ဆိုင်တွင် သားအမိ နှစ်ယောက်ဝင်ရောက်စားနေကြပြီး မကြာခင်မှာပင် သားဖြစ်သူက ပဥ္စမမြောက် ပန်းကန်အပြည့်အစားအသောက်များ ယူဆောင်လာသည်။ ဤတွင် အမေဖြစ်သူက "သားရယ်၊ ဒါလောက်တစ်ခေါက်ပြီး တစ်ခေါက်အစားအသောက်တွေ သွားသွားယူနေတာ၊ မင်းအစားအ သောက်ကောင်တာက လူတွေကို မရှက်ဘူးလားကွယ်" ဟုပြောရာ သားဖြစ်သူက "မရှက်ပါဘူး အမေရယ်၊ အမေ့အတွက် လာလာယူပေးနေရတာလို့ သားက ပြောထားတာ" ဟု ပြန်ပြောပါတော့သည်။

### ယောက်ျားနှင့် မိန်းမသချာ

ယောက်ျားတော် + မိန်းမတော် = ချစ်ခြင်းမေတ္တာ
ယောက်ျားတော် + မိန်းမညံ့ = အိမ်ထောင်ရေးဖောက်ပြန်မှု
ယောက်ျားညံ့ + မိန်းမတော် = အိမ်ထောင်ကျခြင်း
ယောက်ျားညံ့ + မိန်းမညံ့ = ကိုယ်ဝန်ရှိခြင်း

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

INTERVIEW

# ကျူးများအနာဂတ် အမေး၊ အဖြေ

ပြည်သိမ်း

**ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင်ရွှေ့ပြောင်းနေထိုင်သူများလာသည့်အလျောက် လူဦးရေတိုးပွားလာခြင်းကြောင့်မြို့ပြကိုချဲ့ထွင်ရေး အစိုးရကစဉ်းစားလာပြီဖြစ်သည်။ နေစရာအခက်အခဲရှိသဖြင့် မြို့ပြင်မြေလွတ်များတွင် ကျူးကျော်နေထိုင်သူများအတွက် မြို့တော်ချဲ့ထွင်မှု၊ စီးပွားရေးစီမံကိန်းများ တိုးချဲ့လာခြင်းတို့က 'ကျူး' များအတွက်အနာဂတ်ရေးစကားမေးရန်ဖြစ်လာသည်။ ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးများတွင်ရှိသောကျူးကျော်သူများ၏ ရှေ့ဆက်ရမည့်ဘဝအခက်အခဲ၊ ကျောချစရာနေရာအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးသင့်သည်ကို မြို့ပြဖွံ့ဖြိုးရေးပညာရှင် ဦးဝင်းမြင့်နှင့် 7Day News က တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

■ **ရန်ကုန်မြို့ပြသစ်စီမံကိန်းကို နှစ် ၃၀ အတွင်း အကောင်အထည်ဖော်ဖို့ စီစဉ်နေကြတယ်။ အဲဒီတော့ အခု မြို့ပြင်လို့ပြောတဲ့နေရာတွေက ကျူးကျော်နေထိုင်သူတွေကိစ္စ ဘယ်လိုဖြစ်လာနိုင်ပါသလဲ။**

နောင် နှစ် ၃၀ စီမံကိန်းမှာ ကျူးကျော်ကို ဘယ်လိုနေရာပေးမလဲဆိုတာ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားရေးကို ဘယ်လိုမူဝါဒနဲ့အကောင်အထည်ဖော်မလဲဆိုတဲ့အပေါ်မှာမူတည်ပါတယ်။ အဲဒီအချိန်မှာ ကျူးကျော်သူတွေက ရှိချင်လည်းရှိမယ်။ ရှိချင်မှလည်း ရှိမယ်။ အစိုးရအနေနဲ့ ကျူးကျော်တွေကို ဖယ်ရှားရှင်းလင်းရာမှာ အရင် လုပ်ကိုင်ခဲ့တဲ့ အတွေ့အကြုံတွေရှိတယ်။ အစိုးရအနေနဲ့ ငွေသုံးစရာမလိုဘဲ တဲပေါ်ကနေ တိုက်ပေါ်တင်တဲ့စီမံကိန်းမျိုးပေါ့။ ဒါမျိုးက ရန်ကုန်မြို့ရဲ့ တစ်နေရာတည်းမှာမဟုတ်ဘူး။ သဃ်န်းကျွန်းမြို့နယ်မှာရော လှိုင်သာယာမြို့နယ်မှာပါ လုပ်ခဲ့တာပါ။

■ **အခုဆို ဒါမျိုး ဆက်ပြီးလုပ်မယ်ဆိုရင် လုပ်နိုင်မယ့်အခြေအနေမျိုးရှိပါသလား။**

တဲပေါ်ကနေ တိုက်ပေါ်တင်တဲ့စီမံကိန်းက ၁၉၉၆-၉၇ က လုပ်ခဲ့တာပါ။ အခုလုပ်မယ်ဆိုရင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေက အင်အားရှိတော့ လုပ်နိုင်ပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ အစည်းတွေအနေနဲ့ကသာ လုပ်ကိုင်သူတွေ မျှမျှတတဖြစ်အောင် ထိန်းကျောင်းပေးဖို့လိုပါတယ်။ အရင်ကလည်း အစိုးရက မူချပေးပြီး အိုးအိမ်ရယ်၊ စည်ပင်ရယ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရယ် ပေါင်းပြီးလုပ်ခဲ့တာပါ။ အဲဒီစီမံကိန်း မတိုင်မီက ကျူးကျော်တွေကိုရွှေ့ရင် ပဲခူးတိုင်း အုတ်ဖိုတို့၊ ငါးဆူတောင်တို့ဘက်အထိ ရွှေ့ခဲ့ကြတယ်။လှိုင်သာယာလည်းပါတယ်။

■ **မြို့ပြတွေမှာ ကျူးကျော်သူတွေ ဘာကြောင့် များလာရတာလဲ။**

ကျေးလက်ဒေသမှာ လုပ်ငန်းတွေ အဆင်မပြေ၊ လူဦးရေတွေ တိုးလာတော့ လုပ်ကွက်ကကျဉ်းလာပြီး ထွက်ပေါက်ရှာတဲ့ သဘောနဲ့မြို့ပေါ် ရောက်လာကြတာပါ။ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးကို လုပ်ခဲ့ကြပြီး ဒီဘက်နှစ်နှစ်၊ သုံးနှစ်တွေမှာ လုပ်ငန်းတွေထိခိုက်၊ ဆုံးရှုံးမှုတွေဖြစ်လာတယ်။ သီးနှံတွေကလည်း ဈေးမရဘူး။ ရာသီဥတုကလည်း ဖောက်တော့ လယ်သမားတွေအနေနဲ့ ဘယ်လောက်ခံနိုင်မလဲ။ ဆန်စပါး အထူးပြုတွေကရော ဘယ်လောက်ထိ ကူညီနိုင်မလဲ။ ဒီလိုအခြေအနေမျိုးဆိုတော့ ရန်ကုန်အပါအဝင် မြို့ကြီးတချို့က စက်ရုံတွေ၊ အထည်ချုပ်တွေမှာ သားသမီးတွေကို ဝန်ထမ်းလုပ်ခိုင်းလာကြတယ်။ နေမပူ၊ ရွှံ့ဗွက်မရှိဘဲ အဲကွန်းနဲ့ အရိပ်အောက်မှာလုပ်ရတဲ့ မြို့ကြီးတွေကဆွဲဆောင်နေတယ်။ ဒီလိုအခြေအနေမျိုးဆိုတော့ အစကတော့ ရပ်ရွာဘုန်းကြီးကျောင်းတွေမှာ နေကြတယ်။ အိမ်ငှားနေဖို့ကလည်း ငွေကြေးက မလောက်တော့ လွတ်တဲ့နေရာမှာ တိုင်လေးတိုင်နဲ့ ကျူထရံကာလေးတွေနဲ့ စပြီးကျူးကြတယ်။ လူမြင်မခံတဲ့ နေရာမှာလည်း ကျူးတွေက အများကြီးပဲ။ အိမ်သေးသေးလေးတွေ ပွနေတာပဲ။ ရန်ကုန်မှာ ပထမ ကျူးကြီး၊ နောက် ကျူးလေးနဲ့ သံသရာလည်နေကြတာ။ မြို့တော်ကို ချဲ့ရာမှာလည်း အခွင့်အရေးကွာရင် အနီးနားက မြို့တွေက လူတွေက ကျူးလာကြမှာပဲ။ ကျူးကျော်က အမျိုးမျိုးရှိတယ်။ အလုပ်မရှိလို့ ကျူးတာနဲ့၊ နေစရာမရှိလို့ ကျူးတာနဲ့ မျိုးစုံပါပဲ။ ဒါကို နိုင်ငံတော်အစိုးရက အခြေအနေကိုကြည့်ပြီး မူဝါဒချမှတ်ဆောင်ရွက်သင့်တယ်။

■ **ကျူးကျော်သူတွေကိုလျော့နည်းအောင် ဘယ်လိုလုပ်လို့ ရနိုင်ပါသလဲ။**

ရန်ကုန်က နိုင်ငံတကာနဲ့ ဆက်ဆံနေရတဲ့ မြို့ကြီးပဲ။ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း တစ်နိုင်ငံလုံးမှာ အများဆုံးရှိနေတယ်။ ပြီးတော့ ပို့ဆောင်ဆက်သွယ်ရေး၊ ရေ၊ လျှပ်စစ်စတဲ့ အခြေခံအဆောက်အအုံပိုင်းမှာလည်း သာတယ်။ ဒါကြောင့် ကျူးကျော်သူ လျော့နည်းအောင် ဆိုရင်တော့ တခြားမြို့လေးတွေကိုလည်း ရန်ကုန်လိုပဲ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးလာအောင် လုပ်ပေးရမယ်။ ဒါဆိုရင် ကျူးတွေ တဖြည်းဖြည်း လျော့ကျလာမယ်။ ဒီလိုမှမဟုတ်ရင် တိုင်းပြည်နဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ရာမှာ ကျူးကျော်တွေရဲ့ အတားအဆီးကြောင့် အခက်အခဲတွေ ရှိနိုင်တယ်။

■ **မြို့ပြဖွံ့ဖြိုးရေးမှာ ကျူးကျော်သူတွေက အတားအဆီးဖြစ်နိုင်ပါသလား။**

အတားအဆီးက သူတို့ အဝန်းအဝိုင်းက ကြီးရင်ကြီးသလို ဖြစ်လာနိုင်စရာရှိတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ သူတို့ရဲ့ ကျန်းမာရေးလည်း ရင်ဆိုင်ရမယ်။ ဒီလူစုတွေက မီးဘေးအန္တရာယ်လည်း စိုးရိမ်ရတယ်။ သူတို့က အိမ်သေးသေးလေးတွေ စုနေတော့ စိုးရိမ်ရတယ်။ ပြီးတော့ တစ်နေ့လုပ်မှ တစ်နေ့စား လူမျိုးတွေဆိုတော့ မီးလောင်ခဲ့ရင် ရှိသမျှလေး ဆုံးရှုံးသွားမယ်။ အစိုးရမှာ ဝန်ထမ်းသက်သာဆိုပြီးယူထားတဲ့မြေတွေ၊ အမည်ခံထားတဲ့မြေတွေဒါတွေကို ကျူးကျော်အတွက် စီမံကိန်းချပြီး လုပ်ပေးသင့်တယ်။ သူတို့က ခိုကိုးစရာမရှိလို့ အခုလို ကျူးကျော်ရတာပါ။

■ **ကျူးကျော်နေထိုင်သူတွေအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပိုင်းကရော ဘယ်လိုပါဝင်ကူညီနိုင်မလဲ။**

ဒါက အရင်စနစ်ကို အခြေခံပြီး လုပ်လို့ရတယ်။ အစိုးရစီမံခန့်ခွဲပြီး တဲပေါ်ကနေ တိုက်ပေါ်တင် စီမံကိန်းမျိုးတွေပဲ။ ဒါပေမဲ့ အခု စီမံကိန်းမှာတော့ တိုက်ဖြစ်ချင်မှ ဖြစ်မယ်။ ပျဉ်ထောင်အိမ်မျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ အုတ်ညှပ်အိမ်မျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါတွေကလည်း နှစ် ၃၀၊ ၄၀ ခံတာပဲ။ သုဝဏ္ဏမှာဆိုရင် နှစ်ငါးဆယ်ခံတယ်။ ပထမကတည်းက အထပ်မြင့်တိုက်ကြီးတွေကို ဓာတ်လှေကားတွေနဲ့ဟာမျိုးတော့ မဟုတ်ဘူးပေါ့။ တည်ဆောက်ပေးရာမှာလည်း တရားသေ လုပ်ကိုင်လို့မရဘူး။ သူ့မြို့နယ်နဲ့ သူ့ငွေအားပေါ် မူတည်ပြီးလုပ်သင့်တယ်။

■ **ကျူးကျော်နေထိုင်သူတွေ မရှိအောင် လျှော့ချလို့ရလား။ နိုင်ငံတကာမှာရော ဘယ်လိုဆောင်ရွက်ကြပါသလဲ။**

ကျူးကျော်တွေက ရှိနေမှာပဲ။ ကိုယ့်ရွာမှာ လုပ်ကိုင်စားဖို့ မလွယ်ဘဲ နေလို့မရရင် ရွှေ့နေမှာပဲ။ အခုခေတ်က မြန်မာနိုင်ငံမှာ မြို့ကြီးတစ်ခုနှစ်ခုကလွဲရင် ဘယ်မြို့မှ အလုပ်အကိုင်အခွင့်အလမ်း မကောင်းဘူး။ အထည်ချုပ်စက်ရုံတွေတောင် မြို့ကြီးအနည်းငယ်မှာပဲရှိတယ်။ မြန်မာတွေ အများဆုံး သွားလုပ်နေတဲ့အိမ်နီးချင်းဖွံ့ဖြိုးမှုအားကောင်းတဲ့နိုင်ငံတွေမှာလည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် သူ့ရဲ့ ထုတ်ကုန်တွေ နှစ်နှစ်စာ၊ သုံးနှစ်စာ စုပုံနေတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဆက်ပေးဖို့ခက်တယ်။ အဲဒီမှာ လုပ်နေသူတွေ ပြည်တွင်း ပြန်လာရင် ဘယ်လိုလုပ်မှာလဲ။ သူတို့ နယ်မှာလည်း အလုပ်အကိုင်မရှိရင် ကျူးကျော်က ပြန်လာဦးမှာပါ။ သူတို့ရဲ့ဘဝကို သနားဖို့၊ ဒါကို အာရုံစိုက်ဖို့ လိုအပ်ပါတယ်။ ။

# အမျိုးသမီးထုအတွက် လမ်းစလေလား

အိဖြူလွင်

စစ်အစိုးရမှ အရပ်သားအစိုးရသို့ ကူးပြောင်းပြီးနောက် နိုင်ငံ၏ အမြင့်ဆုံးအုပ်ချုပ်ရေး အစိုးရအဖွဲ့အတွင်း အမျိုးသမီးပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီး ခြောက်ဦးတို့အား ခန့်အပ်လိုက်ခြင်းက အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ခွင့်ပြုလိုက်ခြင်း၏ ခြေလှမ်းသစ်ဖြစ်ကြောင်း သုံးသပ်သူတို့က ဆို သည်။



ပြည်ထောင်စုဝန်ကြီးများ ကျမ်းသစ္စာ ကျိန်ဆိုနေကြစဉ်
ဓာတ်ပုံ - သမ္မတရုံး

မြန်မာနိုင်ငံ၏ အုပ်ချုပ်သူအစိုးရအဖွဲ့တွင်း၌ ပထမဆုံးဖြစ်လာသည့် ပြည်ထောင်စု အဆင့် အမျိုးသမီး ဝန်ကြီးတစ်ဦး စက်တင်ဘာ(၇)ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုဝန်ကြီးများ ကတိသစ္စာပြုသည့် အခမ်းအနားမှစ၍ တွေ့မြင်ခဲ့ရကာ ထိုမတိုင်မီကလည်း ပြည်ထောင်စု၏ ဒုတိယဆင့် အစိုးရအဖွဲ့ဖြစ်သော ဒုတိယဝန်ကြီးအဆင့်တွင် အမျိုးသမီးဦးရေ ငါးဦးထိ ပါဝင်လာခဲ့သည်။

၂၀၁၀ပြည့်နှစ်မှစ၍ ပြောင်းလဲမှုအရှိန်ကောင်းနေသည့် မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများကို ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်ခြင်းအား အတတ်ပညာရှင်ပိုင်း၊ နိုင်ငံရေးပိုင်းများမှ ကျွမ်းကျင်သူများက အပြုသဘော ကြိုဆိုခဲ့ကြသည်။

သို့ရာတွင် အစိုးရအဖွဲ့ဝန်ကြီးဌာန စုစုပေါင်း ၃၁ ခုတွင် ပြည်ထောင်စု ဝန်ကြီးစုစုပေါင်း ၃၆ ယောက်ရှိသည့်အနက် အမျိုးသမီးဦးရေသည် တစ်ဦးသာပါဝင်လာခြင်းကြောင့် ပြောင်းလဲမှုသည် သိသာထင်ရှားသော ပြောင်းလဲမှုမျိုးဆီသို့ မရောက်ရှိသေးကြောင်း နိုင်ငံရေး လေ့လာသူများ၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနေသူများက သုံးသပ်သည်။

"အခုလို အမျိုးသမီး တစ်ယောက်ပြည်ထောင်စုဝန်ကြီးဖြစ်လာတာ ပြောင်းလဲမှုအစလားလို့ မေးရင် အစမှာ ဒီထက် လှုလှုပပလေး စလို့ရရဲ့သားနဲ့ ဘာဖြစ်လို့ တစ်ယောက်တည်းနဲ့စတာလည်းလို့ပေါ့။ အရည်အချင်းရှိတဲ့သူတွေလည်း အများကြီးရှိတယ်။ ပြီးတော့ ခန့်တဲ့သူကလည်း အာဏာရပါတီဘက်ကပဲ ဖြစ်နေတယ်။ အတိုက်အခံဘက်မှာလည်းတော်တဲ့သူတွေ ရှိနေတယ်ဆိုတော့ ဒါကို ထူးထူးခြားခြား ပြောင်းလဲတယ်လို့ မပြောချင်ဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာညိုညိုသင်းက သူမ၏ ပြုပြင်ပြောင်းလဲမှုအပေါ် အမြင်ကို ပြောကြားခဲ့သည်။

နိုင်ငံရေးပိုင်းမှ ပြောကြားသူများက ပြောင်းလဲမှုပေါ်တွင် အားမလို အားမရဖြစ်နေသည်ဟု ဆိုနိုင်သော်လည်း လက်ရှိအစိုးရအဖွဲ့တွင်းမှ တာဝန်ထမ်းဆောင်နေသူ အမျိုးသမီးများကမူ သူတို့တွင် အရည်အချင်းအရ ရာထူးအဆင့်ဆင့်ဆက်တက်နိုင်ရန် မျှော်လင့်ချက် စတင်ရှိလာပြီဟု ပြောကြားခဲ့ကြသည်။

ယခင် အုပ်ချုပ်သူအဆက်ဆက်တွင် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အမျိုးသမီးများအား မည်သည့်ရာထူးအထိသာ ပေးမည်ဆိုသည့် တရားဝင်ကန့်သတ်ချက်မရှိသော်လည်း ညွှန်ကြားရေးမှူး အဆင့်ရာထူးနှင့် အမြင့်ဆုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးထိသာ အမျိုးသမီးများအား တာဝန်ထမ်းဆောင်စေခဲ့သည်။

စစ်ဘက်ဆိုင်ရာ ရာထူးတွင်မူ အမျိုးသမီးတစ်ဦးအနေဖြင့် အမြင့်ဆုံးတာဝန်ယူခဲ့ရသည့် ရာထူးမှာ ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့တွင် ဗိုလ်မှူးကြီးအဆင့်သာဖြစ်ကြောင်းလည်း သိရှိရသည်။

ယခုကဲ့သို့ အမျိုးသမီးများ နိုင်ငံ၏ ဆုံးဖြတ်ချက်ပေးနိုင်သည့် အဆင့်တွင် ရောက်ရှိပြောင်းလဲလာခြင်းပေါ်တွင် အရေအတွက်နည်းသည် များသည်ဖြစ်စေကြို ဆိုရမည်သာ ဖြစ်ကြောင်းလည်း လက်ရှိတာဝန်ထမ်းဆောင်နေဆဲ အမျိုးသားအရာရှိတစ်ဦးက ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီးတစ်ဦးကမူ "ကျွန်မ နိုင်ငံခြားမှာ ကျောင်းတက်ခဲ့တဲ့အချိန်မှာ သူတို့နိုင်ငံက ဝန်ကြီးချုပ်က အမျိုးသမီးဆိုတော့ ကျွန်မတို့ နိုင်ငံအတွက်လည်း မျှော်လင့်ခဲ့တယ်။

စာ(၃၀) သို့

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# အပစ်အခတ်တွေကြားက ကျောက်စိမ်းမြို့တော်

မောင်တာ

**ဩဂုတ်လကုန်ပိုင်းမှစ၍ ဖားကန့်မြို့အနီးတစ်ဝိုက်ရှိဒေသအချို့၏ တောင်ကုန်းထိပ်များတွင် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ) နှင့် မြန်မာ့တပ်မတော်တို့၏ စစ်ရေးအခြေအနေ တင်းမာမှုများကြောင့် မိုးရာသီတွင်ပါ လုပ်ငန်းမပျက်ခဲ့သည့် ကျောက်စိမ်းဈေးကွက်အပါအဝင် ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းသွားခဲ့သည်။**

ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာ ၁၅ ရက်နေ့အထိ ဖားကန့်မှနေရပ်သို့ပြန်လည်ထွက်ခွာသွားသည့် လုပ်သားဦးရေမှာ ခြောက်သောင်းကျော်မှ တစ်သိန်းဝန်းကျင်ထိရှိကြောင်း ဖားကန့်ဒေသခံများကပြောသည်။

ကေအိုင်အေနှင့် အစိုးရတပ်တို့၏ တိုက်ပွဲများကြောင့် ကမ္ဘာ့ကျောက်စိမ်းဈေးကွက်အတွက်ပါ အဓိကကျသော ဖားကန့်ဒေသသို့ပါ ကူးစက်လာခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖားကန့်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အခြေအနေပြန်လည်တည်ငြိမ်သွားသဖြင့် သိန်းဂဏန်းရှိသည့် မြန်မာပြည် အရပ်ရပ်မှ လုပ်သားများ ဖားကန့်ရှိ ကျောက်စိမ်းလုပ်ကွက်များသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

မကြာပါ။ ဩဂုတ်လ ၁၉ ရက်တွင် မမျှော်လင့်ဘဲ ဖားကန့်မြို့ စွန်ဆွတ်ပိုင်ရန်တွင် ကေအိုင်အေနှင့် မြန်မာတပ်မတော်တို့ကြား ပြင်းထန်သည့် တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့သည်။

ထိုတိုက်ပွဲကြောင့် ကျောက်စိမ်းလုပ်ကွက် မှော်ရွာများတွင် နေထိုင်သည့် သောင်းဂဏန်းရှိ ပြည်သူလူထုများသည် ဖားကန့်မြို့ပေါ်ရှိခရစ်ယာန်ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများဆီသို့စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ်ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

တိုက်ပွဲဖြစ်ပွားရာ အနီးတွင်ရှိသည့် ကျောက်စိမ်းလုပ်ကွက်မှ လုပ်သားအများစုသည်လည်း နေရပ်သို့ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

"နောက်ထပ်တစ်လလောက် စောင့်ကြည့်လို့မှ ဒီအခြေအနေ ထက် ပိုကောင်းမလာရင် ဆက်မနေနိုင်တော့ဘူး။ အောက်ပိုင်းကို ပြန်ဆင်းတော့မယ်"ဟု ကျောက်တွင်းလုပ်သား ကိုခင်ဇော်က စိတ်ပျက်အားလျှော့သည့်လေသံဖြင့် ပြောသည်။

သိန်းဂဏန်းရှိသည့် မြန်မာပြည် အရပ်ရပ်မှ လုပ်သားများသည် ငွေရပေါက်ရလမ်းဖြောင့်သည့် ရတနာမြေ၊ ကျောက်စိမ်းမြို့တော်ဖားကန့်သို့ လာရောက်အလုပ်လုပ်ကိုင်ကြသည့်အတွက် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စက်ယန္တရားမောင်းနှင်သူများ၊ ကုမ္ပဏီစွန့်ပစ်မြေစာမှ ကျောက်စိမ်းရှာဖွေသူ ဒေသအခေါ် ရေမဆေးကျောက်ရှာသူများနှင့် ဈေးသည်များအပါအဝင်ပွင့်လင်းရာသီများတွင် ဖားကန့်မြို့ပေါ်၌ နေထိုင်သူမှာ ငါးသိန်းကျော် ခြောက်သိန်းအထိရှိပါသည်။

ဖားကန့်မြို့တွင် မတည်မငြိမ်ဖြစ်နေစဉ်အတွင်း ဩဂုတ်လကုန်ပိုင်းမှစကာ မြစ်ကြီးနား၊ မိုးကောင်း၊ ကာမိုင်း၊ ဖားကန့်ကားလမ်းတစ်လျှောက်တွင်ရှိသည့် ကေအိုင်အေ ထိန်းချုပ်နယ်မြေများတွင် ကေအိုင်အေတပ်များက ခရီးသည်တင်ယာဉ်နှင့် ယာဉ်ဖြတ်သန်းသွားလာမှုများကို စိစစ်ခဲ့သည်။

ဖားကန့်ဒေသသို့ သွားမည့် ဒေသခံမဟုတ်သော အမျိုးသားများကို ကေအိုင်အေ တပ်သားများက စစ်ဆေးခဲ့ကာ သွားခွင့်မပြုဘဲ ဖားကန့်သို့ပြန်လာသူ ဒေသခံများကိုသာ အလွယ်တကူခွင့်ပြုခဲ့သည်။

"လူဆိုးလူမိုက်တွေ ဖားကန့်သွားပြီး ခိုးဆိုးလုယက်တာတွေ၊ မကျူးလွန်အောင်လို့ ကျွန်တော်တို့က လမ်းကနေ စစ်ဆေးတာဖြစ်တာပါ"ဟု ဖားကန့်မြို့နယ် ခြောက်မိုင်ရွာတွင် ကားလမ်းမလုံခြုံရေးစောင့်ကြပ်လျက်ရှိသည့် ကေအိုင်အေ အရာရှိတစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် ပြောသည်။

ဖားကန့်မြို့ခံများက လမ်းကြောင်းတစ်လျှောက်တွင် ကေအိုင်အေတပ်များက ယခုကဲ့သို့ စစ်ဆေးကြပ်မတ်လိုက်ခြင်းသည် အဆိုပါ လမ်းကြောင်းမှတစ်ဆင့် မြန်မာစစ်သားများ ဖားကန့်မြို့သို့ လာရောက်ခြင်းကြောင့် ဖြစ်နိုင်သည်ဟု သုံးသပ်ကြသည်။ ယခုအချိန်တွင် ဖားကန့်မြို့သို့ ယောကျ်ားလေး အဝင်မရှိဘဲ အထွက်သာရှိကြောင်း မြို့ခံများက ပြောသည်။

လတ်တလောတွင် ဖားကန့်မြို့ပေါ်ရှိနေထိုင်သူလူငါးသောင်းဝန်းကျင်သည် ဖားကန့်မြို့ခံများနှင့် နေရပ်ပြန်ရန် လမ်းစရိတ်မရှိသေးသည့် လုပ်သားများ ဖြစ်ပြီး၊ ထိုအထဲမှ လူတစ်သောင်းဝန်းကျင်ခန့်သည်မြို့ပေါ်တွင်ဖွင့်လှစ်ထားသည့် စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသည်။

ဖားကန့်မြို့ပေါ်တွင် လူငါးဆယ်မှ ရှစ်ရာကျော်အထိရှိသော ကယ်ဆယ်ရေးစခန်း ၃၅ ခုမှ ၄၀ အထိရှိသည်ဟု လူမှုကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူ ဖားကန့်မြို့ခံများကပြောသည်။

"ဒီလမ်းမတွေပေါ်မှာ ကျောက်စိမ်း အရောင်းအဝယ်လုပ်တဲ့ နိုင်ငံခြားက လာဝယ်တဲ့ တရုတ်လောပန်တွေ၊ ပြည်တွင်းက လောပန်တွေ၊ ရေမဆေးသမားတွေ၊ ကျောက်ဖြတ်သမားတွေ၊ ပွဲစားတွေနဲ့ ကြက်ပျံမကျပဲ"ဟု လူသွားလူလာ ကျဲပါးနေသည့် လမ်းမတစ်ခုအား ညွှန်ပြရင်း ဆိုင်းတောင်ရွာသား ကိုခင်ဇော်ကပြောသည်။

စက်တင်ဘာလဆန်းပိုင်းမှစ၍ ဆိုင်းတောင်ရွာ၏ လမ်းမပေါ်ရှိ ကျောက်စိမ်းရောင်းဝယ်သည့် ဈေးကွက် ပျက်ပြားသွားခဲ့ပြီး အလားတူ ဖားကန့်၊ လုံးခင်း၊ တာမခန် ကျောက်ဝိုင်းများတွင်လည်း စက်တင်ဘာလဆန်းပိုင်းမှစတင်၍ အရောင်းအဝယ်လုပ်၍ မရတော့။

စာ(၂၉)သို့



ဖားကန့်-မိုးကောင်းလမ်းပိုင်းရှိ ကေအိုင်အေထိန်းချုပ်နယ်မြေအတွင်းတွေ့ရသည့် ကေအိုင်အေတပ်ဖွဲ့ဝင်များ

ဓာတ်ပုံ-မောင်တာ



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

**စာ(၂၈)မှအဆက် ...**

ဒေသအခြေအနေများကြောင့် ဝယ်လက်များ ဖားကန့်သို့ရောက် မလာတော့ဘဲ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။

"အခု မြို့ရဲ့ အခြေအနေက ကျွန်တော် နှစ် ၂၀ ကျော် ကြိုးစားတည်ဆောက်ထားတဲ့ ဘဝတစ်ခုကို စွန့်လွှတ်ရတော့မလိုဖြစ်နေပြီ"ဟု မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့မှ ဖားကန့်သို့ ရွှေ့ပြောင်းလာခဲ့သူ ကိုခင်မောင်က ပြောသည်။

အထက်ပါအခြေအနေများကြောင့် ဖားကန့်မြို့ပေါ်တွင် ဥပဒေစိုးမိုးမှု တစ်စထက်တစ်စ လျော့ရဲလာကာ ဖောက်ထွင်းလုယက်ခိုးယူခံရမှုကဲ့သို့သော အသေးစား ဒုစရိုက်ကျူးလွန်မှုများ ပိုမိုများပြားလာသည်ဟု ဒေသခံများက ပြောသည်။ ယခင်ကထက် စားသုံးသူဦးရေလျော့နည်းသွားသောကြောင့် ကုန်ဈေးနှုန်းမြင့်တက်မှု သိပ်မရှိသော်လည်း လမ်းပန်းဆက်သွယ်မှု ယခုထက် ပိုမိုပြတ်တောက်သွားမည်ကို ဒေသခံများက စိုးရိမ်နေကြသည်။

တိုက်ပွဲများကြားတွင် သေဆုံးခဲ့သည့် နဝမတန်းကျောင်းသူလေး၏ ဖခင် ဦးဘရန်ရှောင်ကလည်း "တိုက်ပွဲတွေ ဒီထက်ပိုဆိုးရွားလာမှာ အရမ်းစိုးရိမ်တယ်။ ကျွန်တော့်သမီးလေးလို တခြားသူတွေကို မထိခိုက်စေချင်ဘူး" ဟု သူ၏ပူပန်မှုကို ဖွင့်ဟပါသည်။

ယခင်က ယာဉ်နှင့် စက်ယန္တရားများ ခုတ်မောင်းသံ၊ တောင်ဖြိုကျောက်တူးသံများ ပျံ့လွင့်နေသော ဖားကန့်ဒေသဝန်းကျင်မှာ ယခုတော့ တစ်ခါတစ်ရံ ပစ်ခတ်သံ၊ မိုင်းပေါက်ကွဲသံများ ကြားလာရသည်။ နိုင်ငံတစ်ဝန်းရှိ မြို့ရွာများတွင် စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်သော်လည်း ဖားကန့်ဒေသခံများ စိတ်အတွင်း ဝယ်ပူပန်ကြောင့်ကြမှုများက ကြီးစိုးနေသည်။

ထို့ကြောင့် ဖားကန့်ဒေသသို့ ၈၈ မျိုးဆက်ကျောင်းသားများလည်း စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ သွားရောက်လေ့လာခဲ့သည်။

"ကျွန်တော်တို့က သွားနှုတ်ဆက်တဲ့ သဘောပါ။ အလွတ်သဘောတွေ့ဆုံတာပါ။ ဒါပေမဲ့ နှစ်ဖက်စလုံးကတော့ ဘယ်လိုနည်းနဲ့မှ တိုက်ပွဲတွေကို၊ စစ်ကို မလိုလားဘူးဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က နှစ်ဖက်တာဝန်ရှိသူများနှင့် တွေ့ဆုံမှုအပြီးတွင် ပြောသည်။

ဆက်လက်၍ ၎င်းက"တိုက်ပွဲများကြောင့် လူမျိုးရေးမုန်းတီးမှုတွေဆီ ဦးတည်သွားမှာကို အရမ်းစိုးရိမ်တယ်"ဟုပြောသည်။

ဖားကန့်မြို့ ပတ်ပတ်လည်ရှိ မော်မောင်းလယန်၊ ရှရော်ခ၊ ဆိုင်းဂျာဘွမ်၊ ဆိန်ဂက်ခူး၊ ဆွတ်နန်ခေါင်၊ မော့်ဝမ်းကြီး၊ မော့်ဝမ်းလေး၊ တောင်ပြို၊ မျောက်ဖြူ စိုင်းကြာမုံ အစရှိသည့် မော်ရွာများမှ ဒေသခံများနှင့် ဖားကန့်မြို့သို့ အလုပ်လာလုပ်ပြီး ပြန်ရန် လမ်းစရိတ်အခက်အခဲဖြစ်နေသော ရွှေ့ပြောင်းလုပ်သားများက ဖားကန့်မြို့ပေါ်ရှိ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများတွင် ဒုက္ခသည်များအဖြစ် နေထိုင်ကြသည်။ ဒုက္ခသည် ဦးရေများပြီး ကာလကြာရှည်လာသောကြောင့် ဆက်လက်ကျွေးမွေးစောင့်ရှောက်ရန် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာနေပြီဟု ကူညီကယ်ဆယ်ရေးဆောင်ရွက်နေသူ တစ်ဦးက ပြောသည်။

အလားတူ ဖားကန့်ကျောက်စိမ်းအား အဓိကထား လုပ်ကိုင်နေသည့် မန္တလေးနှင့် စစ်ကိုင်းရှိ ကျောက်စိမ်းအချောထည်ထုတ် အလုပ်ရုံများတွင် ကုန်ကြမ်းရှားပါးမှု စတင်ကြုံတွေ့နေပြီဖြစ်သည်။

ထို့ကြောင့် အစိုးရအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်ပြပွဲပြုလုပ်ပြီး ကျောက်စိမ်းကုန်ကြမ်းများ ထုတ်ရောင်းပေးရန် တောင်းဆိုမှုများရှိလာသည်။

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒု-ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က "ကျောက်စိမ်းကုန်ကြမ်းက လုံးဝကြီးတော့ ပြတ်တောက်သွားမှာ မဟုတ်ဘူး။ ဖားကန့်ဒေသမှာ စက်ယန္တရားကြီးတွေနဲ့ မတူးဖော်တောင် တခြားနည်းတစ်ခုခုနဲ့ တူးဖော်ကြလိမ့်မယ်ထင်တယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်က "ဖားကန့်က လုပ်ကွက်တွေ ပွင့်လင်းရာသီအထိ လုပ်ခွင့်မရရင် ပြည်တွင်းမှာ ကုန်ကြမ်းပြတ်သွားမယ်။ ငြိမ်းချမ်းရေးရပြီး လုပ်ကွက်တွေ အမြန်ဆုံးပြန်လုပ်ခွင့်ရချင်တယ်။ အဲဒီ့အထဲမှာ ငွေသိန်းပေါင်းသောင်းချီ ရင်းနှီးမြှုပ်နှံထားရတာ"ဟုပြောသည်။

မန္တလေးမြို့ တစ်မြို့တည်းတွင်ပင် ကျောက်စိမ်းလုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်သူများ တစ်သိန်းခွဲဝန်းကျင်ရှိသဖြင့် ဖားကန့်မှ ကျောက်စိမ်းမထွက်တော့ပါက မြန်မာ့ကျောက်စိမ်းကို အဓိက မှီခိုနေသည့် တရုတ်ပြည်ယူနန်၊ ကွမ်ကျိုး ဒေသများမှ သိန်းဂဏန်းရှိသည့် အလုပ်သမားများကိုပါ ထိခိုက်မှုရှိလာနိုင်သည်ဟု မန္တလေးမြို့ခံ ကျောက်မျက်အသိုင်းအဝိုင်းက သုံးသပ်သည်။

ဒေသခံများကတော့ စစ်ပွဲများပြီးဆုံး၍ ငြိမ်းချမ်းရေး အမြန်ရလိုနေကြသည်။ ထိုအချက်ကို ငြိမ်းချမ်းရေးမေတ္တာရပ်ခံ အသနားခံစာ လက်မှတ်ထိုးသူအရေအတွက်က သက်သေပြနေသည်။ ၈၈ မျိုးဆက်ကျောင်းသားများ ခရီးစဉ်အတွင်း ၈၈ မျိုးဆက်ကျောင်းသားများ၊ ဘာသာအသီးသီးမှ ဘုန်းတော်ကြီးများ၊ စစ်ပြေးဒုက္ခသည်များ၊ ဖားကန့်နှင့် မိုးကောင်းမြို့မှ ဒေသခံများက ဖားကန့်ဒေသနှင့်ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်ဆိုင်းရန် ငြိမ်းချမ်းရေးမေတ္တာရပ်ခံစာလက်မှတ်ရေးထိုးသူမှာ စက်တင်ဘာ ၂၁ ရက်အထိ နှစ်သောင်းဝန်းကျင်ရှိနေလေပြီ။

## "၂၀၁၂ ဒီဇင်ဘာ ၃၁ ရက်မှာ ကတ်အဟောင်းတွေကို လာလဲသည်ဖြစ်စေ၊ မလဲသည်ဖြစ်စေ မူလ ATM ကတ်အားလုံးကို အသုံးပြုလို့မရအောင် ဘဏ်တွေက ပိတ်လိုက်မှာဖြစ်ပါတယ်"

### မြန်မာငွေပေးချေမှုအဖွဲ့ကော်မတီ အတွင်းရေးမှူး ဦးရဲမင်းဦးနှင့်တွေ့ဆုံခြင်း

**အားမာန်**




ATMကတ်အားပြသနေသည့် ဘဏ်ဝန်ထမ်းတစ်ဦး

စက်တင်ဘာ ၁၄ ရက်တွင် ငွေပေးချေမှုစနစ်တစ်ခု စတင်သည်။ Myanmar Payment Union-MPU အဖွဲ့ဝင် ဘဏ် ၁၇ ခုထဲမှ ၈ ဘဏ်တွင် MPU ကတ်ကိုစတင်မိတ်ဆက်အသုံးပြုခဲ့သည်။ ထိုကတ်မှာ ဘဏ်တွင်ငွေစာရင်းဖွင့်ပြီး ငွေကြိုပေးရသော Debit Card စနစ်ဖြစ်ပြီး အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များနှင့် ထိုကတ်လက်ခံသော ဆိုင်များတွင် အသုံးပြုနိုင်သည်။ ထိုကတ်စနစ်မှာ ငွေသားအသုံးပြုမှုလျှော့ချ၍ နိုင်ငံတကာကဲ့သို့ ကတ်ကို ပိုမိုအသုံးပြုလာရန်ရည်ရွယ်သည်။ မြန်မာငွေပေးချေမှုအဖွဲ့ အတွင်းရေးမှူး၊ AGD ဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။ **အချပ်ပို(B)သို့**



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## စာ(၂၇) အမျိုးသမီးထုအတွက် လမ်းစလေလား မှ

အခုတော့ ကျွန်မတို့နိုင်ငံမှာလည်း အမျိုးသမီးဝန်ကြီးအဖြစ် ပထမဆုံး ခန့်အပ်လိုက်ပြီဆိုတော့ မျှော်လင့်ချက်ရှိလာပြီ။ ကျွန်မတို့လည်း တစ်ချိန်မှာ အမျိုးသမီးဖြစ်လို့ဆိုတဲ့ ကန့်သတ်ချက်မျိုး မရှိတော့ဘဲ တိုင်းပြည်ရဲ့ တာဝန်ကို တစ်ထောင့်တစ်နေရာကနေ ထမ်းဆောင်နိုင်တော့မယ်လို့ ထင်လာရပြီပေါ့” ဟု သူ၏မျှော်လင့်ချက်ကို ပြောကြားခဲ့သည်။

အမျိုးသမီးများအနေဖြင့် အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်လာခြင်းအားဖြင့် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို အမျိုးသမီးများသည် စိတ်ရှည်သည်းခံ၍ တစ်ပါးသူပြောသည်ကို နားထောင်ပေးတတ်ခြင်း အလုပ်လုပ်သည့်နေရာတွင် စေ့စပ်သေချာခြင်း၊ ဆုံးဖြတ်ချက်ကို ပိုမိုမြန်ဆန်စွာချနိုင်ခြင်း စသည့် အားသာချက်များရှိခြင်းကြောင့် တိုင်းပြည်အတွက် ပိုမိုကောင်းလာနိုင်၍ နိုင်ငံရေးတင်မကဘဲ အုပ်ချုပ်ရေးပိုင်းနှင့် ဥပဒေရေး၊ တရားစီရင်ရေးပိုင်းတို့တွင်လည်း အမျိုးသမီးများ ပါဝင်လာပါက တိုးတက်လာနိုင်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက အမျိုးသမီးနှင့် အမျိုးသားများ၏ ကွာခြားချက်အပေါ် သုံးသပ်ပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံတကာ မျက်နှာစာတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု တာဝန်ထမ်းဆောင်မည့် အမျိုးသမီး သံအမတ်ကြီးတစ်ဦးကို နှစ်ပေါင်း ၅၀ ခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁၆ ရက်က ခန့်အပ်လိုက်သည်ကို တွေ့ခဲ့ရသည်။

သံအမတ်ရာထူးသည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ရာထူးဖြစ်ပြီး ယခုကဲ့သို့ ရာထူးမျိုးကို အမျိုးသမီးတစ်ဦးအနေဖြင့် ရရှိလာခြင်းသည် ရှေ့ဆက်၍ အမျိုးသမီးများကို ပိုမိုတာဝန်ပေးအပ်သွားမည့်သဘောမျိုး ဖြစ်နိုင်ပြီး အမျိုးသမီးများကလည်း ပိုမိုမြင့်တက်လာသည်ဟုလည်း ပြောကြားနိုင်ကြောင်း အငြိမ်းစားသံအမတ်ကြီးတစ်ဦးဖြစ်သည့် ဦးခင်မောင်လေးက ပြောကြားသည်။ အဆိုပါ အမျိုးသမီးသံအမတ်မတိုင်ခင်က မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီး သံအမတ်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ဖြစ်သည်။

ယခုကဲ့သို့ အမျိုးသမီးများကို အစိုးရအဖွဲ့အတွင်း စတင်တာဝန်ပေးခြင်းသည် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ အပါအဝင် သမ္မတသည်လည်း နိုင်ငံခြားခရီးစဉ်များသွားရာတွင် နိုင်ငံတကာ၌ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုများက မြင့်မားနေသည်ကို ယင်းတို့ကိုယ်တိုင်ပင် တွေ့ရခဲ့သည့်အတွက် စတင်နေရာပေးလာသည်ဟု ထင်မြင်ကြောင်း နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နေသော လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

“အပေါ်က အစိုးရအဖွဲ့က အမျိုးသမီးတွေကို လက်တွဲခေါ်ရမယ်။ ဦးစားပေးရမယ်ဆိုတဲ့ အတွေးစဝင်လာပြီးတော့ နေရာပေးလာတာ နိုင်ငံအတွက် ကောင်းတဲ့ လက္ခဏာလို့တော့ ပြောနိုင်တယ်” ဟု လူငယ်အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါ်နန်းဝါနုက ပြောကြားခဲ့သည်။

“ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ အပြောင်းအလဲတွေ သိသာထင်ရှားစွာ ထွက်ပေါ်လာဖို့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့ကို အပြောင်းအလဲလုပ်ခဲ့တာဖြစ်ပါတယ်” ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောင်းလဲခန့်အပ်လိုက်သည့် အစိုးရအဖွဲ့ဝင်များကို မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူ ဒေါက်တာမြတ်မြတ်အုန်းခင် အပါအဝင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်ခံရသူအများစုသည်လည်း ဒေါက်တာဘွဲ့ရများနှင့် အရည်အချင်းပြည့်ဝသော အမျိုးသမီးများသာ ဖြစ်သည့်အတွက် အားလုံးသည် မှန်ကန်သော လမ်းညွှန်အုပ်ချုပ်မှုကို ပေးနိုင်မည်ဟု ယုံကြည်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြန်တမ်းဝင်အဆင့် အရာရှိ အမျိုးသမီးတစ်ဦးကလည်း ပြောကြားသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေသည် သန်း ၃၀ ကျော်ရှိ၍ အမျိုးသားဦးရေထက် ပိုများနေသော်လည်း ယင်းတို့မှ တစ်ယောက်သာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသေးသည့်အတွက် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သူ အဆင့်တွင် ရောက်ရှိမှုမှာ လွန်စွာနည်းပါးနေသေးသည်ဟု ပြောနိုင်ကြောင်းလည်း နိုင်ငံရေးလှုပ်ရှားသူ အမျိုးသမီးများနှင့် အစိုးရဝန်ထမ်းအမျိုးသမီးများက ပြောကြားခဲ့ကြသည်။

အလွှာပေါင်းစုံတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်စေရန် ဆက်လက်ကြိုးစားရဦးမည်သာဖြစ်ပြီး အမျိုးသမီးများအနေဖြင့် နိုင်ငံရေးကို စိတ်ဝင်စားမှုရှိစေရန် အထူးသဖြင့် ပညာတတ်အမျိုးသမီးများပါ နိုင်ငံရေးကို စိတ်ဝင်စားလာစေရန်နှင့် နိုင်ငံရေးပါတီများတွင် ပါဝင်သူအမျိုးသမီးများသည် ဘဏ္ဍာရှာဖွေရေး ဧည့်ခံကျွေးမွေးရေးအပိုင်းတွင်သာ ကျေနပ်မနေဘဲ မူဝါဒချမှတ်သူများအဖြစ် လှုပ်ရှားနိုင်ရန် လိုသည်ဟု ဒေါက်တာညိုညိုသင်းက နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုနည်းပါးခြင်းနှင့်ပတ်သက်၍ ပြောသည်။ မည်သို့ပင် အမြင်များကွဲပြားနေစေကာမူ အုပ်ချုပ်သူ အစိုးရအဖွဲ့အတွင်း ပထမဆုံးအနေဖြင့် အမျိုးသမီးများနေရာ ရရှိလာခြင်းသည် အမျိုးသားများနှင့် တန်းတူစွမ်းဆောင်နိုင်သည် ဆိုသော အမျိုးသမီးတို့ အရည်အချင်းများကို ထုတ်ဖော်ပြသခွင့်ရှိလိုက်ခြင်းသာ ဖြစ်သည်။

ထို့အပြင် အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးတစ်ဦးကို ပါဝင်ခွင့်ပြုခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်လာသော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားပြီး နိုဗယ်ဆုအပါအဝင် နိုင်ငံအသီးသီးမှ ဆုတံဆိပ်ပေါင်းများစွာကို ရရှိထားသူမှာ အမျိုးသမီးတစ်ဦးသာ ဖြစ်သည်မှာ မည်သူမျှ မငြင်းနိုင်သော မြန်မာအမျိုးသမီးဂုဏ်ရည်ပြနိုင်သည့်အချက်သာ ဖြစ်ပေသည်။

မြန်မာအမျိုးသမီးများသည် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပါက နေ့စားဝန်ထမ်းမှစ၍ နိုင်ငံတော်သမ္မတအဆင့်ထိ တာဝန်ထမ်းဆောင်နိုင်မှုကို နိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် ဥပဒေလုပ်ထုံးလုပ်နည်းများ အားလုံးက ကန့်သတ်ချက်တစ်စုံတစ်ရာ မရှိဘဲ ခွင့်ပြုထားသည်ကို တွေ့ရသည်။

MAI

**Myanmar Airways International**
**Vacancy Announcement**
**Security Assistant (12) posts**

If you are confident, well presented, have a friendly and outgoing personality, and meet the following requirements:

- Must have University Degree.
- Age between 23 and 35 years old and Male.
- Fluent in spoken and written both English and Myanmar.
- Must be smart and excellent skills in good interpersonal, communication & obedience.
- Must have good mental and physical health.
- Minimum height of 5' 5" and minimum weight 110 lbs.
- Experience in Armed Forces and Aviation Industry field is preferable.
- Good computer Literate with Microsoft Application.

Send us a detailed and complete:
- Curriculum vitae with one recent passport size color photograph.
- Copy of Relevant Certificates and other testimonial documents.
- Copy of Labour Registration Card.
- Copy of NRC Card & household registration.
- Recommendation for free of criminal & political offence from respective Police Station.

Kindly indicate on the back of the envelope: Sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark **"SECUTIRY ASSISTANT"**.

Applications will be accepted by before 1 October 2012 at 17:00 pm.
Only short-listed applicants will be notified on 4 October 2012, afternoon.

Please send your application to the following address:
**Office of the Operations**
Myanmar Airways International Co. Ltd.
Domestic Terminal
Yangon International Airport
Yangon.

MAI

**Myanmar Airways International**
**Vacancy Announcement**
**Flight Operations Assistant (4) posts**

If you are confident, well presented, have a friendly and outgoing personality, and meet the following requirements:

**Requirements:**

- Minimum University Graduate (Science Degree is preferable).
- Age 20 - 25 years.
- Must be fluent in English (both written & Spoken).
- Must have good personality for organizational and interpersonal skills, including communication skills.
- Computer Literate with Microsoft Application and Internet/ Email.
- Fluency in other foreign languages & working experiences at related field would have an advantage.
- Able to work shift duty (including mid-night shift).

If you think you meet the above requirements, send us details and complete:
- Curriculum vitae with one recent passport size color photograph
- Copy of Relevant Certificates and other testimonial documents
- Copy of Labour Registration Card
- Copy of NRC Card
- Copy of Police Recommendation from Township Police Station.

Kindly indicate on the back of the envelope: Sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark **"FLIGHT OPERATIONS ASSISTANT"**.

Applications will be accepted by before 2 October 2012 at 17:00 pm.
Only short-listed applicants will be notified on 4 October 2012, afternoon.

Please send your application to the following address:
**Office of the Operations**
Myanmar Airways International Co. Ltd.
Domestic Terminal
Yangon International Airport
Yangon.

# အသက်ဆိုတာ ရှူပြီးတော့သွင်းရတာ

မောင်သာချို

(တစ်)

အောက်ဆီဂျင်ဘား (Oxygen Bar) တဲ့။ ဆိုင်နာမည်ကိုကြားရုံမျှနှင့် ယနေ့ကမ္ဘာကြီး ဘာဖြစ်နေပြီလဲဆိုတာကို ရိပ်စားမိနိုင်သော အနေအထားပင် ဖြစ်ပါသည်။

ဟုတ်ပါသည်။ အောက်ဆီဂျင်ဘား။ အသက်ရှူမဝသည့်ကမ္ဘာကြီး၊ အသက်ရှူကျပ်သည့်ကမ္ဘာကြီး၊ အသက်ရှူမဖြောင့်သည့်ကမ္ဘာကြီးအတွက်ဝန်ဆောင်မှုပေးသောအောက်ဆီဂျင်ဘားကလေးတွေ ကမ္ဘာ့တချို့နေရာများ၌ ပေါ်ပေါက်စပြုလာကြပြီဖြစ်ပါသည်။

နာမည်ကျော် ပေါ့ပ် (Pop) အဆိုတော် ဘရစ်တနီစပီးယား (Britney Spears)ကို ထိုအောက်ဆီဂျင်ဘား၌ တွေ့နိုင်သည်ဟု ဆိုပါ၏။ I am Not a Girl တို့ Toxic တို့ Baby One More Time တို့လို သီချင်းများဖြင့် အထူးထင်ရှားသူ အဆိုတော်မကလေး ဘရစ်တနီစပီးယားသည် အောက်ဆီဂျင်ဘားများ၏ ဖောက်သည်ဟု ဆိုပါ၏။

နောက် ဂျူလီယာရောဘတ် (Julia Roberts)။ ဟောလိဝုဒ်၏ နာမည်ကျော်မင်းသမီး။ Pretty Woman တို့၊ Notting Hill တို့၊ Monalisa Smile တို့လို ရုပ်ရှင်ကားများဖြင့် နာမည်ကျော်ခဲ့သည့် မင်းသမီး။ သူကလည်း အောက်ဆီဂျင်ဘားများတွင် ထိုင်တတ်သူဟု ဆိုပါ၏။

အော်. . . လေကောင်းလေသန့်ခေါ် အောက်ဆီဂျင်ကို စိတ်တိုင်းကျ ရှူရန်အတွက် ဖွင့်လှစ်ထားသည့် ဆိုင်ကလေးများ။ ဆိုင်ထဲသို့ ဝင်ရောက်သွားပြီးနောက် ဘားကောင်တာရှိရာ၌ အသာကလေးဝင်ထိုက်လိုက်ရပါသည်။

ထို့နောက် ဓာတ်ငွေ့ပိုက်ကို အသာကလေးဆွဲယူနိုက်ရပါ၏။ ပြီးသော် ရှူပေတော့။ တစ်မိနစ်ကို စင်ကာပူဒေါ်လာ တစ်ဒေါ်လာလောက်နှင့် ရှူကြရကြောင်းဆိုရာ ပြုံးချင်စရာ ဖြစ်ပါသည်။

ကမ္ဘာ ကမ္ဘာ။ ကျွန်တော်တို့ မှီတင်းနေထိုင်ကြရာ ဤကမ္ဘာ။ ကျွန်တော်တို့ ချစ်မြတ်နိုးရာသည့် ကမ္ဘာ။ အသက်ကိုတောင် စိတ်ချလက်ချရှူဖို့ ခက်ခဲလာပြီတဲ့လား။

(နှစ်)

လူသားအပါအဝင် သက်ရှိသတ္တဝါများ၊ ထို့နောက် အပင်များကအစ အသက်ဆက်ရှင်သန်နေဖို့ အရေးမှာ အောက်ဆီဂျင်လိုပါသည်။ ထိုအောက်ဆီဂျင်ကို ရှူသွင်းကြရပါသည်။ သို့သော် အောက်ဆီဂျင်က လေထဲ၌ ၂၁ ရာခိုင်နှုန်းခန့်သာပါသည်ဟု ဆိုပါသည်။ ဒါဆို ကျွန်တော်တို့အတွက် မလိုအပ်သော ဓာတ်ငွေ့တွေ ၇၉ ရာခိုင်နှုန်းတောင် ပါဝင်နေသည်ဆိုသည့် သဘောပဲပေါ့။ အင်း. . မြွေပူရာ ကင်းမှောင့် ဆိုသလို အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း ဝန်းကျင်ခန့်သာပါသည့် လေထဲ၌ အခြား အခြားသော မလိုလားအပ်သည့် အဆိပ်အတောက် အငွေ့တွေပါ ထပ်ရောပါလာမှုဖြင့်။

ယခု ရက်ပိုင်းတွေထဲတွင် ထွက်ရှိသည့် သတင်းစာတစ်နေရာ၌ တစ်ဆင့်ခံ စီးကရက်မီးခိုးငွေ့ကို ရှူရှိုက်ရသည့်အတွက် အမေရိကန်နိုင်ငံသား ၄၂,၀၀၀ ဝန်းကျင် နှစ်စဉ်သေဆုံးနေရပါကြောင်း ဆန်ဖရန်စစ္စကို အခြေစိုက်ကယ်လီဖိုးနီးယားတက္ကသိုလ်၏ လေ့လာဆန်းစစ်မှု တစ်ရပ်က ဖော်ပြထားသည်ကို ဖတ်လိုက်ရပါသည်။

စက်ရုံကြီးများ မော်တော်ကား၊ မော်တော်ဆိုင်ကယ် မီးရထား၊ မီးသင်္ဘောစသည် စသည်တို့က မီးခိုးငွေ့များကို ထုတ်လွှတ်ပါသည်။ ရေခဲသေတ္တာလို လေအေးပေးစက်လို လူ့အသုံးအဆောင်ပစ္စည်းများက ဓာတ်တုအငွေ့အသက်တို့ကို ထုတ်လွှတ်ပါသည်။ ထိုအငွေ့ပေါင်းစုံတို့သည် လေထဲက ဆာလ်ဖာအမှုန့်များနှင့် ပေါင်းစပ်လိုက်သောအခါ ညစ်ညမ်းတိမ်တောင်ကြီးများ ဖြစ်ပေါ်လာကြသည်ဟု ဆိုပါသည်။

၁၉၉၄ မှ ၂၀၀၅ ခုအတွင်း ကောင်းကင်အာဇဝ္ဗာ၌ ညစ်ညမ်းတိမ်တောင် ၂၀ ရာခိုင်နှုန်းမှသည် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာခဲ့ပါကြောင်း အမေရိကန်နိုင်ငံ တက္ကဆက် တက္ကသိုလ် ပါမောက္ခ ရိန်နီဇန်နှင့် အဖွဲ့က ထုတ်ပြန်ပေးခဲ့ဖူးပါသည်။

ပါကစ္စတန်တွင် လေသန့်သန့်ကို မရှူရှိုက်ရသဖြင့် ရရှိလာသော ရောဂါများကြောင့် နှစ်စဉ်လူနှစ်သောင်းခန့် အသက်ဆုံးရှုံးရကြောင်းနှင့် ရူပီးငွေ ၆၅ ဘီလီယံခန့် ကုန်ဆုံးကြောင်း ထုတ်ပြန်ခဲ့ပါ၏။

အီရန်နိုင်ငံ၏ မြို့တော် တီဟီရန်သည်လည်း လေထုအလွန်ညစ်ညမ်းပေရာ တစ်လလျှင် လူ ၃၀၀၀ ဝန်းကျင်ခန့် သေဆုံးရကြောင်းနှင့် ၂၀၀၅ နှင့် ၂၀၀၆ နှစ်များတွင် လေထုအညစ်အညမ်းကို ရှူသွင်းရမှုကြောင့် လူ ၉၉၀၀ သေခဲ့ရကြောင်း သတင်းတစ်ရပ်က ဆိုခဲ့ပြန်ပါသည်။

မသန့်သော လေကို ရှူသဖြင့် အာရှမြို့ကြီးများ၌ တစ်နှစ်လျှင် လူငါးသိန်းသေသည်။ အရွယ် မတိုင်မီသေဆုံးသူ တစ်နှစ် ၅၃၀,၀၀၀ ဦး အာရှတိုက်၌ ရှိသည်။ ပါရီ၊ လန်ဒန်၊ နယူးယောက် စသော မြို့ကြီးများထက် အာရှက ငါးဆပိုဆိုးသည် စသည်စသည်ဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ကြေညာထားခဲ့ပြီး ဖြစ်ပါသည်။

ကြောက်ခမန်းလိလိ ကိန်းဂဏန်းတွေပါလား။

(သုံး)

ကျွန်တော်စိတ်ပျက်ရသည့် အထဲ၌ အမွှေးတိုင်ပါပါသည်။ ပိုလီဆိုင်ကလစ် အာရိုမက်တစ် ဟိုက်ဒရိုကာဗွန်ဟု ဓာတ်တုဗေဒ အမည်ရှိပြီး ဓာတုသင်္ကေတဖြင့် $PAH_5$ ဟု ရေးသည့် ထိုအငွေ့က အဆုတ်ကင်ဆာဖြစ်စေသော အငွေ့တဲ့။ သည်အဆိပ်ငွေ့က မော်တော်ကားလမ်းဆုံတွေမှာထက် တရုတ်ဘုရားကျောင်းထဲမှာ ပိုများလေသတဲ့။ သည်အမွှေးတိုင် အငွေ့ထဲမှာကာစင်နိုဂျင်းနစ် ဓာတ်ပေါင်းပါတဲ့ ဘင်ဇိုပိုင်ရင်းလည်း ပါသတဲ့။ အဆုတ်ကင်ဆာဖြစ်စေတဲ့ အဆိပ်ငွေ့တဲ့။ စီးကရက်ငွေ့ထက် ၄၅ ဆပိုပြီး ညစ်ပတ်သတဲ့။ ဘုရားရင်ပြင်တော်ပေါ်မှာ၊ ဆိုင်ခန်း ကျဉ်းကျဉ်းကလေးတွေထဲမှာ၊ ညှော်ခန်းထဲမှာ၊ ဘုရားစင်ရှေ့မှာ၊ နတ်စင်ရှေ့မှာ ရှေးဆန်သည့် ဘတ်စ်ကားထဲမှာ လက်ဖက်ရည်ဆိုင်ထဲမှာ၊ ၄ ကွက်သမ္မာန်ကလေးရဲ့ဦးဖျားမှာ တလူလူထွက်နေသော အငွေ့များက ရှောင်၍ မလွှတ်နိုင်ပါ။

ထို့နောက် စိတ်ပျက်ရပြန်သည်က ခြင်ဆေးခွေ။ ခြင်လုံ သံဆန်ခါ မတပ်ထားနိုင်သော အိမ်တိုင်း၌ ခြင်ဆေးခွေနှင့် မကင်းနိုင်ပါ။ ခြင်ဆေးခွေက ထွက်နေသည့်ဖော်မယ်ဒီဟိုက် အဆိပ်ငွေ့ထဲတွင် $PAH_5$ ခေါ် ပိုလီဆိုင်ကလစ် အာရိုမက်တစ် ဟိုက်ဒရိုကာဘွန်လည်း ပါသတဲ့။ ကာဗွန်ဓာတ်ရော ဖော်မယ်ဒီဟိုက်နဲ့ အက်ဆီတယ်ဒီဟိုက်လည်းပါသတဲ့။ အငွေ့ပျံစေတဲ့ အော်ဂဲနစ်ဓာတ်ရော ဘင်ဇင်းလည်းပါသတဲ့။ ခြင်ဆေးတစ်ခွေရဲ့ အငွေ့ဟာစီးကရက်၅၁ လိပ်ရဲ့ အငွေ့နဲ့ ညီသတဲ့။ အဆုပ်ကိုထိုးနှက်သည့် အဆိပ်ငွေ့။

ခြုံ၍ ပြောရလျှင် မီးခိုးငွေ့များ၊ လောင်စာငွေ့များ၊ စီးကရက်ငွေ့များ၊ အမွှေးတိုင်ငွေ့များ၊ ခြင်ဆေးငွေ့များ၊ ကတ္တရာငွေ့များ၊ စားဖိုဆောင်က ထွက်လာသည့် အငွေ့များ စသည်စသည်တို့၏ အကြား၌ လေက မည်သို့မှ မသန့်စင်နိုင်တော့ပါ။ သို့သော် မမြင်ရသော လေထဲက မမြင်ရသည့် အန္တရာယ်များကို မြန်မာတို့ ရှူသွင်းနေမိကြပါသည်။ မျက်ကန်းတစ္ဆေမကြောက် ခုချက်ချင်းလဲ သေသွားတာမှ မဟုတ်တာဟူသော အတွေးမျိုးဖြင့် ခပ်တည်တည်ပဲ အသက်ကိုရှူဖြစ်နေခဲ့ကြပါသည်။

အစားအစာကို သန့်သန့်စားဖို့လိုသလို ရေကိုလည်း သန့်သန့်သောက်မှ ဆိုသည့် အသိမျိုးကတော့ လူတော်တော်များများ၌ ရှိနေကြပြီဟုဆိုရပါမည်။ သို့သော် လေကိုလည်း သန့်သန့်ရှူမှဆိုသည့်အသိမျိုးကတော့ အားနည်းနေကြပါသေးသည်။ လူသည် ကိုယ့်ပတ်ဝန်းကျင်က လေထုကိုလည်း ကိုယ်စောင့်ရှောက်ဖို့ လိုပါသည်။ သို့မဟုတ်လျှင်ဖြင့် ကျွန်တော်တို့သည်လည်း အောက်ဆီဂျင် ဘားများရှိရာသို့သွား၍ အသက်ကို ရှူသွင်းကြရုံသာ။ ။



Myanmar Airways International
www.maiair.com

## Myanmar Airways International
### Vacancy Announcement
### Assistant Mechanic (18 posts)

If you are confident, well presented, have a friendly and outgoing personality, and meet the following requirements:

- Any university graduate.
- Age between 22 - 35 years.
- Must have driving license and must be skilled driving any vehicle.
- Working experiences in aviation ramp field would have an advantage.
- Must have good personality for organizational and interpersonal skills, including communication skills
- Must be fluent in English (both written & Spoken)
- Computer Literate with Microsoft Application and Internet/ Email.
- Able to work shift duty (including mid-night shift)

If you think you meet the above requirements, send us details and complete:

- Curriculum vitae with one recent passport size color photograph
- Copy of Relevant Certificates and other testimonial documents
- Copy of Labor Registration Card
- Copy of driving license.
- Copy of NRC Card and
- Copy of Police Recommendation from Township Police Station.

Kindly indicate on the back of the envelope: Sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark **"ASSISTANT MECHANIC"**.

Applications will be accepted by before 5 October 2012 at 17:00 pm.
Only short-listed applicants will be notified on 9 October 2012, afternoon.

Please send your application to the following address:
**Office of the Operations**
**Myanmar Airways International Co. Ltd.**
Domestic Terminal
Yangon International Airport
Yangon..

ဂျ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချိုနွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



## ဆေးစက်ကျရာ

# အရုပ်ထင်သူတို့၏ နေရာ

ဂျေလှသင်

အခုနေများ ဂျိမ်းစ်ဘွန်းဒ်မင်းသားနဲ့အတူတွဲ သရုပ်ဆောင်တဲ့ မင်းသမီးဟာ မြန်မာမင်းသမီးလို့ပြောရင် ကျွန်မကိုစိတ်မှ နှံ့ရဲ့လားလို့ဝိုင်းကြည့်ကြမယ်ထင်တယ်နော်။ တကယ်ပြောတာပါ။ ကမ္ဘာကျော် ဂျိမ်းစ်ဘွန်းဒ် ဇာတ်ကားတွေထဲက တစ်ကားဖြစ်တဲ့ Dr. No ဇာတ်ကားထဲမှာ မင်းသားရှောင်ကွန်နရီနဲ့တွဲပြီး သရုပ်ဆောင်ခဲ့တဲ့ သူနာပြု ဆရာမလေးဟာ မြန်မာ မင်းသမီး မစိန်စိန်ပါ။ ဒါတင်မကသေးပါဘူး။ ၁၉၅၆ ခုနှစ်ကရိုက်ခဲ့တဲ့ The Purple Plain ဇာတ်ကားမှာ ဟောလိဝုဒ်မင်းသားချောဂရီဂိုရီပက်ခ်(Gregory Peck) နဲ့ အင်္ဂလိပ်လို မွတ်နေအောင်ပြောပြီး သရုပ်ဆောင်ခဲ့တဲ့ မင်းသမီးဟာမြန်မာမင်းသမီး ဝင်းမင်းသန်းပါ။

ကမ္ဘာပေါ်မှာ မြန်မာဟာ အညံ့စားထဲမှာ မပါခဲ့ပါဘူး။ အခု အမေရိကန်သမ္မတ အိုဘားမားကိုယ်တိုင် တလေးတစား တွေ့ဆုံခဲ့ရတဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ အင်န်အယ်လ်ဒီပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်တွေက သက်သေပြနေပါတယ်။ အုပ်ချုပ်သူလူတန်းစားတွေရဲ့ ညံ့ဖျင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် မြန်မာနိုင်ငံကြီး နွံ့နစ်ခဲ့ရတာပါ။ ဘက်ပေါင်းစုံ နိမ့်ကျဆုတ်ယုတ်ခဲ့ရတဲ့အထဲမှာ မြန်မာ့ရုပ်ရှင်လောကလည်း တစ်ခုအပါအဝင်ပေါ့။ ရုပ်ရှင်ဆိုတာ တိုင်းပြည်ရဲ့ ပုံရိပ်၊ အနုပညာပစ္စည်းတစ်ခုပါ။ မြန်မာ့ရုပ်ရှင်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ မြန်မာ့အစားအစာ၊ မြန်မာ့အလှအပများကို တင်ပြနိုင်မယ့် တစ်နည်းအားဖြင့် မီးခိုးမထွက်တဲ့ စက်ရုံတစ်ရုံအဖြစ်လည်း ငွေရှာနိုင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးအသစ်နဲ့ ရုပ်ရှင်အစည်းအရုံးတွေ့ဆုံပွဲသတင်းကို တွေ့လိုက်တယ်။ ရုပ်ရှင်လောကသားတွေရဲ့ ဝန်ကြီးပြောစကားတွေအပေါ် ကျေနပ်အားရတာ၊ ပွင့်လင်းမြင်သာစွာ ဆွေးနွေးတင်ပြခွင့် ရခဲ့တယ်ဆိုတာတွေလည်း သိရကြားရပါတယ်။ ရုပ်ရှင် အစည်းအရုံးကြုံတွေ့နေရတဲ့ အခက်အခဲပေါင်းများစွာထဲက ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ပြီးတဲ့အခါ ရုံတင်ပြစရာ ရုပ်ရှင်ရုံများမရှိခြင်းဟာ အဓိကပြဿနာလို့ ဖတ်လိုက်ရပါတယ်။ ရုပ်ရှင်ရုံဆိုလို့ ကျွန်မတို့ ငယ်ဘဝက ကြည့်ခဲ့ရတဲ့ ဇာတိမြို့က ရုပ်ရှင်ရုံလေးကို ပြေးမြင်မိပါတယ်။ ကွမ်းခြံကုန်းမြို့ရဲ့ တစ်ရုံတည်းသော ရုပ်ရှင်ရုံလေးပေါ့။ ဇမ္ဗူအေး ရုပ်ရှင်ရုံတဲ့။ သွပ်အမိုး၊ အုတ်အကာနဲ့ ကျူဖျာခင်းထားတဲ့ ရုံကလေးကြိုက်တဲ့နေရာ ထိုင်ကြည့်ရုံ။ ဝင်ခပဲ ရတယ်။ ရုံရဲ့ နောက်ဆုံးတန်းမှာတော့ ထိုင်ခုံအလုံးလေးငါးဆယ်ခင်းထားတယ်။ ကျွန်မတို့မြို့က လူအတော်များများ ထိုင်ခုံနဲ့ထိုင်ကြည့်ရတာအားမရကြဘူး။ ဖျာပေါ်မှာ ဒူးထောင်၊ ခြေဆင်းတိုးတိုးခွေ့ခွေ့ ကြိုက်သလို ထိုင်ကြည့်ရတာပဲ အားရတယ်။

တစ်မြို့လုံးရဲ့ တစ်ရုံတည်းသော မိုးလုံလေလုံဆိုတော့ ဇာတ်ပွဲတွေ ရုံသွင်းရင်လည်း အဲဒီဇမ္ဗူအေးမှာပဲ၊ ကျွန်မတို့အထက်တန်းကျောင်းရဲ့ အာစရိယပူဇော်ပွဲမှာကကြရင်လည်း ဇမ္ဗူအေးရုပ်ရှင်ရုံမှာပဲ။ ရုပ်ရှင်ဇာတ်ကားကြော်ငြာတော့ တစ်မြို့လုံး အန့်ကားနဲ့ အော်လံကြီးနဲ့ ကြော်ငြာတယ်။ ကွမ်းခြံကုန်းမြို့ဟာ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား အခြေခံလူတန်းစားတွေများတဲ့ မြို့မို့ ညဘက်မှ ရုပ်ရှင်ကြည့်ကြတယ်။ ပွဲချိန်ကလည်း တစ်နေ့မှာ တစ်ပွဲထဲပြတယ်။ ည ၈ နာရီမှ ပြီးသည်အထိပေါ့။

ကျွန်မတို့ အဘိုးတွေ လက်ထက်ကလည်း အဲဒီရုပ်ရှင်ရုံ၊ ကျွန်မတို့ မိဘတွေလက်ထက်မှာလည်း အဲဒီရုပ်ရှင်ရုံ၊ အခုလက်ရှိမှာတော့ ဘယ်ရုံမှာ ဘယ်ပုံစံနဲ့ မြို့ကလူတွေ ရုပ်ရှင်ကြည့်နေကြလည်း မသိပေမယ့် ၈၈ အထိတော့ ဇမ္ဗူအေးမှာပဲ ရုပ်ရှင်ကြည့်ခဲ့ရတာမှတ်မိတယ်။ အဆောက်အအုံအဆင့်အတန်းနိမ့်တဲ့ရုပ်ရှင်ရုံလေးထဲမှာ အနုပညာအဆင့်အတန်းမြင့်တဲ့ ရုပ်ရှင်ဇာတ်ကားတွေ ကြည့်ခွင့်ရခဲ့တယ်။

အဖေက သူ့ရဲ့ ရုပ်ရှင်ထဲက အတွေ့အကြုံကိုပြန်ပြောဖူးတယ်။ မြန်မာ့ အက်ရှင်မင်းသားကြီး ရွှေဘ ဇာတ်ကားဆိုရင် လူတွေအရမ်းကြိုက်တာတဲ့ ညတိုင်းရုံပြည့်တယ်။ ရွာနီးချုပ်စပ်ကတောင်နွားလှည်းတွေ၊ လှေတွေနဲ့ လာကြည့်ကြတယ်တဲ့။ ဇာတ်လမ်းသဘောအရ ဇာတ်နာအောင် လူကြမ်းက ရွှေဘကို နှိပ်စက်တဲ့အခန်းပါတယ်။ ရွှေဘခံရတာကြာရင် ရုပ်ရှင်ကြည့် ပရိသတ်က ရုပ်ရှင်ပိတ်ကားကို ခဲနဲ့ဝိုင်းထုတာတဲ့။ အဲဒီတော့ ရုပ်ရှင်ပြတာ ခဏရပ်ပြီး "ရွှေဘခံရတာ ခဏပါ ခင်ဗျာ၊ မကြာခင် ရွှေဘပြန်နိုင်မှာပါ" လို့စပီကာလေးနဲ့အော်ပေးရတယ်။ အဲဒါမှ ပရိသတ်က ငြိမ်သွားပြီး ဆက်ပြလို့ရတယ်တဲ့။

ကျွန်မတို့ ကြီးတော်ပြောပြတာက တစ်မျိုး။ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဆိုတဲ့ မြို့တွေမှာ ကရင်တိုင်းရင်းသားတွေ များတယ်။ ကွမ်းခြံကုန်းမှာဆိုရင် ရွာအလိုက် နေကြတယ်။ ရိုးသားကြတယ်။ တစ်ညတော့ ရုပ်ရှင်ပြနေတဲ့အထဲမှာ မင်းသားကို လူကြမ်းက အနောက်ကနေ တုတ်နဲ့ချောင်းရိုက်မလို့ ပြေးလာတာ မင်းသားက မသိဘူး။ အဲဒါကို "ဟဲ့ဟဲ့အကောင်နောက်မှာလာနေပြီအနောက်မှာ" ဆိုပြီး ရှေ့ဆုံးမှာ ထိုင်ကြည့်နေတဲ့ ကရင်တွေထအော်သတဲ့။ ဇာတ်ရဲ့ သဘောအရ မင်းသားက အချိန်မီခုခံတယ်။ မင်းသားအသာစီးရသွားတော့မှ "တော်သေးပေါ့ဝေ ငါအော်တာကြားသွားလို့" ဆိုပြီး ကရင်အုပ်စု သက်ပြင်းချနိုင်သတဲ့။ ရုပ်ရှင်ဖန်တီးမှု အတတ်ပညာကို မသိတဲ့ ရိုးသားတဲ့ ပရိသတ်ဟာ ရယ်စရာပေါ့။ ဒါပေမဲ့ ပရိသတ်ဟာ ရုပ်ရှင်ဇာတ်လမ်းထဲမှာနစ်ဝင်သွားတာကိုတော့ လက်ခံရလိမ့်မယ်။ အဲဒီလို ရုပ်ရှင်ကြည့် ပရိသတ်ရင်ကို လှုပ်ခါနိုင်စွမ်းရှိခဲ့တဲ့၊ ဩဇာကြီးမားတဲ့ အနုပညာရသမြောက်စွာ ဖန်တီးတင်ဆက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ မြန်မာ့ ရုပ်ရှင်သမိုင်းမှာ ရှိခဲ့ဖူးပါတယ်။ အခု အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ရုံပြည့်ပြီ ဆိုတဲ့ စာတမ်းချိတ်နိုင်တဲ့ကား၊ ဘယ်နှကားများရှိပါသလဲ။ သိပ်များများစားစား ရှိမယ်မထင်ပါ။ အဲဒီလို အဆင့်မြင့် ရုပ်ရှင်ရုံတွေနဲ့ စားနိုင်သောက်နိုင်၊ လူလတ်တန်းစားပေါတဲ့ ရန်ကုန်မြို့ကြီးကို နေရာမှာတောင် ထင်သလောက် လူမဝင်ရင် တစ်နေ့လုပ်တစ်နေ့စား တောသူတောင်သားများကို ရုပ်ရှင်ရုံထဲ ရောက်အောင် ဘယ်လိုဆွဲဆောင်ကြမလဲ။

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မမီရခြင်းကို ရုပ်ဝတ္ထုပေါင်းများစွာနဲ့ ဆင်ခြေပေးနိုင်ပါတယ်။ ရုပ်ရှင်ရုံမရှိလို့၊ ဆင်ဆာတင်းကြပ်လို့၊ စက်ပစ္စည်းမကောင်းလို့၊ ဖလင်မလောက်လို့၊ Free to Air ကဏ္ဍတွေများလို့၊ ခိုးကူးခွေနှိပ်စက်လို့ စသဖြင့် ဘယ်လိုဆင်ခြေတွေများများ အဓိကလိုအပ်ချက်ကတော့ ဒါရိုက်တာတွေ၊ မင်းသား၊ မင်းသမီးအပါအဝင် သရုပ်ဆောင်တွေရဲ့ အရည်အသွေးကျဆင်းနေခြင်းဟာ အဓိကလို့ ထင်ပါတယ်။ ဥပဒေနဲ့ ပြင်လို့မရ၊ ငွေနဲ့ဆက်ဝယ်လို့ မရတဲ့ တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေး အနုပညာဖန်တီးမှုစွမ်းရည်ကို မြှင့်တင်ဖို့ အရင်လုပ်သင့်ပါပြီ။

၂၅-၉-၂၀၁၂ နေ့ထုတ် စောင့်ကြည့် ဂျာနယ်(News Watch) ထဲမှာ စိတ်မကောင်းစရာ သတင်းတစ်ပုဒ်တွေ့လိုက်ပါတယ်။ "ရုပ်ရှင်မင်းသမီး ထပ်ဆင့်အကယ်ဒမီအေးအေးသင်းသို့ ရုပ်ရှင်လောကသားများမှ ထောက်ပံ့ကူညီငွေပေးအပ်" တဲ့အဲဒီသတင်းကို တွေ့လိုက်တော့မှ အေးအေးသင်းသရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ပြန်သတိရမိတယ်။ ၈၈ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်လှုပ်ရှားမိလို့ သူ့ဇာတ်ကားတွေ ကျွန်မတို့ ဘယ်မှာမှ မမြင်ရ မကြည့်ရတော့ဘူး။ သိပ်တော်တဲ့မင်းသမီးကြီးပါ။ ဆေးစက်ကျရာ အရုပ်ထင်သလို ကျရာဇာတ်ရုပ်ကို ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်ခဲ့ပါတယ်။ အနုပညာအလုပ်ဟာ အရွယ်ရှိတုန်းမှာ ပိုအောင်မြင်တာပါ။ အရွယ်ကောင်းချိန်မှာ အရည်အချင်းတွေကို ပြခွင့်မရလိုက်တာ နှမြောလိုက်တာ၊ စိတ်မကောင်း ဖြစ်လိုက်တာ။ နောင်ကို ဒီလိုအဖြစ်မျိုးတွေ ရုပ်ရှင်လောကသားတွေ မကြုံရအောင်ရုပ်ရှင် အစည်းအရုံးကြီးက ကာကွယ်ပေးနိုင်ရင် သိပ်ကောင်းမှာပါ။

အားမနာတမ်းပြောရရင် အရင်လူတွေက ပိုတော်နေသလိုပဲ။ တော်တာလည်း မပြောနဲ့ စာသိပ်ဖတ်ကြတယ်။ ဗဟုသုတများတယ်။ အင်္ဂလိပ်စာကို လေ့လာတယ်။ ကမ္ဘာ့ရုပ်ရှင်လောကကို အမြဲမျက်ခြည်မပြတ်ကြည့်တယ်။ အရင်ခေတ်က နာမည်ကျော် ရုပ်ရှင်တစ်ကားပြပြီးတိုင်း ဇာတ်ဝင်သီချင်းနဲ့ဇာတ်လိုက်တွေရဲ့စတိုင်က လူထုထဲမှာ ပျံ့နှံ့သွားတယ်။ သိပ်မဝေးသေးပါဘူး။ သင်္ကြန်မိုး ဇာတ်ကားထဲက သီချင်းလေးတွေကြောင့် မြန်မာ့သင်္ကြန်ဟာ အသက်ဝင်နေတာ။ အဲဒီသီချင်းတွေကိုကျော်ပြီး ဘယ်သင်္ကြန်သီချင်းမှ ပေါ်ထွက်မလာသေးဘူး။

အရင်ခေတ်က ရုပ်ရည်တင့်တယ်ရုံနဲ့ ရုပ်ရှင်သရုပ်ဆောင်မဖြစ်ဘူး။ ရုပ်ရှင်မင်းသမီးကြီးခင်သန်းနုဆိုရင် ပြည်ထောင်စုမယ်ဘွဲ့ရပြီး ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ မင်းသမီးဝင်လျှောက်တော့ အောက်နုတ်ခမ်းထူတဲ့ ပြစ်ချက်နဲ့ အပယ်ခံရဖူးတယ်လို့ သူ့ရဲ့ အင်တာဗျူးတစ်ခုမှာ ဖတ်ရဖူးတယ်။ အဲဒီခေတ်က ရုပ်ရှင်သရုပ်ဆောင်တွေဟာ ရုပ်ရှင်ကုမ္ပဏီက လခပေးခန့်ထားတဲ့ ဝန်ထမ်းတွေပါ။

စာ(၄၀) သို့

7 DAY NEWS JOURNAL

Business

Vol.11, No.29 • SEPTEMBER 27 , 2012

# မြေဈေးကြီးမြင့်မှုက တန်းဖိုးနည်းအိမ်ရာ စီမံကိန်းများအတွက် အဟန့်အတားဖြစ်

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ရန်ကုန်မြို့၏ မြေဈေးကြီးမြင့်နေမှုက တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောက်လုပ်ရန်အတွက် များစွာအဟန့်အတားဖြစ်နေသည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။

အထူးသဖြင့် ရန်ကုန်မြို့တွင်းပိုင်းနှင့် နီးသည့် မြို့နယ်အချို့ဖြစ်သော မရမ်းကုန်း၊ မင်္ဂလာဒုံ၊ ထောက်ကြန့်အစရှိသည့် မြို့နယ်များတွင် မြေဈေးနှုန်းကြီးမြင့်မှုမှာ အဓိက အဟန့်အတား ဖြစ်နေသည်ဟုဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



ရန်ကုန်မြို့လယ်တစ်နေရာ
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တန်ဖိုးနည်း အိမ်ရာဆိုသည်မှာ အမှန်တကယ် ငွေကြေးမတတ်နိုင်သူများ နေထိုင်ရန်အတွက် အဓိကရည်ရွယ်ပြီး ဆောက်လုပ်ပေးခြင်းဖြစ်ပြီး ၎င်းတို့အတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ လုပ်ငန်းခွင်သို့ နေ့စဉ် ဝင်ရောက်နိုင်ရန်အတွက် မြို့တွင်းပိုင်းနှင့် မဝေးလှသည့် နေရာများတွင် အဓိကဖန်တီးပေးရန် လိုအပ်နေခြင်းဖြစ်သည်။

သို့သော် မြို့တွင်းပိုင်းသို့ အလွယ်တကူ သွားလာနိုင်သည့် မြို့နယ်များရှိ မြေဈေးနှုန်းမှာ ၁ စတုရန်းပေလျှင် ပျမ်းမျှကျပ် ငါးသိန်းမှ ခြောက်သိန်းကျော်အထိ ဧပြီ၁ရက်ကြားဖြတ်ရွေးကောက်ပွဲအပြီးမှ စတင်ကာ တရိပ်ရိပ်မြင့်တက်လာခဲ့သည်ဟု လမ်းမတော်မြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့၏ မြေဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ၏ မြေဈေးနှုန်းထက် များစွာကြီးမြင့်နေပြီး ၂၀၁၅ ခုနှစ်တွင် တိုးပွားလာသည့် လူဦးရေအတွက် ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်များစွာ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဒေါက်တာခင်ရွှေကဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဒီပြဿနာကိုနိုင်ငံတော်က ဖြေရှင်းပေးရင် ဘာမှမခက်ပါဘူး။ လက်ရှိ အစိုးရလက်ထဲမှာ ကိုင်ထားတဲ့ မြေကေတွေက အများကြီးပဲ" ဟု တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲဦးကိုကိုထွေးကပြောသည်။ ထို့အပြင် ယခင်အစိုးရလက်ထက်က တိုးချဲ့ခဲ့သော မြို့သစ်များ၊ အိမ်ရာစီမံကိန်းအချို့မှာမြို့တွင်းပိုင်းနှင့် များစွာဝေးကွာပြီး လမ်း၊ ရေ၊ မီး စနစ်လိုအပ်ချက်များကို ယနေ့တိုင် မဖြေရှင်းနိုင်သေးကြောင်း ဦးကိုကိုထွေးက ဆက်ပြောသည်။

"မြို့တွင်းနဲ့ ဘယ်လောက်ပဲ ဝေးဝေး လမ်းစနစ်တွေ ကောင်းရင် အချိန်တိုတွင်း ရောက်နိုင်တယ်။ ဒါတွေကို အရင်ဆုံးဖြေရှင်းပေးရမှာ" ဟု ယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်သူကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့အတွက် ထပ်မံ၍တိုးချဲ့မည့် မြေကေလေးသောင်းကို အစိုးရက ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။ ထို့အတူ အဆိုပါစီမံကိန်းတွင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန တိုက်ရိုက်လွှဲပေးမည့် မြေကေ မြောက်မြားစွာရှိကြောင်း ရန်ကုန်မြို့တော် ဖွံ့ဖြိုးမှု စီမံကိန်းပြီးစီးပါက မြေဈေးနှုန်းများ ပြန်လည်ကျဆင်းနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စက်တင်ဘာ၁၄ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံ စက်မှုထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အစည်းအဝေး၌ထည့်သွင်းပြောကြားခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၆ | ၈၆၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၆ | ၈၆၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၈ | ၇၁၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၁၀ | ၁၁၂၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၂ | ၂၇. ၂၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၃ | ကျပ် |

၂၀၁၂ စက်တင်ဘာ ၂၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၀၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၁၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၅၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၃၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၃၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၉. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၆၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၅၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၆၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၀၂၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၇၈. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၄၂၀ |
| ငွေ | ၁ အောင်စ | ၃၄. ၆၃၈ |
| ကြေးနီ | ပေါင် | ၃၇၈. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၈၈၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ စက်တင်ဘာ ၂၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲဈေးကျ၍ ကုန်သည်များ ကျပ်သိန်းထောင်ချီ အရှုံးပေါ်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ပဲဈေးများ ကျဆင်းနေခြင်းကြောင့် ပဲကုန်သည် အများစုမှာ ကျပ်သိန်းထောင်ချီအရှုံးပေါ်နေကြောင်း ပဲကုန်သည်များက ပြောသည်။

ပဲဈေးနှုန်းကျဆင်းခြင်းသည် လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ ပဲပေါ်သော ရာသီဖြစ်နေခြင်းနှင့် ယင်းနိုင်ငံတွင် ထွက်သော ပဲများ၌ အစိုဓာတ်ပါသော ပဲများထွက်နေခြင်းကြောင့် အိန္ဒိယဘက်တွင် ဈေးကျနေသဖြင့် ပြည်တွင်းမှ ဝယ်ယူသော ပဲဈေးနှုန်းများလည်း ကျဆင်းနေခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ဒေပါဝလီ ပွဲတော်ရက်နီး၍ ဈေးတက်မည်ဟု ခန့်မှန်းထားကြသော်လည်း အိန္ဒိယပဲထွက်ရာသီနှင့် တိုက်ဆိုင်နေသည့်အပြင် ပဲပျက်စီးမှုများကြောင့်ပါ ဈေးကွက်ပိုမိုကျဆင်းနေ၍ ကုန်သည်အများစုမှာ အရှုံးပေါ်နေရကြောင်းပဲကုန်သည်တစ်ဦးက ပြောသည်။

ဘုရင့်နောင် ကုန်စည်ဒိုင် ပဲအရောင်းအဝယ်ဈေးကွက်တွင် ပဲ ဈေးနှုန်းများ ကျဆင်းနေသလို ပဲအရောင်းအဝယ်များလည်း ကျဆင်းနေကြောင်း ကုန်စည်ဒိုင်တွင်နေ့စဉ် အရောင်းအဝယ် ပြုလုပ်နေသော ပဲကုန်သည်များက ပြောသည်။

"ကုန်စည်ဒိုင်မှာ အရောင်းအဝယ် ဖြစ်တာနည်းတယ်။ ဈေးတွေလည်းကျနေတယ်။ အရောင်းအဝယ် နည်းတာက ဟိုဘက်က အဝယ်နည်းတာကြောင့်လည်းပါတယ်။ ပြီးတော့ ကုန်စည်ဒိုင်မှာ ပွဲစားတွေ မရှိတော့တာလည်း တစ်ပိုင်းပါတယ်" ဟု

**စာ(၃၄)သို့**



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# ကားဈေးပြန်မြင့်

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

နိုင်ငံသားတိုင်း ကားတင်သွင်းခွင့်မူဝါဒထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ချိန် ယခုတစ်ပတ်အတွင်း ပြည်တွင်းကားဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ စုံစမ်းသိရှိရသည်။

နှစ် ၂၀ ကျော်သက်တမ်းရှိ'ဗ' အက္ခရာများအား ယခုလ ၅ ရက်မှ စတင်၍ ကုန်လမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာနမှ အပ်နှံခွင့်ပြုပြီး တစ်ပတ်ကျော်အကြာတွင် ယခုကဲ့သို့ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ဟံသာဝတီကားဝင်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

"အရောင်းပြခန်းသမားတွေက အပြင်မှာ စလစ်တွေကို အကုန်လိုက်ဝယ်နေကြတာ။ ဒါကြောင့် ကိုယ့်လက်ထဲမှာရှိတဲ့ စလစ်ကိုကိုင်ပြီး ဈေးအော်နေကြတယ်" ဟု အထက်ပါ ဝယ်ရောင်းကပင်ဖြစ်သည်။ ထို့ကြောင့် စလစ်များ လိုက်လံစုဆောင်းဝယ်ယူသူများရှိသောကြောင့် စလစ်ဈေးနှင့်အတူ ကားဈေးနှုန်းများပါ လိုက်လံမြင့်တက်လာခြင်းဖြစ်သည်။


ကားတင်သွင်းခွင့်မူဝါဒပြောင်းလဲပြီးနောက် ကားဈေးနှုန်းများ ထိုးဆင်းသွားခဲ့သည်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အထူးသဖြင့် ပါမစ်မလိုဘဲ တင်သွင်းခွင့်ရရှိထားသည့် ၂၀၀၇ မော်ဒယ်အထက် ယာဉ်များဖြစ်သော တိုယိုတာ Vata၊ AD Var, Pro box, Honda, Point 3 စသည့် အင်ဂျင်ပါဝါ ၁၃၀၀ မှ ၁၅၀၀ အထိရှိသော ယာဉ်များမှာ ယခင်ကာလပေါက်ဈေးထက် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၂၀ ဝန်းကျင်အထိ အသီးသီးမြင့်တက်လာခဲ့သည်။ ထို့အပြင် ပါမစ်နှင့်အတူ တင်သွင်းခွင့်ရရှိထားသော အမြင့်ကားများဖြစ်သည့် Surf , Prado, Mark-II၊ Mercedes အစရှိသော ယာဉ်များမှာ မူလပေါက်ဈေးထက် ကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ မြင့်တက်လာခဲ့သည်။

ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများနှင့် မိသားစုအလိုက် အသုံးပြုရန်အတွက် နယ်မြို့ကြီးများမှ ဝယ်လက်အချို့ လာရောက်ဝယ်ယူမှု များပြားလာခြင်း၊ ကားအရောင်းစင်တာကြီးများမှ စလစ်စောင်ရေများကို နေ့စဉ်စောင်ရေ ၆၀ မှ ၁၀၀ အတွင်း ဝယ်ယူမှုများရှိနေခြင်းကြောင့် ပြန်လည် မြင့်တက်လာခဲ့ခြင်းလည်း ဖြစ်သည်ဟု ကျောက်မြောင်းသတိပဋ္ဌာန်ကားပွဲစားဝင်းမှ ကားပွဲစားတစ်ဦးက ပြောသည်။

ယခင်က စလစ်တစ်စောင်လျှင် စက်တင်ဘာ ဒုတိယပတ်အထိ ကျပ် ၇၅ သိန်းမှ သိန်း ၈၀ အထိသာ ရှိခဲ့သော်လည်း စက်တင်ဘာ တတိယပတ်အတွင်း ကျပ်သိန်း ၉၀ မှ ၉၅ သိန်းအထိ နှုန်းထားများ မြင့်တက်လာကြောင်း အထက်ပါ ပွဲစားက ပြောသည်။




**TRADEMARK CATION**

Kyokuto Associates Limited, a company incorporated in Japan at 1-9-6 Edobori, Nishi-ku, Osaka-city, Osaka, Japan is the Owner and Sole Proprietor of the following Trademarks:-

KYOKUTO

Reg : No.4/8246/2012

KYOKUTO

Reg : No.4/8244/2012

KYOKUTO

Reg : No.4/8247/2012

In respect of : Paper, cardboard and goods made from these materials, not included in other classes; printer matter; bookbinding material; photographs; stationery; adhesives for stationery or household purposes; artists, materials; paint brushes; typewriters and office requisites (except furniture); instructional and teaching material (except apparatus); plastic materials for packaging (not included in other classes); cards; printers' type; printing blocks."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 27.Sept.2012

## စာ(၃၃) - ပဲဈေးကျနေ၍ ကုန်သည်များ ကျပ်သိန်းထောင်ချီ အရှုံးပေါ် မှ

ကုန်စည်ဒိုင်တွင် ဈေးကွက် အရောင်းအဝယ် အေးနေကြောင်း ပဲကုန်သည်များက ပြောသည်။

ထို့အတူ ပွဲစားသီးသန့်အရောင်းအဝယ် ပြုလုပ်သော ဈေးကွက်တွင်လည်း အရောင်းအဝယ်ပါးနေကြောင်း ပဲကုန်သည်များက ပြောသည်။ ကုန်စည်ဒိုင်တွင် ပြုလုပ်သော အရောင်းအဝယ်ဈေးကွက်နှင့် ပွဲစားသီးသန့်ဈေးကွက် တစ်တန်ပေါ်တွင် ၅၀၀၀ ကျပ် ဈေးကွာဟချက်ရှိနေသည်။

ဈေးကွက်အရောင်းအဝယ် အေးနေခြင်းမှာ ပဲဈေးနှုန်းများ ကျဆင်းခြင်းအပြင် ပဲကုန်သည်အများစုသည် အာမခံလုပ်ငန်းများတွင် ပါဝင်နေခြင်းကြောင့် ငွေကြေးအကျပ်အတည်းများကြောင့်လည်း ဖြစ်နိုင်ကြောင်း ပဲကုန်သည်များက ပြောသည်။

မတ်ပဲ RC မှ တစ်တန်လျှင် ၅၄၀,၀၀၀ ကျပ်ဝန်းကျင်မှ ၅၁၉,၀၀၀ ကျပ်သို့လည်းကောင်း၊ SQ မတ်ပဲမှာ ၅၅၀,၀၀၀ ကျပ်မှ ၅၄၀,၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲစင်းငုံ RC မှာ ၆၃၀,၀၀၀ ကျပ်မှ ၆၂၈,၀၀၀ ကျပ်သို့လည်းကောင်းဈေးနှုန်းများ ကျဆင်းနေသည်။ ပဲတီစိမ်းဈေးနှုန်းသည် တစ်အောင်စလျှင် ၇၃၅,၀၀၀ ကျပ်ဈေးဖြင့် ဈေးငြိမ်နေသည်။

လက်ရှိတွင် မတ်ပဲမှာ လက်ကျန်များခြင်းကြောင့်လည်း ဈေးနှုန်းဆက်လက်ကျဆင်းနိုင်သော်လည်း ပဲစင်းငုံမှာ လက်ကျန်နည်းခြင်းကြောင့် ဈေးပြန်လည်မြင့်တက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

# ဈေးမြင့်သော်လည်း ရွှေအပိုင်းဈေးကွက်ကောင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

နယ်စပ်ရွှေဈေးနှုန်းနှင့် ပြည်တွင်းဈေးကွာဟချက်ပေါ်မူတည်၍ အပိုင်းဈေးကွက်ကို အရောင်းအဝယ် ပြုလုပ်နေကြသောကြောင့် ဈေးမြင့်သော်လည်း အရောင်းအဝယ် ကောင်းနေဆဲဖြစ်ကြောင်း ရွှေကုန်သည်များက ပြောကြားသည်။

“ပြည်တွင်းဈေးက မြင့်ပေမယ့်နယ်စပ်ဈေးကလည်းကောင်းနေတော့ ဒီနှစ်ခုကြားက ဈေးနှုန်းကွာဟချက်ပေါ်မူတည် အရောင်းအဝယ်လုပ်နေကြတာဆိုတော့ အရောင်းအဝယ်ကကောင်းတယ်။ ပုံမှန်ဈေးကွက်အတိုင်း အရောင်းအဝယ်ဖြစ်တယ်” ဟု လက်ရှိ အပိုင်းဈေးကွက်အနေအထားကိုရွှေကုန်သည်တစ်ဦးက ပြောသည်။

သို့သော် ရွှေအရောင်းအဝယ်နေ့စဉ်ပြုလုပ်သောကုန်သည်မဟုတ်ဘဲ ရွှေအပိုင်း ဝယ်ထားသူတို့က ပြန်ထုတ်ရောင်းသောဈေးကွက်သည် အရောင်းအဝယ်အေးနေပုံကို ရွှေကုန်သည်တစ်ဦးက “အရပ်ဘက်က ပြန်ထုတ်တာမရှိသေးဘူး။နည်းတယ်။ ရှစ်သိန်းကျော်အောင် စောင့်နေကြတဲ့သဘောရှိတယ်” ဟု ပြောသည်။

တရုတ်နယ်စပ် ရွှေပေါက်ဈေးနှင့် ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားပေါ်တွင် ကျပ် ၁၀,၀၀၀ ခန့် ဈေးနှုန်းကွာဟချက် ဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုလ ၂၁ ရက် ညပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၉၁,၀၀၀ ကျပ်ထိ မြင့်တက်နေသလို ၁၅ ပဲရည်မှာလည်း တစ်အောင်စလျှင် ၇၄၂,၀၀၀ ကျပ်ဝန်းကျင် ရှိနေသည်။ ကမ္ဘာ့ ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁,၇၈၄ ဒေါ်လာထိ မြင့်တက်နေသည်။

ထိုသို့ ရွှေဈေးနှုန်းများ မြင့်တက်နေမှုကြောင့် ရွှေဆိုင်များ၏ အရောင်းအဝယ်တွင် အပိုင်းပြန်ရောင်းသူများနေပြီး အထည်နှင့်ဖြတ်စ ဈေးကွက်တွင် ပုံမှန်ဝယ်လက်များ ရှိနေဆဲဖြစ်ကြောင်း အောင်သမာဓိရွှေဆိုင်မှ တာဝန်ခံ ကိုဝင်းငယ်က ပြောသည်။

ယခုလ ၁၄ ရက်က ဖြစ်ပေါ်ခဲ့သော အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၉၃,၀၀၀ ကျပ်သည် ပြည်တွင်း ရွှေသက်တမ်းတစ်လျှောက် အမြင့်ဆုံးရွှေဈေးနှုန်းဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

# ပြောင်းဆန်သစ်ထွက်သော်လည်း ပြည်ပမပို့နိုင်သေး

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

ပြောင်းဆန်သစ်များ ဈေးကွက်ထဲဝင်ရောက်လာပြီဖြစ်သော်လည်း ပြည်တွင်းဈေးမြင့်နေသဖြင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိသေးကြောင်း ပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ကမ္ဘာ့ဈေးကွက်တွင်ပြောင်းဆန်တစ်တန်လျှင်ကန်ဒေါ်လာ ၃၂၀ဝန်းကျင်သာရှိသည်။ ပြည်တွင်းဈေးကွက်တွင် လက်ရှိပြောင်းဆန်ဈေးနှုန်းမှာ ပိဿာ ၅၀ တစ်အိတ်လျှင် ၂၇,၀၀၀ ကျပ်ကျော်မှ ၂၅,၀၀၀ ကျပ်ကြားရှိသည်။ ယင်းဈေးနှုန်းဖြင့် ဝယ်ယူ၍ ပြည်ပဈေးကွက်သို့ တင်ပို့မည်ဆိုပါက ပြောင်းဆန်တစ်တန်လျှင်(FOB)သဘောပေါ်အရောက်ဈေး ကန်ဒေါ်လာ ၄၀၀ ဝန်းကျင်ရမှ တင်ပို့နိုင်မည်ဖြစ်ကြောင်း ပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“အောက်ဆိုဘာလဆန်းလောက်မှာ ပြောင်းသစ်က အထွက်လိုက်လာရင်လုပ်လို့ကိုင်လို့ရမယ်ထင်တယ်” ယင်းလုပ်ငန်းရှင်က ဆိုသည်။

ကမ္ဘာဈေးကွက်သို့ပြောင်းဆန်တင်ပို့မှုမရှိသော်လည်း နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ပြောင်းဆန်တင်ပို့မှုမှာ ပုံမှန်ရှိနေသည်။ တရုတ်နိုင်ငံသို့ ပြောင်းဆန်ရောင်းချရာတွင်လည်း ဆန်ကဲ့သို့ပင် ဝယ်သူ့ထံအရောက်ပို့ပေးရသည်။

ပြောင်းကို မြန်မာနိုင်ငံဘက်မှ တရားဝင် တင်ပို့ခွင့်ရသော်လည်း တရုတ်နိုင်ငံဘက်တွင် ၄၀ မှ ၆၀ ရာခိုင်နှုန်းကြားအခွန်ပေးရသဖြင့် တရားမဝင်သာ ရောင်းဝယ်နေရသည်။

လက်ရှိတရုတ်-မြန်မာနယ်စပ်တွင်ပြောင်းဆန်ဈေးနှုန်းမှာပိဿာ၅၀ ဝင်တစ်အိတ်လျှင် အဟောင်း ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ပြောင်းအသစ် ၁၃၃ ယွမ် ဈေးရှိသည်။ တရုတ်-မြန်မာနယ်စပ်သို့ ယခုရက်ပိုင်းတွင် နေ့စဉ် ပြောင်းဆန်ကားအစီးရေ ၅၀ ဝန်းကျင် ဝင်ရောက်လျက်ရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy S2 | 380,000 |
| Galaxy S Plus (white) | 280,000 |
| Galaxy Note | 470,000 |
| Galaxy Ace | 175,000 |
| Galaxy Ace II | 250,000 |
| Galaxy Cooper | 195,000 |
| Galaxy Mini | 120,000 |

**Best More Smart Mobile, Mobile Home, Today's Mobile, Do Co Mo ဆိုင်မှ ဈေးနှုန်း များဖြစ်သည်။**

**HTC**

| Model | Price |
|---|---|
| HTC One X | 468,000 |
| HTC Desire C | 183,000 |
| HTC Explore | 119,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 4S (16 GB) | 590,000 |
| iPhone 4S (32 GB) | 680,000 |
| iPad II (16 GB) | 450,000 |
| iPad II (32 GB) | 530,000 |
| iPad II 3G(Wifi 16 GB) | 550,000 |
| iPad II 3G(Wifi 32 GB) | 600,000 |

**Huawei**

| Model | Price |
|---|---|
| U 8850 (GSM) | 160,000 |
| U 8818 (GSM) | 135,000 |
| U 8825 (GSM) | 140,000 |
| U 3100 (GSM) | 35,000 |
| C 8812 (GSM) | 115,000 |
| C 8810 (GSM) | 110,000 |
| C 8800 (GSM) | 125,000 |

**စက်တင်ဘာ(၂၂)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 160,000 |
| Samsung | WT10J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 205,000 |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ** Capital **နှင့်** OK **မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း(၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၂) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၁၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၇၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၅၀-၇၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၇,၅၀-၉,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၄၅၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ငါးပိထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၂,၂၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၅၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၁၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၉၀၀ |

**စက်တင်ဘာ(၂၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက် ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Sep(16) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(17) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(18) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(19) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(20) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(21) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(22) | 3,550 | 3,950 | 4,100 | 4,100 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6″ | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.29 · SEPTEMBER 27 , 2012



# ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း၊ စားနပ်ရိက္ခာနှင့် ငတ်မွတ်ခေါင်းပါးမှု

**ကြည်နေဝင်းမင်း**

ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်သော ဆွေးနွေးမှုများတွင် ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချခြင်းနှင့် ဝင်ရိုးစွန်းဝက်ဝံများအား ကယ်ဆယ်ရေးကိစ္စများက စိုးမိုးနေတတ်သည်။ သို့သော်တိုးတက်လာသော ကမ္ဘာ့လူဦးရေအတွက် ရာသီဥတုကြောင့် ဖြစ်ပေါ်လာသောပြဿနာတစ်ရပ်ကအရိပ်မည်းကြီး အုပ်နေသည်။ ငတ်မွတ်ခေါင်းပါးမှုပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ အဆမတန်မြင့်တက်လာပြီး ယင်းဈေးနှုန်းများမှာ ကမ္ဘာ့ပြည်သူအများစုလက်လှမ်းမမီသောဈေးနှုန်းများဖြစ်လာကာ အစာရေစာငတ်ပြတ်သူများ သန်းနှင့်ချီ၍ ပေါ်ထွက်လာနိုင်သည်ဟု နိုင်ငံတကာမှဦးဆောင်အေဂျင်စီကြီးတစ်ခုက မကြာသေးမီကပင် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအတွက် အဓိကအကြောင်းရင်းမှာ အစွန်းရောက်ရာသီဥတုအခြေအနေများကြောင့် မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် အပူလှိုင်းကျရောက်မှုများ ပိုမိုဖြစ်ပွားလာနိုင်သည်ဆိုသောအချက်ကြောင့်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးဟာ ပွက်ပွက်ဆူနေတယ်။ အခုချိန်မှာ ကျွန်တော်တို့ အရေးတယူမလုပ်ရင် ကမ္ဘာမှာ ငတ်မွတ်ခေါင်းပါးမှုဘေး ရင်ဆိုင်ရမယ့်လူတွေသန်းချီပြီးရှိလာလိမ့်မယ်"ဟု အစီရင်ခံစာထုတ်ပြန်သော အမေရိကန် Oxfam အဖွဲ့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာပေါ်လစီအကြံပေး မစ္စတာဟီသာကိုးလ်မန်းက ဆိုပါသည်။

အမေရိကန်နိုင်ငံတွင် ယခုနှစ် နွေရာသီ၌ ဖြစ်ပေါ်သည့် ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် အမေရိကန်နိုင်ငံ၏ ပြောင်းနှင့်ပဲပိစပ်သီးနှံများ အကြီးအကျယ်ပျက်စီးခဲ့ရသည်။ ယင်းကောက်ပဲသီးနှံများ၏ ဈေးနှုန်းများလည်း အဆမတန်မြင့်တက်လာခဲ့သည်။ ရာသီဥတုကြောင့် ကမ္ဘာ့ဂျုံထုတ်လုပ်မှုကို ထိခိုက်နိုင်သည်ဆိုသော စိုးရိမ်မှုများလည်းမြင့်တက်လာခဲ့သည်။ ဇူလိုင်လအတွင်းကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ သိသိသာသာမြင့်တက်လာခဲ့ပြီဟု ကမ္ဘာ့ဘဏ်ကဆိုပါသည်။ ယင်းအတွက် နေ့စဉ်ဝင်ငွေအများစုကို အစားအစာအတွက် အဓိကအသုံးပြုရသည့် ကမ္ဘာ့အဆင်းရဲဆုံးပြည်သူများမှာ အထိအနာဆုံးဖြစ်နိုင်ပါသည်။

ဩစတြေးလျနိုင်ငံကလည်း သီးနှံအထွက်လျော့နိုင်သည်ဟု ယခုရက်သတ္တပတ်အတွင်း ခန့်မှန်းချက်ထုတ်ပြန်ခဲ့သည်။ ရှေ့ဆက်၍ သီးနှံအထွက်လျော့ကျခြင်းမရှိစေရေးအတွက် မိုးရွာရန်လိုအပ်မည်ဟုဆိုပါသည်။ ရုရှားနိုင်ငံ၏ သီးနှံထွက်နှုန်းမှာလည်း ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကြောင့် လျော့နည်းခဲ့ပြီး လာမည့်နိုဝင်ဘာလခန့်တွင် နိုင်ငံခြားသို့ ဂျုံတင်ပို့မှု ရပ်ဆိုင်းထားရဖွယ်ရှိသည်ဟု ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရသိရသည်။ မကြာမီနှစ်များက စားနပ်ရိက္ခာ နိုင်ငံခြားတင်ပို့သူဖြစ်လာသော အိန္ဒိယနိုင်ငံ၌လည်း မုတ်သုံမိုးရွာသွန်းမှုနည်းပါးနေသဖြင့် လာမည့်လ စိုက်ပျိုးရာသီအတွက် အခြေအနေပေးပါ့မလားဟု စိုးရိမ်သောက ရောက်နေကြသည်။

ယခုရက်ပိုင်းအတွင်းမှာပင် အမေရိကန်စိုက်ပျိုးရေးဌာနက ကမ္ဘာ့ဂျုံထွက်ရှိမှုကို လျှော့ချခန့်မှန်းလိုက်ပြီး ၂၀၁၂-၁၃ရာသီတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းလျော့နည်းနိုင်သည်ဟု ဟောကိန်းထုတ်ထားသည်။ အမေရိကန်တွင် ဖြစ်ပွားသော မိုးခေါင်ရေရှားမှုကြောင့်လည်း ပြောင်းနှင့်ပဲပိစပ်ထွက်ရှိမှုလျော့ကျမည်ဟုလည်း အမေရိကန်စိုက်ပျိုးရေးဌာန(USDA)က ခန့်မှန်းသည်။ သို့သော် ဆန်းစစ်လေ့လာသူများ မျှော်လင့်ထားသလောက် လျှော့ချခန့်မှန်းထားခြင်းမဟုတ်ပေ။

သို့သော် လက်ရှိ ရာသီဥတုပြဿနာများ လျော့ပါးသွားခြင်းမရှိပါက ဈေးနှုန်းများ အဆမတန်မြင့်တက်သွားစေနိုင်သော ကမ္ဘာ့ဂျုံထုတ်လုပ်မှုအပေါ် စိုးရိမ်မှုများတစ်ဖန် ပြန်၍ခေါင်းထောင်လာပါလိမ့်မည်။ ဂျုံကို ကမ္ဘာ့နေရာအများအပြားတွင် နေ့စဉ် စားသုံးကြပြီး ဆင်းရဲသားများအတွက် အာဟာရဖြည့်တင်းရေး ပင်မအရင်းအမြစ်ဖြစ်သည်။ ဂျုံနှင့်စားနပ်ရိက္ခာဈေးနှုန်းများမြင့်မားခြင်းမှာလည်း နိုင်ငံရေးမငြိမ်သက်မှုများနှင့် နီးနီးကပ်ကပ် ဆက်နွှယ်နေပါသည်။

လောလောဆယ်တွင် ကမ္ဘာ့စားနပ်ရိက္ခာရရှိနိုင်မှု ပေါပေါများများရှိနေပါသေးသည်။ ကာလတိုအတွက် ပူပန်မှုလျော့သွားခြင်းဖြစ်သော်လည်း ယခုနှစ်အတွင်း သိုလှောင်ထားသော ကမ္ဘာ့စားနပ်ရိက္ခာများ လျော့ကျသွားနိုင်သည်ဟု USDA က ဆိုထားပြီး လွန်ခဲ့သောဆယ်စုနှစ် ၁၉၉၀ ပြည့်နှစ်တစ်ဝိုက် ပမာဏအထိမူ ကျဆင်းသွားလိမ့်မည်မဟုတ်ဟု USDA က ခန့်မှန်းပါသည်။

သို့သော်လည်း ချီကာဂိုကုန်သွယ်ရေးဘုတ်စတော့ဈေးကွက်တွင် မေလကုန်မှစ၍ ဂျုံဈေးနှုန်းများ ၃၅ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ပြီဖြစ်သည်။ ယင်းကာလအတွင်းမှာပင် ပြောင်းဈေးနှုန်းမှာလည်း ၃၉ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ပြီဖြစ်သည်။ တိရစ္ဆာန်အစားအစာအတွက် ပြောင်းကို ဂျုံနှင့် အလဲအလှယ်လုပ်နိုင်ခြင်းကြောင့် ယင်းကုန်ပစ္စည်းဈေးနှုန်းနှစ်မျိုးမှာ တစ်တွဲတည်းလိုလို အတက်အကျဖြစ်လေ့ရှိသည်။

ကမ္ဘာ့ဂျုံတင်ပို့မှု ၁၆ ရာခိုင်နှုန်းခန့်ကို တာဝန်ယူထားသော ဩစတြေးလျနိုင်ငံတွင်လည်း ရာသီဥတုကြောင့် ကျဉ်းထဲကျပ်ထဲရောက်နေသည်။ လာမည့်လတွင် စတင်မည့်ရိတ်သိမ်းရာသီမတိုင်မီ ရက်သတ္တပတ်သုံးပတ်ကာလမှာ အလွန်အရေးပါပြီး သီးနှံထွက်နှုန်းကို ဆုံးဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း ဖရီမန်တဲလ်ဒေသမှ ဂျုံတင်ပို့သည့်ကုမ္ပဏီ Plum Grove Pty Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ အင်ဒရူးယန်းကဆိုပါသည်။ ဩစတြေးလျအစိုးရကလည်း ယခုနှစ်ရာသီတွင် ဂျုံတန်ချိန် ၂၂ ဒသမ ၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး ယခင်ခန့် မှန်းချက်ထက် ၇ ရာခိုင်နှုန်းလျှော့ချထားသည်။ ယင်းမှာ ယမန်နှစ်ကထက် ၂၄ ရာခိုင်နှုန်းလျော့နည်းပါသည်။ အမေရိကန်စိုက်ပျိုးရေးဌာနကမူ ဩစတြေးလျ၏ ဂျုံထုတ်လုပ်မှုတန်ချိန် ၂၆ သန်းရှိမည်ဆိုခြင်းကို ပြောင်းလဲခန့်မှန်းထားခြင်းမရှိပေ။

မည်သို့ပင်ဆိုစေကာမူ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ချမ်းသာသောနိုင်ငံများရှိ ဆင်းရဲသားမိသားစုများအတွက်ပင် ပြဿနာရှိပါသည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် စီးပွားကျကပ်မတိုင်မီက အမေရိကန်အိမ်ထောင်စုဆယ်စုတွင် တစ်စုမှာ စားနပ်ရိက္ခာမလုံလောက်ခဲ့ပေ။ (အစိုးရက စားနပ်ရိက္ခာမဖူလုံသူများဟု ခေါ်ဝေါ်ခဲ့သည်)။ ယင်းအရေအတွက်မှာ ယခုဆိုလျှင် မိသားစုခုနစ်စုတွင် တစ်ခုမှာ စားနပ်ရိက္ခာ မလုံလောက်သော အနေအထားဖြစ်လာသည်။

စာ(၄၅)သို့

**Asia Myanmar Consortium Development Co.,Ltd.**

ကျွန်တော်များ AMCD Co.,Ltd. မှတာဝန်ယူဆောင်ရွက်မည့်နိုင်ငံတကာအဆင့်မီတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများအတွက်အရည်အသွေးပြည့်မီကျွမ်းကျင်သူများနှင့်ဖွဲ့ စည်းထားသော ကန်ထရိုက်တာအဖွဲ့ များအားဖိတ်ခေါ်အပ်ပါသည်။

**ဆောင်ရွက်လိုသည့်လုပ်ငန်းများ**

၁။ Earth Work - မြေတူးလုပ်ငန်း
၂။ Form Work - ကျောက်ပုံးကျောက်ခွက်လုပ်ငန်း
၃။ Rebar Work - သံချည်သံကွေးလုပ်ငန်း
၄။ Masonary Work - ပန်းရံလုပ်ငန်း
၅။ Carpentry Work - လက်သမားလုပ်ငန်း
၆။ Finishion Work - အချောထည်လုပ်ငန်း
၇။ Electrical Work - လျှပ်စစ်မီးလုပ်ငန်း
၈။ Water Supply & Sanitary Work - ရေနှင့်မိလ္လာလုပ်ငန်း

လုပ်ငန်းအတွေ့ အကြုံနှင့် Profile များပူးတွဲ၍(၂၇.၉.၂၀၁၂)နေ့ တွင်နောက်ဆုံးလျှောက်ထားပါရန်။

**ဆက်သွယ်ရန်**
Asia Myanmar Consortium Development Co.,Ltd.
အမှတ်(၃၈၄)၊ကမ်းနားလမ်း၊လသာမြို့နယ်၊ရန်ကုန်။
ဖုန်း ၀၁-၃၇၂၆၈၄

**ဂျပန်ပညာတော်သင်စာမေးပွဲ (နေရာ၊ အချိန်) ကြော်ငြာခြင်း**
**ဟာခုဟို အမျိုးသမီးကောလိပ် (မ)၊ တိုခုရှိမ နည်းပညာကောလိပ် (ကျား/မ)**
**ကျောင်းလျှောက်လွှာကြေး၊ စာမေးပွဲကြေး၊ အကျိုးဆောင်ခ (လုံး၀) ပေးရန်မလိုပါ။**


* **ဟာခုဟိုအမျိုးသမီးကောလိပ်** တက်ရောက်ရန် လျှောက်ထားလိုသောကျောင်းသူသည်-
၁။ မြန်မာနိုင်ငံတက္ကသိုလ်တစ်ခုခုတွင် အနည်းဆုံး ဒုတိယနှစ် (သို့) ၁၂-တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
၂။ ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်ဘာသာကျွမ်းကျင်မှုစာမေးပွဲအဆင့် (၂) ဖြေဆိုရန် လျှောက်ထားပြီးသူ (သို့) အဆင့် (၂)အောင်မြင်ပြီးသူ ဖြစ်ရမည်။
၃။ **ဂျပန်တွင် နေထိုင်ခွင့်ရရှိခဲ့ပါက** ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခန့်တွင် ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပထမအရစ် ဂျပန်ယန်း ငါးသိန်းကို ဟာခုဟိုကောလိပ်သို့ ပေးသွင်းနိုင်မည့်သူ ဖြစ်ရမည်။
၄။ ပညာသင်နှစ် ပထမနှစ်အတွက် **စားဝတ်နေရေးထောက်ပံ့ကြေး ယန်း (၁၀၀၀၀၀)+ ပညာသင်ထောက်ပံ့ကြေး တစ်လ (ယန်း ၃၀၀၀၀ မှအထက်)** ရရှိပါမည်။ www.hakuho.ac.jp

* **တိုခုရှိမ နည်းပညာကောလိပ် (ကားအင်ဂျင်နီယာကောလိပ်)** တက်ရောက်လိုသော ကျောင်းသား/သူသည်-
၁။ မြန်မာနိုင်ငံတက္ကသိုလ်တစ်ခုခုတွင် အနည်းဆုံး ဒုတိယနှစ် (သို့) ၁၂-တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
၂။ ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်ဘာသာကျွမ်းကျင်မှုစာမေးပွဲအဆင့် (၂) ဖြေဆိုရန် လျှောက်ထားပြီးသူ (သို့) အဆင့် (၂)အောင်မြင်ပြီးသူ ဖြစ်ရမည်။
၃။ သင်္ချာဘာသာစစ်စာမေးပွဲ ဖြေဆိုရမည်။
၄။ **ဂျပန်တွင် နေထိုင်ခွင့်ရရှိခဲ့ပါက** ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျောင်းဝင်ကြေး၊ ကျောင်းလခ တစ်နှစ်စာ၊ စက်ကိရိယာတန်ဆာပလာကြေး စုစုပေါင်းဂျပန်ယန်း ကိုးသိန်းရှစ်သောင်းကို နည်းပညာကောလိပ်သို့ ပေးသွင်း နိုင်မည့်သူ ဖြစ်ရမည်။ www.tokuco.ac.jp

ဖော်ပြပါ အချက်အလက်များပြည့်စုံသူသည် အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များတွင် ဆက်သွယ်၍ ဝင်ခွင့် လျှောက်လွှာနှင့် ရှင်းလင်းချက်အသေးစိတ်စာအုပ်ကို **အခမဲ့** တောင်းယူနိုင်ပါသည်။
**ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ အောက်တိုဘာလ ၁၃ ရက် (စနေနေ့)** ဖြစ်ပါသည်။
**စာမေးပွဲသည် အောက်တိုဘာလ ၁၄ ရက် (တနင်္ဂနွေနေ့) မနက် ၈း၃၀** အချိန်
နေရာမှာ **Central Hotel Ruby Hall** ဖြစ်ပါသည်။
၀၉-၅၁၉-၄၄၂၈ ဝီ-၇၊ ရွှေလပ်လမ်း၊ ရွှေပြည်သာဘိမ်ရာ၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းကမာရွတ်
၀၉-၅၀၀-၀၃၃၂ စိတ်ကြိုက်ကောင်းကောင်း၊ ၁၇၂၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။
၀၉-၅၁၈-၁၃၆၈/၅၀၂၅၆၄ ၂၇ (ဘီ-၉)၊ အောင်ဇေယျ ၂ လမ်း၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်း
၀၉-၅၁၅-၃၉၂၀/၀၉-၅၁၄-၂၂၀၂ e-mail : valuestars@gmail.com **(Value Stars Group)**


Knorr
FREE
ခနောကြက်သားမှုန့် ၄၀၀ ဂရမ်
တစ်ထုပ်ဝယ်တိုင်း လေလုံဘူး တစ်ဘူး
လက်ဆောင်ရယူပါ
Knorr
Made from real chicken meat
Knorr Chicken Powder
လက်ဆောင်ပစ္စည်းကန့်သတ်ထားလို့
မြန်မြန်ဝယ်ထားလိုက်နော်.....
မြို့နယ်တိုင်းရှိ ခနော ကြက်သားမှုန့် အရောင်းဆိုင်တိုင်းမှာ
ဝယ်ယူအားပေးလို့ရပါပြီ!
ကျန်းမာပြီးအရသာရှိသော ဟင်းလျာတိုင်းအတွက် ခနော ကြက်သားမှုန့်



DECO-LAND
Group Of Companies
DECO
ISO 9001 , 14001 , 9706
များရရှိထားသော အရည်အသွေးမြင့်
A4, Legal, A3 စက္ကူများကို
နိုင်ငံခြားမှ တိုက်ရိုက်မှာယူပြီး
မိတ္တူကူးဆိုင်များ
ရုံးလုပ်ငန်းများ
ကျောင်းသား/သူ များအတွက်
ဈေးနှုန်းချိုသာစွာဖြင့်ရန်ကုန်မြို့တွင်း
အရောက်ပို့ဖြန့်ချိပေးပါသည်။
နယ်Customerများကို
ကားဂိတ်အရောက်ပို့ပေးသည်။
No. 3C-1&2, U Tun Nyo St., Ward (9), Zone (6), Hlaing Thar Yar Tsp., Yangon.
Hot Line: 684284,685961,687729 01-684292, 684199, 684348, 684349, 687736~39
Fax : 951-687728 E-mail : sales@decolandgroup.com , website ; www.decolandgroup.com


Cobra
ENERGY DRINK
သန်စွမ်းကြံ့ခိုင်ခြင်း
စိတ်ကြုံလန်းဆန်းခြင်း
Taurine နဲ့ Inositol
တကယ့်အားမာန်
Cobra ENERGY DRINK
CITRUS BLAST
Cobra ENERGY DRINK
330 ml
MDG
MYANMAR DISTRIBUTION GROUP
www.myanmardistributiongroup.com

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012


# 7DAY BOOK REVIEW

## သမိုင်းစကား ပန်းစကား (မြသန်းတင့်)



မြသန်းတင့်၊ ထက်အောင်ကလောင်အမည်များဖြင့် နွယ်နီမဂ္ဂဇင်း စတင်ဖူးပွင့်ချိန်မှအောင်မြင်သည်အထိရေးခဲ့သော နိုင်ငံတကာနှင့်ပင်ကိုရေးအက်ဆေးစုစည်းမှုစာအုပ်ဖြစ်သည်။ ကမ္ဘာကျော်တိုင်းမ်နှင့် နယူးစ်ဝိခ်မဂ္ဂဇင်းကြီးများတွင် တခုတ်တရဖော်ပြခဲ့သော နိုင်ငံတကာအက်ဆေး ၅၃ ပုဒ်နှင့်ပင်ကိုရေးအက်ဆေး ၇ ပုဒ်ပါဝင်သည်။ လင်းဦးတာရာစာပေက ၁၉၉၇ နှင့် ၂၀၀၀ ပြည့်နှစ်အတွင်း သုံးအုပ်ခွဲထုတ်ဝေခဲ့ပြီး ချမ်းမြေ့ရတနာစာအုပ်တိုက်က တစ်ကြိမ်ထုတ်ဝေဖူးသော်လည်း ယခုအခါ စာအုပ်ဈေးကွက်ထဲ ပျောက်သလောက်ဖြစ်နေ၍ မြသန်းတင့်၏ စာများဖတ်လိုသူများအတွက် ချဉ်ခြင်းဖြေပေးမည့်စာအုပ်မျိုးဖြစ်သည်။ အက်ဆေး(ရသစာတမ်း)များလူဖတ်များခေတ်စားချိန်တွင် တိုင်းမ်ကဲ့သို့သော ကမ္ဘာကျော်မဂ္ဂဇင်းကြီးများ၌ အက်ဆေးကဏ္ဍမည်သို့ မည်ပုံဖော်ပြထားသည်ကို မြသန်းတင့်၏ ဘာသာပြန်ချက်များ ဖတ်ရှု၍ ခံစားသိရှိနိုင်ပါသည်။ တိုးမြစ်စာအုပ်တိုက်က တန်ဖိုး ၃,၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ကျွန်ုပ်တို့နှင့် ဦးကျော်ငြိမ်း (ကလောင်စုံ)



တို့ဗမာအစည်းအရုံးဝင်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး မြေအောက်အဖွဲ့ခေါင်းဆောင်၊ မြန်မာ့လွတ်လပ်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သူ၊ ဖဆပလအစိုးရပြည်ထဲရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဦးကျော်ငြိမ်းအပေါ် လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်များ၏ ပြန်ပြောင်းပြောပြချက်လည်းဖြစ်၊ တစ်ပိုင်းတစ်စရုပ်ပုံလွှာလည်းဖြစ်သော စာအုပ်ဖြစ်သည်။ ဦးနု၊ သခင်စိုး၊ ဦးဗဆွေ၊ ဒေါက်တာမောင်မောင်၊ ဗိုလ်ရန်နိုင်၊ သခင်ကျော်စိန်၊ သခင်ဝတင်၊ သခင်အောင်ကြီး၊ ဝိဓူရ သခင်ချစ်မောင်၊ ဒေါက်တာသာလှ အစရှိသူတို့က ဦးကျော်ငြိမ်းနှင့် ပတ်သက်ခဲ့သည်များကို ရေးသားထားသည်။ ပါလမန်ဒီမိုကရေစီ စနစ်ကို ယုံကြည်ကာကွယ်ခဲ့သော ဦးကျော်ငြိမ်းနှင့်ပတ်သက်၍ အလံနီသခင်စိုးက "ဦးကျော်ငြိမ်းဟာဒီတရားတွေ (ပါလီမန်ဒီမိုကရေစီ)ကို သိနားလည်တာရှိသလို၊ မသိနားမလည်ရှိသော်လည်း ဒါအပေါ် မှာ တစ်သမတ်တည်း သစ္စာစောင့်သိရိုသေစွာ လက်မလွှတ်ဘဲ သေသည်အထိ တင်းကျပ်စွာ တွယ်ဖက်သွားသူ တစ်ယောက်ဖြစ်တယ်" ဟူ၍ ရေးသားထားသည်။ လွင်ဦးစာပေ(လှည်းတန်း)က တန်းဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ကင်ဆာဖြစ်စေနိုင်သောအစားအစာများ (ဒေါက်တာခင်မောင်လွင်)



ကျန်းမာရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ပြည်သူလူထုသိစေရန် ဒေါက်တာခင်မောင်လွင်(FAME)ကတစ်လလျှင်ကဏ္ဍတစ်မျိုးစီဖြင့် ထုတ်ဝေရာတွင် 'ကင်ဆာရောဂါဖြစ်စေနိုင်သော အစားအစာများ' စာအုပ်ထွက်ရှိလာသည်။ ယနေ့ခေတ် ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း၌အဖြစ်အများဆုံးဖြစ်သော ကင်ဆာရောဂါနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန် အကြောင်းများဖော်ပြထားသည်။ စာအုပ်တွင် တူးအောင်ကင်ထားတဲ့ အစားအစာ၊ နိုက်ထရိုစမင်းပါဝင်တဲ့ အစားအစာ၊ မှိုဆိပ်၊ ပြည့်ဝဆီ ပြောင်းလဲဆီ၊ ဓာတုပိုးသတ်ဆေးအကြွင်းအကျန်၊ ဓာတုဆိုးဆေးနဲ့တာရှည်ခံအောင် အသုံးပြုတဲ့ ဓာတုပစ္စည်း၊ အချိုရည်နဲ့ ကင်ဆာ၊ အရက်နဲ့ကင်ဆာ စသည်ဖြင့် အခန်းများပါဝင်ပြီး ယနေ့တောရောမြို့ပါ ခေတ်စားနေသော 'ထုံချိုင်း' ဆိုသည့် အကင်များနှင့် ပတ်သက်၍ 'အဲဒီအစားအစာတွေကို ကြာရှည်ခံအောင်ဓာတုဆေး(Chemical Preservatives)တွေနဲ့ပြုလုပ်ထားရတဲ့အပြင် စွဲမက်အောင်၊ စားချင်စဖွယ်ဖြစ်အောင် ဓာတုဆိုးဆေးတွေနဲ့စိမ်ထားတာတွေ့ရပါတယ်' ဟု ရေးထားသည်။ FAME စာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ပထမဆုံးဒီမိုကရေစီလွှတ်တော်အဆောက်အအုံ ဘယ်နိုင်ငံမှာရှိသလဲ

ကမ္ဘာ့ပထမဆုံးလွှတ်တော်ကို ဒီမိုကရေစီစနစ်စတင်တည်ရှိခဲ့ရာ ဂရိတွင် တွေ့ရမည်ဟု ထင်လျှင်မှားမည်။ ကမ္ဘာ့ပထမဆုံးရှေးအကျဆုံး လွှတ်တော်အဆောက်အအုံမှာ တူရကီရှေးဟောင်းမြို့တော် ပါတာရာတွင် တည်ရှိသည့် Lycian League လွှတ်တော်အဆောက်အအုံဖြစ်သည်။ ကမ္ဘာ့ ပထမဆုံးဒီမိုကရေစီလွှတ်တော်ဟုညွှန်းဆိုခံရသည့်ယင်းအဆောက်အအုံကို Akdeniz တက္ကသိုလ်ရှေးဟောင်းသုတေသနပါမောက္ခဖာရီအစ်ဆစ်ခ်က ၁၉၉၁ ခုနှစ်တွင် ရှာဖွေတွေ့ရှိ ခဲ့ခြင်းဖြစ်သည်။


လိုင်စီယန်လွှတ်တော်အဆောက်အအုံကို အေဒီ ၁ ရာစု တွင် စတင်ဆောက်လုပ်ခဲ့ပြီး လွှတ်တော်အဖြစ်နှစ်ပေါင်းငါးရာခန့်အသုံးပြုခဲ့ကြသည်။ ဤအဆောက်အအုံကိုရှေးမူမပျက်ပြန်လည်ပြုပြင်ရန် တူရကီလိုင်ရာငွေ ၇ ဒသမ ၅ သန်းနီးပါး အသုံးပြုကာ ၂၀၁၀ မှ ၂၀၁၂ နှစ်ဆန်းအထိဆောင်ရွက်ခဲ့သည်။ လိုင်စီယန်လိဂ်ဟုခေါ် သောယင်းလွှတ်တော်အဖွဲ့ကို ဘီစီ ၁၆၈ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ရှေးခေတ်ဒီမိုကရေစီစနစ်များအနက် အကောင်းဆုံးဟု သတ်မှတ်ခံရသည်။ ဂရိခေတ်အေသင်လွှတ်တော်ခေါင်းဆောင်များမှာ ရာထူးတွင် ရာသက်ပန်တာဝန်ယူရသော်လည်း လိုင်စီ ယန်လွှတ်တော်တွင် လွှတ်တော်အကြီးအကဲကို နှစ်စဉ်မတူညီသောမြို့တစ်မြို့စီမှ ပြောင်းလဲရွေးချယ်ခန့်အပ်လေ့ရှိသည်။ အစိုးရအဖွဲ့တွင်းမှ အုပ်ချုပ်သူများမှာလည်းအရပ်သားအများစုဖြစ်သည်။ လွှတ်တော်အဆောက်အုံတွင်း၌ ကိုယ်စားလှယ်များအတွက်နေရာ ၁,၄၅၅ ရှိပြီး အမျိုးသမီးများလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ကြသည်။

—Ref: hurriyetdialynews

# တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက် အထိ

စံဇာကြီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာသတိရှိရမည့် ကာလဖြစ်သည်။ အယူအဆစဉ်းစား သုံးသပ်မှုများ မှားယွင်းတတ်သည်။ တစ်ပါးသူစကားနားယောင်ခြင်း၊ အတုယူလိုက်လုပ်ခြင်းကြောင့် ကိုယ်ပိုင်အရည်အသွေး မပေါ် ဘဲ အထင်သေးခံရခြင်းများဖြစ်တတ်သည်။ စိတ်ဒေါသမကြီးပါနှင့်။ အေးချမ်းသောဝန်းကျင်မှ ရှုပ်ထွေးလှသော ဝန်းကျင်တစ်ခုသို့ ကူးပြောင်းဝင်ရောက်ရမည်။ မိမိအပေါ် နှိမ့်ချသူများနှင့် ဆက်ဆံရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိမိအတွက် ထူးခြားသော ကံသစ်ပွင့်မည်။ အကြီးအကဲအကူအညီရမည်။ ခက်ခက်ခဲခဲကြားမှ လိုရာပြည့်စုံမည်။ ဘဝတိုးတက်မည်။ စိတ်ချမ်းမြေ့ဖွယ်ဖြစ်အောင် ပြောနိုင်၊ လုပ်နိုင်သောအခါ အကောင်းကြုံမည်။ လိုလားချက်များ အဆင့်ဆင့်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ပဋိပက္ခများ ဖြေရှင်းအဆင်ပြေမည်။ ကောင်းသော အပြောင်းအလဲနှင့်တက်လမ်းများ ပွင့်မည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ပညာရေး၊ လူမှုရေး၊ မေတ္တာရေးတို့အတွက် အထူးကောင်းသောနေ့ဖြစ်သည်။ လိုရာဆောင်ရွက်ပါ။ ချစ်ရေးဆိုအဖြေပေးရန် ကောင်းသောကာလဖြစ်သည်။ ရည်ရွယ်ချက်များ အကောင်အထည်ဖော်အောင်မြင်မည်။ အရာရာစွန့်စားရဲရင့်စွာလုပ်မှ အဆင်ပြေမည်။ အနှောင့်အယှက်များအား ရဲရဲရင်ဆိုင်ဖြေရှင်းပါ။ မိမိတွက်ဆထားသည်မှာ မှန်သည်ထင်ပါက ရဲရဲစွန့်စားရှေ့တိုးပါ။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဟောင်းနည်းလမ်းအပေါ် အကြံသစ်ထပ်လောင်း၍ ခိုင်မာစွာအရာရာ ဆောင်ရွက်ပါ။ မျှမျှတတတွေးပါ။ ကိုယ်ချင်းစာတတ်လေ ကိုယ်ကျိုးရှိလေဖြစ်မည်။ အလုပ်လုပ်ရင်း ငွေပြတ်သွားပါက ရပ်ထားလိုက်ပါ။ တစ်ပါးသူထံမှ ချေးငှားပြီး မလုပ်လေနှင့် အရှုံးကိုရင်ဆိုင်၍ ကြွေးယူမိလမ့်မည်။ မလိုအပ်ဘဲငွေကို ကြာရှည်မြှုပ်နှံရန်မသင့်။ ချက်ချင်းငွေပေါ် သောလုပ်ငန်းများကို ဦးစားပေးပါ။




### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ထူးခြားထင်ရှားသော ဖြစ်ရပ်များဖြစ်မည်။ ပေါ် ပေါက်လာသောတိုးတက်မှုများ ဖြစ်ပေါ် စေမည်။ အရောင်းအဝယ်၊ငွေကြေးကိစ္စ၊ အလုပ်အကြံများဆောင်ရွက်ရန် အထူးကောင်းသည်။ အမျိုးသမီးမိတ်ဆွေထံမှ အထောက်အကူရမည်။ ထူးခြားသိမ့်မွေ့စွာ အခက်အခဲများ ဖြေရှင်းနိုင်မည်။ မိသားစုတွင် ထူးခြားသော တိုးတက်ခြင်းများ ကြုံမည့်ကာလဖြစ်ပါသည်။ အလစ်ချောင်း၍ တိုက်ခိုက်သူများ သတိရှိပါ။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အခက်အခဲကြုံပါက အတူတကွ ဖြေရှင်းခဲ့ကြပြီး အဆင်ပြေသောအခါတွင် မိမိအားနေရာမပေးလို ချောင်ထိုးလို၍ အပြစ်ရှာတိုက်ခိုက်ခြင်းကြုံမည်။ သစ္စာမဲ့သောသူများ မိမိဝန်းကျင်တွင် မိမိအား ပြုံးရယ်ဆက်ဆံနေကြလိမ့်မည်။ ရလာသောအခွင့်အရေးကို မိမိအားမရစေလိုသော သူများပေါ်များမည်။ မိမိအားဝေဖန်လိုသောသူပေါ်မည်။ ငွေကုန်များမည်။ မတော်တဆ ထိခိုက်တတ်သည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ယခုကာလအတွင်း အရာရာအသစ်မှ ပြန်စရန် အထူးကောင်းသည်။ အခြေအနေမှန်ကို ဆန်းစစ်တွေးခေါ် နိုင်ရန် အကောင်းဆုံးသော ရက်များဖြစ်သည်။ လက်တွေ့ဆန်မှုကြောင့် ထူးခြားသော တိုးတက်မှုများရရှိမည်။ မိမိစွန့်ခွာခဲ့သော ဘဝဟောင်းမှ မိတ်ဆွေစစ်များနှင့် ပြန်လည်လက်တွဲရန် ကောင်းသောကာလဖြစ်သည်။ ပြည်ပခရီးသွားရန် ကြံစည်ထားသူများ လိုရာခရီးရောက်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ကူးထားသည်နှင့် လက်တွေ့ကွာဟမည်။ ကာလအတန်ကြာ စိတ်ကူးရည်မှန်းထားသည်များကို မည်သို့မှ မဖြစ်နိုင်သောကြောင့် ကြေကွဲစွာခံစားရမည့်ကာလဖြစ်သည်။ အနှောင့်အယှက်များ ကြုံမည်။ လူကောင်းများကို စွန့်ပယ်၍ ဒုက္ခပေးမည့်သူကို ရွေးပြီးပေါင်းသင်းခဲ့သော အမှားဒဏ်ခံရမည်။ တစ်ပါးသူဆောင်ရွက်သော ပြဿနာများသည်ပင် ကိုယ့်ထံရောက်လာတတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိမိအတွက် အထူးကောင်းသော ရက်များဖြစ်သည်။ ပန်းတိုင်ရောက်ခါနီးမှ အားပြတ်သွားသော မိမိ အပေါ် အင်အားဖြည့်ဖေးကူမည့်သူပေါ် မည်။ ငွေဝင်မည်။ စဉ်းစားတွက်ချက်မှုများ မှန်ကန်မည်။ ကာလအတန်ကြာခက်ခဲနေသောကိစ္စများ ပြန်လည်ဖြေရှင်းအဆင်ပြေမည်။ ငွေအစုလိုက် မသုံးရ။ အလွန်လောဘကြီး၍ မသင့်။ ခရီးကံကောင်းမည်။ ဘဝတက်လမ်းရှိသည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စပ်တူလုပ်သော သူများငွေကြေးကိစ္စ စကားပြောရမည်။ သူခိုးသူဝှက် အန္တရာယ်သတိထားရမည်။ မိမိ ထံမှ ငွေ၊ ပစ္စည်းလိမ်ညာ သယ်ယူသွားသောသူရှိနေမည်။ လုပ်ငန်းစီးပွားရှာသူများ အထူးအကျိုးပေးသည်။ ထူးခြားထင်ရှားသော ဆောင်ရွက်မှုများ ပြုနိုင်သည်။ ခရီးကိစ္စအကြံအစည်များ အောင်မြင်မည်။ ငွေကြေးလက်လွှဲလက်ပြောင်းမပြုရ။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

သူခိုး သူဝှက်အန္တရာယ် သတိရထားရမည်။ မိမိထံမှ ငွေ၊ ပစ္စည်းလိမ်ညာ သယ်ယူသွားသောသူရှိမည်။ မိသားစုတွင် ဒုက္ခမှ ကယ်တင်ထားသောသူက သစ္စာမဲ့၊ ဒုက္ခပေးမှုဒဏ်ခံစားရမည်။ သူတစ်ပါးက မိမိအား ဒုက္ခပေးရန် ကြံစည်ရာမှ အားလုံးကို မိမိကအသိဦးပြီး ကာကွယ်နိုင်မည်။ တစ်ပါးသူထံမှ ငွေကြေးကို မတရားယူထားသောသူက မိမိနှင့်ပူးပေါင်းပြီး လုပ်ငန်းလုပ်ရန်ကမ်းလှမ်းက ရှောင်ပါ။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ထူးခြားထင်ရှားသော ဆောင်ရွက်မှုများပြုနိုင်သည်။ စီးပွားပြိုင်များ၏ ခြေလှမ်းကို ကြိုသိမည်။ အချိန်ကာလအတန်ကြာ လုပ်ကိုင်လိုသော ကိစ္စများကို ရဲရဲလုပ်ရန် အခါကောင်းပင်ဖြစ်၍ စနစ်တကျ စီမံဆောင်ရွက်ပါ။ ခရီးနှင့်ပတ်သက်သော အကြံအစည်များ အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း လုပ်သမျှ ကြံစည်သမျှ အောင်မြင်မည်။

7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## စာ(၃၂) ဆေးစက်ကျရာအရုပ်ထင်သူတို့၏ နေရာ မှ

အချိန်ပြည့်ကုမ္ပဏီမှာနေရတယ်။ ရိုက်ကူးရေး မရှိရင် စာဖတ်၊ ဇာတ်ညွှန်းဖတ်၊ ဒိုင်ယာလော့ခ်ကျက်၊ ရိုက်ကွင်းထဲ ရောက်တော့ ဒါရိုက်တာစကားနားထောင်၊ ခိုင်းတဲ့အတိုင်း သရုပ်ဆောင်။

ကမ္ဘာကျော် 'တိုင်းတန်းနစ်' ဇာတ်ကားထဲက မင်းသားလီယိုနာဒိုနဲ့ မင်းသမီး ကိတ်ဝင်းစလက်ဟာ ဒါရိုက်တာက ပိုက်ဆံပေးငှားလို့ ရိုက်တာ မဟုတ်ပါဘူး။ မင်းသား၊ မင်းသမီး လျှောက်လွှာခေါ်လို့ လာလျှောက်ပြီး အရွေးခံရတဲ့သူတွေပါ။ ဟောလိဝုဒ်ဒါရိုက်တာဂျိမ်းစ်ကင်မရွှမ်းကလည်း ရိုက်ကူးရေးမှာ စိတ်တိုင်းမကျမချင်း ရိုက်ကွင်းကို လက်မလွှတ်ဘူးလို့ နာမည်ကြီးပါတယ်။ ကိတ်ဝင်းစလက်ဟာ ရေထဲမှာ စိမ်ပြီး ဒါရိုက်တာ စိတ်တိုင်းကျ ရိုက်ပေးရတာ အအေးမိပြီး ဆေးရုံတက်ရတဲ့ အထိ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ တိုင်တန်းနစ်ကမ္ဘာကျော်ခဲ့ပါတယ်။ သရုပ်ဆောင်တွေလည်း ကမ္ဘာကျော်ခဲ့ပါတယ်။

ကျွန်မတို့ မြန်မာ့ရုပ်ရှင်လောကရဲ့ အကယ်ဒမီများရှင် ဘဘဦးသုခလည်း မင်းသား၊ မင်းသမီးကို စိတ်တိုင်းကျ သရုပ်ဆောင်ကွက် မရမချင်း ထပ်တလဲလဲပြန်ရိုက်တတ်ပါတယ်။ တော်ရုံဖွဲ့မျိုးနဲ့ သရုပ်ဆောင်တွေ ဒဏ်မခံနိုင်ဘူးလို့ နာမည်ကြီးပါတယ်။ ဦးသုခခိုင်းတဲ့အတိုင်း လုပ်တဲ့ သရုပ်ဆောင်ဟာလည်းအကယ်ဒမီရ၊ နာမည်ကြီးတာပါပဲ။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ် ရိုက်ကူးပေးရတဲ့ ဘယ်သူပြိုင်လို့ လှပါတော့နိုင်ဆိုတဲ့ ပေါ်လစီကားဟာ ငွေကြေးအရရော၊ အနုပညာအရပါ အောင်မြင်ခဲ့ပါတယ်။ အဲဒီကားထဲမှာ မင်းသားဇော်ဝမ်းကို ခွေးဟောင်တဲ့အခန်းဆိုရင် သဘာဝမကျမှာစိုးလို့ ခွေးက တကယ်မျက်စေ့နောက်ပြီး ဟောင်တဲ့အထိ အချိန်တစ်ပတ်ကြာအောင်စောင့်ရိုက်ခဲ့ရတယ်လို့ သိရပါတယ်။ အခုခေတ် ဆင်ဆာကို လက်ညှိုးထိုးနေသူများ သတိချပ်ဖို့ပါ။

မောင်စကြဝဠာကြီး အာနိုးပါဝင်သရုပ်ဆောင်ထားတဲ့ 'တာမီနေတာ-၂' (Terminator-2) ဇာတ်ကားထဲက မင်းသမီးလင်ဒါဟာမယ်တန်ရဲ့ ခန္ဓာကိုယ်အချိုးအဆစ်မှာ ဗလတွေ ကြွက်သားအပြိုင်းပြိုင်း ထနေတာဟာ ယောကျ်ားတစ်ယောက်လိုပါပဲ။ ဇာတ်လမ်းသဘောအရ ဒီလိုခန္ဓာကိုယ်ဖြစ်ဖို့ တစ်နှစ်ကျော် အပြင်းအထန် လေ့ကျင့်ခဲ့ရတယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါဆိုရင် မြန်မာ့ရုပ်ရှင် ပညာရှင်ကြီးတွေ၊ ကမ္ဘာကျော်ရုပ်ရှင်ပညာရှင်ကြီးတွေရဲ့ ပရိသတ်အပေါ်ထားတဲ့ စေတနာနဲ့ ကိုယ့်အနုပညာအပေါ် ကိုယ်သစ္စာရှိမှုတွေကို မြင်ရမှာပါ။ တစ်လလေးကားလောက် ရိုက်နေတဲ့ အနုပညာရှင်တွေ ဆင်ခြင်၊ ပြင်ဆင်သင့်ပါပြီ။ ကမ္ဘာကိုမျှော်ကြည့်သင့်ပါပြီ။

ရုပ်ဝတ္ထုတွေ ခေတ်မီတိုးတက်ဖို့ ဝိုင်းဝန်းကြိုးစားရမှာ ဖြစ်သလို မြန်မာ့ရုပ်ရှင်၊ မြန်မာ့သရုပ်ဆောင်တွေဟာ မညံ့ဘူးဆိုတဲ့ စိတ်ဓာတ်ကိုယ်ခံအားကို မွေးမြူရမှာကတော့ ရုပ်ရှင်လောကသားတွေ ကိုယ်တိုင်ပါ။ ကျွန်မတို့ ပရိသတ်ကတော့ မရှိလို့သာ ကြည့်နေရတယ်။ ကိုယ့်မြန်မာကားက ကြည့်လို့ကောင်းရင် မြန်မာကားကိုသာ ကြည့်ချင်တဲ့ မြန်မာပရိသတ်စစ်စစ်ပါ။

အာရှမှာ အစောဆုံးစတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဟာ မကြာခင်မှာ နှစ်တစ်ရာ သက်တမ်းကို ရောက်တော့မှာပါ ၁၉၂၀-၂၀၂၀ အခုအာရှဆိုတာ ဝေးလို့ အာဆီယံမှာတော့ နောက်ဆုံးရောက်နေတဲ့ မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို အမြန်ဆုံးမြှင့်တင်ဖို့ လိုနေပါပြီ။ ကမ္ဘာ့မှာရှိပြီးသားနေရာအတွက် ကြိုးစားရမှာမို့ လုံးဝနေရာမရဖူးသူထက်တော့ မြန်မှာပါ။ ဆင်ဆာဥပဒေနဲ့ ခိုးကူးခွေကို ဖမ်းနိုင်သလို။ ဟောလိဝုဒ်အထိ နေရာရခဲ့ဖူးတယ်ဆိုတဲ့ စိတ်ဓာတ်ကို ကိုယ်စီမွေးလို့ ရုပ်ရှင်ချစ် ပရိသတ်ကြီးရဲ့ အသဲနှလုံးကိုလည်း အမိဖမ်းနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

## စာ-၄၁၊ ပတ်ဝန်းကျင် နိုင်ငံရေး မှ

မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည်ပင်ကိုဉာဏ်စွမ်း၊ အရည်အချင်းထက်မြက်ပါသော်လည်း အကြောင်း အမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်ခဲ့ရပါသည်။

ဤနေရာတွင် ပတ်ဝန်းကျင်နိုင်ငံရေးကိုသာ ဦးစားပေးတင်ပြလိုပါသည်။ ပတ်ဝန်းကျင်နိုင်ငံရေးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသာလျှင် ဖြစ်ပါသည်။ ယခုအခါ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။ "ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို လည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုသည်" ဟု အကျယ်တဝင့်ဖော်ပြထားပါသည်။

ညစ်ညမ်းမှုဟုဆိုရာတွင်လည်း "ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး(သို့မဟုတ်)အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် (သို့မဟုတ်) တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း၊

ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှင့်ခြင်း (သို့မဟုတ်) စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင် အစိတ်အပိုင်း တစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ ဓာတုဆိုင်ရာ (သို့မဟုတ်) သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှုတစ်ရပ်ရပ်ကို ခေါ်ဆိုကြောင်း" အသေးစိတ်ဖော်ပြထားပါသည်။

ဧရာဝတီမြစ်ဆုံ အရေးမှစကာ ပတ်ဝန်းကျင်နိုင်ငံရေး၏ အရေးပါမှုကို ပြည်သူအများစုက သတိထားမိလာကြပြီ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများ၊ မီဒီယာများ၊ ပြည်သူများက အနာဂတ်အတွက် စိုးရိမ်ပူပန်စိတ်ကြီးစွာဖြင့် ဒီအတိုင်း ကြည့်မနေနိုင်တော့ဘဲ ပြောကြ၊ ဆိုကြ၊ အကြံပြုနေကြရပြီဖြစ်ပါသည်။ ယခုထိတိုင် သို့လော သို့လောဖြစ်ကာ စိတ်နှလုံးတုံးတုံး မချနိုင်သေးသော အကြောင်းအရာများလည်း ရှိနေပါသေးသည်။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း၊ ကုလားတန်မြစ်ကြောင်း စီမံကိန်း၊ ချင်းတွင်းမြစ်ကြောင်းစီမံကိန်းများ၊ ပြည်ပသို့ ရောင်းချသည့် တွင်းထွက်ပိုက်လိုင်းသွယ်တန်းခြင်းများ၊ သတ္တုတူးဖော်ရေး၊ ရွှေတူးဖော်ရေး၊ သစ်ထုတ်လုပ်ရေးစသည့် စီမံကိန်းများ၊ လုပ်ငန်းများသည် ဒေသခံများနှင့် ပတ်ဝန်းကျင်နိုင်ငံရေးအပေါ် အကောင်းမြင်ရှုလို သူများအတွက် ဘဝင်မကျနိုင်စရာ ဖြစ်နေပါသေးသည်။

ပတ်ဝန်းကျင်နိုင်ငံရေးတွင် အဓိကရင်ဆိုင်နေကြရသော ဖြစ်ရပ်များမှာ လေထုညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ ရေသယံဇာတများ လျော့နည်းလာမှုနှင့် ညစ်ညမ်းမှု၊ အက်စစ်မိုးများ ရွာသွန်းမှု၊ ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်းလာမှု၊ မြေသား၊ မြေဆီလွှာပျက်စီးမှုနှင့် တိုက်စားခံရမှု၊ ကန္တာရဖြစ်လာမှု၊ သစ်တောများ ပြုန်းတီးမှု၊ ပင်လယ်နေသတ္တဝါများ ဆုံးပါးလာမှု၊ တိရစ္ဆာန်မျိုးများ၊ အပင်မျိုးများ မျိုးသုဉ်းပျောက်ကွယ်မှု၊ အမှိုက်သရိုက်၊ အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းများ တိုးပွားလာမှုတို့ဖြစ်ပါသည်။

ပတ်ဝန်းကျင် ပျက်စီးရခြင်း၏ အကြောင်းရင်းအချို့မှာ လူဦးရေ အဆမတန် တိုးပွားလာမှု၊ ဆင်းရဲနွမ်းပါးမှု၊ ပညာဗဟုသုတ သမြင့်တတ်မြောက်ရန် ခဲယဉ်းမှု၊ စက်မှုလုပ်ငန်းများ အလွန်များပြားလာမှု၊ လောင်စာစွမ်းအင်သုံး စက်ကိရိယာများ ပိုမိုသုံးစွဲလာမှု၊ နေ့စဉ်လူနေထိုင်မှုတွင် မုန်းတီးသော ဖြစ်စဉ်များ ပါဝင်နေမှုတို့ ဖြစ်ပါသည်။

ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် ပညာပေးခြင်း၊ လူတိုင်း တက်ကြွစွာပါဝင်လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် ဥပဒေများ ပြဋ္ဌာန်းခြင်းများ လိုအပ်ပါသည်။ ပတ်ဝန်းကျင်ပျက်စီးမှုနှင့်သဘာဝဘေးများ လျော့ကျရေးအတွက် အားလုံးပါဝင်ကာ အဆင့်ဆင့်ဆောင်ရွက်ကြရပါမည်။ ရေထု၊ မြေထု၊ လေထုညစ်ညမ်းပျက်စီးမှု မရှိစေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရေးအတွက် လိုက်နာဆောင်ရွက်သင့်သည်များ၊ ထိန်းသိမ်းကာကွယ်သင့်သည်များကို ထိထိရောက်ရောက် အကောင်အထည် ဖော်ကြရပါမည်။

ခြုံ၍ ပြောရလျှင်မူ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် လူတိုင်းကြိုးစားပါဝင်သကဲ့သို့ ပတ်ဝန်းကျင်နိုင်ငံရေးတွင်လည်းမဖြစ်မနေလက်တွဲကြိုးပမ်းကြရမည်သာ ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

**TRADEMARK CAUTION**
Dunlopillo (Malaysia) Sdn Bhd (Registration No. 329862-2) a Company incorporated in Malaysia at 1st Floor, Sime Darby Malaysia Region Centre, Jalan Kewajipan, 47600 Subang Jaya, Selangor, Malaysia is the Owner and Sole Proprietor of the following Trademark:-

**DUNLOPILLO**

Reg : No.290/2004
Reg : No.4/6606/2006
In respect of : Beds included in class 20, bed fittings, bedding (other than bedlinen) divans, settees, headboards for beds, mattresses, cushions and pillows (none being for medical purposes).
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 27.Sept.2012

**ဂျပန်နိုင်ငံ IT Project လုပ်ငန်းကြီးအတွက်ဝန်ထမ်းရွေးချယ်ခြင်း**

Azure Net Company သည် 2000 ခုနှစ် မှ စတင်ပြီး နှစ်ကြာရှည်စွာ Japan Outsourcing Project များကို စနစ်တကျ ရေးသားခဲ့သော Company ဖြစ်ပါသည်။ ယခုဂျပန်နိုင်ငံရှိ IT Project Development Companyကြီးနှင့် ပူးပေါင်းပြီး နိုင်ငံတကာတွင် အသုံးပြုလည်ပတ်နေသော Software များကို မြန်မာနိုင်ငံမှ Software Engineer များနှင့်ပူးပေါင်းရေးသားရန် အောက်ပါဝန်ထမ်းများ ခန့်အပ်လိုပါသည်။

(၁) Programmer (၂၀) ဦး
(၂) ဂျပန်ဘာသာကျွမ်းကျင် (၂၀) ဦး

အမှတ်စဉ် (၁)အတွက်
- Java / C++ Programming Language ဖြင့် Project Development အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ဂျပန်ဘာသာ လေ့လာလိုသူ ဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက်
- ဂျပန်ဘာသာအရည်အချင်း Level 3/2/1 အဆင့် ရှိရမည်။
- ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး IT လုပ်ငန်းများတွင် စိတ်ပါဝင်စားသူ ဖြစ်ရမည်။
  - လုပ်ငန်းခွင်အတွက် လိုအပ်သည့် သင်တန်းများကို ဂျပန်လူမျိုးနှင့် မြန်မာလူမျိုးနည်းပညာရှင်များမှ ပို့ချပေးမည်။
  - လုပ်ငန်းခွင်အတွက် လိုအပ်သောဂျပန်ဘာသာကို ထပ်မံသင်ကြားပေးမည်။
  - အရည်အချင်းအပေါ်မူတည်ပြီး လစာခံစားခွင့်ရှိသည်။

- လျှောက်ထားလိုသူများ အလုပ်လျှောက်လွှာနှင့်အတူ လိုင်စင်ဓါတ်ပုံ (၂) ပုံ၊ လိုအပ်သော ပညာအရည်အချင်း အထောက်အထားများဖြင့် အောက်ပါလိပ်စာအတိုင်း အောက်တိုဘာလ(၂၀)ရက်အထိ လျှောက်ထားနိုင်ပါသည်။
- E-mail ဖြင့်လျှောက်ထားလိုသူများ azurenet.hr@azurenet.biz သို့ လိုအပ်သည့်စာရွက်စာတမ်းများ ပေးပို့လျှောက်ထားနိုင်ပါသည်။

**Azure Net Company Limited**
Room (6), Building (5), MICT Park(Myanmar Info-Tech)
Universities Hlaing Campus, Hlaing Township, Yangon
Phone: 01-652318

**TUNN STAR CO., LTD**
**(MYANMAR SOLD DISTRIBUTOR OF PTT LUBRICANTS AND INSEE DIMOND CEMENT)**

**ဝန်ထမ်းအလိုရှိသည်**

(၁) HUMAN RESOURCE & ADMINISTRATIVE MANAGER (ကျား/မ)
- MBA (သို့) DMA (သို့) ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
- အသက်(၃၈)နှစ်နှင့် (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- Human Resource & Administrative အတွေ့အကြုံ အနည်းဆုံး (၃)နှစ် ရှိရမည်။
- Email, Excel, Word, Power Point များကို အသုံးပြုတတ်ရမည်။
- အင်္ဂလိပ်စာ အရေး/အဖတ်/အပြော ကျွမ်းကျင်ရမည်။

(၂) SALES MANAGER (ကျား)
- BE (သို့) B-TECH (သို့) AGTI (MECHNICAL)ရရှိထားသူ ဖြစ်ရမည်။
- အသက်(၂၈)နှစ်နှင့် (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- အင်ဂျင်အပိုပစ္စည်းနှင့် စက်ဆီချောဆီအရောင်း အတွေ့အကြုံ အနည်းဆုံး (၂)နှစ် ရှိရမည်။
- Email, Excel, Word, Power Point များကို အသုံးပြုနိုင်ရမည်။
- အင်္ဂလိပ်စာ အရေး/အဖတ်/အပြော ကျွမ်းကျင်ရမည်။
- နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်တို့နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများဖြင့် ပူးတွဲ၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ် ၂၁၆/၂၂၂ (A)၊ ဗိုလ်မြတ်ထွန်းအိမ်ယာ၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁- ၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄၊ ၂၉၈၀၀၃၊ ၂၉၈၀၂၄**

Environment

7DAY NEWS JOURNAL

Vol.11, No.29 • SEPTEMBER 27 , 2012

နိုင်ငံရေးကို အသုံးနှုန်းအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ စာရေးသူနားလည်သလိုပြောရလျှင် တစ်နိုင်ငံလုံးတွင် မှီတင်းနေထိုင်ကြသည့် လူသားအပါအဝင် သက်ရှိများ၊ သက်မဲ့များအားလုံးနှင့် သက်ဆိုင်သော အရေးကိစ္စမှန်သမျှပင်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာ့နိုင်ငံရေးသည် ကောင်းသောဘက်ဆီသို့ များစွာဦးတည်ပြောင်းလဲလာပြီဟု ကမ္ဘာကပင် အာရုံစိုက်ကာ အရေးတယူရှိနေကြပါသည်။ ထိုနိုင်ငံရေးသည် ဥပဒေပြုမှု၊ အုပ်ချုပ်မှုနှင့်ဆက်နွယ်သော နိုင်ငံရေးဖြစ်ပြီး ပြည်တွင်းရှိနိုင်ငံသူ၊ နိုင်ငံသားများကလည်း စိတ်ဝင်စားလျက်ရှိပါသည်။ အမှန်မှာ ထိုနိုင်ငံရေးသည်ပင် ပတ်ဝန်းကျင်နိုင်ငံရေး၊ အမျိုးသားနိုင်ငံရေးစသည့်နိုင်ငံ့အရေးကိစ္စအဝဝကို စီမံဖန်တီးသက်ဝင်စေရန် ဩဇာလွှမ်းမိုးမှုရှိမည့်လုပ်ဆောင်မှုပင်ဖြစ်ပါသည်။



ဓာတ်ပုံ - မျိုးမင်းဦး

# ပတ်ဝန်းကျင် နိုင်ငံရေး

**လွင်ချန်ဖြိုး(နတ်မောက်)**

ယခုအခါ နိုင်ငံ တစ်နိုင်ငံအား ဖွံ့ဖြိုးမှုဆီသို့ ရောက်ရှိစေရန်အတွက် စီးပွားရေးကဏ္ဍကိုဦးစားပေး မြှင့်တင်ခြင်းတစ်ခုတည်းဖြင့်လည်း မလုံလောက်ပါ။ လူမှုရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ခြင်း တစ်ခုတည်းဖြင့်လည်း မလုံလောက်ပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကိုလည်း ဦးစားပေးမြှင့်တင်ခြင်းပြုလုပ်မှသာလျှင် ရေရှည် တည်တံ့ခိုင်မာသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

စီးပွားရေး ကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို မြှင့်တင်ရန်အတွက် စီမံချက်များ၊ မူဝါဒများ၊ လုပ်ပိုင်ခွင့်များ၊ ဆွဲဆောင်ပံ့ပိုးမှုများ၊ နည်းပညာများ အသုံးပြုကာ နှစ်တို၊ နှစ်ရှည်ရည်မှန်းချက်များ ချမှတ်၍ အကောင်အထည်ဖော်နိုင်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို မြှင့်တင်ရာတွင်မူ အထက်ပါ သဘောတရားများကို အခြေခံဆောင်ရွက်သော်လည်း အောင်မြင်မှုနှေးကွေးတတ်သည်ကိုသတိပြုကြရပါမည်။ စင်စစ်ရေရှည်တည်တံ့ခိုင်မာသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development)၏ အဓိပ္ပာယ်မှာ လက်ရှိလူသားများ၊ သက်ရှိများ၏ လိုအင်ဆန္ဒများကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံအောင်၊ လာမည့်မျိုးဆက်သစ်များအတွက် လိုအပ်ချက်များကိုလည်း ထိခိုက်ပျက်စီးမှုနည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ကြရမည့် နိသယပင် ဖြစ်ပါသည်။

ဤအယူအဆကို ၁၉၈၇ ခုနှစ်တွင် ကျင်းပသော World Commission On Environment and Development မှ ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ရင်ဆိုင်ကြရသည့် ပြဿနာများအား ဆွေးနွေးအဖြေရှာရင်း စတင်မိတ်ဆက်ခဲ့ကြခြင်းဖြစ်ပါသည်။

တစ်ဖက်တွင် စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို အရှိန်အဟုန်ဖြင့်မြင့်မားတိုးတက်အောင်ကြိုးပမ်းနေချိန်၌ တစ်ဆက်တည်းမှာပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ကျဆင်းသွားခြင်းမျိုးလည်း ဖြစ်စေနိုင်ပါသည်။

အနာဂတ်အတွက်အကျိုးအမြတ်များမည်ဟု အာမခံချက်ပေးထားသည်ဆိုလျှင်တောင်မှ လတ်တလော အဆင်မပြေမှုများကိုမူ ပြည့်ပြည့်ဝဝ လုံလုံလောက်လောက် ဖြည့်ဆည်းပေးရန်လိုပါသည်။ အောက်ခြေပြည်သူများထံမှ စကားသံများကို အမှန်အတိုင်းသိအောင် ကြိုးစားသင့်ပါသည်။ စီးပွားရေး နိုင်ငံရေးနှင့် လူမှုရေး၊ နိုင်ငံရေးများနည်းတူ ပတ်ဝန်းကျင် နိုင်ငံရေးသည်လည်း တန်းတူအရေးကြီးကြောင်း မမေ့ဖို့လိုပါသည်။

တစ်မျိုးသားလုံးအတွက် နောင်တွင် ကောင်းကျိုးသုခ စံစားကြရမည်ဆိုသည်ကို ခိုင်လုံသော၊ လက်ခံနိုင်ဖွယ်ရှိသော အထောက်အထားများနှင့်အတူ ပွင့်လင်းမြင်သာချပြပါက ပြည်သူများက ကျေနပ်နိုင်ကြပါမည်။ လောလောဆယ်နစ်နာ ဆုံးရှုံးမှုများ၊ အခက်အခဲများအတွက် ထောက်ပံ့မှုများ၊ လျော်ကြေးများကို ပြည်သူများထံ လက်ဝယ်အရောက် ထိထိရောက်ရောက်၊ ကောင်းကောင်းမွန်မွန် ဆောင်ရွက်ပေးပါက ရောင့်ရဲနိုင်ကြပါမည်။

အမိ မြန်မာနိုင်ငံသည် ကောင်းသော အပြောင်းအလဲများဖြင့် ရှေ့သို့ ချီတက်နေပါသည်။ ပြည်သူများကလည်း ရွှန်းစားတောက်ပသော မျက်ဝန်းများဖြင့် မျှော်လင့်စောင့်စားလျက်ရှိပါသည်။ နိုင်ငံအတွက် လူမျိုးအတွက် မိမိကိုယ်မိမိအတွက် ဘယ်ပြည်သူကမျှ မျက်ရည်မကျလိုတော့ပါ။ ပြုံးချိုလန်းဆန်းသော၊ ဟန်မဟုတ်၊ အမှန်သရုပ်ဖြစ်သော မျက်နှာများဖြင့် ဘဝအဖုံဖုံကို လျှောက်လှမ်းချင်ကြပါပြီ။ ယုံကြည်စိတ်ချရသော အခြေအနေများအပေါ် မျက်နှာများဖြင့် ဘဝအဖုံဖုံကို လျှောက်လှမ်းချင်ကြပါပြီ။ ယုံကြည်စိတ်ချရသော အခြေအနေများအပေါ် အားကိုးလျက်ခိုင်မာသော ရည်မှန်းချက်၊ တက်ကြွသော အားထုတ်မှုများနှင့်အတူ ပျော်ရွှင်အေးချမ်းစွာဖြင့် အခြားနိုင်ငံများကို မီအောင်၊ တန်းတူဖြစ်အောင်၊ ကျော်တက်နိုင်အောင် တက်လှမ်းချင်ကြပြီဖြစ်ပါသည်။

*စာ(၄၀)သို့*




## မန္တလေးတိုင်းဒေသကြီးအတွင်း ထင်း၊ မီးသွေး တရားမဝင် ထုတ်လုပ်သုံးစွဲသူများကို ကြပ်မတ်အရေးယူသွားမည်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထင်း၊ မီးသွေးများ တရားမဝင်ထုတ်လုပ်သုံးစွဲမှုများကို ယခုထက် ပိုမိုကြပ်မတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးဦးသန်းစိုးမြင့်က ပြောသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးမြတ်သူ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထင်းမီးသွေးထုတ်လုပ်သုံးစွဲမှုအပေါ် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် အဆိုတင်သွင်းမှုအပေါ် ဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသအတွင်း ကျရောက်သည့်အတွက် သစ်တောသစ်ပင်မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မိမိတို့ အစိုးရအဖွဲ့သစ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင်မပြုန်းတီးရေးအတွက် ထင်း၊ မီးသွေး တရားမဝင် ထုတ်လုပ်သုံးစွဲမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် တရားမဝင် မီးသွေးဖုတ်သည့် ဖို ၅၀ အား ရှာဖွေ၊ ဖမ်းဆီး၊ ဖျက်ဆီးနိုင်ခဲ့ပါကြောင်း၊ ထင်း၊ မီးသွေးအမှုပေါင်း ၅၃ မှုကိုလည်း ဖမ်းဆီးတရားစွဲအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ထင်း ၇၀ ဒသမ ၄၅၂၄ တန်၊ မီးသွေး ၂၇၆ ဒသမ ၇၂ တန်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ပြန်လည် ပြောသည်။

သစ်တောဦးစီးဌာနကလည်း ကျေးလက်နေ ဒေသပြည်သူများအတွက် ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခဲ့ပြီး ကျေးရွာသုံး ထင်းစိုက်ခင်း ၈၀ ခန့်ကို ဒေသခံပြည်သူများသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း သိရသည်။

ကျေးရွာသုံးအတွက် ထင်း ၉၄၃ ဒသမ ၇၄၂၄ တန်ကိုလည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ပြည်သူများထံ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ကျေးရွာ၊ ဒေသအလိုက် သစ်၊ ထင်းလိုအပ်ချက်ကို သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ပြည်သူများကိုလည်း မိမိစိုက်ပျိုးသည့်သစ်ပင်ကို မိမိကိုယ်ပိုင်စိုက်ပြီး လိုအပ်သလို သုံးစွဲနိုင်ကြောင်းကိုလည်း အသိပညာပေး ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးက ဆက်လက်ပြောသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာထင်းစိုက်ခင်း ဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်သောကြောင့် တရားမဝင် စည်းကမ်းမဲ့ ထင်းခုတ်၊ မီးသွေးဖုတ် ကျူးလွန်သူများအား သစ်တောဥပဒေပုဒ်မ-၄၂(ခ)၊ သစ်တောနည်းဥပဒေပုဒ်မ ၃၂ တို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ရှင်းလင်းဆွေးနွေးခဲ့သည်။

LuckyWare
LUCKY WARE TRADING CO., LTD.
ပုလဲဒန်အိုးစက်ရုံ ဂျပန်လေလံဌာန

WHOLE SALE
Japan Company နှင့်တွဲဖက်၍ ကား Show Room (သို့) ကားဝယ်ရောင်း
လုပ်လိုသူများအတွက် Whole Sale Price ဖြင့် ရောင်းချပေးနေပါသည်။

RETAIL SALE
Bank စာအုပ်ဖြင့်ဝယ်ယူနိုင်သော 2007 နှင့် အထက်ယာဉ်များ၊ ယာဉ်အိုယာဉ်ဟောင်းစလစ်
ရှိသူများ၊ အခွန်နှုန်းသက်သာသော AA-TAXI များ နှင့် လုပ်ငန်းသုံး Japan Truck ကားများ၊
ခရီးသည်တင် Bus မျိုးစုံတို့ကိုဂျပန်နိုင်ငံမှတင်သွင်းပေးနေပါသည်။
Hilux နှင့် Dyna ယာဉ်များအစားထိုး Mini Bus များတင်သွင်းခြင်းကိုလဲဝန်ဆောင်မှုပေးနေပါသည်။
Japan Stock One Price ကားများအားတိုက်ရိုက်ဝယ်ယူနိုင်ပါသည်။
www.mediafire.com/luckyware (One Price List)
Internet Cafe ဆိုင်များ Reseller အဖြစ်လျှောက်ထားနိုင်ပါသည်။
အကျိုးဆောင်ခ 200,000 ကျပ် (တစ်စီး)





USA ONLINE STORE
အမေရိကန်မှပစ္စည်းမျိုးစုံတို့ကိုမှာယူပေးနေပါသည်။
www.amazon.com www.ebay.com
www.bestbuy.com www.frys.com

Head Office : မြေအမှတ်-၁၁၃၊ ဘီအိုစီလမ်း၊ တာမွေလေး၊ ရန်ကုန်မြို့ (ပုလဲဒန်အိုးစက်ရုံ)
Ph : 01-549417, 01-549403, 01-544721, 09-73096455, 09-5105240
MDY Branch:အမှတ် (၁၀)၊ စစ်မှုထမ်းဟောင်းတိုက်တန်း၊ သိပ္ပံလမ်း နှင့် ၆၆-၆၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
Ph : 09420037244, 0103450 394, 0973006177
NPD Branch : အမှတ် (၃/၁၀၂)၊ မောင်ခင်လမ်း၊ ရွှေချိုရပ်ကွက်၊ နေပြည်တော် (စိန်ခေါင်းစေတီ)
Ph : 09-2028377, 09-8300724 www.facebook.com/luckyware

# Tourism

7 DAY NEWS JOURNAL

Vol.11, No.29 • SEPTEMBER 27 , 2012


# ကန်ရိပ်သာလမ်းရှိ နှစ်မြှာအဆောက်အအုံ ဟိုတယ်ဖွင့်ရန် အချောသတ်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ကမ္ဘာလှည့် ခရီးသွားများအတွက် ဟိုတယ်လိုအပ်ချက်များကြောင့် စီမံကိန်းပြန်လည်စတင်လိုက်သည့် ရန်ကုန်မြို့၊ ကန်တော်ကြီး၊ ကန်ရိပ်သာလမ်းတွင်တည်ရှိသော Shangri-La Hotel and Complex အား အချောသတ်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

အာရှဒေသအတွင်း ငွေကြေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည့် ၁၉၉၆-၉၇ ခုနှစ်ကာလ အတွင်း ယင်းအဆောက်အအုံစီမံကိန်း၏ ပထမအဆင့်ဖြစ်သည့် လူနေတိုက်ခန်းများပါဝင်သော အဆောင်နှစ်ဆောင်သာ အကြမ်းထည်တည်ဆောက်ခဲ့ပြီး လုပ်ငန်း ဆက်လက်ဆောင်ရွက်မှုကို ရပ်တန့်ခဲ့ကြောင်း Shangri-La Yangon Co., Ltd က သတင်းထုတ်ပြန်ခဲ့သည်။

“ဒီ Complex ကို ရပ်ဆိုင်းထားတာက ဘာအကြောင်းကြောင့်မှမဟုတ်ပါဘူး။ အဓိကက ဘတ်ဂျက်ကြောင့်ပဲ။ သူတို့ရဲ့ ထုတ်ပြန်ချက်လည်းပါတယ်။ ဆောက်လုပ်မှုကို ရပ်ဆိုင်းထားလို့ထင်မြင်ချက်အမျိုးမျိုးဖြစ်နေတာပါ”ဟု ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဦးအုန်းမြင့်က ပြောကြားသည်။

ဟိုတယ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပြီး ၂၁ ထပ်စီပါ၍ အခန်း ၁၂၀ စီပါရှိသော တည်ဆောက်ဆဲအဆောက်အအုံနှစ်ခုကို Service Apartment အဖြစ်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအမီ ဖွင့်လှစ်နိုင်ရန်တည်ဆောက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း Shangri-La Hotel and Complex အား ကြယ်ငါးပွင့်အဆင့် ရည်မှန်းထားရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်သည့် ဟိုတယ်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးကဆိုသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ဖြင့် Shangri-La Hotel and Complex ကို တည်ဆောက်လုပ်ကိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Shangri-La Yangon Co., Ltd တို့သည် BOT စာချုပ်လက်မှတ်ရေးထိုးပြီး ၁၉၉၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

“ကျွန်တော်တို့ ဒီပရောဂျက်ကို ဇူလိုင် ၁ ရက်က စတာပါ။ ၂၀၁၃ ဆီးဂိမ်းအမီ အပြီးသတ်မှာပါ။ အပြင်မှာပြောနေတဲ့ဒီအဆောက်အအုံက လူနေဖို့မသင့်ဘူးဆိုတဲ့ကိစ္စတွေက မမှန်ပါဘူး။ အင်ဂျင်နီယာဘက်က နေကြည့်ရင်လည်း အဲဒီလိုကိစ္စတွေ မရှိပါဘူး”ဟု ယခုလက်ရှိတွင် Shangri-La Yangon Co., Ltd ၏ ဆောက်လုပ်ရေးပိုင်းအား တာဝန်ယူထားရသူ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် နိုင်ငံတကာ ခရီးသွားများ တည်းခိုနိုင်သော နိုင်ငံခြားနှင့် ဖက်စပ်ဟိုတယ် ၂၆ ခု၊ ပြည်တွင်း ပုဂ္ဂလိကပိုင် ဟိုတယ် ၇၃၁ ခု၊ နိုင်ငံပိုင် ဟိုတယ်ခြောက်ခုရှိသည်။ ပြည်တွင်း ပုဂ္ဂလိကပိုင် ဟိုတယ်များမှာ မန္တလေးတိုင်းဒေသကြီးတွင် အများဆုံးရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဒုတိယအများဆုံးရှိသည်။

နိုင်ငံခြားဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များမှာ ရန်ကုန်မြို့၌ အများဆုံးနှင့် ဒုတိယအများဆုံးမှာ မန္တလေးမြို့ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



# စစ်တွေနှင့် မြောက်ဦး ခရီးစဉ် ရောင်းချပြီးသည့် ကုမ္ပဏီများ စာရင်းပြုနေ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

စစ်တွေနှင့်မြောက်ဦးဒေသများသို့ သွားရောက်ရန်အတွက် ၂၀၁၂ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ရောင်းချထားသော ကမ္ဘာလှည့်ခရီးသွားများ ခရီးစဉ်စာရင်းအား တင်ပြပေးရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းက စက်တင်ဘာ ၁၉ ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။

“ရောင်းထားပြီးသား ခရီးစဉ်တွေကို အထက်ကို တင်ပြပြီး သွားခွင့်ရအောင် တောင်းဆိုပေးမှာပါ”ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လာမည့်ခရီးသွားရာသီတွင် စစ်တွေနှင့်မြောက်ဦးဒေသများသို့ သွားရောက်လိုသူများရှိပြီး စရန်ငွေပေးထားသော ဧည့်သည်များက ခရီးစဉ်မဖျက်စေလိုကြောင်း Tour De Myanmar ခရီးသွားလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လှဒါလီခင်ကပြောသည်။

ဩဂုတ်လကုန်ပိုင်းက မြောက်ဦး၊ စစ်တွေဒေသများသို့ နိုင်ငံခြားသားများ မသွားရန်တားမြစ်ထားသော်လည်း ကိုယ်ပိုင်အစီအစဉ်ဖြင့် နေ့စဉ် လာရောက်သော နိုင်ငံခြားသားများ စစ်တွေနှင့် မြောက်ဦးမြို့များသို့ ပုံမှန်သွားရောက်နေကြကြောင်း ပြည်တွင်းလေကြောင်းလိုင်းအသိုင်းအဝိုင်းမှသတင်းရရှိသည်။

“ဘယ်သူကမှ တိတိကျကျ ပြောဆိုထားတာမရှိဘူး။ စစ်တွေကို လေယာဉ်ထွက်တဲ့နေ့တိုင်း အနည်းနဲ့အများ သွားနေကြတယ်”ဟု အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဩဂုတ်လ ၃၀ ရက်စွဲဖြင့် ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ မြောက်ဦး၊ ဝေသာလီ၊ မဟာမုနိနှင့် ရှမ်းပြည်နယ် မိုင်းလားဒေသတို့တွင် ကမ္ဘာလှည့်ခရီးသွားကို သွားလာခွင့် မပြုတော့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။






# တံတားဦးကူးတို့ဆိပ်ရွာအနီး ဟိုတယ်ဇုန် ၂၀၁၄ အမီ ဆောင်ရွက်မည်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကူးတို့ဆိပ်ကျေးရွာအနီးရှိဟိုတယ်ဇုန်စီမံကိန်းအား ၂၀၁၄ ခုနှစ်အမီ ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ယင်းဟိုတယ်ဇုန်မှာ မြေဧက ၅,၀၀၀ ကျော်တွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအမီဖွင့်လှစ်နိုင်မည်မဟုတ်သော်လည်း ၂၀၁၄ တွင်အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်ချိန်အမီ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“တံတားဦးဇုန်ပါ။ ဒီပရောဂျက်ကို ၂၀၁၂ ခု လေးလပိုင်းလောက်က စတာပါ။ ဧက ၅,၄၈၈ ဧကရှိတယ်။ လယ်မြေတွေ၊ ကိုင်းမြေတွေနေရာကို ဟိုတယ်ဇုန်အဖြစ်လုပ်တာပါ”ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်ဇုန်ဥက္ကဋ္ဌဦးမြင့်အောင်ကပြောသည်။

၎င်းကပင် ဆက်လက်၍ ထိုမြေနေရာများမှာ BOT စနစ်ဖြင့် ငှားရမ်းမြေနေရာမဟုတ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ Developer အဖြစ် လုပ်ပိုင်ခွင့်ရရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ဟိုတယ်ဇုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆိုသည်။

ထိုတံတားဦးဟိုတယ်ဇုန်အတွက် မကြာမီတွင် တင်ဒါခေါ်ယူမည်ဖြစ်ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးမြို့ရှိမန္တလေးဟိုတယ်ဇုန်တို့တွင် လျှောက်လွှာများ တင်နိုင်ကြောင်း သိရသည်။

“တင်ဒါခေါ်ပြီးရင် လုပ်ပိုင်ခွင့်ရတဲ့ကုမ္ပဏီတွေကို ကြေညာမှာပါ။ အများပိုင်ကုမ္ပဏီ တည်ထောင်ဖို့အတွက် လျှောက်လွှာတင်ပြီး လုပ်ငန်းစတင်ဆောင်ရွက်မှာပါ” ဟု ဦးမြင့်အောင်က ပြောကြားသည်။

“မန္တလေးမှာက ခရီးသွားရာသီချိန်ဆို တအားကျပ်တာ။ အောက်တိုဘာ၊ နိုဝင်ဘာဆို ဟိုတယ်ခန်းတွေ မရတော့ဘူး မန္တလေးမှာက ကြယ်အဆင့်ရှိတဲ့ ဟိုတယ်ရှားတယ်”ဟု မန္တလေးမြို့ရှိ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုမှာ မန္တလေးတိုင်းဒေသကြီးသို့ ဒုတိယအများဆုံးဖြစ်ပြီး မန္တလေးအတွင်းပိုင်းဒေသသို့ နေ့ချင်းပြန်ဝင်ရောက်လာသူတစ်နေ့လျှင် ၁,၇၀၀ ကျော်ခန့်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စစ်တမ်းအရ သိရသည်။


စပိန် ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုကျော်သူက “မန္တလေးမှာ ဟိုတယ်ဇုန်လုပ်တာ အရမ်းကောင်းပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ မန္တလေးက ဟိုတယ်တွေကို ဧည့်သည်တွေ သိပ်မကြိုက်ကြဘူး။ သူတို့ရဲ့ ရိုးရာဓလေ့ပုံစံနဲ့ ဟိုတယ်တွေပိုကြိုက်တယ်။ ဧည့်သည်အဝင်များတဲ့ ရာသီဆို မန္တလေးမှာ ဟိုတယ်နဲ့ဧည့်သည် မမျှဘူး”ဟု ပြောသည်။


7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

























7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# အမေရိကန်ဆန်များတွင် အာဆင်းနစ်ပါဝင်မှုကြောင့် တောင်ကိုရီးယားက တင်သွင်းမှုရပ်ဆိုင်း


ဓာတ်ပုံ - AP

**အမေရိကန် အာကန်ဆောပြည်နယ် အလီစီယာအနီးရှိ လယ်ကွင်းတစ်ခုတွင် စပါးများစိုက်ပျိုးထားသည်ကို တွေ့ရစဉ်။ စားသုံးသူအခွင့်အရေးကာကွယ်ရေးအဖွဲ့များသည် ယခုအခါ အမေရိကန်အစားအစာနှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့အား ဆန်များတွင်ပါဝင်ခွင့်ပြုသည့် အာဆင်းနစ်ဓာတ်ပမာဏနှင့်ပတ်သက်၍ ဖက်ဒရယ်အဆင့် လမ်းညွှန်ချက်ချမှတ်ရန် ဖိအားပေးလျက်ရှိရာ ထိုအေဂျင်စီအနေဖြင့် ဆန်များနှင့်ပတ်သက်သည့် အစားအစာလုံခြုံစိတ်ချရေး စံချိန်စံညွှန်းသစ်များ ချမှတ်ပေးရန် စဉ်းစားဖွယ်ရှိသည်။**

**ဆိုးလ်၊ စက်တင်ဘာ - ၂၂**
တောင်ကိုရီးယားအစိုးရသည် အမေရိကန်အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေး အဖွဲ့နှင့် စားသုံးသူအစီရင်ခံစာ မဂ္ဂဇင်းတို့က အမေရိကန်ဆန်များတွင် အာဆင်းနစ်ဓာတ်ပါဝင်မှုမြင့်တက်နေကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် နိုင်ငံတွင်းသို့ အဆိုပါဆန်များ တင်သွင်းမှုများကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ တောင်ကိုရီးယားစိုက်ပျိုးရေးဝန်ကြီးဌာနက ၎င်းတို့သည် ယမန်နေ့ကစ၍ အမေရိကန်ဆန်ဝယ်ယူတင်သွင်းမှုများကို ရပ်တန့်ခဲ့ကြောင်း၊ နောက်ထပ်လေ့လာမှုများ ပြုလုပ်ပြီးမှ သာဝယ်ယူတင်သွင်းမှုနှင့် ရောင်းဝယ်မှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့(အက်ဖ်ဒီအေ)သည် မူလက စမ်းသပ်ချက်တွင် ဆန်များ၌ စိတ်မချရသည့် ဓာတ်များပါဝင်ခြင်းမရှိကြောင်း ဆိုခဲ့ပြီးမှ အာဆင်းနစ်ပမာဏမြင့်နေကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အက်ဖ်ဒီအေသည် ဆန်များအား ပိုမိုကျယ်ပြန့်စွာစစ်ဆေးလေ့လာခြင်းကို ယခုနှစ်ကုန်တွင် အပြီးသတ်ပြုလုပ်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ကယ်လီဖိုးနီးယားပြည်နယ်မှ ဆန်များကို တင်သွင်းနေခြင်းဖြစ်ပြီး စားသုံးသူအစီရင်ခံစာတွင် ဖော်ပြခဲ့သော အာဆင်းနစ်ပါဝင်သည့်ဆန်များမှာ အခြားတောင်ပိုင်းပြည်နယ်များမှ ဖြစ်သည်။ အာဆင်းနစ်ဓာတ်သည် သဘာဝအားဖြင့် ရေ၊ လေနှင့် အစားအစာများ၊ မြေဆီလွှာများတွင် ပါဝင်နေပြီး အော်ဂဲနစ်နှင့် အော်ဂဲနစ်မဟုတ်သော ပုံသဏ္ဌာန်နှစ်မျိုးရှိသည်။ အော်ဂဲနစ်မဟုတ်သော အာဆင်းနစ်ကို များများစားသုံးပါက ကင်ဆာရောဂါဖြစ်နိုင်ခြေများသည်။ *—Ref: AP*

# တိုင်ပေဝန်ကြီးချုပ် အယုံအကြည်မရှိအဆိုကို ကျော်လွှားနိုင်ခဲ့

**တိုင်ပေ၊ စက်တင်ဘာ - ၂၂**
တရုတ်တိုင်ပေဝန်ကြီးချုပ် ရှောင်ချန်းသည် အတိုက်အခံပါတီများကတင်သွင်းသော အယုံအကြည်မရှိအဆိုကို မဲအသာဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်းသိရသည်။ အတိုက်အခံပါတီများက အာဏာရကူမင်တန်ပါတီမှ ဝန်ကြီးချုပ်ရှောင်ချန်းကို အလုပ်လက်မဲ့နှုန်းနှင့် ငွေဖောင်းပွမှုနှုန်းမြင့်မားလာခြင်းကြောင့် ၎င်း၏ အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ အတိုက်အခံများ၏ အဆိုကို မဲခွဲရာတွင် ထောက်ခံမဲ ၄၆ မဲ၊ ကန့်ကွက်မဲ ၆၆ မဲဖြင့် ဝန်ကြီးချုပ်ရှောင်ချန်းက အနိုင်ရရှိသွားခဲ့သည်။

အခြေခံဥပဒေအရ တိုင်ပေတွင် ဝန်ကြီးချုပ်ကိုအယုံအကြည်မရှိအဆိုတင်သွင်း၍ ရာထူးမှပယ်ရှားရန် အမတ်နေရာ ၁၁၃ ရှိသော လွှတ်တော်၏ မဲထက်ဝက်ကျော်၊ အနိမ့်ဆုံးထောက်ခံမဲ အရေအတွက် ၅၇ မဲလိုအပ်မည်ဖြစ်သည်။

မဲခွဲဆုံးဖြတ်မှုအပြီး ကူမင်တန်ပါတီခေါင်းဆောင် သမ္မတမာယင်းကျောင်းကလွှတ်တော်အမတ်များ၏ထောက်ခံမှုကိုကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အတိုက်အခံပါတီများသည် တိုင်ပေတွင်ဆယ်စုနှစ်တစ်ခုကြာအောင်ဝင်ငွေအဆင့်မြင့်တက်လာမှုမရှိခြင်း၊ စက်ရုံများမှာလည်း လုပ်အားခဈေးသက်သာသော တရုတ်ပြည်မကြီးသို့ ပြောင်းရွှေ့သွားခြင်းတို့ကြောင့် အစိုးရ၏ ပေါ်လစီများအပေါ် မကျေမနပ်ဖြစ်ခဲ့ကြသည်။ တိုင်ပေတွင် ဩဂုတ်လက ငွေဖောင်းပွမှုနှုန်းမှာ လေးနှစ်အတွင်း အမြင့်ဆုံး အဖြစ် ၃ ဒသမ ၄၂ ရာခိုင်နှုန်းရှိခဲ့ပြီး ဧပြီမှ ဇွန်လအထိ သုံးလအတွင်း ပို့ကုန်တင်ပို့မှုမှာလည်း ဝ ဒသမ ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ *—Ref: AFP*

# နယ်စပ်ဒုက္ခသည်စခန်းများရှိ ကလေး ၅,၀၀၀ ကျော် ထိုင်းမွေးစာရင်း လက်မှတ်များရရှိ



**ဘန်ကောက်၊ စက်တင်ဘာ - ၂၁**
ထိုင်းနိုင်ငံတွင် အသစ်ပြဋ္ဌာန်းထားသည့် မှတ်ပုံတင် ဥပဒေအရ မြန်မာနှင့် နယ်စပ်၌ ရှိနေသော ဒုက္ခသည်ကယ်ဆယ်ရေးစခန်းများမှ မွေးဖွားသည့် ကလေးငယ်ပေါင်း ၅,၀၀၀ ကျော်ခန့်သည် ထိုင်းမြေပေါ်တွင် မွေးဖွားသည့်အတွက် ထိုင်းမွေးစာရင်းလက်မှတ်များရရှိခဲ့ကြောင်း ကုလသမဂ္ဂ၏ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးကထုတ်ပြန်သည်။ ကလေးများကိုယခုကဲ့သို့ မွေးစာရင်းထုတ်ပေးခြင်းကို ၂၀၁၀ စက်တင်ဘာလမှစ၍ မြန်မာနှင့် နယ်စပ်ရှိ ယာယီဒုက္ခသည်စခန်းကိုးခုတွင် စတင်ခဲ့ပြီး မိဘများမှာ ထိုင်းနိုင်ငံသားများ မဟုတ်သော်လည်း ကလေးများကို ထိုင်းမြေပေါ်တွင် မွေးခြင်းအတွက် ထိုင်းမွေးစာရင်းလက်မှတ်များကို ဥပဒေအရထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ဥပဒေအရမွေးစာရင်းလက်မှတ်ရကလေးမှာ ထိုင်းနိုင်ငံသားအဖြစ် သတ်မှတ်ခြင်း မခံရသော်လည်းယင်းမှာမိဘအမည်၊ကလေးကိုမွေးဖွားရာနေရာတို့ကို မှတ်တမ်းတင်ထားသော တရားဝင်အထောက်အထားဖြစ်ကာ နေရပ်ပြန်ပါကနိုင်ငံသားအဖြစ်လျှောက်ထားရာတွင် အဆင်ပြေစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ အင်န်ဂျီအိုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီသည် ယခုအခါထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင် ကလေးမွေးစာရင်းများ ပြုလုပ်ကြရန်နှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရန် ဆော်ဩလျက်ရှိသည်။ ထိုအဖွဲ့သည် သမ်ဟင်းစခန်းရှိဆေးခန်းတွင် ဒုက္ခသည်ကလေးများကို မွေးဖွားပေးနေသော အဖွဲ့ဖြစ်သည်။ *—Ref: The Nation*

# အိန္ဒိယညွန့်ပေါင်း အစိုးရ ရာထူးမှ နုတ်ထွက်မှုများနှင့် ရင်ဆိုင်နေရ

**နယူးဒေလီ၊ စက်တင်ဘာ - ၂၂**
အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည်စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေးကြိုးပမ်းမှုများတွင် အကျပ်အတည်းများရင်ဆိုင်နေရပြီး တစ်ချိန်က ညွန့်ပေါင်းပါတီတစ်ခု၏ ထောက်ခံမှုလည်း ဆုံးရှုံးဖွယ်ရှိနေသည်။

နောက်ဆုံးဆွေးနွေးညှိနှိုင်းမှုများမရှိခဲ့ပါက ဒေသဆိုင်ရာပါတီတစ်ခုဖြစ်သော ထရီနာမိုလ်ပါတီမှ ဝန်ကြီးခြောက်ဦးသည် နယူးဒေလီ၌ရာထူးများမှနုတ်ထွက်ဖွယ်ရှိပြီး ယင်းပါတီ၏အမတ် ၁၉ ဦးကလည်း မဟာမိတ်အဖွဲ့အား ထောက်ခံမှုကို အဆုံးသတ်တော့မည်ဖြစ်သည်။

ယင်းသို့ဖြစ်လာပါက မစ္စတာမန်မိုဟန်ဆင်း၏ ကွန်ဂရက်ပါတီမှာ ပါလီမန်လူနည်းစုအစိုးရဦးဆောင်ရပြီး အခြားဒေသခံပါတီများ၏ ထောက်ခံမှုကို အားကိုးရဖွယ်ရှိနေကြောင်း၊ ထိုသို့မဟုတ်ပါက ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲမတိုင်မီအစိုးရပြုတ်ကျမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

"ကျွန်တော်တို့မှာ မိတ်ဆွေအလုံအလောက်ရှိပါတယ်။ စီးပွားရေးပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်သွားပါမယ်" ဟုပြုပြင်ပြောင်းလဲရေးသမားဘဏ္ဍာရေးဝန်ကြီး ပီချင်ဒမ်ဘာရမ်က သတင်းထောက်များအား ပြောကြားသည်။

နိုင်ငံခြားမှ စူပါမားကက်လုပ်ငန်းများအား လက်လီဈေးကွက်တွင် ဝင်ရောက်ခွင့်ပြုရေးနှင့် အစိုးရက ခွဲတမ်းချပေးနေသည့် ဒီဇယ်ဈေးနှုန်းများမြှင့်တင်ရေးစသော ပြုပြင်ပြောင်းလဲမှုများကြေညာခဲ့ပြီးနောက်ပိုင်း မစ္စတာဆင်း၏ ကွန်ဂရက်ပါတီနှင့် မဟာမိတ်ပါတီ ထရီနာမိုလ်တို့ကြားတွင် တင်းမာမှုများဖြစ်ပေါ်လာသည်။ ယင်းအစီအစဉ်များကို ၇၂ နာရီအတွင်း ရုပ်သိမ်းရန် ထရီနာမိုလ်ပါတီ အကြီးအကဲ မစ္စက် မာတာမာဘာနာဂျီးက ပြောကြားပြီးနောက်ပိုင်း ထရီမိုနာလ်ပါတီအနေဖြင့် မဟာမိတ်အဖွဲ့မှ နုတ်ထွက်သွားမည်ဟု ကြေညာခဲ့သည်။ စက်တင်ဘာလ ၂၀ ရက်ကလည်း အလုပ်သမားများ၊ ကုန်သည်များနှင့် ဈေးသည်များက ရထားလမ်းများနှင့် ဈေးများတွင် ပိတ်ဆို့ဆန္ဒပြကန့်ကွက်ခဲ့ကြောင်း သိရသည်။ *—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012



## နောက်ကျောဖုံး - ချုံကင်းရဲတပ်ဖွဲ့အကြီးအကဲ လူသတ်မှု ဖုံးကွယ်ရန် ကြိုးစားမှုဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခံရ မှ

ဂုင်း၏ရှေ့နေ ဝမ်ယွန်ကိုင်ကမူ ဝမ်လီကျန်သည် တရားရုံးဆုံးဖြတ်ချက်ကို အယူခံဝင်မည်မဟုတ်ဟု ပြောကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ တရုတ်ကွန်မြူနစ်ပါတီထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ပိုရှီးလိုင်၏ ဇနီး ကူကိုင်းလိုင်သည် ချုံကင်းတွင် ၂၀၁၁ နိုဝင်ဘာလက ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင် နီယယ်ဟေးဝုဒ်အား သတ်ဖြတ်ခဲ့ရာတွင် ချုံကင်းကွန်မြူနစ်ပါတီအကြီးအကဲဖြစ်သူ ပိုအတွက် ဝမ်လီကျန်က ဖုံးကွယ်ပေးခဲ့သည်။ တရားခွင်မှတ်တမ်းအရ ကူကိုင်းလိုင်သည် ဟေးဝုဒ်အား အဆိပ်ခတ်လုပ်ကြံပြီးနောက် ဝမ်က အထောက်အထားများကို ဖုံးကွယ်ပေးခဲ့သည်။ ဂုင်းကိုတရားရုံးစီရင်ချက်ချမှတ်ခဲ့၍ ပိုရှီးလိုင်၏ အနာဂတ်မရေရာနိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။

သို့သော် တရုတ်အစိုးရကမူ ပြီးခဲ့သည့် မတ်လက ချုံကင်းကွန်မြူနစ်ပါတီအကြီးအကဲရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ဧပြီလတွင်လည်း တရုတ်ကွန်မြူနစ်ပါတီ၏ သြဇာကြီးသော နိုင်ငံရေးဦးဆောင်အဖွဲ့ ပေါ်လစ်ဗျူရိုမှ ဖယ်ရှားခံရသည့်ပိုရှီးလိုင်၏ အနာဂတ်နှင့်ပတ်သက်၍ ပြောကြားခြင်း မရှိသေးဟု သိရသည်။

*—Ref: The Star*

## နောက်ကျောဖုံး - အီရန်အပေါ် ပိတ်ဆို့တားဆီးမှု ထပ်မံချမှတ်ရန် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ တောင်းဆို မှ

အီရန်နှင့် နှစ်ဖက်ရင်ဆိုင်မှု ပိုမိုတင်းမာလာချိန်မှာပင် ယင်းနိုင်ငံသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက အီးယူနိုင်ငံခြားရေးပေါ်လစီအကြီးအကဲ မစ္စက်ကက်သရင်းအက်ရှ်တန်အားအီရန်အပေါ် ပိုမိုပြင်းထန်သော အတိုင်းအတာဖြင့် အရေးယူရန် တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

အရေးယူမည့် အတိုင်းအတာသစ်၏အသေးစိတ်အချက်အလက်များကို ညှိနှိုင်းရေးဆွဲနေဆဲဖြစ်သော်လည်း အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပမည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ယင်းကိစ္စကို ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းတောင်းဆိုမှုနှင့် ပတ်သက်၍ "ပိတ်ဆို့တားဆီးမှုတွေ ပိုမိုထိရောက်ဖို့ လိုအပ်ပါတယ်" ဟု အနောက်တိုင်း သံတမန်တစ်ဦးက အတည်ပြုပြောကြားသည်။

"နိုင်ငံရေးအဖြေရှာမှု၊ သံတမန်အဖြေရှာမှု တစ်ရပ်ရဖို့ အချိန်ရှိသေးတယ်လို့ ထင်ပါတယ်။ ဒီအတွက် ကျွန်တော်တို့လုပ်ဆောင်နေပါတယ်။ ဒါပေမဲ့အီရန်ရဲ့လက်ထဲနျူကလီးယားလက်နက်ပိုင်ဆိုင်လာမှာကို ကျွန်တော်တို့လက်မခံနိုင်ပါဘူး" ဟု အမည်မဖော်လိုသောအဆိုပါ အနောက်တိုင်းသံတမန်က ဆက်လက်ပြောသည်။

*—Ref: AFP*

## နောက်ကျောဖုံး - တရုတ်သဘော်နှစ်စီး အငြင်းပွားကျွန်းများအနီး ချဉ်းကပ်လာပြန် မှ

အာရှ၏ အဓိကစီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်သော တရုတ်နှင့် ဂျပန်တို့သည် တရုတ်ဘက်က ဒိုင်အိုယုဟုခေါ်ပြီး ဂျပန်ဘက်က ဆင်ကာကူဟုခေါ်သည့် ကျွန်းစုများအရေးနှင့် ပတ်သက်၍ မကြာမီကစတင်ကာ တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။ မကြာမီကဂျပန်အစိုးရက ယင်းကျွန်းစုများမှကျွန်းသုံးခုကို ပုဂ္ဂလိကပိုင်ရှင်များထံမှဝယ်ယူလိုက်ပြီးနောက် တရုတ်ဘက်က ကန့်ကွက်မှုများအရှိန်မြင့်ခဲ့သည်။

တရုတ်သဘော်နှစ်စီး ဂျပန်ရေပြင်သို့ဝင်ရောက်ခဲ့ခြင်းသည် ဘေဂျင်းကနှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ် ၄၀ ပြည့်အထိမ်းအမှတ် အခမ်းအနားကို ကျွန်းစုအငြင်းပွားမှုများ ကြောင့်ရွှေ့ဆိုင်းအပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။

*—Ref: AFP*

# Leader's Profile

# BMW ကားကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် နိဘက်ရိုင်သိုဖာ



ရဲမင်း

ဒေါက်တာအစ်နိဘက်ရိုင် သိုဖာသည် ဂျာမနီနိုင်ငံသား စီးပွားရေးသမားတစ်ဦးဖြစ်ပြီး BMW ၏ လက်ရှိ အမှုဆောင်အရာရှိချုပ်နှင့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ဥက္ကဋ္ဌလည်းဖြစ်သည်။

နိဘက်အား ၁၉၅၆ ခုနှစ် မေလ ၂၉ ရက်တွင် ပင့်စ်ဘာ့ဂ်မြို့၌မွေးဖွားခဲ့သည်။ မြူးနစ်မြို့ရှိလက်တွေ့အသုံးချသိပ္ပံပညာတက္ကသိုလ်မှစက်မှုအင်ဂျင်နီယာဘွဲ့ကို၁၉၈၀ ပြည့်နှစ်ကရရှိခဲ့ပြီး နောက် ၂ နှစ်အကြာတွင် မြူးနစ်နည်းပညာတက္ကသိုလ်၌တက်ရောက်ကာကုန်ထုတ်လုပ်မှု အင်ဂျင်နီယာဘွဲ့နှင့် စီးပွားရေးစီမံခန့်ခွဲ ဘာသာရပ်အထူးပြု တက်ရောက်သင်ယူခဲ့ကာ ဒေါက်တာဘွဲ့ရရှိခဲ့သည်။

နိဘက်ရိုင်သိုဖာသည်၁၉၈၇ ခုနှစ်တွင် ဘာဘေးရီးယန်းမော်တော်လုပ်ငန်းများ(BMW)၌ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှုစီမံကိန်းဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်သည်။ နိဘက်သည်ရိုးသားကြိုးစားစွာလုပ်ကိုင်ရင်း BMW ကုမ္ပဏီတွင် အလျင်အမြန်ရာထူးတိုးတက်ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ထိန်းချုပ်ရေးနည်းပညာများဌာနညွှန်ကြားရေးမှူးဖြစ်လာခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ကားထုတ်လုပ်ရေးဌာန၏ ဒါရိုက်တာဖြစ်လာသည်။

နိဘက်ရိုင်သိုဖာသည်၁၉၉၄ မှ ၁၉၉၇ ခုနှစ်အတွင်း BMW (တောင်အာဖရိက)တွင် နည်းပညာဆိုင်ရာဒါရိုက်တာအဖြစ်သွားရောက်တာဝန်ထမ်းဆောင်သည်။ ယင်းနောက် အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားရှိ BMW ကားထုတ်လုပ်ရေးကော်ပိုရေးရှင်း(အမေရိက)၏ အကြီးအကဲအဖြစ်သွားရောက်တာဝန်ထမ်းဆောင်သည်။ ၂၀၀၀ပြည့်နှစ်တွင် ဂျာမနီနိုင်ငံသို့ ပြန်လာပြီး BMW အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင်ပါဝင်လာခဲ့ကာ ကားထုတ်လုပ်ရေးကို အဓိကတာဝန်ယူရသည်။

၂၀၀၀ မှ ၂၀၀၆ ခုနှစ်အတွင်း BMW ကားထုတ်လုပ်ရေးဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သူရိုင်သိုဖာသည် နည်းပညာဖွံ့ဖြိုးရေးခေါင်းဆောင် ဘတ်ကက်ဂိုရှယ်လ်နှင့်အတူ BMW ၏ မျိုးဆက်သစ် E 903 Series ကိုထုတ်လုပ်ရာတွင် အချိန်ခြောက်လမှ သုံးလသို့ လျှော့ချနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် BMW ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆက်ခံခဲ့သည်။

နိဘက်ရိုင်သိုဖာသည်ဂုင်း၏ လက်ထက်တွင် BMW ၏ ကားဈေးကွက်ကို စီးပွားရေးအင်အားကြီးမားလာသောတရုတ်နှင့်အိန္ဒိယနိုင်ငံသို့ တိုးချဲ့ခဲ့သည်။ ကုမ္ပဏီ၏ စီးပွားရေးကို နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော်တိုးတက်မှုရှိရန် ပစ်မှတ်ထားသည်ဟု ကြွေးကြော်ထားသူဖြစ်သည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ကုလထိပ်သီးညီလာခံတွင် ဆီးရီးယားပဋိပက္ခ အီရန်အရေးနှင့် မွတ်ဆလင် ကန့်ကွက်ဆန္ဒပြမှုများ လွှမ်းမိုးဖွယ်ရှိ မှ

၁၈ လကြာမြင့်ခဲ့ပြီဖြစ်သော ဆီးရီးယားပဋိပက္ခအပေါ် နိုင်ငံတကာ၏သဘောထားကွဲလွဲမှုများကြောင့် ကုလညီလာခံတွင် ပြည်တွင်းစစ်နှင့်ပတ်သက်၍ ဆွေးနွေးမှုများရှိနိုင်မည်မဟုတ်ပေ။

သို့သော် အိုဘားမားနှင့် အနောက်နိုင်ငံခေါင်းဆောင်များသည် ၎င်းတို့၏ မိန့်ခွန်းများတွင် ဆီးရီးယားပြဿနာ အရေးယူဆောင်ရွက်ကြရန် တိုက်တွန်းမည်ဟု မျှော်လင့်ရသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အာရပ်အဖွဲ့ချုပ် ကိုယ်စားလှယ် လက်ဒါဘရာဟီမီတို့ကလည်း ဆီးရီးယားပဋိပက္ခမှာဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လာနေကြောင်း ၎င်းတို့၏ ဆွေးနွေးမှုတွင်သဘောထားတူညီခဲ့သည်။

ကုလသမဂ္ဂအကြီးတန်း သံတမန်တစ်ဦးကမူ ဆီးရီးယားကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်၊ တိုးတက်မှုရှိမည်မဟုတ်ဟု ပြောကြားသည်။ အီရန်သမ္မတ အာမက်ဒီနီဂျက်သည်လည်း၎င်း၏နောက်ဆုံးအထွေထွေညီလာခံကို တက်ရောက်လာခြင်းဖြစ်ဖွယ်ရှိသည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြသည်။ အီရန်၏ နျူကလီးယားစက်ရုံများကို အစ္စရေးက စစ်ရေးအရတိုက်ခိုက်ရန်စီစဉ်နေကြောင်း မှန်းဆချက်များလည်းပေါ်ထွက်နေကြောင်း သိရသည်။ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံမှ အရာရှိများသည် အီရန်အရေးကိစ္စကို တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အမေရိကန်နိုင်ငံ၌ ထုတ်လုပ်ပြီး မွတ်ဆလင်ကမ္ဘာတွင်ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်စေခဲ့သည့်အငြင်းပွားဖွယ်ရာဗီဒီယိုနှင့် ပတ်သက်၍လည်း အာရုံစိုက်မှုအများအပြားရှိနိုင်ကြောင်းလည်း သတင်းတွင် ဖော်ပြသည်။

*—Ref: AFP*

## စာ(၃၆) - ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း၊ စားနပ်ရိက္ခာနှင့် ငတ်မွတ်ခေါင်းပါးမှု မှ

သို့သော် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုဒဏ်ကို အာဖရိကနှင့်အရှေ့အလယ်ပိုင်းရှိ ဆင်းရဲသောနိုင်ငံများမှာ အများဆုံး ခံစားရဖွယ်ရှိပါသည်။ ယင်းမှာလည်း ဈေးနှုန်းကြီးမြင့်မှုကို နိုင်ငံအသီးသီးက အမျိုးမျိုးအဖုံဖုံ တုံ့ပြန်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၀၇၊ ၂၀၀၈ ခုနှစ်တွင် စားနပ်ရိက္ခာဈေးနှုန်းများ အတက်အကျမြန်ဆန်ခဲ့ရာ အာဖရိကတိုက်နိုင်ငံများတွင် အာဟာရချို့တဲ့သော ကလေးအရေအတွက် ရှစ်သန်းတိုးလာကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး(FAO)၏ အစီရင်ခံစာတစ်ရပ်အရသိရှိရသည်။

လောလောဆယ်တွင် မိုးခေါင်ရေရှားမှုရာသီနှင့် ကြုံနေရသော အမေရိကန်လယ်သမားများမှာလည်း ဂျုံများ စတင်စိုက်ပျိုးရတော့မည်လားဆိုသည်ကို ဝေခွဲမရဖြစ်နေပါသည်။ မိုးခေါင်ခြင်းကြောင့် မြေကြီးမှာ ခြောက်သွေ့နေသည်။ မိုးကို မျှော်နေပါကလည်း စိုက်ပျိုးချိန်နောက်ကျသွားမည်ကို စိုးရိမ်ရကြောင်း ကင်းဆက်ပြည်နယ်တွင် ဂျုံဧက ၆,၀၀၀ စိုက်ပျိုးသူ မစ္စတာဒေးဗစ်ရှမန်ကပြောပြသည်။ ဂျုံစိုက်ပျိုးရန် အကောင်းဆုံးမှာ မြေပြင်မှ နှစ်လက်မအတွင်း အစိုဓာတ်ရှိနေချိန်ဖြစ်ပြီး ယခုအခါ မြေအောက်လေးလက်မမှ ခြောက်လက်မအတွင်း ခြောက်သွေ့နေကြောင်း ၎င်းကပြောကြားသည်။ "အစိုဓာတ် လိုနေပါတယ်"ဟု ကင်းဆက်ဂျုံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌလည်းဖြစ်သူ မစ္စတာရှမန်ကဆိုပါသည်။

*—Ref: Reuters/npr.org*

## စာ(၅၀) - ခန္ဓာသေးပေမယ့် ကျွမ်းကျင်မှုပြည့်စုံရင် ကစားသမားကောင်းတွေ ဖြစ်လာမှာပါ မှ

အင်္ဂလန်မှာကတော့ ပတ်ဝန်းကျင်၊ နေရာအဆောက်အအုံ၊ အကယ်ဒမီကျောင်းတွေကကလေးတွေအတွက် အားလုံးအဆင်သင့်ရှိပါတယ်။ ငွေကြေးလည်း တတ်နိုင်တယ်။ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ နည်းနည်းပြဿနာရှိတာက အာဖရိက၊ အရှေ့တောင်အာရှနဲ့ တောင်အမေရိကတိုက်အချို့နိုင်ငံတွေမှာပေါ့။ အဓိကကတော့ လုပ်ပေးချင်စိတ်ပေါ့။ ဘယ်လောက်ထိလုပ်ပေးဖို့ ကြိုးစားမလဲ။ ခု မြန်မာပြည်မှာလည်း ဘောလုံးအဖွဲ့ချုပ်ကကြိုးစားပြီးလုပ်ပေးနေတာတော့ တွေ့ရပါတယ်။

**လီဗာပူး၊ နယူးကာဆယ်၊ ဝက်ဖို့ဒ်၊ ချာလ်တန်၊ ဆဲလ်တစ် စတဲ့ ကလပ်အသင်းတွေမှာ ကစားခဲ့တဲ့ ပရိုကစားသမားတစ်ဦးအနေနဲ့ပရော်ဖက်ရှင်နယ်ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုထားပါသလဲ။**

လူအတော်များများကတော့ ငွေကြေးပေးထားတာနဲ့ပရော်ဖက်ရှင်နယ်လို့ ထင်ကြပါတယ်။ ပရော်ဖက်ရှင်နယ်ဆိုတာ ကိုယ့်လုပ်ငန်းမှာ သေချာကျွမ်းကျင်ပြီး စည်းကမ်းတကျလုပ်နိုင်တာကို ဆိုလိုတာပါ။ ကစားသမားဆိုရင်လည်း စည်းကမ်းတကျ သူ့ရဲ့လုပ်ငန်းမှာ ကျွမ်းကျင်ပြီးတော့ ငွေရေးကြေးရေး အဓိကမဟုတ်ဘဲ လုပ်ဆောင်တာကို ဆိုလိုတာပါ။ ပရော်ဖက်ရှင်နယ် ကစားသမားတစ်ဦးအနေနဲ့ အထောက်အပံ့ကောင်း လိုအပ်တယ် ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့အဓိကကငွေရေးကြေးရေး မဟုတ်ပါဘူး။

***ကျေးဇူးတင်ပါတယ်။***

ဗိုလ်အောင်ကျော်လမ်း **နွေမိုးဆောင်း**
မြန်မာထမင်းဟင်းလက်ရာမွန်
မှ
စားသုံးသူပြည်သူများအတွက်ကျန်းမာရေးနှင့်ညီညွတ်သော
တူရကီနိုင်ငံမှထုတ်လုပ်သည့် **Orkide**နေကြာဆီကိုသုံးပါသည်။
Orkide နေကြာဆီ
PH : 299130,293710



# အခြေအနေက အရေးပေါ်ဆိုတာ နားလည်နေကြပါတယ်

## နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ်အို) အကြီးအကဲ ဂိုင်းရိုက်ဒါနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ယခုအခါ ဥရောပဘဏ္ဍာရေး အကျပ်အတည်းကြောင့် ဥရောပတစ်ဝန်းအလုပ်လက်မဲ့ဦးရေဟာ ၂၅ သန်းရှိပြီး ဒီထဲက ၁၇ သန်းဟာယူရိုငွေကြေးသုံးစွဲတဲ့ ယူရိုဇုန်နိုင်ငံတွေထဲမှာရှိနေပါတယ်။ ကိန်းဂဏန်းအရ အလွယ်ပြောရရင်တော့ ဥရောပမှာ လူငယ်ငါးဦးမှာတစ်ဦးဟာ အလုပ်မရှာနိုင်ကြပါဘူး။ ဒီလူငယ်ဦးရေကလည်း ငါးသန်းလောက်ရှိနေပါတယ်။ နိုင်ငံတချို့မှာတော့ လူငယ် လူရွယ် အလုပ်လက်မဲ့နှုန်းဟာ ၄၀ ရာခိုင်နှုန်းအထိ ရှိနေတယ်။ ဒါကြောင့် ယူရိုသတင်းဟာ မကြာသေးမီကအသစ်ရွေးချယ်တင်မြှောက်ခံထားရတဲ့ ကုလသမဂ္ဂရဲ့ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ်အို) ညွှန်ကြားရေးမှူးဂိုင်းရိုက်ဒါနဲ့ တွေ့ဆုံပြီး လူငယ်လူရွယ်အလုပ်လက်မဲ့ပြဿနာအကြောင်း မေးမြန်းထားပါတယ်။

**ပြီးခဲ့တဲ့မေလက ရာထူးစယူတဲ့ အဖွင့်မိန့်ခွန်းမှာ ဒီကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအကျပ်အတည်းအလယ်မှာ လူသန်းပေါင်းများစွာရဲ့ ဘဝကိုကွဲပြားခြားနားအောင်လုပ်ဖို့ အခွင့်အရေးပဲလို့ ပြောခဲ့ပါတယ်။ ဒီတော့အဲဒါကို ဘယ်လိုလုပ်မယ်လို့ရည်ရွယ်ထားပါသလဲ။**

ဟုတ်ကဲ့ ခင်ဗျားက ဥရောပအလုပ်လက်မဲ့အကျပ်အတည်းရဲ့ဒရာမာဇာတ်လမ်းကို ဖော်ပြလိုက်တာပဲ။ အဲဒါဟာ ဒရာမဆန်တယ်လို့လည်း ကျွန်တော်တကယ်ယုံကြည်နေပါတယ်။ ကျွန်တော့်မိန့်ခွန်းထဲမှာ ပြောခဲ့တာကတော့ အိုင်အယ်လ်အိုဟာ အောင်မြင်မှုရှိဖို့ဆိုရင် ဒီလူသန်းပေါင်းများစွာရဲ့ ဘဝတွေကို ထိတွေ့ရပါမယ်။ ကျွန်တော်တို့သိပ်ကွဲပြားခြားနားတဲ့ နည်းအမျိုးမျိုးနဲ့ လုပ်နိုင်ပါတယ်။ အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံတွေနဲ့ တွဲလုပ်နိုင်ပါတယ်။ အိုင်အယ်လ်အိုဟာ အဖွဲ့ဝင်အစိုးရပေါင်း ၁၈၅ ခုရှိတဲ့ ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်ပါ။ ကျွန်တော်တို့ဟာ နည်းလမ်းအမျိုးမျိုးနဲ့ ပူးပေါင်းဆောင်ရွက်ရေးလှုပ်ရှားမှုတွေ၊ နည်းပညာပိုင်းပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့်လုပ်နိုင်ပါတယ်။ နိုင်ငံတကာပေါ်လစီကိုလည်း ဩဇာလွှမ်းမိုးအောင်ကြိုးစားရင်း ဒီကိစ္စ (လူသန်းပေါင်းများစွာရဲ့ဘဝကိုကယ်တင်ရေး) အတွက်လုပ်နိုင်ပါတယ်။ ဒါမှသာစီးပွားရေးတိုးတက်မှုနဲ့အလုပ်အကိုင်ဖန်တီးနိုင်မှုကိုကမ္ဘာ့စီးပွားရေးနယ်ထဲပြန်ရစေမှာ ဖြစ်ပါတယ်။

အိုင်အယ်လ်အိုဟာ နယ်ပယ်အားလုံးမှာ အခန်းကဏ္ဍတစ်ရပ်ရှိနေပြီး ဒီအခန်းကဏ္ဍကို ကျွန်တော်တို့ဖြည့်ဆည်းဖို့အကောင်းဆုံးလုပ်ဆောင်သွားမယ်လို့လည်း ကျွန်တော်ရည်ရွယ်ထားပါတယ်။

**ပူးပေါင်းဆောင်ရွက်ကြဖို့အတွက် အစိုးရတွေကိုလူကြီးမင်းနှိုးဆော်ခဲ့တယ်။ ဒါပေမဲ့ ဘယ်အတိုင်းအတာလောက် လူကြီးမင်းတို့မှာ လုပ်ပိုင်ခွင့်ရှိထားပါသလဲ။ လူကြီးမင်းမှာ သွားတွေရှိလား။ သွားတွေကရော ဘယ်လောက်ထက်ပါသလဲ။**

အခြားသောနိုင်ငံတကာအဖွဲ့အစည်းတွေလိုပဲ ကျွန်တော်တို့ဟာကိုယ်မှန်ကန်တယ်ထင်တဲ့ အရာကို လုပ်ဆောင်ရမှာပါ။ အဲဒါကလူတွေကိုအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးလိုက်ရုံသာမက ကျွန်တော်တို့က ဂုဏ်သိက္ခာရှိ၊ စံမီတဲ့အလုပ်မျိုးလို့ခေါ်တဲ့ သိက္ခာရှိတဲ့ ဘဝနေမှုကို ပေးနိုင်မယ့် အလုပ်အကိုင်မျိုးဖြစ်ပါတယ်။

**လူကြီးမင်းပြောတာ သိပ်ကောင်းလွန်းနေပါတယ်။ ဒါပေမဲ့ ဒါဟာစိတ်ကူးကမ္ဘာထဲကပါပဲ။ ဥရောပမှာ ဖြစ်နေတာကတော့ အစိုးရတွေနဲ့စီးပွားရေးလုပ်ငန်းတွေဟာ အလုပ်အကိုင်တွေကိုခပ်ပါးပါးပဲဖြန့်ဝေနေတာပါ။ ဆိုလိုတာက အခုဆို အလုပ်အကိုင်တွေကို ဖန်တီးပေးထားတယ်။ ယာယီအနေနဲ့ အချိန်ပိုင်းအလုပ်ပုံစံမျိုးတွေနဲ့။ ဒါပေမဲ့ ဒါမျိုးကမတည်ငြိမ်မှု၊ မလုံခြုံမှုတို့ကိုသာမက လူမှုမငြိမ်မသက်မှု၊ ဆင်းရဲမွဲတေမှုတို့ကိုလည်း ဖန်တီးနိုင်ပါတယ်။ ဒီလိုသီးခြားပြဿနာကို ဘယ်လို ဖြေရှင်းမလဲ။**

ကျွန်တော်တို့ဖန်တီးဖို့လိုတဲ့ အလုပ်အကိုင်အရေအတွက်သာမက အဲဒီအလုပ်တွေရဲ့အရည်အသွေးကိုပါထောက်ပြတဲ့နေရာမှာတော့ ခင်ဗျားတော်တော်မှန်ပါတယ်။ ခင်ဗျားသိတဲ့အတိုင်း ယာယီအချိန်ပိုင်းအလုပ်တွေဟာ အလုပ်အကိုင်ဈေးကွက်ထဲ သူတို့နေရာတော့ သူတို့ရထားနိုင်ပါတယ်။ ဒါပေမဲ့ ဒီအလုပ်တွေကို ရွေးချယ်စရာတစ်ခုအဖြစ်သာ မှတ်ယူရပါမယ်။ လုံခြုံစိတ်ချရတဲ့၊ အချိန်ပြည့်အလုပ်ပျောက်ဆုံးနေတဲ့နေရာမှာ (မလုပ်မဖြစ်လုပ်ရမယ့်) လိုက်နာစရာတစ်ခုအဖြစ် မမှတ်ယူသင့်ပါဘူး။

ကျွန်တော်တို့ဟာ ဥရောပမှာသာမက တစ်ကမ္ဘာလုံးမှာ နိုင်ငံတွေက သူတို့ရဲ့ဘဏ္ဍာရေးအခြေအနေကို ပြန်ကြည့်နေရတဲ့အခြေအနေကို ရောက်နေပါတယ်။ ကျွန်တော်တို့ဟာ ဘဏ္ဍာရေးအကျပ်အတည်းရဲ့ "တွင်း' ထဲမှာ ရှိနေခဲ့တယ်။ အကျပ်အတည်းကပြည်သူ့ဘတ်ဂျက်တွေမှာ အပေါက်ကြီးတွေချန်ထားခဲ့ပါတယ်။ ဒီတော့ မကြာခဏဆိုသလိုပဲ အလုပ်အကိုင်ဈေးကွက်ဟာလည်း ဘဏ္ဍာရေးခြိုးခြံချွေတာရေး ဥပဒေတွေရဲ့ သက်ရောက်မှုကို ခံစားနေရပါတယ်။ ဒီလိုမျိုးကျွန်တော်တို့ ကျင့်သုံးနေတဲ့ ခြိုးခြံချွေတာရေးလမ်းကြောင်းကို ပြန်သုံးသပ်ရပါမယ်။ ဒီနေ့ကျွန်တော်တို့ရောက်နေတဲ့ အနေအထားက စတင်မှုအသစ်လိုအပ်နေပါတယ်။

နောက်ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့ဟာ လူတွေကို လုပ်ငန်းခွင်အတွက် ပြင်ဆင်ပေးရပါမယ်။ လူငယ်တွေအတွက် အလုပ်အကိုင်စွမ်းရည်ဖွံ့ဖြိုးရေးကိစ္စတွေကို ကြည့်ရပါမယ်။ မည်သည့်လူငယ်တစ်ဦးကိုမဆို သူတို့ကျောင်းကထွက်တဲ့အခါနောက်ထပ်လေ့ကျင့်ပေးဖို့ ဒါမှမဟုတ် အလုပ်အကိုင်အတွေ့အကြုံပေးနိုင်တဲ့ လူငယ်တချို့ကိုအာမခံချက်ပေးတဲ့ လမ်းကြောင်းမျိုးကို ကျွန်တော်လုပ်သွားမှာပါ။

**ဒါဟာသိပ်ပြီး ယုတ္တိကျပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ စီးပွားရေးတုံ့ဆိုင်းမှုအချိန်ထဲရောက်နေပြီး ဘဏ္ဍာရေးအရင်းအမြစ်တွေလည်း ဘာမှမရှိတော့ပါဘူး။ အစိုးရတွေဟာ (ခြိုးခြံရေးအဖြစ်) သက်ကြီးရွယ်အိုတွေရဲ့ ပင်စင်လစာတွေကို ဖြတ်တောက်ပစ်နေတာ သိပ်ဆိုးလှပါတယ်။ အခုထိတော့ လူကြီးမင်းပြောနေသမျှက ဘဏ္ဍာရေးအရင်းအမြစ်တွေ လိုတယ်ပေါ့။ သူတို့မှာမှ မရှိတာလေ။**

အိုး. . . သူတို့မှာရှိပါတယ်။ သူတို့မှာရှိတယ်လို့ ကျွန်တော်ပြောမယ်။ လူငယ်တွေကို အာမခံချက်ပေးတဲ့ အစီအစဉ်ကိုပဲ နမူနာပြန်ကြည့်ရအောင်ပါ။ အဲဒါဟာအစိုးရတွေအတွက် ဈေးပေါပေါနဲ့ ရွေးချယ်စရာ တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ခန့်မှန်းနိုင်တာကတော့ အစိုးရရဲ့ စုစုပေါင်းအသုံးစရိတ်ရဲ့ ၀ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ဆွီဒင်၊ ဖင်လန်တို့လိုနိုင်ငံတွေမှာအတိတ်ကအတွေ့အကြုံအရလည်း ဒီလူငယ်အစီအစဉ်တွေ အောင်မြင်တာကိုပြထားတယ်။ အစီအစဉ်တွေက သူ့ဟာနဲ့သူ မြန်မြန်အကျိုးပြန်ပေးသွားတယ်။ ဒါကို ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်ကြည့်ပါ။ ကုန်ကျစရိတ်တစ်ခုအနေနဲ့ မမြင်ပါနဲ့။ ဒါမှလမ်းကြောင်းမှန်ကို ရွေ့လျား နိုင်ပါမယ်။

**လူကြီးမင်းဖော်ပြခဲ့တဲ့အကောင်းဆုံးအခြေအနေရောက်ဖို့ အချိန်ယူရပါဦးမယ်။ အနာဂတ်ကို ဘယ်လိုမြင်ထားပါသလဲ။**

ဥရောပမှာ အလုပ်လက်မဲ့နှုန်းမြင့်မားနေတာကို ဖြေရှင်းဖို့ ကျွန်တော်တို့ အချိန်ယူရမှာပါ။ အချိန်ကြာနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက ကျွန်တော်အနေနဲ့ အစပျိုးလုပ်ဖို့ နှောင့်နှေးသင့်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ တရုတ်တွေက ခရီးအရှည်ကြီးကို ခြေတစ်လှမ်းနဲ့ စတယ်ပြောလေ့ရှိတယ်။ ပထမဆုံးခြေလှမ်းကိုဒီနေ့ပဲလှမ်းရပါမယ်။ မကြာခင်က ကျွန်တော်တက်ခဲ့တဲ့ ဥရောပအလုပ်အကိုင်ကွန်ဖရင့်မှာ အီးယူထိပ်ပိုင်းခေါင်းဆောင်တွေဆီက အားကောင်းတဲ့ သတင်းပေးချက်တွေရလာခဲ့ပါတယ်။ ဥရောပနိုင်ငံရေးသမားတွေဟာ အခြေအနေက အရေးပေါ်ဆိုတာ နားလည်နေကြတယ်။ အရေးယူဆောင်ရွက်မှုကို အခုပဲစလုပ်ရမယ်။ ဒါ့ကြောင့် ရလဒ်ကောင်းတွေထွက်ဖို့ အချိန်ယူရတယ်ဆိုရင်တောင်မှ ဆုံးရှုံးစရာတော့မရှိပါဘူး။

*—Ref: ILO Leader Calls For Urgent action on youth wn-em Ploymont.*

**ဝန်ထမ်းအလိုရှိသည်**

၁။ မန္တလေးမြို့ ရွှေတုံတုံ သတ္တုသန့်စင် စမ်းသပ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသော ကျား (၁)၊ မ (၂) ဝန်ထမ်း(၃) ဦး အလိုရှိပါသည်။
(က) အသုံးချဓာတုဗေဒ အဓိကဘွဲ့ရ ဖြစ်ရမည်။
(ခ) တရုတ်စကားပြော ကျွမ်းကျင်သူ ဖြစ်ရမည်။
(ဂ) အိမ်ထောင်မရှိသူ လူပျို/ အပျို ဖြစ်ရမည်။
၂။ လုပ်ငန်းခွင် လိုအပ်ချက်နှင့် နေထိုင်ရေးကို လုပ်ငန်းမှ သင်ကြား/စီစဉ်ပေးမည်။
၃။ လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် အကျဉ်းနှင့်အတူ အောက်ပါအချက်များ ဖော်ပြ၍ စိမ်းရတနာသိုက်ကုမ္ပဏီ၊ အမှတ်(န-၃/၉၆) ၆၃×၄၃လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့သို့ (၂၅. ၁၀. ၂၀၁၂)ရက်နေ့အရောက် လျှောက်ထားနိုင်ပါသည်။
(က) နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် မိတ္တူ
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
(ဃ) မျှော်မှန်းလစာ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ
(စ) အိမ်ထောင်စုဇယားမိတ္တူ

စိမ်းရတနာသိုက်ကုမ္ပဏီ
၀၉ ၅၅၅၆၃၆၃၊ ၀၉ ၂၀၀၀၄၃၉

**အလုပ်သင်အခွင့်အရေး**

မြန်မာပြည်အရပ်ရပ်မှ အသက် ၁၈ နှစ်ပြည့်၍ အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် **အခမဲ့ပညာသင်ဆု** အခွင့်အရေးဖြစ်ပါသည်။ ပညာရေးမှအလုပ်ခွင်သို့ ဝင်ရောက်ရာတွင် မဖြစ်မနေသိရှိထားသင့်သည့်သင်ခန်းစာများကိုလည်း တစ်ပြိုင်နက်လေ့လာခွင့်ရရှိမည်ဖြစ်ပါသည်။ အလုပ်သင်ကာလအတွင်း (အခြေခံလစာ+ခရီးစရိတ်+နေထိုင်စရိတ်)ကိုပါ ထောက်ပံ့ပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာများကို **www.interntolearn.org** တွင် ဝင်ရောက်လေ့လာ ရယူနိုင်ပါသည်။ **09-450022475, 09-5372322, 09-5407036** သို့မဟုတ် **info@interntolearn.org** သို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
လျှောက်လွှာပိတ်ရက် ၄ အောက်တိုဘာလ ၂၀၁၂မတိုင်မီ အမြန်ဆုံး လျှောက်ထားကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။

**လူဦးရေကန့်သတ်ထားပြီး လူတွေ့စစ်ဆေးခြင်း ပါဝင်ခွင့်ရသူများကိုသာ ဆက်သွယ်မည်ဖြစ်ပါသည်။**

**ကန်စွန်းအင်း**

ဆရာ / ဆရာမများအလိုရှိသည်

| | | | | |
|---|---|---|---|---|
| (၁) | မြန်မာစာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၂) | အင်္ဂလိပ်စာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၃) | သင်္ချာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၄) | ရူပဗေဒအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၅) | ဓာတုဗေဒအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၁) | ပထဝီအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | နှစ်သိန်းကျပ် |
| (၂) | သမိုင်းအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | နှစ်သိန်းကျပ် |
| | | (၁) ဦး | ပုံသေလစာ | သုံးသိန်းကျပ် |

ဆက်သွယ်ရန် - အမှတ်(၈၃)၊ မြေနီလမ်း၊ တန်ဖျားရပ်၊ မြိတ်မြို့။
ဖုန်း-၀၅၉-၄၁၂၄၉၉၊ ၀၉-၈၇၆၀၃၀၃
အမှတ်(၁၇/၁၉စီ)၊ မြေညီထပ်၊ ၁၄၉ လမ်း၊ ပျားရည်တုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၂၀၈၂၃

7DAY NEWS JOURNAL

# Entertainment

Vol.11, No.29 • SEPTEMBER 27 , 2012

## ဟောင်ကောင်မှာ အောင်မြင်ခဲ့ပြီး အာရှတစ်လွှားမှာလည်း ဖျော်ဖြေမယ့် T-ARA

**ဆိုးလ်၊ စက်တင်ဘာ - ၂၂**

ကိုရီးယားပေါ့ပ်ဂီတ၏ ကြယ်ပွင့် တစ်ပွင့်ဖြစ်သော မိန်းကလေးအဖွဲ့ T-ARAသည် ဟောင်ကောင်တွင် ၎င်းတို့၏ ပထမဆုံးဖျော်ဖြေမှုအောင်မြင်ပြီးနောက် မလေးရှားနိုင်ငံတွင်လည်း ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။ T-ARA အဖွဲ့သည်ဟောင်ကောင်တွင် ဖျော်ဖြေစဉ် ပွဲလက်မှတ်အရေအတွက် ၃,၀၀၀ စလုံး ရောင်းချခဲ့ရပြီး ပရိသတ်အပြည့် အားပေးမှုရခဲ့သည်။



ထို့ကြောင့် ၎င်းတို့သည် မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် အောက်တိုဘာလ ၃ရက်၌ ဆက်လက်ဖျော်ဖြေမည်ဖြစ်ကာ ပွဲလက်မှတ် ၄,၃၀၀ ခန့် ရောင်းချမည်ဖြစ်သည်။ T-ARA သည် မလေးရှားနိုင်ငံသို့သွားရောက်ပြီးနောက် အာဆီယံနိုင်ငံများဖြစ်သော စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းတို့အပြင် အာရှနိုင်ငံများ၌လည်း ထပ်မံဖျော်ဖြေသွားမည်ဟုသိရသည်။

T-ARA သည် ၂၀၀၉ ဇူလိုင် မှစ၍ Absolute First Album ဟူသည့်ပထမဆုံးစတူဒီယိုအယ်လ်ဘမ်ဖြင့် အနုပညာလောကထဲဝင်ရောက်ခဲ့ကာ Billboard Japan Awards၊ Mnet Asian Music Award စသည့်ဆုများစွာ ရရှိထားသည်။ —Ref: Kpopstarz

## ခုချိန်မှာ ကိုယ်က ဇာတ်ကို ရွေးချယ်တာထက် ဇာတ်ကကိုယ့်ကိုရွေးချယ်သွားပြီ

**ထွန်းအိန္ဒြာဗိုနှင့်တွေ့ဆုံခြင်း**

**အေးသူစံ**

တစ်ကိုယ်တော်ဖျော်ဖြေပွဲများစွာ ပြုလုပ်ခဲ့ပြီး လုပ်ခဲ့သမျှ တစ်ကိုယ်တော်ပွဲတိုင်းလည်း ရုံပြည့်ရုံလျှံ အားပေးခြင်းခံရသူ အဆိုတော်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုဟာ ရန်ကုန်မှာ လေးကြိမ်မြောက် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၈ရက် အမျိုးသားဇာတ်ရုံမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ထွန်းအိန္ဒြာဗိုဟာ တစ်ကိုယ်တော်စီးရီး ၁၁ခွေနဲ့ အတွဲခွေစီးရီးများစွာ သီဆိုထားပြီး ရန်ကုန်မှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ သုံးကြိမ်နဲ့ မန္တလေးမှာတစ်ကြိမ်၊ အမေရိကန်ပြည်ထောင်စုမှာ ခုနစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အကျိုးအမြတ်အားလုံးကိုပြန်လှူဖို့ရည်ရွယ်ထားတဲ့ သူမရဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲအကြောင်းနဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုပိုင်းမှာ ပြောင်းလဲသွားတဲ့ သူမရဲ့ သဘောထားများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။



ဓာတ်ပုံ-ကျော်မျိုးဦး

**တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဘာကြောင့်လုပ်ဖြစ်သွားတာလဲ။**

အမေစု(ဒေါ်အောင်ဆန်းစုကြည်)လွတ်လာတဲ့အချိန်မှာ အမေစုကိုလှူချင်တဲ့စိတ်ရှိတယ်။

**စာ(၄၉)သို့**



## လူပျိုဘဝနှုတ်ဆက်ပွဲလုပ်တဲ့ ဂျပ်စတင်တင်းဘားလိတ်ခ်

**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၂၂**

ရုပ်ရှင်မင်းသမီး ဂျက်ဆီကာဘီယယ်နှင့် စေ့စပ်ထားသော အဆိုတော်၊ သရုပ်ဆောင် ဂျပ်စတင်တင်းဘားလိတ်ခ်သည် လာ့စ်ဗေးဂတ်စ်တွင် မိတ်ဆွေများနှင့် လူပျိုဘဝနှုတ်ဆက်ပွဲ ဆင်နွှဲပြီးနောက် မက္ကဆီကိုနိုင်ငံသို့ ထွက်ခွာသွားသည်။

ဂျပ်စတင်သည် ဗီးဂတ်စ်တွင် မိတ်ဆွေသူငယ်ချင်း ၂၀ခန့် နှင့် Encore ဟိုတယ်ရှိနိုက်ကလပ်၌ တစ်ညလုံးအချိန်ဖြုန်းခဲ့ သည်။ ထိုပွဲသို့ ဂျပ်စတင်တင်းဘားလိတ်ခ်၏ ထုတ်လုပ်သူ၊ ရက်ပ်ပါတင်းဘားလန်လည်းတက်ရောက်ခဲ့ပြီး ဂျပ်စတင်နှင့်အတူ လိုက်ပါရန်ရှိ၊ မရှိကိုမူပြောကြားခဲ့ခြင်းမရှိကြောင်းဆိုသည်။

ဂျပ်စတင်တင်းဘားလိတ်ခ်သည် ဂျက်ဆီကာဘီယယ်ကိုပြီးခဲ့သည့်နှစ်က လက်ထပ်ခွင့်တောင်းခဲ့ပြီးနောက် ပြီးခဲ့သည့်လက လျှို့ဝှက်လက်ထပ်ခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သော်လည်း နှစ်ဖက်စလုံးက မဟုတ်မှန်ကြောင်းငြင်းဆိုခဲ့သည်။

ဂျက်ဆီကာဘီယယ်သည် မကြာသေးမီက ၎င်းတို့ လက်ထပ်မည့်အရေးနှင့်ပတ်သက်၍ ပြင်ဆင်ထားခြင်းမရှိသေးကြောင်း၊ စေ့စပ်ထားသည်ကိုသာကျေနပ်မိကြောင်းပြောခဲ့ဖူးသည်။ —Ref: Eonline



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012



ဓာတ်ပုံ-NKY Facebook

## ရော့ခ်ဆန်ဆန်သီချင်းများနဲ့ Nကိုင်ရာ

ကြူကြူဟာန်

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

အတွဲခွေများတွင် သီချင်းအေးအေးလေးများ သီဆိုရင်း အနုပညာသက်တမ်းငါးနှစ်တာကာလအတွင်း ပထမဆုံးထွက်ရှိလာသော Nကိုင်ရာ၏ တစ်ကိုယ်တော်တေးစီးရီးတွင် ရော့ခ်ဆန်ဆန်သီချင်းများ သီဆိုထားသည့်အတွက် စိုးရိမ်မိကြောင်း Nကိုင်ရာကပြောသည်။

“စိုးတော့ စိုးရိမ်တာပေ့ါ။ အကြမ်းကြီးတော့မဟုတ်ပါဘူး။ ဒါပေမဲ့ရော့ခ်တော့ဆန်တယ်။ကိုင့်အသံနဲ့လိုက်ဖက်အောင်တေးရေးတွေက ရေးထားပေးတဲ့အတွက် ကောင်းအောင်ဆိုထားပါတယ်” ဟု ‘လေဒီကိုင်ရာ’ စီးရီးနှင့်ပတ်သက်၍ သူမကပြောသည်။

စီးရီးနာမည်ကို တေးသီချင်း နာမည်ပေးထားခြင်းမဟုတ်ဘဲ ပရိသတ်များ အမြင်ဆန်းအောင် ‘လေဒီကိုင်ရာ’ဟု အမည်သီးသန့်ပေးထားခြင်းဖြစ်သည်။ ထိုအခွေကို ၂ နှစ်ခန့် အချိန်ယူစီစဉ်ထားခြင်းဖြစ်သည်။ ရွှေဂျော်ဂျော်၊ ဇဝါ၊ Rခိုင်၊ လင်းလင်း၊ အောင်ကိုမြင့်တို့ကရေးသားကာ The Sun Music က ထွက်ရှိမည်ဖြစ်သည်။ စီဒီထွက်ရှိပြီး ဗီစီဒီကိုလည်း ရိုက်ကူးနေကာ Nကိုင်ရာကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။ Nကိုင်ရာသည် လူမှုရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိသည်။

## ဒါရိုက်တာဝီရ ဖိလစ်ပိုင်တွင် ရုပ်ရှင်သင်တန်းတက်ရန် ရွေးချယ်ခံရ

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၂**

အာဆီယံ ၁၀ နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းပြုလုပ်သော Asian Korea Rok ရုပ်ရှင်သင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ လူငယ်ဒါရိုက်တာဝီရ ရွေးချယ်ခံရကြောင်း သတင်းရရှိသည်။

အဆိုပါရုပ်ရှင်သင်တန်းမှာ အာဆီယံ ၁၀ နိုင်ငံမှ နှစ်ဦးစီနှင့် ကိုရီးယားနိုင်ငံမှ နှစ်ဦး စုစုပေါင်း ၂၂ဦး တက်ရောက်ရမည် ဖြစ်ပြီး ယင်းသင်တန်းတွင် ရိုက်ကူးရမည့် ရုပ်ရှင်ဇာတ်ကားမှာ ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြသမည်ဖြစ်ခြင်းကြောင့် ရုပ်ရှင်ပိုင်းဆိုင်ရာ အရည်အသွေးပိုင်းကို ဦးစားပေး ရွေးချယ်ထားသည့်သင်တန်းဖြစ်ကြောင်းသတင်းရရှိသည်။

“ဒီသင်တန်းမှာ ကျွန်တော်တို့ အုပ်စုတွေခွဲပြီး ရုပ်ရှင်ထုတ်လုပ်မှုအပိုင်း၊ စတိုရီဘုတ်ရေးဆွဲတဲ့အပိုင်း၊ အကြိုထုတ်လုပ်မှုအပိုင်းနဲ့ ထုတ်လုပ်ပြီးပြသတဲ့အပိုင်းတွေကိုဆွေးနွေးရမယ်။ ဖိလစ်ပိုင် ဒီဗာအိုမြို့မှာ အုပ်စုလိုက် ရုပ်ရှင်ရိုက်ရမယ်။ ဒီရုပ်ရှင်ကို ဘူဆန်ပွဲမှာပြမှာပါ”ဟု ဒါရိုက်တာဝီရက ပြောသည်။



ကိုရီးယားနိုင်ငံက ကမကထပြုလုပ်သော်လည်း ဖိလစ်ပိုင်နိုင်ငံ၌ တက်ရောက်ရခြင်းမှာ ယခုသင်တန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ ယခုသင်တန်းအတွက် ဒါရိုက်တာဝီရသည် ပြန်ကြားရေးဝန်ကြီးဌာနမှ တစ်ဦးနှင့်အတူ တက်ရောက်ရမည်ဖြစ်ပြီး

**တစ်ဖက်သို့**






Sports
7DAY NEWS JOURNAL
Vol.11 … 29 • SEPTEM… 2


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ခန္ဓာသေးပေမယ့် ကျွမ်းကျင်မှုပြည့်စုံရင် ကစားသမားကောင်းတွေ ဖြစ်လာမှာပါ

—ဂျွန်ဘမ်း

**ဗိုလ်ဗိုလ်ဝင်း**

အင်္ဂလန်လက်ရွေးစင်နှင့် လီဗာပူး ဘောလုံးသမားဟောင်း ဂျွန်ဘမ်းသည် စက်တင်ဘာလ ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Digicel ကုမ္ပဏီ၏ ဘောလုံးအားကစားနည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သံတမန်ဖြစ်သည့် ၎င်းသည် ယခုလ ၁၈ ရက်မှ ၂၁ ရက်အထိ အသက် ၁၂ နှစ်အောက် မြန်မာလူငယ်ဘောလုံးသမား ၇၀ ဦးကို သုဝဏ္ဏကွင်း၌ လေ့ကျင့်သင်ကြားပေးခဲ့သည်။ ဂျွန်ဘမ်းသည် မြန်မာကလေးငယ်များကို ဘောလုံးအားကစားနည်းနှင့် သက်ဆိုင်သည့် နည်းစနစ်ပိုင်းများတွင် သင်ကြားပေးရုံသာမက လက်လှဲခြင်းများ၊ ကလေးများအကျႌများပေါ်တွင် အမှတ်တရလက်မှတ်ရေး ထိုးပေးခြင်းများ စသည်များကို ပြုလုပ်ပေးခဲ့ကာ မြန်မာလူငယ်လေး များနှင့် တစ်သားတည်းကျခဲ့ သည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်းသည် ပြည်တွင်းနည်းပြ ၄၀ ဦးကိုလည်း သင်တန်းပို့ချပေးခဲ့သည်။ ဂျွန်ဘမ်းသည် စက်တင်ဘာလ ၂၂ ရက်က မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားပြီဖြစ်ပြီး ၎င်းမပြန်ခင်တစ်ရက်တွင် 7Day News က သွားရောက်မေးမြန်းခဲ့သည်များထဲမှ ကောက်နုတ်ဖော်ပြအပ်ပါသည်။

**မြန်မာလူငယ်လေးတွေကို ရရှိခဲ့တဲ့ လေ့ကျင့်ချိန် လေးရက်အတွင်းမှာ သူတို့အပေါ် အမြင်လေး သိပါရစေ။**

ဘယ်နိုင်ငံမှာဖြစ်ဖြစ် ကလေးတွေအနေနဲ့ ဒီအရွယ် (၁၂ နှစ်ဝန်းကျင်)တွေမှာ တစ်ယောက်နဲ့တစ်ယောက် ကွာဟမှု ကြီးမားတာ မရှိပါဘူး။ ကြိုးစားအားထုတ်မှု၊ စည်းကမ်းကောင်းကောင်းနဲ့ သွားမယ်ဆိုရင် မြန်မာလူငယ်လေးတွေ အနေနဲ့ မတိုးတက်စရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ အဓိက အရေးကြီးတာက ကလေးတွေအတွက် အခွင့်အရေးတွေ ရရှိဖို့ပါ။

**မြန်မာကလေးတွေအနေနဲ့ ခန္ဓာကိုယ်သေးကွေးတယ်လို့ ဝေဖန်မှုတွေလည်း ရှိပါတယ်။ အဲဒီအပေါ် ဘာပြောချင်သလဲ။**

ခန္ဓာကိုယ်အနေအထားကတော့ အာရှမှာ ကွာဟချက် သိပ်မရှိပါဘူး။ ခု ဂျပန်၊ ကိုရီးယားတို့ဆိုရင်လည်း ဘောလုံးမှာ အရမ်းတိုးတက်နေပါပြီ။ ဥပမာ မက်ဆီတို့လို ဘာစီလိုနာက ကစားသမားတွေဟာလည်း အကောင်သေးပါတယ်။ ခန္ဓာကိုယ်သေးပေမယ့် ကျွမ်းကျင်မှုပိုင်းမှာ ပြည့်စုံမယ်ဆိုရင် ကစားသမားကောင်းတွေ ဖြစ်လာမှာပါ။


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ခင်ဗျား ထိတွေ့ခွင့်ရခဲ့တဲ့ မြန်မာကလေး ၇၀ ဦးထဲမှာ နောင်တစ်ချိန်မှာ အံ့သြစရာကောင်းအောင် ထိုးထွက်လာမယ့်ဘယ်နှဦးလောက်ကို မြင်ထားတာမျိုး ရှိပါသလား။**

တစ်ဦးချင်းကို မဆိုလိုချင်ပါဘူး။ အားလုံးမှာ အခွင့်အရေး ကိုယ်စီရှိပါတယ်။ သူတို့ဆီမှာ ကောင်းတဲ့အရည်အချင်းတွေကို နည်းပြတွေက သတိထားမိဖို့လိုတယ်။ အရေးကြီးဆုံးက ၁၀ နှစ်နဲ့ ၁၈ နှစ်အတွင်းမှာ အရေးကြီးဆုံးပါ။ အားလုံးဟာ ဒီအရွယ်မှာ တန်းတူအခွင့်အရေးရှိပါတယ်။

**မြန်မာလူငယ်လေးတွေကို အင်္ဂလန်လို နိုင်ငံမျိုးမှာ သွားရောက်လေ့ကျင့်ခွင့် ရရှိစေဖို့ ခင်ဗျားအနေနဲ့ ကူညီနိုင်တာမျိုး ရှိနိုင်မလား။**

ဒါက ကျွန်တော်နဲ့ မဆိုင်ပါဘူး။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နဲ့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဒါမှမဟုတ် အင်္ဂလန်ကလပ် တစ်ခုခုကို ကိုယ်စားပြုတဲ့ တာဝန်ရှိသူတစ်ဦးနဲ့ ဆိုင်ပါတယ်။ ဒါမှမဟုတ် မြန်မာပြည်က ကလပ်တွေနဲ့ အင်္ဂလန်က ကလပ်တွေက တာဝန်ရှိသူတွေနဲ့ ဆိုင်ပါတယ်။

**ပထမဆုံးအကြိမ် မြန်မာပြည်ကို လာရောက်တဲ့အခါမှာ မလာခင်က ကြားထားတာနဲ့ တကယ့်လက်တွေ့မှာ ဘာတွေကွာခြားမှုရှိပါသလဲ။**

အာဆီယံနိုင်ငံတွေမှာတော့ ယဉ်ကျေးမှု၊ လူပုံစံတွေတော့ အရမ်းကွာခြားမှု မရှိပါဘူး။ နိုင်ငံအနေအထားအရတော့ အဆောက်အဦ လမ်းတံတားတွေတော့ နည်းနည်းကွာခြားမှု ရှိပါတယ်။ ဒါပေမဲ့ အရင်က ကြားခဲ့တာနဲ့ ခုတွေ့တာနဲ့တော့ အရမ်းကွာဟချက် မရှိပါဘူး။

**မြန်မာပြည်ရဲ့ ထင်ရှားတဲ့နေရာ ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦး အကြောင်းကိုများ မလာခင် သိထားတာမျိုး ရှိပါသလား။**

မရှိပါဘူး။ ဘာမှ မကြားဖူးပါဘူး။

**အင်္ဂလန်နိုင်ငံမှာ ကလေးဘဝကနေ လက်ရွေးစင်အဆင့်ထိရောက်အောင် ဘယ်လိုအဆင့်ဆင့် ပြုစုပျိုးထောင်ပါသလဲ။ မြန်မာပြည်အတွက်ရော ဘယ်လိုအကြံပေးချင်ပါသလဲ။**

စာ(၄၅)သို့

# ဆူဇူကီးဖလားခြေစစ်ပွဲလက်မှတ်များ အွန်လိုင်းနှင့် ကောလ်စင်တာတို့တွင် မှာယူနိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

ရန်ကုန်တွင် လက်ခံကျင်းပမည့် ၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲ လက်မှတ်များကို အွန်လိုင်းနှင့် ရတနာပုံ Call Centre တို့တွင် ကြိုတင်မှာယူနိုင်ကြောင်း သတင်းရရှိသည်။



လာမည့် အောက်တိုဘာလ ၅ ရက်မှ ၁၃ ရက်အထိ သုဝဏ္ဏကွင်းတွင် လက်ခံကျင်းပမည့် အဆိုပါခြေစစ်ပွဲစဉ်များ၏ လက်မှတ်နှုန်းထားများကို အထူးတန်းကျပ်သုံးထောင်နှင့် ရိုးရိုးတန်းကျပ်တစ်ထောင် သတ်မှတ်ထားသည်။ ယခုပွဲစဉ်များအတွက် လက်မှတ်များကို အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)နှင့် တရားဝင်လက်မှတ်အရောင်းကိုယ်စားလှယ် ရရှိထားသော ထိုင်းနိုင်ငံ MYASIA TICKET (MAT) မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကာ ယခင်က မရဖူးသည့် အွန်လိုင်းနှင့် ရတနာပုံ Call Centre တို့တွင် ကြိုတင်လက်မှတ် မှာယူနိုင်သည့် စနစ် ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

ကြိုတင်လက်မှတ်များ ကို ပြည်လမ်း၊ ကျောက်မြောင်း၊ ၃၉ လမ်းနှင့် သဃ်န်းကျွန်းမြို့နယ်များရှိ MRTV-4 အရောင်းခန်းများတွင် စက်တင်ဘာလ ၂၂ ရက်မှ စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် ကြိုတင်ဝယ်ယူလိုသူများအနေဖြင့် WWW.MYASIATICKET.COM ဝက်ဘ်ဆိုက်နှင့် ရတနာပုံ Call Centre (1876) သို့ ဆက်သွယ်ကာ ကြိုတင်လက်မှတ်အတွက် ကုတ်နံပါတ်တောင်းယူနိုင်ပြီး ၂၄ နာရီအတွင်း အထက်ပါနေရာများတွင် လက်မှတ်များကို သွားရောက်ထုတ်ယူရမည်ဖြစ်သည်။

"ဝက်ဘ်ဆိုက်နဲ့ ရတနာပုံ Call Centre မှာ ဘွတ်ကင်လုပ်ရင် ကုတ်နံပါတ်တစ်ခု ပေးမှာပါ။ အဲဒီကုတ်နံပါတ်ကိုယူပြီး လက်မှတ်အရောင်းဆိုင်တွေမှာ ၂၄ နာရီအတွင်း သွားရောက်ထုတ်ယူရမှာဖြစ်ပါတယ်။ သတ်မှတ်ချိန်ကျော်သွားရင်တော့ ကုတ်နံပါတ်က အလိုအလျောက် ပျက်သွားမှာဖြစ်ပါတယ်" MAT မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်မှတ်များတွင် 2D ဘားကုတ်စနစ် တပ်ဆင်ထားပြီး ဘောလုံးကွင်းဝင်ပေါက်များ၌ စက်များဖြင့် စစ်ဆေးသွားမည်ဖြစ်ကာ လျှို့ဝှက်ကုတ်နံပါတ်စနစ်ပါရှိသောကြောင့် အတုပြုလုပ်ရန် မလွယ်ကူကြောင်းလည်း သိရသည်။ လက်မှတ်ဝယ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်ဖြစ်ကာ မှတ်ပုံတင်တစ်ခုလျှင် လေးစောင်အထိ ဝယ်ယူနိုင်မည်ဖြစ်သည်။


ဘောလုံးပွဲအား အရပ် ၁၀၀ စင်တီမီတာ (သုံးပေသုံးလက်မခန့်)အောက် ကလေးများ လက်မှတ်ဝယ်ယူရန် မလိုအပ်ဘဲ အုပ်ထိန်းသူနှင့် တစ်ခုံတည်း ကြည့်ရှုခွင့် ရရှိမည်ဖြစ်ကြောင်းသိရသည်။

"ကြိုတင်လက်မှတ်တွေကို ငါးပွဲစာအတွက်လည်း ကြိုဝယ်လို့ရပါတယ်။ ပရိသတ်တွေအနေနဲ့ ပွဲနေ့ကျရင် တန်းစီစောင့်စရာမလိုဘဲ ကြိုတင်လက်မှတ်ဝယ်ထားတော့ ပွဲကပ်မှဝင်လည်း အဆင်ပြေအောင်ပါ။ ရတနာပုံ Call Centre ကို လှမ်းဆက်သွယ်ရင်လည်း လက်မှတ်ဝယ်ပုံ ထိုင်ခုံနေရာကအစ ဖြေကြားပေးမှာဖြစ်ပါတယ်။ ပွဲကစားမယ့် ရက်တွေမှာလည်း သုဝဏ္ဏကွင်းမှာ လက်မှတ်ရောင်းချပေးမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

လက်မှတ်များကို အထူးတန်းအတွက် အရေအတွက် ရှစ်ထောင်ဝန်းကျင်ခန့်နှင့် ရိုးရိုးတန်းအတွက် နှစ်သောင်းဝန်းကျင် ရောင်းချသွားမည်ဖြစ်ကာ ပရိသတ်များ အမြင်မရှင်းလင်းနိုင်သော အထူးတန်းထိုင်ခုံနေရာသုံးရာခန့်ကိုမူ ရောင်းချသွားမည်မဟုတ်ကြောင်း ၎င်းကဆိုသည်။

အထူးတန်းလက်မှတ်များမှာ ထိုင်ခုံနံပါတ်များနှင့်ဖြစ်ပြီး ရိုးရိုးတန်းလက်မှတ်များမှာမူ ထိုင်ခုံနံပါတ်ပါဝင်မည်မဟုတ်ဘဲ ပရိသတ်များအနေဖြင့် အဆင်ပြေသည့်နေရာများတွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းဆူဇူကီးဖလားခြေစစ်ပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲကျင်းပသွားမည်ဖြစ်ကာ ပရိသတ်များအနေဖြင့် လက်မှတ်တစ်စောင်လျှင် ဘောလုံးပွဲစဉ်နှစ်ပွဲ ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။ ခြေစစ်ပွဲစဉ်တွင် အိမ်ရှင်မြန်မာအပါအဝင် လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ တီမောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။


pepsi
MESSI \\ 10
KICK IN THE MIX
pepsi
Hotline : 01- 553491

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# အာဆင်နယ်-ချယ်လ်ဆီး လန်ဒန်ဒါဘီနဲ့ စီးရီးအေ လာလီဂါပွဲစဉ်များ အပါအဝင် ယခုအပတ် ဥရောပထိပ်သီးလိဂ်သုံးခုမှ စိတ်ဝင်စားဖွယ် ပွဲစဉ်များ



**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များကတော့ စိတ်လှုပ်ရှားစရာပွဲတွေ ချည်းပါပဲ။ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ အာဆင်နယ်-ချယ်လ်ဆီး လန်ဒန်ဒါဘီပွဲ၊ မန်ယူ-စပါးပွဲတို့ ပါဝင်နေသလို စီးရီးအေပွဲစဉ်တွေထဲမှာလည်း အဝေးကွင်းမှာကစားရမယ့် အင်တာ၊ ပါးမား၊ လာဇီယိုတို့ရဲ့ပွဲတွေ ရှုစားရမှာပါ။ နာပိုလီ-လာဇီယိုပွဲတွေကတော့ လက်ရှိဇယားမှာ ရပ်တည်မှုအရ အကြိတ်အနယ်ရှိနိုင်ပါတယ်။ လာလီဂါ ပွဲစဉ်တွေထဲကတော့ အိမ်ကွင်းမှာ နိုင်ပွဲရှာရမယ့် ရီးရဲလ်မက်ဒရစ်၊ အဝေးကွင်းခြေစွမ်းအကောင်းဆုံးဖြစ်နေတဲ့ ဘာစီလိုနာတို့ရဲ့ ပွဲတွေကို ကြည့်ရမှာပါ။

**ပရီးမီးယားလိဂ်**

**စက်တင်ဘာ ၂၉၊ စနေ။**

**အာဆင်နယ် - ချယ်လ်ဆီး**

(ညနေ ၆း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၀-၀

မနှစ်က အာဆင်နယ်တို့ ချယ်လ်ဆီးရဲ့ အဝေးကွင်းမှာ ၅-၃ ဂိုးနဲ့ နိုင်ခဲ့ပေမယ့် ကိုယ့်အိမ်ကွင်းမှာတော့ ဂိုးမရှိသရေကျခဲ့တယ်။ ဒီရာသီအဖွင့်မှာ ချယ်လ်ဆီးတို့လေးပွဲဆက်တိုက် ရှုံးပွဲမရှိဖြစ်နေတာ သတိထားရပါမယ်။ အာဆင်နယ်အမြင့်ဆုံး သရေပဲရနိုင်ပြီး ချယ်လ်ဆီးဂိုးအနည်းနဲ့ ကပ်နိုင်ခြေပိုများတယ်။

**မန်ယူ - စပါး**

(ည ၁၁း၀၀ နာရီ)

ယမန်နှစ်ရလဒ် - ၃-၀

နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်စလုံးမန်ယူနိုင်ခဲ့တာပါ။ သရေပွဲများနေတဲ့စပါးတို့မန်ယူကိုတောင့်ခံဖို့ မလွယ်ပါဘူး။ မန်ယူနှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။

**နေ့ဝစ်ချ် - လီဗာပူး**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၀-၃

လီဗာပူးအဝေးကွင်း နိုင်ပွဲရနိုင်ပါတယ်။ အလယ်တန်းနဲ့ ရှေ့တန်းအားပိုကောင်းပေမယ့် လီဗာပူးတို့ ဂိုးပြတ်နိုင်ဖို့တော့ မရှိဘူး။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မယ့်ပွဲမျိုးပါ။

**စက်တင်ဘာ ၃၀၊ တနင်္ဂနွေ**

**ဗီလာ - ဝက်စ်ဘရွန်း**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၁-၂

ဝက်စ်ဘရွန်းဟာဗီလာနဲ့တွေ့တိုင်း အကြိတ်အနယ်ကစားတတ်လေ့ရှိတယ်။ ဒါ့ကြောင့် ဗီလာတို့အိမ်ကွင်းနိုင်ခြေများပေမယ့် သရေလည်းဖြစ်သွားနိုင်တယ်။ ဂိုးနည်းမယ့်ပွဲပါ။

**အီတလီစီးရီးအေ**

**စက်တင်ဘာ ၂၇၊ ကြာသပတေး**

**ချီယေဗို - အင်တာမီလန်**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၀-၂

ချီယေဗိုအနေနဲ့ အဖွင့်ပွဲစဉ်တွေမကောင်းပေမယ့် အကြိတ်အနယ်ခံကစားသွားနိုင်ပါတယ်။ အဝေးကွင်းမှာ အင်တာတို့ မနှစ်ကလို နိုင်ပွဲရမလားကြည့်ရမယ်။ အင်တာကို ပိုကြိုက်မိပြီး ဂိုးနည်းမယ့်ပွဲပါ။

**ဂျီနိုအာ - ပါးမား**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၂-၂

ဂျီနိုအာတို့ နောက်ဆုံးထိပ်တိုက်တွေ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာ ပါးမားကို တစ်ပွဲနိုင်၊ တစ်ပွဲသရေရထားပါတယ်။ လက်ရှိအခြေအနေအရ နှစ်သင်းစလုံးရလဒ်အကောင်းဆုံးအနေအထားမရောက်သေးဘဲ ခြေစွမ်းချင်းယှဉ်ရင်တော့ အိမ်ရှင်ဂျီအာနိုကိုအားပေးသင့်ပါတယ်။ ဂိုးနည်းမယ့်ပွဲပါပဲ။

**နာပိုလီ - လာဇီယို**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၀-၀

အိမ်ကွင်းခြေစွမ်းကောင်းတဲ့ နှစ်သင်းတွေ့တဲ့ပွဲပါ။ ဒါ့ကြောင့် အိမ်ရှင်အသင်းအသာစီးရဖို့များတယ်။ တောက်လျှောက်နိုင်ပွဲတွေ့ခဲ့တဲ့ နှစ်သင်းသရေကျဖို့မရှိဘဲ နာပိုလီကသာ အိမ်ကွင်းမှာ အပြန်အလှန်သွင်းဂိုးတွေနဲ့ အောင်ပွဲခံသွားနိုင်တယ်။

**စပိန်လာလီဂါ**

**စက်တင်ဘာ ၂၉၊ စနေ**

**ဗလင်စီယာ - ရီးရဲလ်ဇာရာဂိုဇာ**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၁-၂

အကြိတ်အနယ်ရှိတဲ့ နှစ်သင်းတွေ့တဲ့ပွဲပါ။ ဗလင်စီယာတို့ ရာသီအဖွင့်အိမ်ကွင်းခြေစွမ်းပိုကောင်းနေတာကြောင့် သူ့ကိုပဲ ရွေးရမှာပါ။ နှစ်ဂိုးလောက်ရနိုင်တယ်။ သရေကျဖို့မရှိလောက်ဘူး။

**စက်တင်ဘာ ၃၀၊ တနင်္ဂနွေ**

**ဆီဗီလာ - ဘာစီလိုနာ**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၀-၂

ရာသီအဖွင့်မှာ ဇယားကို ဦးဆောင်နေတဲ့ ဘာကာတို့ ရှုံးပွဲမရှိတဲ့ ဆီဗီလာကို အဝေးကွင်းရင်ဆိုင်ရမှာပါ။ ဆီဗီလာခံစစ်တောင့်တင်းနေတာကြောင့် ဘာစီလိုနာနိုင်ရင်လည်း အလွန်ဆုံးနှစ်ဂိုးအသာပါပဲ။


**အောက်တိုဘာ ၁၊ တနင်္လာ**

**ရီးရဲလ်မက်ဒရစ် - ဒီပို့တီဗို**

(နံနက် ၀၀း၂၀ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

ဒီတစ်ပွဲတော့ တစ်ကျော့ပြန်တန်းတက်လာတဲ့ ဒီပို့တီဗိုကို ရီးရဲလ်တို့နိုင်ခြေရှိပါတယ်။ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ရီးရဲလ်ကို အားပေးသင့်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရီးရဲလ်နိုင်မယ်။ ဂိုးများနိုင်ပါတယ်။



7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012



# ဘင်ဂါဇီမြို့ရှိ အစ္စလာမ်မစ် စစ်သွေးကြွစခန်းကို လစ်ဗျားနိုင်ငံသားများ စီးနင်း

**ဘင်ဂါဇီ၊ စက်တင်ဘာ - ၂၂** လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အစ္စလာမ်မစ်စစ်သွေးကြွများ၏ စခန်းများကို စစ်ဘက်ရဲတပ်ဖွဲ့များနှင့် ကန့်ကွက်ဆန္ဒပြသူများက ဝင်ရောက်စီးနင်းခဲ့ရာ အနည်းဆုံးလူလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းမတိုင်မီတစ်ရက်ကလည်း လက်နက်ကိုင်အုပ်စုများအားဖျက်သိမ်းရေးအတွက် လစ်ဗျားနိုင်ငံသားထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ကြသည်။ နိုင်ငံသားများ စီးနင်းခဲ့သောအခြေစိုက်စခန်းများတွင် ဘင်ဂါဇီမြို့ အမေရိကန်သံရုံးကိုတိုက်ခိုက်ခဲ့သောအန်ဆာအယ်လ်ရှာရီယာ စစ်သွေးကြွအုပ်စု၏ ဌာနချုပ်လည်းပါဝင်ခဲ့သည်။

လစ်ဗျားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ခရစ်တိုဖာစတီဖင်သေဆုံးခဲ့သော တိုက်ခိုက်မှုများမှာ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သော အစ္စလာမ်ဘာသာအား ပြက်ရယ်ပြုထားသည့် အပျော်တမ်းဗီဒီယိုဇာတ်လမ်းတိုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယင်းဗီဒီယိုနှင့်ပတ်သက်၍ မွတ်ဆလင်ကမ္ဘာတွင် ကန့်ကွက်ဆန္ဒပြမှုအများအပြား ဖြစ်ပေါ်ခဲ့သည်။

လစ်ဗျားနိုင်ငံသားများက လာရောက်ကန့်ကွက်ဆန္ဒပြချိန်တွင် အန်ဆာအယ်လ်ရှာရီယာအဖွဲ့ကို ထောက်ခံသူများက လူစုကွဲစေရန် လေထဲသို့ သေနတ်များပစ်ဖောက်ခဲ့ကြောင်း၊ သို့သော် လူအုပ်ကြီးက ၎င်းတို့အား ဆန့်ကျင်ကြွေးကြော်၍ စခန်းအားဝန်းရံလာချိန်တွင် စစ်သွေးကြွများက စခန်းကို စွန့်ခွာသွားခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။



သဘောထားတင်းမာသော အန်ဆာအယ်လ်ရှာရီယာ အစ္စလမ်မစ်အဖွဲ့ဌာနချုပ်ရှေ့ ကားမီးလောင်နေသောနေရာတွင် သေနတ်ကိုင်ထားသော ဆန္ဒပြသူနှင့် အောင်ပွဲရအမှတ်အသား လက်ထောင်ပြနေသူများကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ ကန့်ကွက်ဆန္ဒပြသူ လစ်ဗျားနိုင်ငံသားပေါင်းများစွာက စစ်သွေးကြွများအား ၎င်းတို့စခန်းကို စွန့်ခွာသွားစေခဲ့ပြီး စခန်းအား မီးရှို့ခဲ့ကြသည်။ ဆာလာဖစ်ဂျီးဟတ်အဖွဲ့ဝင် စစ်သွေးကြွများက လေထဲသို့ သေနတ်များပစ်ဖောက်ပြီးနောက် စခန်းကို စွန့်လွှတ်ခဲ့ကြသည်။

ဓာတ်ပုံ - AFP

သို့သော် ဘင်ဂါဇီမြို့ Sahaty Brigade တွင် နှစ်ဖက်ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ရာ လူသုံးဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ကန့်ကွက်ဆန္ဒပြသူများက အန်ဆာအယ်လ်ရှာရီယာ ဌာနချုပ် အဆောက်အအုံကိုမီးရှို့ပြီး လက်နက်တိုက်ကိုလည်း မွှေနှောက်ခဲ့ကြကြောင်း ယင်းနေရာသို့ရောက်ရှိနေသောအေအက်ဖ်ပီ သတင်းထောက်တစ်ဦးက ပြောကြားသည်။

—Ref: BBC






7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012




စက်တင်ဘာ ၂၃ ရက်က ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့ရှိ ဒဲ့ဗလင်း အထက်တန်းကျောင်းတွင်ပြုလုပ်သော မဲဆွယ်ပွဲတစ်ခု၌ မိန့်ခွန်းပြောကြားနေသော အမေရိကန် ရီပက်ဘလေကန် သမ္မတလောင်း မစ်ရွမ်းနေ ဓာတ်ပုံ - AFP

# သမ္မတရွေးကောက်ပွဲ မဲဆွယ်ရာတွင် အရှိန်အဟုန်ပြန်ရရှိရန် ရွမ်းနေကြိုးပမ်း

**ဝါရှင်တန်၊ စက်တင်ဘာ - ၂၄**

အိမ်ဖြူတော်သို့သွားရာလမ်းကြောင်းကျဉ်းမြောင်းလာကြောင်း လူထုစစ်တမ်းများက ပြသခဲ့ပြီးနောက် အမေရိကန်သမ္မတ ရွေးကောက်ပွဲဝင်မည့် ရီပက်ဘလေကန်ပါတီကိုယ်စားပြု မစ်ရွမ်းနေသည်၎င်း၏ရွေးကောက်ပွဲမဲဆွယ်မှု အရှိန်အဟုန်ရရှိရန် ကြိုးပမ်းနေရသည်။

သမ္မတရွေးကောက်ပွဲကျင်းပရန် သီတင်းပတ်ခြောက်ပတ်သာလိုတော့သည့်အချိန်တွင်မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းရွမ်းနေသည် လူထုစစ်တမ်းများတွင် သမ္မတအိုဘားမားနောက်၌ ရောက်ရှိနေသည်။ အထူးသဖြင့်၎င်းသည်ရွေးကောက်ပွဲရလဒ်များဆုံးဖြတ်ပေးနိုင်သည့် သဘောထားမပြတ်သားသော ပြည်နယ် ၉ ပြည်နယ်တွင် ၈ ပြည်နယ်၌ အိုဘားမားနောက်ရောက်နေသည်။

ဒီမိုကရက်တစ်ပါတီညီလာခံကျင်းပပြီးနောက် အိုဘားမား၏ရွေးကောက်ပွဲအလားအလာ အားကောင်းလာသော်လည်း မစ္စတာရွမ်းနေ၏ အလားအလာမှာမဲဆွယ်ပွဲခြေလှမ်းအမှားများကြောင့် ဖရိုဖရဲဖြစ်ခဲ့ရသည်။ အိုဘားမားအား ထောက်ခံသူမဲဆန္ဒရှင်ထက်ဝက်ခန့်မှာ အစိုးရပေးစာကမ်းစာကို မှီခိုနေသူများဟု ပြောကြားခဲ့မှုကို လျှို့ဝှက်ရိုက်ကူးထားသည့်ဗီဒီယိုကြောင့်လည်း မစ္စတာရွမ်းနေမှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ မစ္စတာရွမ်းနေသည် မဲဆွယ်မှုများကို အားတတ်သရောပြန်လည်စတင်ရင်း စက်တင်ဘာလ ၂၃ ရက်တွင် ကိုလိုရာဒိုပြည်နယ်၊ ထိုမှအိုဟိုင်းယိုး၊ ဗာဂျီးနီးယားစသောအရေးပါသည့်ပြည်နယ်များသို့သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

—*Ref: AFP*

# တောင်ကိုရီးယား အာဏာရှင်ဟောင်း ပတ်ချုံဟီး လူ့အခွင့်အရေး ချိုးဖောက်ခဲ့ခြင်းအတွက် သမီးဖြစ်သူ ပြန်တောင်းပန်

**ဆိုးလ်၊ စက်တင်ဘာ - ၂၄**

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် အာဏာရပါတီကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည့် ယခင်တောင်ကိုရီးယား စစ်အာဏာရှင်ဟောင်း ပတ်ချုံဟီး၏ သမီးဖြစ်သူ ပတ်ဂျန်ဟေးသည် ကွယ်လွန်သူဖခင်၏အုပ်စိုးမှုကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြည်သူများအားတောင်းပန်ခဲ့သည်။ မစ္စက်ပတ်သည် ယခုတောင်းပန်စကားကို သူမ၏ ကွန်ဆာဗေးတစ်ပါတီ New Frontier မှ တိုက်ရိုက်ထုတ်လွှင့်သော ရုပ်သံအစီအစဉ်တစ်ခုတွင် သတင်းထောက်များသို့ တောင်းပန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

မစ္စက်ပတ်သည် ပြီးခဲ့သည့်တစ်လခန့်အထိ ပြိုင်ဘက်သမ္မတလောင်းများဖြစ်သော မွန်းဂျေအင်နှင့် အန်ချိုးလ်ဆူတို့ကိုကျော်ဖြတ်ကာ တောင်ကိုရီးယား၏ ပထမဆုံးအမျိုးသမီး သမ္မတဖြစ်လာရန် ရေပန်းစားခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်းကမူ ဖခင်၏ အရိပ်ကြောင့် လူထုသဘောထားစစ်တမ်းများတွင် လူကြိုက်များမှု လျော့ကျလာသည်။ သူမ၏ဖခင် ပတ်ချုံဟီးသည် ၁၉၆၁ တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် တိုင်းပြည်ကိုတင်းကျပ်စွာ အုပ်ချုပ်ခဲ့ကာ ၁၉၇၉ တွင် လုပ်ကြံခံခဲ့ရသည်။ သို့သော် ၎င်းကိုထောက်ခံသူများက ပတ်ချုံဟီးသည် တောင်ကိုရီးယားစီးပွားရေး တိုးတက်မှုအတွက် အခြေခံကောင်းများ ချမှတ်ပေးခဲ့ကြောင်းဆိုသည်။ သို့သော်ဝေဖန်သူများက ပတ်ချုံဟီးသည် ၎င်းအာဏာရစဉ်အတွင်း အတိုက်အခံများကို နှိပ်ကွပ်ခဲ့ကာ စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့ကြောင်းဆိုသည်။

ထို့ကြောင့် မစ္စက်ပတ်ဂျန်ဟေးက ရုပ်သံက လွှင့်ခဲ့သော ၁၀ မိနစ်စာမိန့်ခွန်းတွင် သူမ၏ဖခင်နှင့်ပတ်သက်၍ အမြင်များကိုညှိနှိုင်းပေးရန် ကြိုးစားခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တောင်းပန်ခဲ့သည်။

"ကျွန်မ အဖေအတွက်က စီးပွားရေးတိုးတက်ရေးနဲ့ အမျိုးသားလုံခြုံရေးဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့ကိစ္စတွေဖြစ်ခဲ့တာပါ။ စီးပွားရေးတိုးတက်မှုနောက်ကွယ်မှာလုပ်သားတွေဟာ ဖိနှိပ်တဲ့ လုပ်ငန်းခွင်ဝန်းကျင်အောက်မှာ ဒုက္ခခံစားပြီး ပေးဆပ်ခဲ့ရပါတယ်။ မြောက်ကိုရီးယားရန်ကနေ အမျိုးသားလုံခြုံရေးကိုကာကွယ်ပေးဖို့အတွက် ကြိုးစားမှုတွေနောက်ကွယ်မှာနိုင်ငံတော်က ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဒဏ်တွေကိုခံစားခဲ့ရပါတယ်"ဟု သူမကပြောကြားသည်။

—*Ref: AFP*

# ဘဏ်လုပ်ငန်းပေါင်းစည်းရေး ဂျာမနီနှင့် ပြင်သစ်ခေါင်းဆောင်များကြား သဘောထားကွဲလွဲမှု ကြီးမားလာ

**အက်စ်ဘာ့ဂ်၊ စက်တင်ဘာ - ၂၄**

အကျပ်ဆိုက်နေသော ဥရောပဘဏ်များအား စောင့်ကြည့်လေ့လာရေး အစီအစဉ်များနှင့်ပတ်သက်၍ ဂျာမနီအဓိပတိအန်ဂျလာမာကယ်လ်နှင့် ပြင်သစ်သမ္မတဟော်လန်ဒီတို့ကြား အငြင်းပွားခဲ့ရာ ယင်းအခြေအနေမှာ ဒုတိယကမ္ဘာစစ်အပြီးနှစ်နိုင်ငံ ပြန်လည်စည်းလုံးခြင်း အထိမ်းအမှတ်အခမ်းအနားများအပေါ် အရိပ်မည်းထိုးသွားခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် ၁၉၆၂ ခုနှစ်က ဂျာမန်လူငယ်များအား ပြင်သစ်သမ္မတချားစ်ဒီဂေါလ်က ပြောင်မြောက်သောအပြောင်းအလဲကာလ မိန့်ခွန်းပြောကြားရာ နေရာဖြစ်သော ဂျာမနီနိုင်ငံတောင်ပိုင်း လတ်ဝစ်ဘာ့ဂ်ဒေသတွင် စုဝေးတွေ့ဆုံခဲ့ကြသည်။

ဥရောပစည်းလုံးညီညွတ်ရေးမှာ ယူရိုငွေအကျပ်အတည်းမှ ရုန်းထွက်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းဟု အတည်ပြုပြောကြားမှုများ ရှိခဲ့သော်လည်း အကျပ်အတည်းဖြေရှင်းရေးတွင် အရေးပါသည့် ဥရောပဘဏ်လုပ်ငန်းကဏ္ဍအားပိုမိုတင်းကျပ်စွာ ထိန်းချုပ်ရေးကိစ္စ၌ ခေါင်းဆောင်နှစ်ဦး သဘောထားကွဲလွဲခဲ့ကြသည်။

ဘဏ်လုပ်ငန်းပေါင်းစည်းရေးကို ထောက်ခံကြောင်း မစ္စတာဟော်လန်ဒီက ပြောကြားပြီး အခြေခံမူဝါဒဘောင်များ ချမှတ်၍ ယင်းကိစ္စကို အလျင်အမြန်လုပ်ဆောင်နိုင်လေ ပိုကောင်းလေဟု မစ္စတာဟော်လန်ဒီက ပြောသည်။

မစ္စက်မာကယ်လ်ကလည်း ဘဏ်လုပ်ငန်းအပေါ် ကြီးကြပ်မှုကိုထောက်ခံကြောင်းပြောကြားခဲ့သော်လည်း ယင်းကိစ္စကို သတိထားချဉ်းကပ်သင့်ပြီးအလျင်စလို လုပ်ဆောင်ပါက တန်ဖိုးကြီးကြီးပေးဆပ်ရနိုင်သည်ဟု ပြောကြားသည်။ —*Ref: AFP*






# ဆီးရီးယားအကျပ်အတည်း အဆုံးသတ်ရေး အီရန်မှာ အလွန်အရေးပါဟု အီဂျစ်သမ္မတပြောကြား

**ကိုင်ရို၊ စက်တင်ဘာ-၂၃**

ဆီးရီးယားနိုင်ငံ၏ သွေးထွက်သံယိုမှုများ အဆုံးသတ်ရေး လမ်းစရှာရန်အတွက် ယခုအချိန်တွင် အီရန်နိုင်ငံနှင့်ဆက်ဆံရေးကောင်းရန်လိုအပ်ကြောင်း အီဂျစ်အစ္စလာမ်မစ်သမ္မတက ပြောကြားလိုက်သည်။

လွန်ခဲ့သော ဇွန်လရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက်ပိုင်းပထမဆုံးနိုင်ငံတော်ရုပ်သံတွင်ပြသသည့် အင်တာဗျူးတွင် မိုဟာမက်မော်စီက အီရန်နိုင်ငံသည် ဒေသတွင်း၌ အရေးပါသော ကစားသမားဖြစ်ပြီး ဆီးရီးယားပြဿနာဖြေရှင်းရာတွင် တက်ကြွစွာထောက်ခံသောကဏ္ဍမှပါဝင်နေကြောင်း မစ္စတာမော်စီက ပြောကြားသည်။

မစ္စတာမော်စီသည် ဒေသတွင်း၌ အီဂျစ်နိုင်ငံ၏ အခန်းကဏ္ဍကိုပြန်လည်မြှင့်တင်ရန် အတွက်လည်း အီရန်နိုင်ငံအနေဖြင့် ဆီးရီးယားသွေးထွက်သံယိုမှု အဖြေရှာရေး လေးပွင့်ဆိုင် ကော်မတီတွင်ပါဝင်သင့်သည်ဟု ဩဂုတ်လအတွင်း တိုက်တွန်းပြောကြားသည်။



ဓာတ်ပုံ - AFP

ယင်းလေးပွင့်ဆိုင် အဖွဲ့တွင် ဆော်ဒီအာရေးဗီးယား အီရန်၊ တူရကီနှင့် အီဂျစ်နိုင်ငံတို့ပါဝင်မည်ဖြစ်သည်။

ယင်းလေးနိုင်ငံ ကော်မတီတွင် အီရန်နိုင်ငံသည်သာ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဘတ်၏ မဟာမိတ်ဖြစ်ပြီး ဆော်ဒီအားရေးဗီးယားနှင့် တူရကီနိုင်ငံတို့မှာ အာဆတ်ကို ဖြုတ်ချရန် ကြိုးစားနေသော သူပုန်များကို ဖြုတ်ချရန် ကြိုးစားနေသည်ဟု စွပ်စွဲခံရသည်။ အီရန်နိုင်ငံမှာ ဆီးရီးယားအစိုးရအား ဆက်လက်ထောက်ခံနေခြင်းအတွက် ယခင်ရက်သတ္တပတ်က လုံခြုံရေးကောင်စီအစည်းအဝေးတွင် ဝေဖန်တိုက်ခိုက်ခြင်းကိုခံခဲ့ရသည်။

—*Ref: Reuters*

## အယောင်ဆောင်လေယာဉ်မှူးတစ်ဦး အီတလီနိုင်ငံတွင် ဖမ်းမိ

**ရောမ၊ စက်တင်ဘာ-၂၃**

လိမ်လည်ထားသော စာရွက်စာတမ်းနှင့် ကတ်အတုများ ကိုင်ဆောင်ထားပြီး လေယာဉ်မှူးဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးကို အီတလီရဲတပ်ဖွဲ့က တူရင်မြို့လေဆိပ်တွင် ဖမ်းမိခဲ့သည်။ အဆိုပါ အယောင်ဆောင်လေယာဉ်မှူးသည် အနည်းဆုံးလေယာဉ်ခရီးစဉ်တစ်ခုကို လေယာဉ်မှူးခန်းမှနေ၍ လိုက်ပါခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

နာမည်ရင်းဖော်ပြမထားသော အသက်(၃၂)နှစ်အရွယ် အယောင်ဆောင်လေယာဉ်မှူးသည် အင်ဒရေးဆာလိုဟူသော နာမည်ဖြင့် Lufthansa လေကြောင်းမှ လေယာဉ်မှူးကတ်အတုကို ကိုင်ဆောင်ထားကြောင်းနှင့် ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်လည်း လေယာဉ်မောင်၊ လေယာဉ်မယ် မိတ်ဆွေတုများပင် ရှိနေကြောင်း သိရသည်။

လွန်ခဲ့သောလေးငါးခြောက်လတွင်မစ္စတာဆာလိုက အရပ်ဘက်လေကြောင်း အရာရှိတစ်ဦးအား သူ့ကိုယ်သူ လေယာဉ်မှူးဟုမိတ်ဆက်ခဲ့ခြင်းအပေါ် မသင်္ကာဖြစ်ပြီး လေကြောင်းအရာရှိက ရဲတပ်ဖွဲ့ထံ အသိပေးတိုင်ကြားခဲ့သည်။ လေယာဉ်မှူးမှာ ငယ်ရွယ်လွန်းသည်ဟု ၎င်းအရာရှိက သံသယရှိခဲ့ခြင်းဖြစ်သည်။

မစ္စတာဆာလို၏ ဖေ့စ်ဘွတ်ခ်ဓာတ်ပုံများကို ကြည့်ရှု၍ အီတလီအမျိုးသား စစ်ဘက်ရဲတပ်ဖွဲ့က ခြေရာခံခဲ့ပြီး ၎င်းမသင်္ကာသူကိုအီတလီနိုင်ငံ တူရင်မြို့လေဆိပ် Check-in ဧရိယာတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်၍ ယင်းကိစ္စအပေါ် Lufthansa လေကြောင်းက မှတ်ချက်ပေးရန် ငြင်းဆန်သလို တူရင်လေဆိပ်အာဏာပိုင်အဖွဲ့ကလည်း အယောင်ဆောင်သူနာမည်နှင့် မည်သည့်ခွင့်ပြုချက်မှ ထုတ်ပေးထားခြင်းမရှိဟု ပြောသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.11, No.29 • SEPTEMBER 27 , 2012



စက်တင်ဘာ ၂၃ ရက်က ဂေါ်ရ်ခါခရိုင်ရှိ မန်နာဆလူတောင်ခြေစခန်းရှိ နှင်းထုပေါ်တွင် ကယ်ဆယ်ရေးသမားများကို တွေ့ရပုံ။ ဂျာမန်တစ်ဦး၊ ဒေသခံလမ်းပြတစ်ဦးအပါအဝင် တောင်တက်သမားအနည်းဆုံး ကိုးဦးခန့်သည် ကမ္ဘာ့အန္တရာယ်အများဆုံးနှင်းတောင်များထဲ တစ်ခုအပါအဝင်ဖြစ်သော ယင်းတောင်ပေါ်၌ နှင်းထုပြိုကျမှုကြောင့် နှင်းပိပြီး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ ဓာတ်ပုံ - AFP

## ကုလထိပ်သီးညီလာခံတွင် ဆီးရီးယားပဋိပက္ခ၊ အီရန်အရေးနှင့် မွတ်ဆလင် ကန့်ကွက်ဆန္ဒပြမှုများ လွှမ်းမိုးဖွယ်ရှိ

**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၂၄**

ဆီးရီးယားစစ်ပွဲ၊ အီရန်၏ နျူကလီးယားပိုင်ဆိုင်ရေး ကြိုးပမ်းမှုနှင့် မွတ်ဆလင်ကမ္ဘာတွင် အနောက်နိုင်ငံဆန့်ကျင်ရေးကန့်ကွက်ဆန္ဒပြမှုများက နှစ်စဉ်ကျင်းပနေကျဖြစ်သော ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်သည့် ကုလသမဂ္ဂထိပ်သီးညီလာခံအပေါ် အရိပ်ထိုးနေဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဘားရက် အိုဘားမား၊ အီရန်ခေါင်းဆောင်အာမက်ဒီနီဂျက်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု အပါအဝင် ကမ္ဘာ့ခေါင်းဆောင်ပေါင်း ၁၂၀ ကျော်တက်ရောက်မည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ခြိမ်းခြောက်သတိပေးခြင်းနှင့် တန်ပြန်အာခံခြင်းစကားလုံးများ ကြားရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။



စာ(၄၅)သို့

NEWS ANALYSIS



ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း၊ စားနပ်ရိက္ခာနှင့် ငတ်မွတ်ခေါင်းပါးမှု

စာ(၃၆)သို့

INTERVIEW



အခြေအနေက အရေးပေါ်ဆိုတာ နားလည်နေကြပါတယ်

နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ်အို) အကြီးအကဲ ဂိုင်းရိုက်ဒါနှင့် တွေ့ဆုံခြင်း

စာ(၄၆)သို့

## တရုတ်သင်္ဘောနှစ်စီး အငြင်းပွားကျွန်းများအနီး ချဉ်းကပ်လာပြန်

**တိုကျို၊ စက်တင်ဘာ - ၂၄**

တရုတ်သင်္ဘောနှစ်စီးသည် အရှေ့တရုတ်ပင်လယ်အတွင်း ဂျပန်က ကြီးကြပ်အုပ်ချုပ်နေသော ကျွန်းများအနီးရှိရေပြင်သို့ ဝင်ရောက်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားလိုက်သည်။

ဂျပန်ကမ်းခြေစောင့်တပ်က အဆိုပါ တရုတ်ရေတပ်သင်္ဘောနှစ်စီးကို ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ကူဘာရှီးမားနှင့် ယူအွတ်ဆူရီဂျီးမားကျွန်းများ အပြင်ဘက် ရေပြင်တွင် ခြေရာခံမိခဲ့သည်ဟုဆိုသည်။

စာ(၄၅)သို့

## အီရန်အပေါ် ပိတ်ဆို့တားဆီးမှု ထပ်မံချမှတ်ရန် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ တောင်းဆို

**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၂၄**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဥရောပသမဂ္ဂအနေဖြင့် ပိတ်ဆို့တားဆီးမှုအသစ်များ ထပ်မံချမှတ်ရန် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က တရားဝင်ထုတ်ပြန်လိုက်ကြောင်း သံတမန်များက ပြောကြားသည်။

စာ(၄၅)သို့

## ချုံကင်းရဲတပ်ဖွဲ့အကြီးအကဲ လူသတ်မှုဖုံးကွယ်ရန် ကြိုးစားမှုဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခံရ

**ဘေဂျင်း၊ စက်တင်ဘာ - ၂၄**

တရုတ်တရားရုံးတစ်ခုသည်ယခင် ချုံကင်းမြို့ရဲတပ်ဖွဲ့အကြီးအကဲ ဟောင်းဝမ်လီကျန်အား စွဲချက်လေးခုတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပြီးနောက် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။ ၎င်းအားစွဲချက်တင်ခဲ့သည့် အမှုများတွင်ဗြိတိသျှစီးပွားရေးသမားတစ်ဦးအား ကွန်မြူနစ်ပါတီအကြီးအကဲတစ်ဦးဖြစ်သည့် ပိုရှီးလိုင်၏ ဇနီးက လုပ်ကြံခဲ့မှုကို ဖုံးကွယ်ပေးရန် ကြိုးစားမှုလည်း တစ်ခုအပါအဝင်ဖြစ်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ချန်ဒူးပြည်သူ့ခုံရုံးက ချုံကင်းမြို့ ရဲတပ်ဖွဲ့အကြီးအကဲဟောင်းဝမ်သည် "ကိုယ်ကျိုးအတွက် ဥပဒေကို အလွဲသုံးစားလုပ်ခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း၊ လာဘ်ယူခြင်းတို့ပြုလုပ်ခဲ့သည်"ဟုဖော်ပြခဲ့သည်။

စာ(၄၅)သို့



ဂ ရက် သတင်းဂျာနယ်

7DAY NEWS အချပ်ပို

JOURNAL

Vol.11, No.29 • SEPTEMBER 27 , 2012

# လာမည့်နွေတွင် ဖယောင်းတိုင်မီးထွန်း၍ ဆန္ဒထုတ်ဖော်ရန် မလိုတော့ဟု လျှပ်စစ်ဝန်ကြီးပြော

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ- ၂၁**

ပြီးခဲ့သည့် နွေရာသီက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ၍ ဖယောင်းတိုင်မီးများ ထွန်းညှိကာ ပြည်သူများဆန္ဒဖော်ထုတ်ခဲ့သော ရန်ကုန်မြို့တော်၌ လာမည့်နွေရာသီတွင်မူ ထိုကဲ့သို့သောအဖြစ်မျိုး ထပ်မံမဖြစ်ပေါ်ရန် ယခုကတည်းက ကြိုတင်စီစဉ်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက ယနေ့ ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွာမ၊ အလုံ၊ သာကေတ၊ လှော်ကားလေးနေရာတွင် မဂ္ဂါဝပ် ၅၀ စီရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ပုဂ္ဂလိကကမှ တည်ထောင်လုပ်ကိုင်ခြင်းဖြင့် ရန်ကုန်မြို့တော်အတွက် မဂ္ဂါဝပ် ၂၀၀ ခန့် ထောက်ပံ့နိုင်မည်ဖြစ်သည်။

ထို့အပြင် ရှိပြီးသားမဂ္ဂါဝပ် ၃၀၀ ခန့်နှင့် နယ်ကဝင်ရောက်လာမည့်ဓာတ်အားများနှင့် ပေါင်းပါက ယခင်နှစ်ကကဲ့သို့ အကျဉ်းတန်သည့်အဖြစ်မျိုး မဖြစ်နိုင်တော့ကြောင်း အဆိုပါဝန်ကြီးရုံး၌ ယနေ့ကျင်းပပြုလုပ်သော လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖိတ်ခေါ်ဆွေးနွေးပွဲတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။



**မေလအတွင်းက လျှပ်စစ်မီးရရှိရေး ဆန္ဒထုတ်ဖော်သူများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လူဦးရေများပြားသည့်အပြင် စက်ရုံ၊ အလုပ်ရုံများလည်း ဖွံ့ဖြိုးလာသည့် ရန်ကုန်မြို့တော် ၂၀၀၆ ခုနှစ်က လျှပ်စစ်ဓာတ်အား ၅၅၀ မဂ္ဂါဝပ်ခန့်သာ အသုံးပြုခဲ့သော်လည်း ယမန်နှစ်နွေရာသီက မဂ္ဂါဝပ် ၈၅၀ ခန့်အထိ သုံးစွဲခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် မဂ္ဂါဝပ်၁၈၅၀ ခန့်လိုအပ်ပြီး ၁၅၅၀ ခန့်သာ ဖြန့်ဖြူးပေးနိုင်သည့် အချိန်တွင် မဂ္ဂါဝပ် ၂၀၀ ခန့် ပို့လွှတ်နေသော ရွှေလီ- မန်ဆန်ဓာတ်အားလိုင်း မိုင်းခွဲခံလိုက်ရ၍ ဓာတ်အားပြတ်တောက်မှု ပြဿနာကြီးသွားခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးက ရှင်းလင်းပြောကြားသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ဓာတ်အားသုံးစွဲမှု နှစ်စဉ် ၁၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ်က မဂ္ဂါဝပ် ၁၈၅၀ ခန့်လိုအပ်ခဲ့သော်လည်း ယခုနှစ်တွင်မူ မဂ္ဂါဝပ် ၂၀၀၀ အထိ လိုအပ်လာမည်ဖြစ်ကာ လက်ရှိထုတ်လုပ်မှုပုံစံအရ ရေအားလျှပ်စစ်ကို အခြေခံပြီး အဓိကထုတ်လုပ်နေသည့်အတွက် ရေခန်းသောနွေရာသီတွင် ဓာတ်အားထုတ်လုပ်မှုလျော့ကျကြောင်း၊ ယင်းအခြေအနေများကြောင့် နွေရာသီတွင် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ စသည့် ဓာတ်အားပေးစက်ရုံများဖြင့် ဖြည့်ဆည်းနိုင်ရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဝန်ကြီးကပြောသည်။

# တစ်ရွာတည်းနေ အမျိုးသားငါးဦးအား လိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ အကျိုးဆောင် ပို့ပေးသူကို အမှုဖွင့်

**ချယ်ရီမြင့်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

ပြည်ပအလုပ်အကိုင် လိုင်စင်မရှိဘဲ တစ်ဖက်နိုင်ငံသို့ အလုပ်သမားငါးဦးအားပို့ဆောင်ပေးရန်စီစဉ်သူကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နေ မြင့်သန်းဆိုသူက ပြည်ပတွင်လစာကောင်းကောင်းဖြင့် အလုပ်ရမည်ဟုဆိုကာ တစ်ရွာတည်းနေသူများဖြစ်သော အမျိုးသားငါးဦးအား မေလ ၅ ရက်က ရန်ကုန်သို့လာရန်စည်းရုံးခေါ်လာခဲ့သည်။

ထို့နောက်စမ်းချောင်းမြို့နယ်ရှိငွေတောင်တည်းခိုခန်းတွင် တစ်ဦးလျှင် အကျိုးဆောင်ခသုံးသိန်းကျပ်နှုန်းဖြင့် ငါးဦးအတွက် ကျပ်ဆယ့်ငါးသိန်းရယူကာ ၎င်းတည်းခိုခန်းမှတစ်ဆင့်မြဝတီဘက်သို့ထွက်ခွာသော မှန်လုံအမြန်ယာဉ်ဖြင့် တင်ပို့ခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ တစ်ဦးသာရောက်ရှိခဲ့ပြီး ကျန်လေးဦးမှာ အခက်အခဲမျိုးစုံဖြင့် ရွာသို့ပြန်လည်ရောက်ရှိခဲ့ကာ သက်ဆိုင်ရာသို့ တိုင်ကြားစာပေးပို့ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်အား ရဲအုပ်အောင်စိုး (ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး) နှင့် အဖွဲ့မှ စစ်ဆေးခဲ့ရာ အခကြေးငွေရယူ၍ ရွာသားများအား တစ်ဖက်နိုင်ငံသို့ပို့ဆောင်ခဲ့သူ မြင့်သန်းအပေါ် အရေးယူပေးရန် တရားလိုပြုလုပ် တိုင်တန်းမှုကို စမ်းချောင်းရဲစခန်းက (ပ) ၃၄၆/၁၂၊ ပြည်ပအလုပ်အကိုင်ဥပဒေဆိုင်ရာပုဒ်မ ၂၆ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

၂၀၁၂ ခုနှစ် အတွင်း ဩဂုတ်လအထိ လူကုန်ကူးမှု (၈၂) မှု ဖော်ထုတ်နိုင်ခဲ့ပြီး ပြည်ပသို့အပို့ခံရသူအများစုမှာ မိန်းကလေးများဖြစ်ကာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ (၁၆၇) ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဒုရဲမှူးကြီးညွန့်လှိုင်က ပြောသည်။

“ဒီနှစ်ဖော်ထုတ်ပြီးတဲ့အမှု (၈၂) ခုမှာ တရားခံက ၂၂၅ ဦးရှိတယ်။ တရားခံဦးရေများတာက နှစ်ယောက်၊ သုံးယောက်ဂိုဏ်းဖွဲ့ပြီး ပြစ်မှုကျူးလွန်ကြလို့ပါ” ဟု ၎င်းမှ ဆက်လက်ပြောကြားသည်။

# တစ်နိုင်ငံလုံးတွင် ပညာသင်ကြားနိုင်မှု အနိမ့်ဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်

**အောင်နိုင်**

**နေပြည်တော်၊ စက်တင်ဘာ - ၂၃**

ရခိုင်ပြည်နယ်သည် မူလတန်းမှ အလယ်တန်းအဆင့်သို့ တက်ရောက်ပညာသင်ကြားမှုတွင် တစ်နိုင်ငံလုံးတွင် အနိမ့်ဆုံးဒေသဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာ Ramesh Shrestha က ပြောသည်။

နေပြည်တော်တွင် ပြုလုပ်သည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ရခိုင်ပြည်နယ်သည် ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအတွက် ရေရှည်စီမံကိန်းအဖြစ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် အလယ်တန်းသို့တက်ရောက်ပညာသင်မှုသည် တစ်နိုင်ငံလုံးအနေဖြင့်ဆိုလျှင် ၂၃ ရာခိုင်နှုန်းသာရှိကြောင်း မစ္စတာ Ramesh Shrestha က ပြောသည်။

ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်အမျိုးသမီးငယ်များ၏ ပညာရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက အလုပ်ရုံဆွေးနွေးပွဲတွင် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

“ရခိုင်ပြည် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသက မွတ်ဆလင်မိန်းကလေးတွေရဲ့ ၉၅ ရာခိုင်နှုန်းဟာ အစိုးရကျောင်းတွေမှာ စာမသင်ကြဘူး။ နိုင်ငံတော်က အခွင့်အရေးပေးထားရဲ့သားနဲ့”ဟု ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်စောခင်တင့်ကဆွေးနွေးသည်။

ခေတ်မီကျောင်းပညာရေး သင်ယူမှုမရှိခြင်းကြောင့် ဒေသခံများနှင့် သဟဇာတဖြစ်ရန်မလွယ်ကူကြောင်း၊ သက်ဆိုင်ရာ ဘာသာရေးဆရာများက အစ္စလာမ်ဘာသာဝင် မိန်းကလေးများအား အစိုးရပညာရေးကို သင်ယူရန် ဆောင်ရွက်စေလိုကြောင်း ဥက္ကဋ္ဌကတိုက်တွန်းပြောကြားသည်။

မွတ်ဆလင်ရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် အတတ်နိုင်ဆုံး ရခိုင်ဒေသရှိ ဘာသာရေးဆရာများနှင့်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားသောအသင်းအဖွဲ့များကလည်း ပူးပေါင်းစေလိုကြောင်း ပြောသည်။

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုအတွက် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ စက်တင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်တွင် ပြုလုပ်ခဲ့သည်။

## လိင်အင်္ဂါနှစ်မျိုးပါသော ကလေးငယ် ခွဲစိတ်ကုသရန် အခက်တွေ့နေ

**ရန်ကုန်၊စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့နယ်အမှတ်(၂၀)ရပ်ကွက်နေ အသက်ကိုးနှစ်အရွယ်ရှိသော “မောင်ဟန်မင်းအောင်မှာ မွေးဖွားစဉ်ကပင် ဖိုနှင့်မ လိင်အင်္ဂါနှစ်မျိုးပါလာခဲ့သဖြင့် လှိုင်သာယာမြို့နယ်“မြတ်စေတနာ”အခမဲ့ဆေးကုခန်းသို့လာရောက်ပြသအကူအညီတောင်းဆိုခဲ့သည်။ မြတ်စေတနာ အခမဲ့ဆေးကုခန်းမှ တာဝန်ရှိသူများက ကလေးအထူးကုဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ရာ ယခုအခါ ခွဲစိတ်ကုသရမည့် အခြေအနေတွင်ရှိနေသော်လည်း ငွေကြေးအခက်အခဲကြောင့် ခွဲစိတ်ကုသခြင်းမပြုနိုင်သေးကြောင်းသတင်းရရှိသည်။

# မိုးကြီးရေလျှံသောကြောင့် အောင်မြင်သာရွာသောက်သုံးရေခက်ခဲ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊စက်တင်ဘာ-၂၄**

မြစ်ဆုံဆည် စီမံကိန်းကြောင့် ပြောင်းရွှေ့ထားရသော ရွာများ စုစည်းတည်ထားသည့် အောင်မြင်သာကျေးရွာသည် မိုးရွာသွန်း၍ ရေကြီးသည့်ဒဏ်ကို ခံထားရပြီး သောက်သုံးရေနှင့် သုံးစွဲရေရရှိရန် အခက်အခဲများ ဖြစ်နေကြောင်း ဒေသခံရွာသားများကပြောသည်။

“မိုးအရမ်းသည်းပြီးတော့ ကြိမ်ခရန်ချောင်းက ရေကြီးပြီး ဒီချောင်းကို ရေလမ်းကြောင်း လွှဲထားတဲ့ တာပေါင်ကျိုးပြီး ရွာထဲကို ၂၀ နဲ့ ၂၁ ရက် ညက ရေတွေဝင်လာ၊ ရေကြီးတာကြောင့် ရွာကို ရေရအောင် ပေးထားတဲ့ ပိုက်လိုင်ကလည်း ရေထဲမျောသွားပြီးတော့ ရေက လုံးဝမရတော့ဘူး” ဟု ကြိမ်ခရန်ချောင်းကျေးရွာမှ ကိုသန့်ဇင်မင်းက ပြောသည်။

ယင်းရွာ ရေရရှိရေးအတွက် ကြိမ်ခရန်ချောင်းတွင်းမှ ချောင်းတစ်လျှောက် ပိုက်လိုင်းသွယ်တန်းကာ ရွာသို့ ရေပေးထားခြင်းဖြစ်ရာ ရေကြီးခြင်းကြောင့် အဆိုပါ ပိုက်လိုင်း မျောပါသွား၍ ရေမရှိတော့ခြင်းဖြစ်ကြောင်း ယင်းရွာမှ ဦးနော်ရန်က ပြောသည်။

ယင်းပိုက်လိုင်းသည် တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီဖြစ်သော CPI နှင့် အေးရှားဝေါလ်ကုမ္ပဏီတို့က ပြုလုပ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

“ရေက သောက်တဲ့ရေတင်မကဘူး။ ထမင်း၊ ဟင်းချက်ဖို့ အတွက်ပါ အဆင်မပြေဘူးဖြစ်နေတာ။ ကြိမ်ခရန်ချောင်းကလည်း မိုးရွာထားတော့ ရေနောက်ပြီး သုံးလို့မရတော့ဘူး ဖြစ်နေတယ်။ အခု တောင်ကျရေကိုပဲ ဆိုင်ကယ်နဲ့သွားသယ်ပြီး သုံးနေရတယ်”ဟု အောင်မြင်သာရွာဒေသခံ ကိုဇင်မင်းသန့်က ဆက်လက်ပြောသည်။

အဆိုပါ တောင်ကျရေ ယူရသည့် နေရာမှာ ရွာနှင့် နှစ်မိုင်ခန့် ကွာဝေးသောကြောင့် ရေယူရန် ခက်ခဲသော ဒေသခံ ရွာသားအများစုမှာ ကြိမ်ခရန်ချောင်းမှ နောက်ကျိနေသောရေများကိုသာ အသုံးပြုနေရကြောင်း ဦးနော်ရန်က ပြောသည်။

# အချပ်ပို

7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## စာ-၂၉၊ မြန်မာငွေပေးချေမှုအဖွဲ့ အတွင်းရေးမှူး ဦးရဲမင်းဦးနှင့် တွေ့ဆုံခြင်း မှ

**စက်တင်ဘာ ၂၃ရက်အထိ** MPU **ကတ် ဘယ်နှဦးလုပ်ထားပါပြီလဲ။** ATM **ကတ်ရှိထားသူတွေထဲက လဲတဲ့သူ ဘယ်နှဦးရှိပါသလဲ။**

ဘဏ်တွေက ထုတ်ပေးထားတဲ့ ATM ကတ်အရေအတွက်ဟာ ရှစ်သောင်းခန့်ရှိပါတယ်။ လက်ရှိဘဏ်တွေက အဲဒီကတ်များကို MPU ကတ်များနဲ့ ပြန်လည်လဲလှယ်ဖို့အတွက် အချိန်သုံးလခန့် ယူပါမယ်။ ၂၀၁၂ ဒီဇင်ဘာ ၃၁ ရက်မှာ ကတ်အဟောင်းတွေကို လာလဲသည်ဖြစ်စေ၊ မလဲသည်ဖြစ်စေ မူလ ATM ကတ်အားလုံးကို အသုံးပြုလို့မရအောင် ဘဏ်တွေက ပိတ်လိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလကုန်ရင်တော့ ကတ်အဟောင်းလာလဲ သူကိုပဲ ရှစ်သောင်းခန့်ရှိမှာ ဖြစ်ပါတယ်။ ဒီလိုပဲ အခုမှ MPU ကတ်တန်းထုတ်ပေးမယ့် ဘဏ်တွေကလည်း လက်ရှိပေးပို့လာတဲ့ စာရင်းအရ သုံးသောင်းရှိပါတယ်။ ဒါကြောင့် ဒီဇင်ဘာလကုန်ရင် ကတ်အသစ်အသုံးပြုသူစုစုပေါင်း တစ်သိန်းတစ်သောင်းခန့် ရှိလာမှာဖြစ်ပါတယ်။

MPU **ကတ်သုံးစွဲတဲ့ သူတွေက ဘယ်လို လူမျိုးတွေပါလဲ။ ဒီဝန်ဆောင်မှုက ဘယ်လူတန်းစားကို အဓိကပစ်မှတ်ထားပါသလဲ။**

ကတ်သုံးစွဲမှုကို လူတန်းစားအားလုံးအတွက် ရည်ရွယ်ထားပါတယ်။ ဒါကြောင့် ပမာဏကြီးမားသော ငွေပေးချေမှုများသာမကဘဲ နေ့စဉ် သုံးစွဲနေတဲ့ ငွေပေးချေမှုများအထိဆောင်ရွက်နိုင်အောင် စီမံထားပါတယ်။ နောင်ဆိုရင် ဘတ်စ်ကားတွေ၊ ရထားတွေ၊ သင်္ဘောတွေပါပေးချေနိုင်အောင် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဘဏ်အတွေ့အကြုံ မရှိသူတွေအတွက် ကတ်စလုပ်ရင် ဘာတွေလိုတယ်ဆိုတာ ရှင်းပြပါ။**

MPU ကတ် စလုပ်ဖို့ဆိုရင် ငွေစာရင်းတစ်ခု အရင်ဖွင့်ရပါမယ်။ အလုပ် ဒါမှမဟုတ် အိမ်နဲ့နီးတဲ့ MPU အဖွဲ့ဝင် ဘဏ်တစ်ခုခုကိုသွားပြီး MPU ကတ်လျှောက်ထားဖို့အတွက် ငွေစာရင်းဖွင့်ချင်လို့ပါဆိုရင် ရပါတယ်။ ကျန်တာတော့ ဘဏ်ကလိုအပ်တဲ့စာရွက်စာတမ်းတွေဖြည့်ပြီး ကတ်ပြားရရှိမယ့်နေ့ကို ပြန်ချိန်းပါလိမ့်မယ်။ တချို့ဘဏ်တွေကလည်း ချက်ချင်း ထုတ်ပေးတဲ့စနစ်နဲ့ တထိုင်တည်း ပြီးအောင်ဆောင်ရွက်ပေးပါလိမ့်မယ်။

**ကတ်ပျောက်ရင် ဘယ်လိုလုပ်ရပါမလဲ။ သုံးစွဲသူတွေ သိသင့်တဲ့ အချက်တွေ ပြောပြပေးပါဦး။**

ကတ်ပျောက်ရင် ကိုယ့်ဘဏ်ကို အမြန်ဆုံး ဆက်သွယ်ရမှာဖြစ်ပါတယ်။ ဆက်သွယ်တာနဲ့ ဘဏ်က အဲဒီကတ်ကို သုံးစွဲလို့မရအောင် ပိတ်လိုက်မှာ ဖြစ်ပါတယ်။ သုံးစွဲတဲ့လူသိသင့်တဲ့အချက်တွေက အများကြီးပါ။ ငွေစာရင်းဖွင့်လှစ်ခြင်းမှာတော့ ကျပ်တစ်သောင်းအနည်းဆုံး စဖွင့်ရမှာဖြစ်ပါတယ်။ အများဆုံးကတော့ ကန့်သတ်ချက်မရှိပါဘူး။ ဒါကို ဘဏ်က ကတ်လာထုတ်တဲ့အချိန်မှာ လမ်းညွှန်စာရွက်ပေးပြီး ရှင်းပြပါလိမ့်မယ်။ တစ်ဘဏ်နဲ့တစ်ဘဏ် တချို့ အချက်အလက်တွေက နည်းနည်းကွာနိုင်ပါတယ်။ သုံးစွဲတဲ့လူတွေ မသိမဖြစ် သိရမှာကတော့ ကိုယ့်ရဲ့ PIN Number (ဂဏန်းခြောက်လုံးပါသော လုံခြုံရေးနံပါတ်)ကို သူများတွေမသိစေဖို့ပါပဲ။ သိသွားခဲ့ရင် ကိုယ့်ကတ်ကိုယူပြီး ငွေထုတ်နိုင်လို့ပါ။ ကတ်ပျောက်ရင်တော့ စိုးရိမ်စရာမရှိပါဘူး။ ကတ်ကောက်ရတဲ့လူက PIN Number မသိတဲ့အတွက် ငွေထုတ်လို့မရပါဘူး။ ကျွန်တော်တို့ဘဏ်မှာကြုံဖူးတာတစ်ခုကတော့ ကတ်ပျောက်တယ်။ ဒါပေမဲ့ ကတ်ပိုင်ရှင်က သတိမေ့တတ်လို့ ကတ်ပေါ်မှာ သူ့ PIN Number ကိုမင်နဲ့ရေးထားတယ်။ ဒီအတွက် ကတ်ကောက်ရသူက ငွေထုတ်သွားတာကြုံရပါတယ်။ ဘဏ်က လာထုတ်သူရဲ့ ဓာတ်ပုံနဲ့သက်ဆိုင်ရာကိုအကြောင်းကြားခဲ့ရပါတယ်။ ဒါကြောင့် ကိုယ့် PIN Number လုံခြုံရေးကိုတော့ သုံးစွဲသူတိုင်းက သတိပြုသင့်ပါတယ်။

MPU **ကို လက်ရှိဘဏ်ရှစ်ခုမှာပဲ ဝန်ဆောင်မှုပေးနေတော့ ကျန်ဘဏ် ကိုးခုက ဘယ်တော့ ဝန်ဆောင်မှုပေးမှာလဲ။**

MPU အဖွဲ့ဝင်ဘဏ်များအားလုံးဟာ ၂၀၁၃ အတွင်းမှာ ချိတ်ဆက်အသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်။လက်ရှိ MPU ကတ်အသုံးပြုနေတဲ့နေရာဆိုတာမှာ နှစ်ပိုင်းရှိပါတယ်။ ATM စက်များနဲ့ ငွေပေးချေမှုလက်ခံသောအရောင်းဆိုင်များပါ။ ATM စက်များကတော့ ၂၀၀ ကျော်ရှိပါတယ်။ ဆက်လက်ပြီးလည်း ဘဏ်တွေက တိုးချဲ့နေပါတယ်။ ကျွန်တော်တို့ဘဏ်(အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်)ဆိုရင် ဘဏ်ခွဲဖွင့်ထားတဲ့ မြို့တိုင်းမှာ MPU ကတ်ကိုလက်ခံတဲ့ ATM စက်များ တပ်ဆင်ပြီးဖြစ်ပါတယ်။ အရောင်းဆိုင်များကတော့ လက်ရှိ ရန်ကုန်မှာ စနေပါပြီ။ နေပြည်တော်နဲ့ မန္တလေးကိုလည်း စနိုင်အောင်ကြိုးစားနေပါတယ်။ ဒီနေရာမှာတော့ အရောင်းဆိုင်တွေဘက်က လက်ခံချင်မှဖြစ်တာမို့ ဘဏ်တွေဘက်က ဆွဲဆောင်မှုမျိုးစုံနဲ့ စတင်ကြိုးစားနေကြပါတယ်။

**ဒီဝန်ဆောင်မှု အောင်မြင်ဖို့အတွက်အဓိကစိန်ခေါ်မှုက ဘာတွေပါလဲ။**

ဆက်သွယ်ရေးဝန်ဆောင်မှုပါ။ ကတ်အသုံးပြုသူတွေက ATM စက်တစ်ခုမှာ ငွေသွားထုတ်တယ်။ ငွေထုတ်မရဘူး။ စက်ချထားတဲ့ဘဏ်ကို အပြစ်တင်ပါတယ်။ ဒီလိုပဲ ကတ်ထုတ်ပေးလိုက်တဲ့ ဘဏ်ကိုလည်း အပြစ်တင်ပါတယ်။ ဒါပေမဲ့ စက်ရှိနေတဲ့ နေရာကနေ ဘဏ်ကို ဘာနဲ့ဆက်သွယ်ထားတယ်ဆိုတာကိုစဉ်းစားမိတဲ့လူနည်းပါတယ်။ အခုချိန်မှာ ကျွန်တော်တို့ ATM ၉၀ ရာခိုင်နှုန်းကျော်ဟာ iPStar နဲ့ ချိတ်ဆက်ထားတာဖြစ်ပါတယ်။ မိုးအုံ့ရင် iPStar က သုံးလို့မကောင်းပါဘူး။ ဒါကို တတ်သိနားလည်သူတွေက ဘဏ်တွေကို အပြစ်တင်ပါတယ်။ တစ်ကမ္ဘာလုံး PSTN တို့၊ Data Card (3G Network) တို့ သုံးနေတဲ့အချိန်မှာ မြန်မာဘဏ်တွေဟာ iPStar လို stable မဖြစ်တဲ့ဂြိုဟ်တုဆက်ကြောင်းကို သုံးရလားလို့ ပြောကြပါတယ်။ ကျွန်တော်တို့မှာ ရွေးစရာမရှိပါ။ မြန်မာနိုင်ငံမှာ ဝယ်လို့ရတဲ့အထဲက သုံးခွင့်ရတဲ့ သုံးလို့ရတဲ့စနစ်ကိုသာ သုံးရခြင်းဖြစ်ပါတယ်။ ပိုကောင်းတဲ့စနစ်တွေ ရှိမှန်းသိပါတယ်။ သုံးခွင့်ရဖို့ သုံးလို့ရတဲ့စနစ်ကိုသာ သုံးရခြင်းဖြစ်ပါတယ်။ ပိုကောင်းတဲ့စနစ်တွေ ရှိမှန်းသိပါတယ်။ သုံးခွင့်ရဖို့ အချိန်တစ်ခုစောင့်ရဦးမှာပါ။ ဥပမာပြောရရင် စတားဘတ်ကော်ဖီဘယ်လောက်ကောင်းတယ်ပြောပြော စတားဘတ်ကော်ဖီဆိုင်မရှိရင် ကျွန်တော်တို့ သောက်လို့မရပါဘူး။ ကျွန်တော်တို့အဓိကရင်ဆိုင်ရမှာ ဘယ်ဆက်သွယ်ရေးမီဒီယာကို အသုံးပြုခွင့် ရမလဲဆိုတာရယ် အဲဒီ ဆက်သွယ်ရေးမီဒီယာက ဘယ်အချိန်ဖြစ်ဖြစ် တည်ငြိမ်ပြီး connection ကျတာ၊ network busy ဖြစ်တာ မရှိဖို့လိုပါတယ်။ ဒါကို ကျော်လွှားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ISP အားလုံးနှင့် ကျွန်တော်တို့ ညှိနှိုင်းလျက်ရှိပါတယ်။

MPU **ကတ်ကနေ အကြွေးဝယ်ကတ်စနစ်**(Credit Card)**အထိ ဝန်ဆောင်မှုတိုးချဲ့ဖို့ အချိန် ဘယ်လောက်ယူရမယ်လို့ထင်ပါသလဲ။**

အကြွေးဝယ်ကတ်စနစ်ကို တိုးချဲ့ဖို့ဆိုတာက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ပဲ ဆိုင်ပါတယ်။ ဒီနေ့ခွင့်ပြုရင် ဒီနေ့ ဘဏ်တွေက ဆောင်ရွက်ကြမှာပါပဲ။

JCB (Japanese Credit Bureau)၊ CUP(China Union Pay) **တို့ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ် အသေးစိတ်ကို ရှင်းပြပေးပါ။**

ပထမအဆင့်အနေနဲ့ CUP၊ JCB စတဲ့ နိုင်ငံတကာကတ်အသုံးပြုသူတွေ မြန်မာနိုင်ငံရဲ့ ATM တွေအားလုံးမှာ ငွေထုတ်နိုင်ပါမယ်။ အဲဒီနောက်မှာတော့ MPU နဲ့ချိတ်ဆက်ထားတဲ့ ဈေးဆိုင်တွေမှာ ဈေးဝယ်လို့ရပါမယ်။ ဒုတိယအဆင့်မှာ MPU နဲ့ ၎င်းကုမ္ပဏီများပူးပေါင်းပြီး မြန်မာနိုင်ငံသားများ နိုင်ငံတကာတွင် သုံးစွဲနိုင်ရန်အတွက် MPU-CUP Card၊ MPU-JCB Card တွေ ဆက်လက်ထုတ်မှာဖြစ်ပါတယ်။

**နိုင်ငံတကာသုံးကတ်တွေဖြစ်တဲ့** Master ၊ Visa **တို့နဲ့ရော အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်ဖို့ ရှိပါသလား။**

Master၊ Visa ကျတော့ ပုံစံတစ်မျိုးဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပိတ်ဆို့မှုထဲမှာ ပါတဲ့ဘဏ်တွေနဲ့ သူတို့က အလုပ်လုပ်လို့မရပါဘူး။ ဒီအတွက် သူတို့က လုပ်ငန်းပုံစံတစ်မျိုးကို အဆိုပြုလာပါတယ်။ (၁) စီးပွားရေးပိတ်ဆို့ခံရသူမပါဝင်သောဘဏ် (ဥပမာ- MOB နှင့် CB)၊ (၂) စီးပွားရေးပိတ်ဆို့ခံထားရသော ဘဏ်၏ စီမံခန့်ခွဲမှုတွင် ၎င်းပုဂ္ဂိုလ်များ ပါဝင်ပတ်သက်မှု နည်းသည်ဟု သူတို့ယူဆရသောဘဏ်(ဥပမာ-ကမ္ဘောဇဘဏ်) တို့ကို သူတို့ရဲ့ Partner များအဖြစ် ရွေးချယ်ပါတယ်။ ဒီဘဏ်သုံးခုရဲ့ ATM တွေမှာ ငွေထုတ်လို့ရဖို့ သူတို့ စလုပ်ပါမယ်။ ပြီးမှ MPU Network နဲ့ ချိတ်ပြီး MPU POS ချထားတဲ့ ဆိုင်တွေမှာငွေပေးချေလို့ရအောင် သူတို့ ဆက်လုပ်မှာဖြစ်ပါတယ်။ အမေရိကန်စီးပွားရေး ပိတ်ဆို့မှု မရှိတော့တဲ့ တစ်နေ့မှာတော့ MPU အဖွဲ့ဝင်ဘဏ်အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ကို သူတို့ လာတွေ့တဲ့အချိန်မှာ သူတို့ ပြောပြတာတွေဖြစ်ပါတယ်။

**ဘဏ်လုပ်ထုံးလုပ်နည်းတွေလျှော့ပေါ့ပေးလာတာ၊ နိုင်ငံခြားငွေစာရင်းဖွင့်ခွင့်ပြုတာ၊ MPU ဝန်ဆောင်မှုစပေးလာတာ စတာတွေကြောင့် မြန်မာ့ဘဏ်လုပ်ငန်း ဖွံ့ဖြိုးလာပြီလို့ ပြောနိုင်ပါလား။ ၂၀၀၃ ဘဏ်တွေ မပြိုလဲခင်က အခြေအနေနဲ့နှိုင်းယှဉ်ရင် ဘယ်လိုနေမလဲ။**

မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းဟာစတင်ဖွံ့ဖြိုးဖို့အတွက် တာစူနေပါပြီ။ အားလုံးကလည်း ကြိုးစားနေကြပါတယ်။ လုပ်ထုံးလုပ်နည်းတွေမှာ ခေတ်နဲ့ မလျော်တော့တာလေးတွေ၊ အရင်ကစိုးရိမ်လို့တားမြစ်ထားတာလေးတွေကိုတဆင့်ချင်းပဲဖြစ်ဖြစ်၊ အားလုံးပဲဖြစ်ဖြစ် ဖြေလျှော့မှုတွေ ဆက်လက်လုပ်ဆောင်ပေးရင် ဒီထက်ပိုပြီး မြန်မြန်ဆန်ဆန် တိုးတက်လာမှာဖြစ်ပါတယ်။ ဗဟိုဘဏ်ကကျတော့လည်း ငွေရေးကြေးရေးကဏ္ဍဖြစ်နေတဲ့ အတွက် ရုတ်တရက် ဖွင့်ပေးလိုက်ခြင်းရဲ့ ဆိုးကျိုးတွေကိုလည်း ချိန်ဆနေတယ်လို့ယူဆပါတယ်။ MPU ကြောင့် မြန်မာ့ဘဏ်လုပ်ငန်းတစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာပြီလို့ မပြောနိုင်ပါဘူး။ မြန်မာ့ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးမယ့် ဆောင်ရွက်ရမယ့် ကိစ္စများစွာထဲက MPU ဟာတစ်ခု ဖြစ်ပါတယ်။ ၂၀၀၃ ဘဏ်များ ပြိုလဲခဲ့ခြင်းမတိုင်ခင်နဲ့ နှိုင်းယှဉ်ရင် အခုကအများကြီးပိုသာပါတယ်။ ဘဏ်ခွဲ အရေအတွက်၊ ဘဏ်အသုံးပြုသူ အရေအတွက်၊ ဘဏ်များတွင် သုံးစွဲနေသော ငွေကြေးပမာဏ၊ ဘဏ်လုပ်ငန်းအတွင်းမှ လူ့စွမ်းအားအရင်းအမြစ်များ စသဖြင့် အများကြီးတိုးတက်နေပါပြီ။

**အစိုးရသစ်တက်လာပြီး ပြောင်းလဲမှုများစွာ ပြုလုပ်ပေးမယ့် စီးပွားရေးအခြေအနေက မကောင်းဘူးလို့ လုပ်ငန်းရှင်တော်တော်များများပြောကြပါတယ်။ ဘဏ်လုပ်ငန်းတွေရဲ့ အခြေအနေရော။**

အစိုးရအသစ်က အပြောင်းအလဲတွေ အများကြီးလုပ်နေပါတယ်။ ဒါပေမယ့် အစိုးရအဖွဲ့ရဲ့ အဓိကကျွမ်းကျင်မှုက နိုင်ငံရေးနဲ့ စီမံအုပ်ချုပ်မှုပါ။ ဒါ့ကြောင့် နိုင်ငံရေးပိုင်း အများကြီး ပွင့်လင်းတိုးတက်လာတယ်။ စီမံအုပ်ချုပ်မှုပိုင်း အရင်နဲ့စာရင် အများကြီးလွယ်ကူချောမွေ့လာတယ်။ စီးပွားရေးအခြေအနေမကောင်းဘူးဆိုတာမှာ အစိုးရပိုင်းက သတိထားမှုများနေတယ်လို့တော့ မြင်ပါတယ်။ အမှားအယွင်းနည်းနိုင်သမျှနည်းအောင်ဂရုစိုက်နေတဲ့အတွက်ထင်သာမြင်သာကြီးတိုးတက်လာတာ မမြင်ရသေးတာပါ။ ပြောင်းလဲမှုတွေတော့ လုပ်နေပါတယ်။ ဒါပေမယ့် အချိန်ယူလေ့လာနေရတာတွေ သိမယ်ထင်တဲ့ ကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ရတာတွေကြောင့် ချက်ချင်းမမြင်သာသေးတာလို့ မြင်ပါတယ်။ အကြံပေးတွေနဲ့ တိုင်ပင်တယ်ဆိုပေမယ့် အကြံပေးတွေပြောသမျှကိုလည်း အစိုးရဆိုတာမျိုးက ထလုပ်လို့ရတာမဟုတ်ဘူးလေ။ အကြံပေးတွေက သူ့ကိုယ်ကျိုးအတွက် အကြံပေးတာလား၊ နိုင်ငံအတွက်ပေးနေတာလားစသဖြင့်အစိုးရက ပြန်လည်ချင့်ချိန်ရသေးတာကိုး။ ဒီတော့မြန်မာနိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာတော့ အမှန်ပဲ။ အချိန်တစ်ခုတော့ ယူလိမ့်ဦးမယ်လို့ မြင်ပါတယ်။

ဘဏ်တွေကတော့ လက်ရှိဆုတ်ယုတ်မှုမရှိ၊ တိုးတက်နေတာမို့ အစိုးရသစ်ပြောင်းပြီး နောက်ပိုင်းတောက်လျှောက်တိုးတက်နေတယ်လို့ပဲမြင်ပါတယ်။ တိုးတက်နှုန်းကတော့ ဘဏ်တွေ မျှော်လင့်သလောက်မရောက်သေးပါဘူး။ တချို့သော ၂၀၀၃နောက်ပိုင်းတားဆီးထားမှုတွေ ဖြေလျှော့လိုက်ရင်တော့ ဘဏ်တွေ ဒီထက်ပိုပြီး တိုးတက်လာမယ်လို့မြင်ပါတယ်။ (ဥပမာ- အကြွေးဝယ်ကတ်စနစ်သုံးစွဲခွင့်ပြုခြင်း၊ ဘဏ်ခွဲဖွင့်ခွင့်ကို အခုထက်လွတ်လပ်စွာ နေရာရွေးချယ်မှုပြုခြင်း၊ ချေးငွေကို ငွေရေးကြေးရေး ဥပဒေပါအတိုင်း ဆောင်ရွက်ခွင့်ပြုခြင်း)

**ဘာများ ဖြည့်စွက်ပြောချင်ပါသလဲ။**

MPU ကို မီဒီယာတွေက စိတ်ဝင်တစားရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က လူတိုင်းဘဏ်သုံးစွဲရေးပါ။ လူတိုင်းဘဏ်သုံးနိုင်တဲ့ အခြေအနေတစ်ခုကိုရောက်တာဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို ယှဉ်ထိုးနှိုင်းယှဉ်နိုင်တဲ့ အခြေအနေတစ်ခုလည်းဖြစ်ပါတယ်။ ဒီအတွက် ဘဏ်များအားလုံးစုပေါင်းဖွဲ့စည်းထားတဲ့ MPU အနေနဲ့လုံခြုံမှု၊ စိတ်ချရမှု၊ အသုံးပြုရလွယ်ကူမှုတွေနဲ့ အတူ ကောင်းမွန်သည်ထက်ပိုကောင်းမွန်လာအောင် အမြဲတမ်းကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်။

**ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## မျက်နှာဖုံး-ကချင်နှင့် ရခိုင်အရေးတွင် နှုတ်ဆိတ်နေခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်

"တစ်ဖက်ကို ပြင်းပြင်းထန်ထန်ပြောရင် ဟိုတစ်ဖက်က ကျေနပ်မှာမဟုတ်ဘူး။ မကျေနပ်တာ ကျွန်မကို မကျေနပ်တာပြောတာ မဟုတ်ဘူးနော်။ ဟိုဘက်ကို မကျေနပ်မှာ။ ပြီးတော့ အချင်းချင်းပဋိပက္ခတွေက ပိုပြီးတော့ကြီးသွားမယ်။ ကျွန်မကနေပြီးတော့ ပြင်းပြင်းထန်ထန်မပြောလို့ မကျေနပ်ရင် မကျေနပ်ပါစေ။ ရပါတယ်။ ဒါပေမဲ့ ဒီပဋိပက္ခတွေပိုပြီးတော့ကြီးထွားသွားမယ့်ကိစ္စတွေကိုတော့ ကျွန်မ မလုပ်နိုင်ဘူး"ဟု ပြတ်ပြတ်သားသား ပြောကြားသွားခြင်း ဖြစ်သည်။

ထို့အပြင် သူမကဆက်လက်၍ "အခြေခံအားဖြင့် ကျွန်မကနေ ပြင်းပြင်းထန်ထန်ပြောရမယ်ဆိုရင်တော့ လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုရင်တော့ ကျွန်မအနေနဲ့ ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်လို့ ပြောပါရစေ။ ဘယ်လူ့အခွင့်အရေးပဲဖြစ်ဖြစ်၊ ဘယ်သူ့အခွင့်အရေးပဲဖြစ်ဖြစ် ဘယ်သူ့ရဲ့ အခြေခံလူ့အခွင့်အရေးပဲဖြစ်ဖြစ် အဲဒီလို ချိုးဖောက်မှုတွေကိုတော့ ကျွန်မ ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်"ဟု ဆိုသည်။

ယင်းကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းပဋိပက္ခများနှင့်ပတ်သက်၍ ပြောကြားသွားခြင်းအပေါ် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC)အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်းပြောကြားချက်ကို ကြိုဆိုကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ ကချင်ပြည်နယ်မှာ လက်နက်ကိုင်အချင်းချင်းတိုက်တာကတော့ပြဿနာမဟုတ်ဘူး။ ပြည်သူတွေမှာ လူ့အခွင့်အရေး

တွေ ချိုးဖော
နေတာ။ ဒေါ်
ပါဝင်စားစွာနဲ့
နေနဲ့ လူ့အခွင့်
ဆင့် ကိုင်တွ
အများကြီးအား
ဥပဒေကော်မ
အဲလိုပြောပြီးမှ
ကိုပဲ စိုးရိမ်ပါ
ဆိုသည်။

ဒေါ်အေ
အခွင့်အရေး
ပြီး ရပ်တည်
ထုအတွက် ခွန်
ထပ်လောင်း

ကချင်ပြ

# ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် သာမန်ပြည်သူများအား ပါဝင်ခွင့်ပေးသင့်ဟုဆို

**ပြည်သိမ်း၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရန်ဆောင်ရွက်ရာတွင် ဒေသခံသာမန်ပြည်သူများ ပါဝင်ဆောင်ရွက်ခွင့်ပေးသင့်ကြောင်း ၈၈ ကျောင်းသားခေါင်းဆောင်ဦးမင်းကိုနိုင်က ကချင်ခရီးစဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ ထိပ်သီးခေါင်းဆောင်များအချင်းချင်းသာအဓိကဆွေးနွေးကြပြီး ဒေသခံများ၊ သာမန်လူများသိရှိရန် ခက်ခဲသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးဒေသခံများ၏အသံကိုနားထောင်၍ ထည့်သွင်းဆွေးနွေးဆောင်ရွက်ပါက ငြိမ်းချမ်းရေးအတွက် အထောက်အကူများ ရနိုင်သည်ဟု ဦးမင်းကိုနိုင်က ဆိုသည်။

“ပြည်သူတွေပူးပေါင်းပါဝင်မှ အောင်မြင်မှာ။ ဒီလိုမဟုတ်ရင် ကြက်ဆူပင်စီမံကိန်းလိုပဲ။ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားလိမ့်မယ်” ဟု ဦးမင်းကိုနိုင်က ပြောကြားသည်။

ပြည်တွင်းငြိမ်းချမ်းရေးအဖြေရှာရန်အတွက် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်ခေါင်းဆောင်သောအဖွဲ့သည် တပ်မတော်နှင့် ကေအိုင်အေတပ်များ တိုက်ပွဲဖြစ်ပွားနေသော ဖားကန့်ဒေသသို့ စက်တင်ဘာလ ၁၄ ရက်မှ ၁၉ ရက်ထိ သွားရောက်ခဲ့ပြီး ၎င်းခရီးစဉ်အတွင်း နှစ်ဖက်တပ်များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

# ဖားကန့်ဒေသတွင် တိုက်ပွဲများ ပြန်လည်ပြင်းထန်

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ - ၂၄**

ဩဂုတ်လလယ်မှစတင်ကာတိုက်ပွဲများဖြစ်ပွားခဲ့သည့် ဖားကန့်ဒေသတွင် စက်တင်ဘာလ ဒုတိယပတ်က တိုက်ပွဲများ လျော့နည်းခဲ့သော်လည်း စက်တင်ဘာ ၂၁ ရက်မှစကာတိုက်ပွဲများပြန်လည်ပြင်းထန်လာကြောင်း ဒုက္ခသည်များအား အကူအညီပေးနေသည့်အဖွဲ့အစည်းများနှင့်ဒေသခံများကပြောသည်။

“ပြီးခဲ့တဲ့သုံးရက်လောက်ကစပြီးတိုက်ပွဲတွေပြန်ပြင်းလာတယ်” ဟု ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဖားကန့်မြို့ တောင်ဘက် ၂၀ မိုင်ခန့် အကွာတွင် တည်ရှိသည့် ဖားကန့်-တာမခန်လမ်းပေါ်တွင် စက်တင်ဘာ ၂၁ရက်နေ့လယ် ၁၁ နာရီခန့်မှစ၍ ကေအိုင်အေနှင့်မြန်မာတပ်မတော်ကြား ပစ်ခတ်တိုက်ခိုက်မှုအချို့ရှိခဲ့ရာ အဆိုပါလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံများမှာ ဖားကန့်မြို့နှင့် ဆက်လျက်ရှိသည့် ဆိုင်းတောင်နှင့် တာမခန်ရွာများသို့ ပြောင်းရွှေ့တိမ်းရှောင်နေကြကြောင်း ဖားကန့်မြို့နှင့် ဆိုင်းတောင်ရွာဒေသခံများထံမှသတင်းရရှိသည်။

စက်တင်ဘာ ၂၂ရက် နံနက် ၁၁ နာရီဝန်းကျင်ခန့်က ဆိုင်းတောင်ရွာနှင့် ၁၀ မိုင်ခန့်အကွာ၊ ဖားကန့်-တာမခန်လမ်း အလယ်ဗဟိုတွင်ရှိသည့် ကသိုဏ်းတောင်တွင် လက်နက်ကြီး လက်နက်ငယ်ပစ်ခတ်တိုက်ခိုက်သံများကြားခဲ့ရပြီး ညပိုင်းတွင် တစ်ကြိမ်၊ ၂၃ ရက်နံနက်ပိုင်းနှင့် ညပိုင်းအထိ တိုက်ခိုက်သံများ ဆက်လက်ကြားခဲ့ကြောင်း၊ စက်တင်ဘာ ၂၄ရက်နေ့လယ် ၂နာရီအချိန်ခန့်တွင်လည်း ဆိုင်းတောင်ရွာမှ နှစ်မိုင်ခန့်ဝေးသည့် မော်ရကင်တွင်လည်း တောင်ယာသွားသည့် ဒေသခံသုံးဦး မိုင်းနင်းမိပြီး ဖားကန့်ဆေးရုံသို့ တင်ပို့ထားရကြောင်း၊ လွန်ခဲ့သည့်လေးရက်ခန့်မှစ၍ ဖားကန့်-တာမခန်လမ်းကိုပိတ်ဆို့ထားကြောင်း ဆိုင်းတောင်ရွာမှ ဒေသခံတစ်ဦးကပြောသည်။

စက်တင်ဘာ ၂၂မှ ၂၄ရက် နံနက်အစောပိုင်းအထိ ကသိုဏ်းတောင်ကုန်းမှ ထွက်ပေါ်လာသောလက်နက်ကြီးလက်နက်ငယ်ပစ်ခတ်သံ၊ တိုက်ပွဲသံများကြောင့် အနီးအနား ပတ်ဝန်းကျင်ရှိ မော်ရွာများမှ ဒေသခံများမှာ တိုက်ပွဲဖြစ်ပွားရာနေရာ၏ တစ်ဖက်ဆီတွင်ရှိသည့် တာမခန်နှင့် ဆိုင်းတောင်သို့ ထွက်ပြေးတိမ်းရှောင်သွားကြကြောင်း ဖားကန့်ဒေသခံတစ်ဦးကပြောသည်။

“မော်မောင်းလယန်မှာ အလှူရှိလို့ သွားကြတာ။ ပစ်ခတ်တိုက်ခိုက်သံတွေကြားလို့ပြန်ပြေးလာကြတယ်”ဟု စက်တင်ဘာ ၂၂ရက်က ကသိုဏ်းတောင်အနီးရှိမော်မောင်းလယန်ရွာသို့ အလှူပွဲသွားရောက်ခဲ့သည့်ဖားကန့်မြို့ခံတစ်ဦးကပြောသည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ တိုက်ပွဲများပြင်းထန်နေသော ဖားကန့်ဒေသသို့ ရောက်ရှိနေစဉ်ကာလတွင် တိုက်ပွဲများဖြစ်ပွားမှု နည်းပါးသွားခဲ့ပြီး ကိုမင်းကိုနိုင်တို့ ပြန်သွားသည့်အချိန်မှစကာ တိုက်ပွဲများ ပြန်ဖြစ်ပွားလာကြောင်း ဒေသခံများကပြောကြားသည်။

တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်သူ ဒုက္ခသည်ဦးရေမှာလည်း တစ်နေ့ထက်တစ်နေ့ များပြားလာပြီး ဖားကန့်မြို့တွင် လူအသွားအလာမှာလည်း ခြောက်ကပ်ကာ မြို့၏ အဓိကစီးပွားရေးဖြစ်သော ကျောက်စိမ်းဈေးကွက်မှာလည်း အရောင်းအဝယ်ဖြစ်ရုံသာရောင်းချနေကြရကြောင်း ဖားကန့်မြို့ခံတစ်ဦးကပြောကြားသည်။

# လက်ပန်းတောင်းတောင်ကိစ္စ ရန်ကုန်တွင် ဆွေးနွေးမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊စက်တင်ဘာ-၂၄**

လက်ပန်းတောင်းတောင်နှင့် ချင်းတွင်းသဘာဝကို အတတ်နိုင်ဆုံးကာကွယ်နိုင်ရန် ဆွေးနွေးပွဲတစ်ရပ် ရန်ကုန်မြို့၌ စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီကပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရှင်များ၊ အနုပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လက်ပန်းတောင်းတောင်မှ ရွှေ့ပြောင်းရန် သတိပေးခံရသော ရွာများမှ ဒေသခံကိုယ်စားလှယ်များ တက်ရောက်နိုင်ရန် ကြိုးစားနေကြောင်း စက်တင်ဘာ ၂၄ရက်တွင် ၈၈ မျိုးဆက်ကျောင်းသားများရုံးခန်းတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ကိုဂျင်မီက ပြောသည်။

“ဒီလိုလုပ်ခြင်းအားဖြင့် ဘာတွေများ အကျိုးသက်ရောက်မှုရှိနိုင်မလဲ မေးလာရင် တစ်ခုခုထူးခြားလာမယ် ထင်ပါတယ်”ဟု အဆိုပါ ဆွေးနွေးပွဲကျင်းပရမည့် အကြောင်းရင်းကို၎င်းကရှင်းပြသည်။

လက်ပန်းတောင်းတောင်နှင့် ချင်းတွင်းသဘာဝကို အတတ်နိုင်ဆုံး ကာကွယ်နိုင်ရန် ဆွေးနွေးပွဲများကို မန္တလေးမြို့နှင့် မုံရွာမြို့များတွင်လည်း ဆက်လက်ကျင်းပနိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်။

၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီ ဦးဆောင်သောအဖွဲ့သည်လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကိစ္စနှင့် ပတ်သက်၍ ယခုလ ၁၂ရက်မှ ၁၅ ရက်ထိ မုံရွာမြို့သို့ သွားရောက်လေ့လာခဲ့သည်။

# နေ့ပြန်တိုးပေးသော အမျိုးသမီးတစ်ဦး အကြွေးများဆုံး၍ ရေထဲခုန်ချ အဆုံးစီရင်

**ကျော်ဇေယျ**

**နေပြည်တော်၊**

**စက်တင်ဘာ-၂၅**

ချေးထားသော အကြွေးများပြန်မရ၍ နေ့ပြန်တိုးပေးသော အမျိုးသမီးတစ်ဦး စိတ်ညစ်ကာ ရေထဲခုန်ချပြီး မိမိကိုယ်ကို မိမိအဆုံးစီရင်ခဲ့သော ဖြစ်ရပ်တစ်ခုသည်စက်တင်ဘာ ၂၄ရက်မနက်ပိုင်းက နေပြည်တော် ပျဉ်းမနားတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနားရဲစခန်းမှ ဒုရဲအုပ်အောင်မြတ်သည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် စက်တင်ဘာ ၂၄ ရက် မနက် ၈ နာရီအချိန်ခန့်က နေပြည်တော် ပျဉ်းမနား၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဘေးရှိ မေတ္တာကန်အတွင်းတွင် အမျိုးသမီးအလောင်းတစ်လောင်းပေါ်နေကြောင်း သတင်းအရသွားရောက်စစ်ဆေးခဲ့သည်ဟု ဆို၏။

သေဆုံးသူ အမျိုးသမီးအလောင်းတွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမှ မတွေ့ရဘဲ ရေနစ်သေဆုံးသော လက္ခဏာများဖြင့် တွေ့ရှိရပြီး စုံစမ်းရာ အဆိုပါ အမျိုးသမီးမှာ နေပြည်တော်ပျဉ်းမနား ဉယျာဉ်စုအုပ်စုနေ အသက်(၄၄) နှစ်အရွယ် ငွေတိုးချေးစားသူ အမျိုးသမီးဟု သိရသည်။ ၎င်းသည် စက်တင်ဘာလ ၂၃ ရက်ကတည်းက နေ့ပြန်တိုးချေးထားသော ငွေများပြန်မရဘဲ ဆုံးရှုံးနေသဖြင့်“ရေထဲခုန်ချကာ မိမိကိုယ်ကို မိမိသတ်သေမည်”ဟု ယင်း၏ အသိုင်းအဝိုင်း မိတ်ဆွေများကို လိုက်လံပြောနေကြောင်း အသိသက်သေများ ၏ ထွက်ချက်အရ သိရသည်။

ထိုသို့ပြောဆိုနေပြီး နောက်တစ်နေ့ မနက်ပိုင်းတွင် သူမ၏ အလောင်းအား ပေါင်းလောင်း ၂ ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဘေးရှိမေတ္တာကန်အတွင်းတွင်ရှိရသည်ဟု ဆို၏။ အဆိုပါမေတ္တာကန်မှာ အလျား ၆၀ ပေ၊ အနံ ၅၀ ပေ၊ အနက် ၇ ပေရှိသော အလှရေကန်ဖြစ်ပြီး အလောင်းအားမြောက်ဘက်ကမ်းစပ်မှ ၁၅ ပေအကွာရေထဲတွင် တွေ့ရသည်။

၎င်းနေ့ပြန်တိုး ပေးထားပြီး ပြန်မရသောငွေမှာ ကျပ်သိန်း ၂၀ ကျော်ရှိသည်။ သူမတွင် အသက် (၁၂) နှစ် သမီးတစ်ဦးရှိကြောင်း သတင်းရရှိသည်။

သို့ဖြစ်၍ မှုခင်းဆေးပညာအရ စစ်ဆေးနိုင်ရန် အလောင်းအားကုတင် ၂၀၀ ဆေးရုံသို့ ပို့ဆောင်ပြီး ယင်းသေဆုံးမှုဖြင့် ပတ်သက်၍ နေပြည်တော် ပျဉ်းမနားရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃၇/ ၂၀၁၂ အရ အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရှင်းမှ

က်ခံနေရတာက ပိုအရေးကြီး
စုက ဒီကိစ္စကို တကယ်ပဲစိတ်
ပြောခဲ့တာဆိုရင်တော့ သူ့အ
အရေးကိစ္စကို နိုင်ငံတကာအ
ယ်ဆောင်ရွက်သွားမယ်ဆိုရင်
ဆင်ပြေသွားမှာပါ။ အခုတရား
တီဥက္ကဋ္ဌလည်း ဖြစ်နေတော့။
ဒေါ်စုဒီကိစ္စကိုမကိုင်တွယ်မှာ
တယ်”ဟုဒေါက်တာဆမ်ဖွန်က

ာင်ဆန်းစုကြည်အနေဖြင့် လူ့
ချိုးဖောက်မှုများနှင့်ပတ်သက်
ပြာဆိုသွားခြင်းကိုက ကချင်လူ
အားဖြစ်စေကြောင်း ၎င်းကပင်
ကပြောကြားသည်။
ပြည်နယ်အတွင်း တင်းမာနေ

သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် မြန်မာ့တပ်မတော်ကြားတိုက်ပွဲများကြောင့် နှစ်ဖက်ငြိမ်းချမ်းရေးစကားဝိုင်းများကြားကပင်သောင်းနှင့်ချီသော ဒုက္ခသည်များ နေရပ်စွန့်ခွာထွက်ပြေးနေရပြီး ဒေသခံသေဆုံးမှုများနှင့် နှစ်ဖက်တပ်မတော်သားသေဆုံးမှုများလည်းရှိနေသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်း ဇွန်လအတွင်းက စတင်ခဲ့သော ပဋိပက္ခပြဿနာများမှ နောက်ဆက်တွဲအဖြစ် ပြည်နယ်တွင်း ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီများကြား အတူတကွ ဆက်လက်ပူးတွဲနေထိုင်ရေးအတွက် ပြဿနာများရှိနေဆဲ ဖြစ်သည်။

ယင်းပြည်တွင်းပဋိပက္ခများနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများသို့လည်းသွားရောက်ခဲ့ကာ ဆွေးနွေးပြောဆိုမှုများစွာပြုလုပ်ခဲ့သည့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှခေါင်းဆောင်တစ်ဦးဖြစ်သောဦးကိုကိုကြီးက ၎င်း၏ခံယူချက်နှင့်ပတ်သက်၍ ယခုကဲ့သို့ ပြောကြားသည်။

“အရင်တုန်းကတော့ အစိုးရနဲ့ဖြစ်တဲ့ပြဿနာ အစိုးရမှာပဲတာဝန်ရှိတယ်ဆိုတဲ့ အခြေအနေမျိုးပေ့ါ။ အခုတော့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်ပတ်သက် သူအားလုံး၊ တာဝန်ရှိတဲ့သူအားလုံး၊ နောက်ကိုယ့်ကိုယ်ကိုယ်တာဝန်ရှိသူဟု ခံယူထားသူအားလုံး ပူးပေါင်းပါဝင်ဖို့ လိုတာပေ့ါ။ ဒါမှလည်း ရေရှည်တည်ငြိမ်ရေး တည်ဆောက်နိုင်မှာ” ဟု ဦးကိုကိုကြီးက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက်နှင့်ပတ်သက်ပြီး ၎င်းအမြင်ကိုမေးမြန်းရာ “ဒီကိစ္စကတော်တော်လေးအကဲဆတ်တဲ့ကိစ္စဆိုတော့ သတိထားပြီး ကိုင်တွယ်နေပုံရပါတယ်။ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်မှာဒေါ်စုအနေနဲ့ ထည့်သွင်းစဉ်းစားစရာကိစ္စတွေ အများကြီးနေမှာပါ။ လိုအပ်တဲ့အချိန်ကျရင်တော့ တိကျတဲ့သဘောထားဖြေရှင်းချက်တွေကိုပါဝင်ဆောင်ရွက်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းတွင် တိုင်းရင်းသားပါတီများက ၎င်းနှင့် ၎င်း၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား အစဉ်တစ်စိုက်ထောက်ခံအားပေးခဲ့ပြီး အတူတကွ ရပ်တည်ပေးခဲ့ကြောင်း လေးလေးနက်နက် ထုတ်ဖော်ပြောကြားခဲ့ သည်။

ကြားဖြတ်ရွေးကောက်ပွဲ ကာလက ၂၀၁၂ ဖေဖော်ဝါရီလအတွင်း ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်သို့ စည်းရုံးရေးခရီးစဉ်အဖြစ် နေအိမ်အကျယ်ချုပ်ကလွတ်မြောက်အပြီး ပထမဆုံးအကြိမ်သွားရောက်ခဲ့သည်။

ထိုခရီးစဉ်အတွင်း မြစ်ကြီးနားမြို့ပေါ်ရှိ ကချင်ဒုက္ခသည်စခန်းတစ်ခုကိုမျှ သွားရောက်ခဲ့ခြင်းမရှိသည့်အတွက် ကချင်ပြည်သူတို့က ဒေါ်အောင်ဆန်းစုကြည်အပေါ် နားလည်ရခက်သည့် ခံစားချက်ရှိခဲ့ကြကြောင်း ဒေါက်တာဆမ်ဖွန်က ပြောသည်။

“ဒေါ်စုအနေနဲ့ အလှူငွေထည့်ဝင်တာတွေရှိပါတယ်။ ဒါပေမဲ့ ပိုက်ဆံပံ့ပိုးတာထက် သူရောက်ခိုက် ဒုက္ခသည်တွေကို တစ်နေရာလောက်ဖြစ်ဖြစ် လာကြည့်စေချင်ကြတာပါ။ သူ့ကို အပြစ်လည်းပြောလို့မရပါဘူး။ ဒါပေမဲ့ သူသွားကြည့်ခဲ့ရင် လူထုအတွက် ခွန်အားရှိတာပေ့ါ” ဟု ၎င်းက ဆက်ပြောပြသည်။

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

## အချပ်ပို(I)ဒေါ်အောင်ဆန်းစုကြည်နှင့် စီအင်န်အင်န် သတင်းဌာန တွေ့ဆုံမေးမြန်းမှုကောက်နုတ်ချက် မှ

ဒ့်ကြောင့်ပဲကျွန်မမှာသူတို့အပေါ် သူတို့လုပ်နေတာကို မကြိုက်တာ တောင်မှပျော့ပျောင်းတဲ့ သဘောထားရှိနေတာဖြစ်ပါတယ်။ ဒါဟာ သူတို့ကိုမနှစ်သက်တာနဲ့ကွာခြားပါတယ်။

**ကျွန်မတော့ အံ့ဩသွားပါပြီ။**

တကယ်လား။

**ဟုတ်ကဲ့။ ကျွန်မအံ့ဩသွားရပါတယ်။**

ကျွန်မအတွက် ဒီလိုနည်းနဲ့ ခံစားမိတာ လုံးဝသဘာဝကျတယ်လို့ထင်ပါတယ်။

**သမ္မတကြီးနဲ့ ဒေါ်စုရဲ့ဆက်ဆံရေးဟာ ပုဂ္ဂိုလ်ရေးဆက်ဆံမှု တင်မက နိုင်ငံရေးအရဆက်ဆံမှုမှာပါ အရေးပါတယ်လို့ ယုံကြည်ပါသလား။ စစ်အာဏာရှင်စနစ်ကနေ အပြည့်အဝ ဒီမိုကရေစီစနစ်ဆီ မှန်မှန်ကန်ကန် ကူးပြောင်းရေးမှာ အရေးပါတယ်လို့ ယုံကြည်ပါသလား။**

ဒီလိုမျိုး အလုပ်တစ်ခုကို 'ပုဂ္ဂိုလ်ရေးအရ' လို့ ဖန်တီးလိုက်တာဟာ အမြဲပဲအန္တရာယ်နည်းနည်းရှိတယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ဟာ ဒါကိုပိုပြီး ခမ္မခိဌာန်ကျတဲ့ ရှုထောင့်ကနေ ကြည့်သင့်တယ်ထင်ပါတယ်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးတို့ဟာလည်း ကျွန်မတို့အနေနဲ့ ဒီမိုကရေစီအင်စတီကျူးရှင်းတွေနဲ့ အလေ့အကျင့်တွေ ပိုအားကောင်းအောင် အတူတကွကြိုးပမ်းအားထုတ်နေရာမှာ အရေးကြီးတယ်လို့ ထင်ပါတယ်။

**ဒါပေမဲ့ ဒီလိုမျိုး ပုဂ္ဂိုလ်ရေးအရဆက်ဆံမှုကို အခြေမတည်ချင်ဘူးဆိုတာ ကျွန်မသိပါတယ်။ ကျွန်မ မြင်တာက ဒါကို ဒေါ်စုအနေနဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှုမှာ အများကြီး အခြေတည်မထားချင်ဘူးပေါ့လေ။ ဒါပေမဲ့ ကိစ္စရဲ့အမှန်တရားကတော့ (နိုင်ငံရေး)ဟာ ဒေါ်စုနဲ့ပတ်သက်တာဖြစ်နေပါတယ်။ ဒေါ်စုဟာ ဒါကို (နိုင်ငံရေးအပြောင်းအလဲ ကို) ဖန်တီးတဲ့ သူဖြစ်နေပါတယ်။ တစ်ယောက်ယောက်မပါဘဲ မဖြစ်နိုင်ဘူးဆိုတော့. . .**

(စကားဖြတ်လျက်)

အိုး. . ။ ကျွန်မကတော့ အဲဒီလိုမထင်ပါဘူး။ တခြားသူတွေ အများကြီး အများကြီးမပါဘဲ၊ ကျွန်မတို့ ပြည်သူတွေမပါဘဲ ဖြစ်လာမှာမဟုတ်ပါဘူး။ အမေရိကန်ပြည်သူတွေကလည်း ကျွန်မတို့ကို ထောက်ခံခဲ့ပြီး၊ အမေရိကန်အစိုးရကလည်း ကူညီအားပေးခဲ့တယ်။ ဒါနဲ့ပတ်သက်လို့ အမေရိကန်ကွန်ဂရက်ကိုလည်း တကယ်ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာနှစ်ပေါင်းများစွာထောက်ခံခဲ့ကြလို့ပါ။

ဒ့်ကြောင့် လူတစ်ယောက်ဟာ ကိုယ့်ရဲ့လုပ်ဆောင်မှုတွေနဲ့ ဆုံးဖြတ်ချက်တွေအတွက် တာဝန်ယူမှုရှိရပါမယ်။ ဒါပေမဲ့ ကောင်းဖို့အတွက် ဖြစ်လာတဲ့ အရာအားလုံးဟာ တစ်ဦးတစ်ယောက်တည်းက လုပ်လို့ ဖြစ်တာလို့တော့ မထင်မှတ်သင့်ပါဘူး။

**နေအိမ်အကျယ်ချုပ်ကာလမှာတုန်းက ဒေါ်စုဟာ ရှင်သန်နိုင်ဖို့အတွက် ခေါင်းမာခဲ့တယ်လို့ ကျွန်မ ထင်မိပါတယ်။ ကိုယ်လုပ်နေတာအတွက် ကိုယ်တိုက်ပွဲဝင်နေတာအတွက် မစေ့စပ်မညှိနှိုင်းဘဲ လုပ်ရမယ်လို့ပေါ့လေ။ အခုတော့ ဒေါ်စုဟာ ညှိနှိုင်းမှုလုပ်ဖို့ လိုအပ်နေကြောင်း ပြောနေပါပြီ။ ဒီအပြောင်းအလဲကို ရှင်းပြပေးပါ။**

ဟုတ်ကဲ့။ ဒါဟာ ဘယ်တော့မှ အပြောင်းအလဲတစ်ခု မဟုတ်ခဲ့ပါဘူး။ ကျွန်မဟာ တစ်ခါမှ ဆွေးနွေးညှိနှိုင်းဖို့ အခွင့်အရေးမရခဲ့ပါဘူး။ လူတွေက ရှင့်ကို စကားမပြောရင် ရှင်ဟာ သဘောတူညီချက်မရနိုင်ပါဘူး။ ဘယ်လိုဒိုင်ယာလော့ခ်ပုံစံမှ မရှိဘူးဆိုကတည်းက ဒီမိုကရေစီအတွက် အင်အားစုတွေနဲ့ ကျွန်မတို့နဲ့ဘယ်လိုပုံစံမျိုး ညှိနှိုင်းဆွေးနွေးမှုမှ မရှိနိုင်ပါဘူး။

လူတွေက ပြောကြတယ်။ ကျွန်မ ပြောင်းလဲသွားပြီတဲ့။ ကျွန်မဟာ ထိပ်တိုက်ရင်ဆိုင်ခဲ့တယ်လေ။ ဒါပေမဲ့ကျွန်မကတော့ ကျွန်မ ဘာမှမပြောင်းလဲပါဘူး။ အခြေအနေတွေက ပြောင်းလဲသွားတာပဲဖြစ်မှာပါ။ ကျွန်မလည်း ရင့်ကျက်လာပါပြီ။ ဒီလိုပဲမျှော်လင့်ပါတယ်။ လူတစ်ဦးဟာ အနှစ် ၂၀ ကျော်ကြာရင် ရင့်ကျက်သင့်ပါတယ်။

**ဒါပေမဲ့ ဒေါ်စု ပြောဖူးတာက ကျွန်မတို့ဟာ အခုမှ ညှိနှိုင်းမှုအတတ်ပညာ၊ အပေးအယူကိစ္စကို စတင်သင်ကြားနေရတုန်း၊ သဘောထားကွဲလွဲမှုကို အောင်မြင်အောင် လုပ်နေရတုန်းလို့ ပြောခဲ့တယ်နော်။**

ဒါက ဥပဒေပြုရေးအပိုင်းမှာပါ။ ပြီးခဲ့တဲ့လအနည်းငယ်က ဥပဒေပြုရေးနဲ့ပတ်သက်လို့ ပြောစဉ်မှာဖြစ်ပါတယ်။ အခြေအနေတွေ ဖြစ်ပေါ်နေပုံနဲ့ပတ်သက်လို့ ပြောစဉ်မှာဖြစ်ပါတယ်။ အခြေအနေတွေ ဖြစ်ပေါ်နေပုံနဲ့ပတ်သက်ပြီး ကျွန်မ သိပ်အားရမိကြောင်းပြောရမှာပါ။ ကျွန်မတို့မှာ အလွန်မျှတတဲ့ လွှတ်တော်ဥက္ကဋ္ဌ တစ်ဦးရှိနေပြီး သူက ကျွန်မတို့ကို (လွှတ်တော်မှာ နေရာရတဲ့အရေအတွက်)အလွန်သေးငယ်ပေမယ့် အတိုက်အခံအဖွဲ့အဖြစ် ဆက်ဆံနေပါတယ်။

**ဒေါ်စုဟာ အရေးယူပိတ်ဆို့မှုတွေအကြောင်း ပြောခဲ့ပါတယ်။ ဒီပိတ်ဆို့မှုတွေဟာ အပြောင်းအလဲတွေ ဖြစ်ပေါ်စေရာမှာ တကယ်ထိရောက်မှုရှိသလားဆိုတာနဲ့ ပတ်သက်လို့ အငြင်းအခုန်တွေရှိခဲ့တယ်။ ပိတ်ဆို့မှုတွေက စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီဆီ ဦးတည်တဲ့လမ်းဖြစ်ပေါ်စေမလားဆိုတာနဲ့ ပတ်သက်လို့ပေါ့လေ။**

**ဒေါ်စုအနေနဲ့ ပိတ်ဆို့မှုတွေက လက်တွေ့မှာရော ထိရောက်ခဲ့တယ်လို့ထင်ပါသလား။ ဘာကြောင့်လဲဆိုတော့ အဲဒါတွေဟာ တကယ်ပဲ သာမန်လူထုကို ထိခိုက်စေခဲ့ပါတယ်။ လူတွေအများကြီး အလုပ်အကိုင်တွေ ဆုံးရှုံးခဲ့ရပါတယ်။**

ဟုတ်ပါတယ်။ ပိတ်ဆို့မှုတွေ တစ်ခုတည်းက ပြုပြင်ပြောင်းလဲမှုတွေကို သယ်ဆောင်လာတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပိတ်ဆို့မှုတွေဟာ သိပ်အရေးပါတဲ့အခန်းက ပါဝင်တယ်လို့ ကျွန်မ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလို မဟုတ်ခဲ့ဘူးဆိုရင် ဒီမြန်မာအစိုးရဟာ ဘာကြောင့် ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့ တောင်းဆိုခဲ့ရတာလဲ။ ကျွန်မ ထင်တာကတော့ အဲဒါတွေဟာ နိုင်ငံရေးအရ သိပ်ပြီးထိရောက်ခဲ့တယ်လို့ ထင်ပါတယ်။ ပိတ်ဆို့မှုတွေက မြန်မာ့စီးပွားရေးကိုအများကြီးထိရောက်ခဲ့တယ်ဆိုတဲ့ အချက်ကို ကျွန်မ သဘောမတူပါဘူး။

အိုင်အမ်အက်ဖ်ကို ကျွန်မ အမြဲကိုးကားပြီး ပြောခဲ့ပါတယ်။ သူတို့က မြန်မာ့စီးပွားရေးဟာ ပိတ်ဆို့မှုတွေကြောင့် အများကြီး မထိခိုက်ခဲ့ဘူး။ မြန်မာပြည်မှာ ဖြစ်တဲ့ပြဿနာက စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့် ဖြစ်တယ်ဆိုပြီး နိဂုံးချုပ်ခဲ့ပါတယ်။

**ဒါဖြင့် ပိတ်ဆို့မှုတွေဟာ စီးပွားရေးထက် နိုင်ငံရေးနဲ့ စိတ်ပိုင်းဆိုင်ရာကို ပိုထိရောက်တယ်လို့ ထင်တယ်ပေါ့။**

ဟုတ်ပါတယ်။

**ဒါတွေက ပိုပြီးထိရောက်ခဲ့တယ်ပေါ့။**

ကျွန်မ အဲသလို ထင်ပါတယ်။

**ဒေါ်စုကို ကျွန်မ ပုဂ္ဂိုလ်ရေးဆိုင်ရာမေးခွန်းတချို့ မေးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒေါ်စုကလည်း အလွန်လူသိများတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်နေတယ်ဆိုတော့လေ။**

ကျွန်မ များသောအားဖြင့် ပုဂ္ဂိုလ်ရေးမေးခွန်းတွေကိုမကြိုက်ပါဘူး။(ရယ်လျက်)

**ဟုတ်ကဲ့ ဒေါ်စုမကြိုက်တာ ကျွန်မသိပါတယ်ရှင့်။ ဒါပေမဲ့ အမေတစ်ဦးအနေနဲ့ကိုယ်လုပ်ဆောင်ခဲ့တာနဲ့ပတ်သက်လို့ ပေးဆပ်ရတဲ့တန်ဖိုးနဲ့ပတ်သက်ပြီး မေးချင်လို့ပါ။ ဒီလိုအလုပ်လုပ် နေတဲ့မိခင်တွေ တော်တော်များများဟာ ဒေါ်စုလည်း သိပါတယ်။ ကျွန်မတို့ဟာ ကိုယ့်ရဲ့ တာဝန်လစ်ဟင်းရမှုတွေနဲ့ လုံးထွေးနေရတာ၊ ကိုယ့်ကလေးတွေအဖို့ ဘယ်လိုလုပ်ပေးရမယ်ဆိုတာနဲ့ပတ်သက်လို့ ပြဿနာတွေ့နေတတ်တာဆိုတော့လေ။ ပြီးတော့ ဒေါ်စုရဲ့ကလေးတွေကကျွန်မစိတ်ကူးမိသလောက် တခြားသောအမေတွေရဲ့ကလေးတွေထက်ပိုပြီး စိတ်ခံစားရတာ၊ ကြေကွဲတာ ပိုများမှာပါ။**

**ဒေါ်စုအနေနဲ့ တစ်နေ့မှာတော့ ကိုယ့်သားတွေအတွက် ဘယ်လိုလုပ်ပေးနိုင်မယ်ဆိုတာတွေးမိပါသလား။ ဒီလို(အတွေး) ကိုယ့်မှာ ရှိတယ်လို့ရော ခံစားမိသလား။ ဒါဟာ ဖြေရှင်းထားပြီးသား (မိဘနဲ့ သားသမီး)ဆက်ဆံရေးတစ်ရပ်လို့ ခံစားမိနေပါသလားရှင့်။**

ကျွန်မကတော့ ကျွန်မကလေးတွေအတွက် အစားထိုးပြန်လုပ်ပေးရမယ်လို့ မတွေးပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ ဘာပဲဖြစ်ဖြစ် ကလေးတွေမဟုတ်ကြတော့ပါဘူး။ သူတို့က အရွယ်ရောက်ခဲ့ကြပါပြီ။ သူတို့ကိုကလေးတွေလိုမျိုးလုပ်ပေးဖို့ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က ကလေးတွေ မဟုတ်ကြတော့တာရယ်၊ သူတို့ကိုလည်း ကျွန်မက ကလေးတွေလို ဆက်ဆံတာကို မကြိုက်ကြတော့တာရယ်ကြောင့်ပါ။

အမှန်ကလည်း သူတို့ဟာ ကလေးတွေလိုဆက်ဆံခံရတာကို မကြိုက်ကြတော့တာ ကျွန်မ သေချာပြောရဲပါတယ်။ ဒ့်ကြောင့် ကျွန်မ ရိုးရိုးပဲ ဆန္ဒရှိတာကတော့ ကျွန်မတို့ကို ခွဲခြားထားတဲ့(နေရာဒေသ)အကွာအဝေးတစ်လျှောက်မှာ သူတို့နဲ့ ဆက်ဆံရေးကောင်းတစ်ခုတည်ဆောက်ချင်တာပါပဲ။

**ဒေါ်စုဟာ (အမေရိကန်မှာ နေထိုင်နေတဲ့သားကြီး)အလက်ဇန္ဒားနဲ့ (အနေဝေးပြီး) စိမ်းနေတယ်လို့ ကျွန်မဖတ်ရဖူးပါတယ်။ ဒါပေမဲ့ သူ့ကို သွားတွေ့မယ် မဟုတ်လား။**

ကျွန်မသားနဲ့ ကျွန်မတို့ မစိမ်းကြပါဘူး။ ဒါမျိုးက တစ်ဦးနဲ့တစ်ဦး နှစ်ပေါင်းများစွာ မမြင်ရတဲ့ လူတွေအနားမှာဖြစ်တတ်တဲ့ကောလာဟလတစ်မျိုးလို့ထင်ပါတယ်။

**လာမယ့် ၂၀၁၅ ရွေးကောက်ပွဲတွေကနေ ဒေါ်စု ဘာတွေမျှော်လင့်ထားသလဲ။ ဒေါ်စုတို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်နေရာအများစုဖြစ်လာမယ် မျှော်လင့်ထားပါသလား။**

၂၀၁၅ အကြောင်း တွေးဖို့ စောသေးတယ်ထင်ပါတယ်။ နောက်နှစ်နှစ်လောက်က ပိုအရေးကြီးတယ်။ ကျွန်မထင်ပါတယ်။ ဒီမိုကရေစီအလုပ်ဖြစ်အောင် ကျွန်မတို့ ဘယ်လိုလုပ်မလဲဆိုတာကိုပေါ့။ ဒါကပဲ ၂၀၁၅ မှာ ဘယ်လိုဖြစ်မလဲဆိုတာကို ဆုံးဖြတ်ပါလိမ့်မယ်။

**ကျွန်မတို့ နောက်ဆုံးပြောကြတော့ ဒေါ်စုဟာ သတိမပါတဲ့ အကောင်းမြင်မှုအကြောင်းသတိပေးခဲ့ဖူးတယ်။ ဒီကာလတွေမှာမြန်မာနဲ့ပတ်သက်လို့ အကောင်းမြင်ကြမှုတွေဟာ (မဆင်မခြင်ပုံစံမျိုး) ဆန်နေပါသလား။ ဒါမှ မဟုတ် အခုဆို မြန်မာဟာ လမ်းကြောင်းမှန်ပေါ်ရှိနေပြီလို့ ခံစားမိပါသလား။**

တချို့နေရာတွေမှာတော့ မဆင်မခြင်ဖြစ်နေတယ်လို့ကျွန်မထင်ပါတယ်။ မြန်မာပြည်မှာ အလုပ်လုပ်ဖူးတဲ့ ကျွန်မ အကြိုက်ဆုံး စီးပွားရေးပညာရှင် ရှောင်တန်နယ်ကို ကျွန်မ ကိုးကားပါမယ်။ သူက ရင်းနှီးမြှုပ်နှံသူတွေ အလောတကြီး ဝင်လာကြတဲ့အကြောင်းပြောဖူးတယ်။ ကျွန်မလည်း အဲဒီလိုမျိုး မဖြစ်စေချင်ပါဘူး။ အဲဒါက ကျွန်မ တို့တိုင်းပြည်ကို ကူညီနိုင်မှာ မဟုတ်ပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေမယ်လို့ ကျွန်မ ထင်ပါတယ်။

ဒါကြောင့်လူတိုင်းကိုယ်လုပ်နေတာနဲ့ ပတ်သက်လို့ ကောင်းတာရော၊ မကောင်းတာရော ချိန်ဆဖို့ ကျွန်မတို့တိုင်းပြည်အတွက်ရော၊ သူတို့အတွက်ပါ အကောင်းဆုံးဖြစ်တာကို လုပ်ကြဖို့ စဉ်းစားစေချင်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို အမြတ်ရစေချင်ပါတယ်။ ရင်းနှီးမြှုပ်နှံရခြင်းကလည်း ဒါပဲလေ။ သူတို့ ရင်းနှီးမြှုပ်နှံမှုတွေ အသီးအပွင့်ပွင့်ရပါလိမ့်မယ်။ ဒီအသီးအပွင့်ဟာလည်း ကျွန်မတို့ ပြည်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေကြားမှာ ဝေမျှသင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ဒေါ် အောင်ဆန်းစုကြည်ရှင့်။**

ကျေးဇူးပါ။

—Ref: CNN's Amanpour: Interview with Aung San Suu Kyi, 21st Sept

## ပြည်ခိုင်ဖြိုးပါတီ ပထမအကြိမ် ဗဟိုညီလာခံ ကျင်းပမည်

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ - ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပထမဆုံးအကြိမ် ပါတီဗဟိုညီလာခံကို အောက်တိုဘာလဒုတိယပတ်၌ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအချိန်တွင် ပါတီညီလာခံများကိုမြို့နယ်အဆင့် ကျင်းပနေပြီဖြစ်ပြီး ပြည်နယ်/တိုင်းအဆင့်ညီလာခံများကို အောက်တိုဘာလဆန်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုညီလာခံတွင် ပါတီဖွဲ့စည်းပုံကို ပြန်လည်အတည်ပြုမည်ဖြစ်ပြီး ပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များကို တစ်ဦးချင်း ပြန်လည်ရွေးချယ်ပြီး ခန့်အပ်သွားမည်ဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းကပြောသည်။

ထို့ပြင်ပါတီက လုပ်ဆောင်ခဲ့သည့် အလုပ်များကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင် ရွက်ရန် အစီအစဉ်ရှိကြောင်း၊ ပါတီညီလာခံကိုလည်း ငါးနှစ်တစ်ကြိမ်ကျင်းပနိုင်ရန် လျာထားကြောင်း သိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ၏ အဓိကယှဉ်ပြိုင်ဘက်ပါတီဟု ဆိုနိုင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကလည်း ပါတီဗဟိုညီလာခံကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သတင်းရရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီက ရပ်ကွက်ကျေးရွာအဆင့်ပါတီညီလာခံများကိုစက်တင်ဘာလ ၁၉ ရက်မှစ၍ စတင်ကျင်းပခွင့်ပြုလိုက်ပြီဖြစ်၍ အဆင့်ဆင့်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ပြည်နယ်/တိုင်းအဆင့်ညီလာခံ၊ ဗဟိုညီလာခံတို့ကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လွှတ်တော်တွင် အမတ်နေရာအများဆုံးရရှိထားသော အာဏာရပါတီတစ်ခုဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးမှ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲကိုသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် လာမည့် ၂၀၁၅တွင် ပြည်ခိုင်ဖြိုးပါတီ၏ အဓိကယှဉ်ပြိုင်ဘက်ပါတီတစ်ခု ဖြစ်လာမည်ဟုပြည်သူများ ယူဆကြသည်။



# ဒေါ်အောင်ဆန်းစုကြည်နှင့် စီအင်န်အင်န်သတင်းဌာနတွေ့ဆုံမေးမြန်းမှုကောက်နုတ်ချက်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုသို့မကြာမီက သွားရောက်၍ အမေရိကန် ကွန်ဂရက်လွှတ်တော်က ပေးအပ်ခဲ့သောကွန်ဂရက်ရွှေဆုကို လက်ခံရယူခဲ့သည်။ နယူးယောက်သို့ခေတ္တပြန်လာစဉ်စီအင်န်အင်န်သတင်းဌာနမှ နာမည်ကျော်သတင်းထောက် ခရစ်စ ကျန်းအမ်မာပူးရ်က ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးပြုလုပ်ခဲ့ရာယင်းအင်တာဗျူးမှ အမေးအဖြေအချို့ကို ကောက်နုတ်တင်ဆက်လိုက်ပါသည်။

**နိုဘယ်ဆုကို လက်ခံရယူခဲ့တာ နောက်ဆုံးတော့ကွန်ဂရက်ရွှေဆုကိုရခဲ့တာ စသဖြင့် အခုဒီအံ့သြစရာအခမ်းအနားတွေမှာ ဒေါ်စုကိုကျွန်မမြင်ခဲ့ရပါပြီ။ ဒေါ်စုဟာ သူ့ရဲ့ကောင်းလို ကြိုဆိုခံခဲ့ ရပါတယ်။ ဒေါ်စုကို ကြည့်ရတာအဲဒီလိုအချိန်အကြာကြီး ရပ်တည်လာခဲ့မှုမှာ လူတွေက ထောက်ခံနေကြချိန်မှာပဲ နာကျင်နေတဲ့ပုံ ထင်ထင်ရှားရှား ပေါ်နေတယ်ထင်ရပါတယ်။ ဒါမှမဟုတ် ဒီလိုဆုချီးမြှင့်ခံရတာဟာဒေါ်စုအတွက်အဆန်းတကြယ်များဖြစ်နေလို့ပါလားရှင်။**

မဟုတ်ပါဘူး။ အဲဒါကို ကျွန်မအများကြီးတန်ဖိုးထားပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ ကျွန်မမှာ နည်းနည်းနေရ ထိုင်ရခက်တယ်လို့ ခံစားရလို့ပါ။

**ဘာ့ကြောင့်ပါလဲ။**

လူတစ်ယောက်အတွက် အခုလိုဂရုစိုက်ခံရမှုများလာရင် ဘယ်သူမှနေတတ်မှာမဟုတ်ဘူး။

**ဒါပေမဲ့ ဒေါ်စုလုပ်ခဲ့တာတွေက သိပ်ထူးခြားခဲ့တာပါ။ ဘယ်လုပ်ရပ်တွေက အကြီးကျယ်ဆုံးအောင်မြင်မှုလို့ ထင်ပါသလဲ။ စုပေါင်းပြီးပြောလို့ရရင်ပေါ့လေ။ ဒီလိုနိုဘယ်ဆု၊ ကွန်ဂရက်ရွှေဆုတွေ ဒေါ်စုကို ရစေခဲ့တာ ဘယ်လိုလုပ်ရပ်ကြောင့်လို့ ပြောချင်ပါသလဲ။**

ကျွန်မရဲ့ အကြီးကျယ်ဆုံးအောင်မြင်မှုကတော့ ဘာပဲဆိုပြီးပြောရမယ့်အချိန်မရောက်သေးဘူးထင်ပါတယ်။ ဒီဆုတွေကိုကျွန်မရခဲ့တာဟာ ကျွန်မရဲ့တိုင်းသူပြည်သားတွေရောက်ချင်တဲ့ ပန်းတိုင်ကိုရောက်အောင် ကျွန်မကြိုးစားအားထုတ်ခဲ့တာတွေအတွက်လို့ ထင်ပါတယ်။

**ဆက်မေးစရာရှိပါတယ်။ တကယ်လည်း ထူးထူးခြားခြား အခြေအနေတစ်ရပ်ပါပဲ။ ပြီးခဲ့တဲ့နှစ်အနည်းငယ်တုန်းကတော့ ဒီနေရာမှာ (အင်တာဗျူးထိုင်နိုင်ဖို့) ဆိုတာ ဒေါ်စုအတွက် လမ်းကိုမရှိခဲ့တာပါ။ အခုတော့ မြန်မာအပေါ် ပိတ်ဆို့အရေးယူထားမှုတွေကို အဆုံးသတ်ဖို့ ဒေါ်စုတောင်းဆိုနေပြီလား။ အထူးသဖြင့် ပြည်ပပို့ကုန်ပိတ်ဆို့မှုကို အခုဆိုရင် ရုပ်သိမ်းသင့်ပြီလို့ ဒေါ်စုထင်ပါသလား။**

ရှင်ဆိုလိုတာ အမေရိကန်ပြည်ထောင်စုကို မြန်မာက တင်ပို့မှုတွေကိုဆိုလိုတာလား။

**ဟုတ်ပါတယ်ရှင့်။ အတိအကျပါပဲ။**

ဟုတ်ကဲ့။ အခုဆိုရင် ဒီပိတ်ဆို့မှုဟာ ရုပ်သိမ်းသင့်ပြီလို့ ကျွန်မထင်ပါတယ်။ လုံးဝတကယ်မရုပ်သိမ်းနိုင်သေးတာတောင်မှ သမ္မတအိုဘားမားရဲ့ သမ္မတအာဏာကိုသုံးပြီး လျှော့ချတာမျိုးလုပ်လို့ရပါတယ်။ ဒီလို အပြောင်းအလဲမျိုးကို ကျွန်မအားတက်သရော ထောက်ခံသွားမှာပါ။ ဘာလို့လဲဆိုတော့ အခုအချိန်ဟာ ကျွန်မတို့ပြည်သူတွေကို သူတို့ လုပ်နိုင်တာကိုပြသဖို့ အခွင့်အရေးပေးရမယ့်အချိန်ဖြစ်လို့ပါ။

အရင်ကလည်း ကျွန်မပြောဖူးပါတယ်။ ကျွန်မတို့ဟာ ကိုယ့်ကိုယ်ပိုင် လိုလားမှုတွေရဖို့ ပြင်ပထောက်ခံမှုအပေါ် အမြဲပဲမှီခိုနိုင်မှာ မဟုတ်ဘူးလို့။ မိတ်ဆွေတွေက ကျွန်မတို့အတွက် ဆောင်ရွက်ပေးသမျှကို အမြဲပဲတန်ဖိုးထားလေးစားပါတယ်။ ပြီးတော့ သူတို့ဟာ ဘာပဲလိုလို ဆက်လက်အားပေးဆောင်ရွက်သွားမယ်လို့လည်း ကျွန်မမျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ ကိုယ့်ကြမ္မာကိုယ်တာဝန်ယူဖန်တီးဖို့လိုပါတယ်။

**ဒီတော့ ဒီတိုင်းပြည်(အမေရိကန်)ကို (မြန်မာကနေ) သတ္တုတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ ကြွယ်ဝသမျှ သယံဇာတတွေ အကုန်လုံးကို တင်ပို့ခွင့်ပေးဖို့ အချိန်ရောက်ပြီပေါ့။**

ဟုတ်ပါတယ်။ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိအောင်လုပ်ဖို့လိုပါတယ်။

**ဒေါ်စုဟာ သမ္မတနဲ့ရော အစိုးရနဲ့ပါ ဒီကိစ္စမှာ သဘောထား တူညီမှုရှိနေပါပြီလား။**

သူတို့နဲ့အတူ သဘောထားတူညီမှုဆိုတဲ့ ရှင်ဆိုလိုတာ ဘာမှန်း ကျွန်မမသိပါဘူး။ ဒါပေမဲ့ အစိုးရတွေထဲမှာလည်း နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးသင့်တယ်လို့သဘောတူတဲ့သူတွေ အများကြီးရှိနေတယ်လို့ ကျွန်မထင်ပါတယ်။

**ဒေါ်စုဟာဆိုရင် ယခင်ဗိုလ်ချုပ်ကြီးဟောင်း သမ္မတဦးသိန်းစိန်နဲ့လက်တွဲအလုပ်လုပ်နေတာပါ။ ဒီလူတွေဟာ ဒေါ်စုရဲ့ ခင်ပွန်းနဲ့မတွေ့ရဖို့ ဒေါ်စုကိုတားဆီးခဲ့တဲ့သူတွေ၊ ဒေါ်စုကလေးတွေကို မိခင်နဲ့ ခွဲခဲ့တဲ့သူတွေဖြစ်ပြီး တိုင်းပြည်မှာ ဖိနှိပ်မှုရှိတာကို အသိအမှတ်မပြုခဲ့တဲ့သူတွေပါ။ အခုတော့ဒီလိုပုဂ္ဂိုလ်တွေနဲ့ လက်တွဲပြီး နိုင်ငံရေးသမားတစ်ဦးအနေနဲ့ လက်တွဲအလုပ်လုပ်နေရတာ ဘာနဲ့တူသလဲဆိုတာ ပြောပြပေးပါလား။**

ကျွန်မကတော့ သူတို့ကျွန်မကိုလုပ်ခဲ့တာဟာ ပုဂ္ဂိုလ်ရေးအရ လုပ်တယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးပါဘူး။ ဒါဟာနိုင်ငံရေးပါ။ နိုင်ငံရေးထဲဝင်မယ်လို့ ဆုံးဖြတ်ရင် ဒီလိုမျိုးပြဿနာတွေကို ရင်ဆိုင်နိုင်ဖို့ပြင်ဆင်ထားရပါမယ်။ ကျွန်မကစစ်ဗိုလ်ချုပ်တွေကို အတော်လေးသဘောကျပါတယ်။ ကျွန်မကလူတွေကို သဘောကျတာများပါတယ်။

**ဒါဟာ တော်တော်လေးထူးခြားတာပဲ။ ဒေါ်စုက စစ်ဗိုလ်ချုပ်တွေကို သဘောကျတယ်လို့ ပြောလိုက်တာကို ကြားလိုက်ရတဲ့ လူတွေအတွက်ပေါ့။**

ဟုတ်ကဲ့။ ကျွန်မကအမြဲပဲ စစ်တပ်ထဲကလူတွေနဲ့ နေခဲ့ရပါတယ်။ ကျွန်မအဖေဟာ ဗမာ့တပ်မတော်ကို တည်ထောင်သူဆိုတာ မမေ့လိုက်ပါနဲ့။ **အချပ်ပို(D)သို့**



7 DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# ဒေါ်အောင်ဆန်းစုကြည် နိုဝင်ဘာတွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

**နယူးဒေလီ၊ စက်တင်ဘာ - ၂၄**

အမေရိကန်ပြည်ထောင်စုတွင် ယခုရောက်ရှိနေသည့်ဒေါ်အောင်ဆန်းစုကြည်သည် နေရူးအမှတ်တရပွဲ၌ ဟောပြောပို့ချချက်ချီး မြှင့်ပေးရန် အိန္ဒိယနိုင်ငံ၏ ဖိတ်ကြားမှုကိုလက်ခံလိုက်ကြောင်း သတင်းရရှိသည်။

ရက်စွဲအတိအကျကို မကြေညာရသေးသော်လည်း နေရူးအမှတ်တရအခမ်းအနားအား နိုဝင်ဘာလ တတိယပတ်တွင် ကျင်းပသွားဖွယ်ရှိသည်။ ထိုအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပါက နေအိမ်အကျယ်ချုပ်မှလွတ်မြောက်ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံသို့ ပထမဦးဆုံးခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။


ယခုနှစ်စောစောပိုင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းကရန်ကုန်မြို့၌ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံစဉ်နေရူးအခမ်းအနား၌ ဟောပြောပို့ချချက် ချီးမြှင့်ပေးရန် ကိုယ်တိုင်ကိုယ်ကျ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာနားလည်မှုအတွက် နေရူးဆုအား ၁၉၉၂ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျခံနေရစဉ်နှစ်များအတွင်း အိန္ဒိယအစိုးရသည် မြန်မာစစ်အစိုးရနှင့် ဆက်ဆံရေးကောင်းတစ်ရပ်တည်ဆောက်ခဲ့သည်။

ယခုရက်ပိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည်က မဟတ္တတ္တမဂန္ဓီနှင့် နေရူးတို့မှာ သူမအပေါ် လွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်များဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည်မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အိန္ဒိယနှင့် နီပေါနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ၁၉၆၀ မှ ၁၉၆၄ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင်နေထိုင်ခဲ့ဖူးပြီး နယူးဒေလီမြို့ရှိConvent of Jesus and Mary School ကျောင်းတွင် တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် Lady Shri Ram College မှနိုင်ငံရေးဘာသာရပ် အထူးပြု၍ဘွဲ့ရရှိခဲ့သည်။

—Ref: The Times of India




# အိမ်အကူများလည်း အလုပ်သမား အဖွဲ့အစည်းများ အမြန်ဆုံးဖွဲ့သင့်ဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

မြန်မာနိုင်ငံတွင်း လက်ရှိအိမ်အကူလုပ်သားဆိုင်ရာဥပဒေပြဋ္ဌာန်းချက်မရှိသေးသော်လည်း ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အိမ်အကူလုပ်သားများသည်လည်း အလုပ်သမားအဖွဲ့အစည်းများ အမြန်ဆုံးစုစည်းဖွဲ့စည်းသင့်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

အလုပ်သမားအဖွဲ့အစည်းအရ အိမ်အကူလုပ်သားများဖွဲ့စည်းခွင့်ရှိသော်လည်း ယခုအချိန်အထိအိမ်ကူလုပ်သားအဖွဲ့အစည်းမရှိသေး၍ အိမ်ရှင်၊ ပွဲစားတို့၏ ခေါင်းပုံဖြတ်ခံရခြင်းနှင့်ဖိနှိပ်ခံနေရပြီး အကယ်၍ အဖွဲ့အစည်းများဖွဲ့စည်းထားပါက ဥပဒေသတ်မှတ်ချက်များအတိုင်း လုပ်ငန်းတာဝန်များနှင့် အလုပ်သမားအခွင့်အရေးများကို တောင်းဆိုရရှိခံစားပိုင်ခွင့်ရှိကြောင်း သတင်းရရှိသည်။

"အဖွဲ့အစည်းတွေဖွဲ့မှတို့အလုပ်သမားဖြစ်မှာ။ အဖွဲ့အစည်းပြီးသွားရင်ဥပဒေမှာပါတဲ့အတိုင်းခွင့်ရက်၊ နားရက်တို့ အလုပ်ချိန်တွေပါခံစားခွင့်ရမှာ။ ပြဿနာတစ်ခုခုဖြစ်ရင်လည်း ဒါမှဖြေရှင်းပေးလို့ရမှာ" ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရအိမ်ဖော်လုပ်သားများသည်လည်း အခြားလုပ်သားများနည်းတူ အလုပ်သမားအဖြစ်သတ်မှတ်သောကြောင့် မိမိတို့နှင့် လုပ်ငန်းတူဘဝတူအိမ်အကူလုပ်သားအချင်းချင်း ပူးပေါင်း၍အနည်းဆုံး လုပ်သားဦးရေ ၃၀ ဦးရှိလျှင် အလုပ်သမားအဖွဲ့အစည်းကိုဖွဲ့စည်းနိုင်သည်။

"အဖွဲ့အစည်းပေါ်ဖို့ လုပ်ငန်းတူ ၃၀ ရဖို့လည်း မလွယ်သလိုလှုပ်ရှားဖို့လည်း မလွယ်ဘူး။ အိမ်ဖော်အချင်းချင်း ဈေးသွားဈေးလာလောက်ပဲ တွေ့လို့ရမှာ။ အခုလိုဖွဲ့စည်းလို့လည်း အိမ်ရှင်တွေဘက်က တားလို့လည်းမရသလိုဥပဒေအရ ဘယ်သူမှ တားပိုင်ခွင့်မရှိဘူး" ဟုရင်းကဆိုသည်။

အိမ်အကူအလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်း၍ အိမ်အကူလုပ်သားများအနေဖြင့် မလွယ်ကူသော်ကြောင့် လူမှုရေးအသင်းအဖွဲ့အစည်းများ၊ အလုပ်သမားအရေးဆောင်ရွက်ပေးလျက်ရှိသူများဖြစ်သော အရပ်ဘက်အဖွဲ့အစည်းများမှစည်းရုံးဖွဲ့စည်းရန် ဆောင်ရွက်ပေးသင့်ကြောင်းရင်းက သုံးသပ်ပြောဆိုခဲ့သည်။

"အဖွဲ့အစည်းဖွဲ့ဖို့ကျတော့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဖွဲ့ရတာသိပ်လွယ်တယ်။ အိမ်ဖော်လိုနေရာမျိုးတော့ တော်တော်ခက်တယ်။ လတ်တလောကိစ္စမှာအစ်မတို့အနေနဲ့ ကိုင်တွယ်ဖို့ခက်ခဲနေတယ်။ ဒါပေမဲ့ သူတို့အတွက် ဥပဒေတစ်ရပ်တော့ထားသင့်တယ်။ အိမ်ဖော်တွေအနေနဲ့ ကိုယ့်အိမ်လိုအကြာကြီးနေရတော့ အိမ်ရှင်တွေဘက်ကလည်းမိသားစုလိုပုံစံမျိုးနဲ့နေပြီးတော့ အကြမ်းဖက်မှုမျိုးတွေ မရှိသင့်ဘူး" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မသက်သက်အောင်က ပြောသည်။

# လွှတ်တော်အစည်းအဝေးများ အောက်တိုဘာ ၁၈တွင်ပြန်စဖွယ်ရှိ

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

ပထမအကြိမ် လွှတ်တော်များ၏ ပဉ္စမမြောက်ပုံမှန်အစည်းအဝေး များကို လာမည့်အောက်တိုဘာ ၁၈ရက်တွင်ပြန်လည်စတင်ဖွယ်ရှိကြောင်းနေပြည်တော်မှ စုံစမ်းသိရသည်။

လွှတ်တော်အစည်းအဝေးများကို အောက်တိုဘာ ၁၅ရက်တွင်ပြန်လည်စတင်ရန်ရှိသည်ဟု စတုတ္ထပုံမှန်အစည်းအဝေး မပြီး ဆုံးမီကပင် ခန့်မှန်းသတင်းများ ပေါ်ထွက်ခဲ့သည်ဟုလည်း သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကပြောသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဗဟိုအလုပ် အမှုဆောင်တစ်ဦးဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းက လွှတ်တော်ပြန်လည်စတင်မည့်ရက်နှင့်ပတ်သက်၍ တရားဝင်အကြောင်းကြားစာ မရရှိသေးသော်လည်း အဆိုပါရက်တွင် ပြန်လည်စတင်မည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရှိကြောင်း 7Day Newsသို့ပြောသည်။

ယခုပြန်လည်စတင်မည့် လွှတ်တော်တွင် လာမည့်ဘတ်ဂျက်နှစ်အတွက် ဘတ်ဂျက်စာရင်းများ ညှိနှိုင်းခြင်း၊ အတည်မပြုရသေးသည့်ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း အတည်ပြုခြင်းနှင့် အခြေခံဥပဒေခုံရုံးအဖွဲ့ဝင်များကို အသစ်ပြန်လည်ခန့်အပ်အတည်ပြုခြင်းတို့ကို လုပ်ဆောင်ရန်ရှိသည်ဟု ဦးရဲထွန်းကပြောကြားသည်။

အထွေထွေရွေးကောက်ပွဲပြီးဆုံးပြီးနောက်လွှတ်တော်စတင်ခေါ်ယူချိန်မှ ယခုအချိန်အထိ ကျင်းပပြီးစီးခဲ့သော လွှတ်တော်အစည်းအဝေးလေးကြိမ်တွင် နိုင်ငံတော်သမ္မတများ ရွေးချယ်ခန့်အပ်ခြင်း၊ အစိုးရအဖွဲ့အတည်ပြုခန့်အပ်ခြင်းများ အပါအဝင်၊ ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ အဆိုများဆွေးနွေးခြင်းနှင့်အခြေခံဥပဒေဆိုင်ရာခုံရုံးကိုစွပ်စွဲပြစ်တင်ခြင်းစသည်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက လုပ်ဆောင်ခဲ့ကြသည်။



သင့်ခရီးစဉ်အတွက် ကမ္ဘာ့အကောင်းဆုံး
လေကြောင်းလိုင်းနဲ့ ပျံသန်းလိုက်ကြပါစို့။
၂၀၁၂ အောက်တိုဘာလ (၃)ရက်မှ စတင်၍
တစ်ပတ်လျှင် (၃)ကြိမ် ပျံသန်းပါတော့မယ်။
ကာတာလေကြောင်းက ရန်ကုန်မြို့မှ ကမ္ဘာအနှံ့ နေရာပေါင်း ၁၀၀ကျော်သို့ ပျံသန်းပို့ ဆောင်ပေးပါမယ်။
နိုင်ငံတကာ အစားအသောက်များပါဝင်တဲ့ ကြယ်ငါးပွင့်အဆင့်မီ တည်ခင်းဧည့်ခံမှုနဲ့ ဆုချီးမြှင့်ခြင်းခံရတဲ့ ဧည့်ဝတ်ပျူငှာမှုများကသင့်ကို စောင့်ကြိုနေပါတယ်။ ရွေးချယ်စရာ အမျိုးအစားထောင်ကျော်ရှိတဲ့ခရီးစဉ်တွင်း ဖျော်ဖြေမှုများနဲ့ သစ်လွင်သောလေယာဉ်များပေါ်မှာသင့်ရဲ့ခရီးစဉ်ကို ကျေနပ်မှု အပြည့်ပေးစွမ်းမယ့် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်း ဖြစ်ပါတယ်။
(Skytrax World Airline Awards – Airline of the Year 2011 & 2012).
AIRLINE OF THE YEAR SKYTRAX 2011
AIRLINE OF THE YEAR SKYTRAX 2012
Award-winning hospitality.
A 5-star dining experience.
Over 1000 entertainment choices.
The Premium Terminal in Doha.
qatarairways.com
QATAR AIRWAYS القطرية


ယခင် 20 ဂရမ်
မှ
အခု အသစ် 30 ဂရမ်
HI-TEA
30g
3 in 1 Instant Teamix
HI-TEA
30g
3 in 1 Instant Teamix
30 g X 30 sachets
Net Wt. : 900 g
HI-TEA
သဘာဝကျကျ လက်ဖက်ရည် အရသာ...


SOLO®
COLLECTION
AL905
AL116
Hot Line - 09-91009891, 09-421063634
WHEREVER YOU GO SOLO WILL FOLLOW


Lady Kairar
N ကိုင် ရာ
လေ ဒီ ကိုင် ရာ
METAL ZONE BAND
ရွှေရော်ရော်
ဇေါ
Rနိုင်
လင်းလင်း
အောင်ကိုမြင့်

A Special feature brought to you by Panasonic

# ခေတ်မှီ စတိုင်ကျလှပသည့် မီးဖိုဆောင်ရဲ့ လိုအပ်ချက်များ . . .



ဒီနေ့ခေတ် လုပ်ငန်းခွင်ဝင် အိမ်ရှင်မများ၏ ချစ်စွာသော မိသားစုအတွက် အာဟာရဓာတ်ပြည့်ဝစွာဖြင့် ကျန်းမာရေးနှင့် ညီညွတ်သောဟင်းပွဲလျာများ စိတ်ကြိုက်ဖန်တီးနိုင်မည့် မီးဖိုချောင်သုံး ပစ္စည်းများ...

## သင့်မီးဖိုချောင်မှ ချစ်စွာသော မိသားစုအတွက် အာဟာရဓာတ်များစွာယူဆောင်ပေးမည့် မိုက်ခရိုဝေ့ဗ်မီးဖို...

ကျန်းမာရေးလိုက်စားကြသူများသည် ဆီကြော် အစား အစာများကို လုံးဝရှောင်ရှားကြပြီး ရံဖန်ရံခါ ရေနွေးငွေ့ပေါင်းစားခြင်း ကိတ်မုန့်ဖုတ်စားခြင်း၊ အသားကင်စားခြင်းများ၌ပျော်မွေ့ကြပါသည်။ ဒါကြောင့် လည်း...

မိုက်ခရိုဝေ့ဗ်မီးဖိုမှ ကျန်းမာရေးနှင့် ညီညွတ်ပြီး အရသာထူးကဲ ရွှမ်းစိုမှုများနှင့်ပြည့်စုံသည့် ဟင်းပွဲများကို အံ့ဩဖွယ် ပွလက်ဆန်လှသည့် အချက်များဖြင့် သင့်အတွက်ဆောင်ကြဉ်းပေးလိုက်ပါပြီ...

Advance Inverter Techonology- အင်ဗာတာ နည်းပညာက အစားအစာများအတွင်းရှိ အာဟာရဓာတ်များ ပျက်စီးဆုံးရှုံးမှု မရှိနိုင်သည့် အကျက်လွန်ခြင်း၊ ခြောက်သွေ့သွားခြင်းများ မရှိအောင် လုပ်ဆောင်ပေးနိုင်ပါသည်။

Steam Plus Technology- နည်းပညာပေါင်းစည်းမှုကလည်း အစားအစာများထဲမှ ဗိုလျှံအဆီများကို ဖယ်ထုတ်ပေးနိုင်ပြီး ကယ်လိုရီ အနည်းဆုံးဖြစ်အောင် ချက်ပြုတ်ပေးနိုင်သည်။ ရေနွေးငွေ့ချက်ပြုတ်မှုကြောင့် အစားအစာများခြောက်သွေ့မှုကို ဟန့်တားပေးပြီး လတ်ဆတ်ရွှမ်းစိုလှသည့် ဟင်းပွဲများ သင့်ထံ အရောက်ပို့ဆောင်ပေးမှာပါ။

Wide & Flat Non-Turntable- ကျယ်ဝန်းပြန့်ပြူးသည့် ဖန်ပြားမပါဝင်တော့သည့် အတွင်းခန်းကလည်း ချက်ပြုတ်ရေးနှင့် သန့်ရှင်းရေးအတွက် လွန်စွာအဆင်ပြေ လွယ်ကူစေပါသည်။

ဟင်းနွေးခြင်းမှ အစပြု၍ ချက်ပြုတ်ရေးအထိ သင့်မိသားစုအတွက် ကျန်းမာသန့်ရှင်းပြီး အရသာထူးကဲလှသည့် ဟင်းပွဲများဖန်တီးပေးမည့် Panasonic မိုက်ခရိုဝေ့ဗ်မီးဖို တစ်ခုသာ သင့်မီးဖိုချောင်အတွက် အမှန်တကယ်လိုအပ်နေပါပြီ...

## သင့်မီးဖိုချောင်အတွက် အကောင်းဆုံးအဖော်မွန် ပွလက်ဆန်သည့် သစ်သီးဖျော်ရည်စက်...

ပွလက်လုပ်ဆောင်ချက်များဖြင့် ဖွဲ့စည်းထားသည့် Panasonic Juicer နှင့် Blender ကတော့ မီးဖိုချောင်သုံးပစ္စည်းများထဲမှ အကောင်းဆုံး ပစ္စည်းတစ်ခုဟုပင် ဆိုနိုင်ပါသည်။

Full Metal Stainless Steel Spinner-(ဝတီးအစစ်ဖြင့် ပြုလုပ်ထားသည့် မွှေစက်)၏ ကြာရှည်ခံ ထက်မြက်လှသည့် ဓတီးဓါးသွားများက သစ်သီးနှင့်ဟင်းရွက်များ ကိုကောင်းစွာ လှီးဖြတ်ကြိတ်ချေ၍ အကောင်းဆုံး သစ်သီးဖျော်ရည်များကို ဖန်တီးပေးစွမ်းနိုင်ပါသည်။

Self Ventilating Inner Cap- လေဝင်လေထွက်ကောင်းမွန်သည့် အတွင်းဖုံး ပုံစံဒီဇိုင်းက ဖိတ်စင်ခြင်း မရှိအောင် လုပ်ဆောင်ပေးနိုင်သည်။

Sharp & Durable Saber Cutter-(ကြာရှည်ခံထက်မြက်လှသည့် အဖျားချွန်ဓါးသွား)များကသစ်သီး၊ ဟင်းရွက်များကို သေချာကြေညက်စွာလှီးဖြတ်ပြီး နူးညံ့ချောမွေ့လှသည့်အကောင်းဆုံး သစ်သီးဖျော်ရည်များကို ဖန်တီးပေးစွမ်းနိုင်ပါသည်။

Handy Mill with 2-in-1 Options- (အမှုန့်ကြိတ်အပိုခွက်)ပါဝင်မှုကလည်းသင့်စိတ်ကြိုက် လိမ္မော်ဖျော်ရည်မှအစ ကော်ဖီနှင့် အခြားအစေ့မာများ အမှုန့်ဖြစ်သည်အထိ လုပ်ဆောင်နိုင်ပါသည်။ သင်အဆင်ပြေလွယ်ကူစွာဖြင့် သစ်သီးများ၏ အာဟာရ ဗီတာမင် ဆုံးရှုံးမှုမရှိ သန့်ရှင်းလတ်ဆတ်လှသည့် သစ်သီးဖျော်ရည်များကို အချိန်တိုင်းသုံးဆောင်နိုင်ပါပြီ...

## သင့်မီးဖိုချောင်ကို လုံးဝပြောင်းလဲပေးမယ့် ပွလက်ဆန်ဆန် ထမင်းအိုး...

Panasonic ၏ ထမင်းအိုးက တကယ့်အမျိုးမျိုးသော လုပ်ဆောင်ချက်များနှင့် ပွလက်ဆန်လှသည့် အချက်များ...

Diamond Fluorine Coated Charcoal (Binchotan) Finished Inner Pan- ဒိုင်းမွန်းဖလိုရင်း သုတ်လိမ်းထားသည့်မီးသွေးအမည်းရောင်အတွင်းအိုးက ရေပူဖေါင်းစီးဆင်းလည်ပတ်မှုအားကောင်းမွန်လှသဖြင့် ထမင်းသားအကျက်ညီပြီး အရသာအထူးကောင်းမွန်လှသည့် ထမင်းကို ရရှိစေပါသည်။

Advance Fuzzy Logic Control with Micro Computerized Technology-ထိန်းချုပ်မှုစနစ်ကြောင့်ပါဝင်ထည့်သွင်းသည့် ဆန်နှင့် ရေပမာဏအလိုက် ချက်ပြုတ်အပူချိန်ကို မီးအားနည်းနည်းမှ မီးအားပြင်းပြင်း အဆင့်ဆင့် Auto Mode ဖြင့် ဆက်လက် ချက်ပြုတ်ပေးနိုင်ပါသည်။

Automatic Heat Adjustment: Thermo Sensor- က အိုးအတွင်းရှိအစားအစာ၏ လိုအပ်သည့် အပူချိန်ပမာဏကိုအမြဲ ထိန်းညှိထိန်းချုပ်ပေးနေမှာပါ။ Micro computer နှင့် Timer System စနစ်တို့က အချိန်တိုင်းအတွက် အရသာရှိလှသည့် အစားအစာများကို ဖန်တီးပေးစွမ်းနိုင်ပါသည်။

Panasonic ထမင်းအိုး၏ အကောင်းဆုံးလုပ်ဆောင်ချက်နှင့် (၅)နာရီကြာ အမြဲအပူပေးနိုင်သည့် စနစ်တို့ကြောင့် ထမင်းကို နေ့စဉ်စားသုံးသည့် မိသားစုအဖို့ ထမင်းဝိုင်းတွင် အရသာရှိလှသည့် ထမင်းပူပူကို သင့်မိသားစုနှင့်အတူ ပျော်ရွှင်စွာ စားသုံးနိုင်ပါသည်။



NN-CS599
27 Litre



MJ-M176
1 Litre



SR-JHF18
1.8 Litre

Infinity Investment Co.,Ltd. အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း
ရန်ကုန် - အမှတ် (၄၈)၊ လသာလမ်း၊ လသာမြို့နယ်၊ ဖုန်း - ၂၅၂၄၇၆၄၊ ၂၄၉၃၀၆၂၊ ၀၉-၇၃၀၃၂၄၆၅ ဖက်(စ်) ၃၈၂၂၅၅ / မန္တလေး - အမှတ် (၁၅၀/ဝ)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား၊ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉-၉၁၀၀၀၄၁၉၊ ၀၉-၅၀၁၀၉၁၅
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)၊ လမင်းစန္ဒာ (ဘားလမ်း)

COOKING MAGIC
ပန်နာဆိုးနစ်၏ မိုက်ခရိုဝေ့ဗ်မီးဖို၊ သစ်သီးဖျော်ရည်စက်နှင့် ထမင်းပေါင်းအိုးတို့သည် သင့်မီးဖိုချောင်အတွက် အရသာရှိလှသော ဟင်းပွဲများကိုဖန်တီးပေးမည့် Cooking Magic Series တွင် ပါဝင်သည့်ပစ္စည်းအမျိုးအစားများဖြစ်ပါသည်။

# Panasonic



## COOKING MAGIC

လွယ်ကူအဆင်ပြေ အရသာရှိလှသည့် ချက်ပြုတ်မှုအတွက်
မီးဖိုချောင်သုံးပစ္စည်းအမျိုးအစားများ

## ပဉ္စလက်ဆန်ဆန် ချက်ပြုတ်ပေးမယ့် Cooking Magic ကို သင့်စားပွဲပေါ်အရောက် ပို့ဆောင်ပေးလိုက်ပါပြီ...

နည်းပညာပိုင်း ရိုးရှင်းလွယ်ကူမှု၊ ကျန်းမာရေးနှင့် ညီညွတ်မှု၊ လူနေမှုဘဝပုံစံနှင့် အဆင့်မြင့် အသိဉာဏ်စွမ်းအား စသည်တို့ အလုံးစုံ ပေါင်းစပ်ဖွဲ့စည်းထားသည့် သင်ရွေးချယ်ဝယ်ယူလိုက်သည့် Panasonic ၏ Cooking Magic မီးဖိုချောင်သုံးပစ္စည်းများက သင့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုဘဝပုံစံကို ခံစားရရှိနိုင်သည့်အပြင် ပဉ္စလက်ဆန်ဆန် ဟင်းပွဲများကို သင့်မီးဖိုချောင်အရောက် ယူဆောင်ကြဉ်းလာပါပြီ။



NN-CS599

### မိုက်ခရိုဝေ့ဗ်မီးဖို

- အဆင့်မြင့် အင်ဗာတာနည်းပညာ
- ရေခဲနွေးငွေ့ချက်ပြုတ်မှုစနစ်
- ကျယ်ဝန်းပြန့်ပြူးသည့် မီးဖိုအတွင်းခန်း



SR-TEM18MG



SR-JHF18

### ထမင်းပေါင်းအိုး (လျှပ်စစ်ထမင်းအိုး)

- Diamond အရည် သုတ်လိမ်းထားသည့် ထမင်းအိုး အတွင်းပိုင်း
- Fuzzy Logic (ကွန်ပျူတာ) ထိန်းချုပ်မှုစနစ်နည်းပညာ
- အပူချိန်ထိန်း Sensor



MX-AC300

### သစ်သီးဖျော်ရည်နှင့် အမှုန့်ကြိတ်စက်

- ပျက်စီး ကွဲရှမှု မရှိနိုင်သည့် Polycarbonate Jar ခွက်
- စိတ်ချယုံကြည်ရသည့် အပိတ်ခလုတ်(၂)မျိုးပါဝင်မှုစနစ်
- သာမှုရိုင်းဓါးကဲ့သို့ ထက်မြက်လှသည့် ဓါးသွား



NC-HU301P

### လျှပ်စစ် ရေနွေးအိုး

- အပူထိန်းနိုင်သည့် အတွင်းပိုင်းအိုးနံရံ
- လျှပ်စစ်သုံးစွဲမှုချွေတာရေးခလုတ်
- ရေထုတ်ပုံစံ (၄) မျိုး



NF-GW1

### SANDWICH MAKER

- Sandwich (၄)ခု အထိပြုလုပ်နိုင်
- စိတ်ချယုံကြည်ရသည့် အဖွင့်အပိတ်ခလုတ် ပါဝင်မှုစနစ်
- ပါဝါနှင့်အပူချိန်ပြမီးရိယာပါရှိခြင်း



SR-P45

### PRESSURE COOKER

- အမြင့်ဆုံး Pressure နှင့် အပူချိန် (98kpa) (120°C) အထိချက်ပြုတ်နိုင်ခြင်း
- အလိုအလျောက် ချက်ပြုတ်မှုစနစ်ပါဝင်ခြင်း

**Infinity Investment Co.,Ltd.** အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း

ရန်ကုန် - အမှတ် (၄၈)၊ လသာလမ်း၊ လသာမြို့နယ်။ ဖုန်း - ၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၀၉-၇၃၀၃၂၃၆၅ ဖက်(စ်) ၃၈၂၂၉၅

မန္တလေး - အမှတ် (၁၅၀/A)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား။ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉-၉၁၀၀၀၄၁၉၊ ၀၉-၅၀၁၀၉၁၅ Email : infiniti@myanmar.com.mm

ပန်နာဆိုးနစ်၏သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)၊ လမင်းစန္ဒာ (ဘားလမ်း)

အမြို့ မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

7DAY NEWS JOURNAL
Vol.11, No.29 • SEPTEMBER 27 , 2012

# တာလီဘန်သဘောထား လွှမ်းမိုးမှု တားဆီးရန် ပါကစ္စတန်သတင်းစာများ တင်သွင်းမှု အာဖဂန်တွင်ပိတ်ပင်

**ကဘူးလ်၊ စက်တင်ဘာ - ၂၂**

အာဖဂန်နစ္စတန်အစိုးရသည်နိုင်ငံတွင်းသို့ပုံနှိပ်မီဒီယာမှတစ်ဆင့် တာလီဘန်တို့၏ သဘောထားအမြင်များလွှမ်း မိုးလာမှုကို တားဆီးရန်ပါကစ္စတန်မှ သတင်းစာများအားလုံးကိုနိုင်ငံသို့တင်သွင်းခြင်းအပေါ် ယမန်နေ့မှစ၍ ပိတ်ပင်ခဲ့သည်။ အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ယခုတားမြစ်အမိန့်သည် အိမ်နီးချင်းနိုင်ငံအကြား ဆက်ဆံရေးတင်းမာလာမှုကို ထပ်မံအားဖြည့်လိုက်ခြင်းလည်းဖြစ်သည်။ အမိန့်ကြေညာစာတွင် နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သော တော့ခ်ဟမ်၌ ပါကစ္စတန်သတင်းစာများ ရောင်းဝယ်ခြင်းကို အဓိကထိန်းချုပ်ရန်ရည်ရွယ်ထားပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ကိုလည်း နိုင်ငံအရှေ့ပိုင်း နန်ဂါဟာ၊ ကူနာနှင့် ခူရစ်စတန်ပြည်နယ်များ၌ပါကစ္စတန်သတင်းစာများကိုစုစည်းသိမ်းဆည်းရန် ညွှန်ကြားထားသည်။

ပါကစ္စတန်နှင့် အာဖဂန်နှစ်နိုင်ငံကြားတင်းမာမှုများသည် မကြာသေးမီကကုလလုံခြုံရေးကောင်စီအစည်းအဝေးတွင်အာဖဂန်နိုင်ငံခြားရေးဝန်ကြီးကပါကစ္စတန် အားကူနာပြည်နယ်၌ သူပုန်များအား ကာကွယ်ပေးမှုရပ်တန့်ရန်တောင်းဆိုရာမှ ဖြစ်ပေါ်ခဲ့သည်။ ပါကစ္စတန်၏ ကာကွယ်ပေးမှုကြောင့် ထိုနေရာတွင် အရပ်သားများစွာ သေဆုံးနေရပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် မလိုလားအပ်သော ပြဿနာများဖြစ်လာနေကြောင်း ၎င်းကသတိပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရာဘာနီခါးနှင့် အေပီသတင်းဌာနတို့အင်တာဗျူးတွင် သူမက ပါကစ္စတန်သည် အမေရိကန်၊ အာဖဂန်နစ္စတန်တို့နှင့် သုံးနိုင်ငံပူးတွဲ၍ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလုပ်ရန် နားလည်မှုလွဲမှားခြင်းများကို ပယ်ဖျက်ရန် ဆွေးနွေးပွဲများ ပြုလုပ်မည်ဟု ပြောကြားသည်။

—Ref: AP





ဓာတ်ပုံ - AFP

# ပြင်သစ်သမ္မတသစ်အပေါ် လူကြိုက်များမှု လျော့ကျ

**ပါရီ၊ စက်တင်ဘာ- ၂၃**

ပြီးခဲ့သည့် မေလတွင် သမ္မတဖြစ်လာခဲ့ပြီးနောက်ပိုင်း ပြင်သစ်သမ္မတသစ် ဖရန်ဆွာဟော်လန်ဒီအပေါ် လူထုထောက်ခံမှုနှုန်း အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိသွားခဲ့ကြောင်း နောက်ဆုံးထွက်ပေါ်လာသော စစ်တမ်းတစ်ရပ်က ပြသနေသည်။ ပြင်သစ်နိုင်ငံ၏ စီးပွားရေးတုံ့ဆိုင်းရပ်တန့်နေခြင်းနှင့် စံချိန်တင် အလုပ်လက်မဲ့နှုန်းများကြောင့် ယင်းသို့ လူကြိုက်များမှု ကျဆင်းလာခြင်းဖြစ်သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

IFop စစ်တမ်းအရ မစ္စတာဟော်လန်ဒီအပေါ် ထောက်ခံမှုမှာ ၄၃ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပြီဖြစ်သည်။ ဩဂုတ်လအတွင်းမှာပင် ၎င်းအပေါ်ထောက်ခံမှု ၅၄ ရာခိုင်နှုန်းရှိကြောင်းနှင့် ယင်းမှာ ဆယ်စုနှစ်အတွင်း ခေါင်းဆောင်တစ်ဦးအပေါ် ထောက်ခံမှုအများဆုံးကျဆင်းခြင်းဖြစ်သည်။

ပြင်သစ်ဝန်ကြီးချုပ် ဂျင်မက်အားရော့ အပေါ် ထောက်ခံမှုမှာလည်း ၅၇ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။

ယခုလ စောစောပိုင်းတွင် ကောက်ယူခဲ့သော စစ်တမ်းများတွင်လည်း အလားတူ ရလဒ်များ ထွက်ပေါ်ခဲ့ပြီး ယင်းမှာစီးပွားရေးအကျပ်အတည်းနှင့် Peugeot ကားကုမ္ပဏီနှင့် Sanofi ဆေးကုမ္ပဏီကဲ့သို့ ပြင်သစ်နိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများတွင် အလုပ်နေရာ လျှော့ချမှုများကို ရပ်တန့်အောင်မလုပ်နိုင်ခြင်းအတွက် ဆိုရှယ်လစ်အစိုးရအပေါ် ပြင်သစ်နိုင်ငံသားများ၏ စိတ်မရှည်နိုင်မှုကို ပြသနေခြင်း ဖြစ်သည်။

—*Ref: Reuters*

# ဆူဒန်နှင့် တောင်ဆူဒန်တို့ လုံခြုံရေးသဘောတူညီချက် လက်မှတ်ထိုးရန် ပြင်ဆင်

**အဒစ်အဘာဘာ၊ စက်တင်ဘာ- ၂၃**

ဆူဒန်နိုင်ငံနှင့် တောင်ဆူဒန်နိုင်ငံတို့သည် နယ်စပ်ဒေသလုံခြုံရေး သဘောတူညီချက် လက်မှတ်ရေးထိုးရန် ပိုမိုနီးစပ်လာကြောင်း အရာရှိများကပြောကြားသည်။ ထို့အတွက် ယင်းဒေသမှနေ၍ နိုင်ငံခြားသို့ ရေနံပြန်လည်တင်ပို့ရန် အလားအလာ ကောင်းလာပြီး နိုင်ငံခေါင်းဆောင်နှစ်ဦးလည်း သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက သတ်မှတ်ထားသော နောက်ဆုံးရက်စွဲသို့ ရောက်ရှိလာချိန်မှာပင် ဆူဒန်သမ္မတအိုမာပတ်ဆန် အယ်လ်ဘာရှားနှင့် တောင်ဆူဒန်သမ္မတ ဆယ်လဗာကီယာတို့သည် အီသီယိုပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ တွေ့ဆုံ၍ နယ်စပ်ဒေသ သဘောတူညီချက်အတွက် ညှိနှိုင်းကြမည်ဖြစ်သည်။

တောင်ဆူဒန်မှ ရေနံများကို မြောက်ပိုင်း(ဆူဒန်နိုင်ငံ)ကို ဖြတ်သန်း၍ ပင်လယ်နီဆိပ်ကမ်းများမှ တစ်ဆင့် တင်ပို့ခွင့်ရရှိရေးအတွက် အိမ်နီးချင်းနှစ်နိုင်ငံက ဩဂုတ်လတွင်ကြားဖြတ်သဘောတူညီချက် လက်မှတ်ထိုးခဲ့သည်။ သို့သော် တရားဝင်လုံခြုံရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးမှသာ ရေနံများကို ဖြတ်သန်းခွင့်ပြုမည်ဟု ဆူဒန်က ဆက်လက်အရေးဆိုခဲ့သည်။

ကုလသမဂ္ဂ၏ သတ်မှတ်ချက်အချိန်မကုန်ဆုံးမီ နာရီပိုင်းအတွင်းမှာပင် အာဖရိကနိုင်ငံများသမဂ္ဂက တင်ပြထားသော နယ်စပ်တစ်လျှောက် စစ်ရေးကင်းမဲ့ဇုန်ထူထောင်ရေးအဆိုပြုချက်ကို အတိုင်းအတာတစ်ခုအထိ လက်ခံမည်ဟု ဆူဒန်ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

—*Ref: Reuters*